www.burmeseclassic.com

# ပေါ်ဂျရစ်

နှစ်ကိုယ်ခွဲ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပညာရွှေတောင် စာအုပ်တိုက်မှ ထုတ်ဝေပြီးသော စာအုပ်များ


| | | |
|---|---|---|
| ၁၅၁ | ဂျာအေးနှင့် ပိယဝိဇ္ဇာ | ပေါ်ဂျာရစ် |
| ၁၅၂ | ချေသော်မပြေ | အထောက်တော်လှအောင် |
| ၁၅၃ | မိုးဆန်းသန်းလိုလန်းပါစေနှင့်လက္ခဏာအထူးဆောင်းပါးများ (ဖြိတ်)ဆရာကျော်လင်း | |
| ၁၅၄ | ဂျာအေးနှင့် ဓာတ်လိုက်ကြီး | ပေါ်ဂျာရစ် |
| ၁၅၅ | စားပင်သုံးပင် ဆေးဖက်ဝင် | ဦးလှဒင် |
| ၁၅၆ | ယုန်တောင်ကြောင်ပိန်နှင့် ဂမ္ဘီရဝတ္ထုများ | တစ်ကြစ်ကြီးမောင်ကို |
| ၁၅၇ | ဒုတိယကမ္ဘာစစ်နှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများ | လှမိုး (ပညာရေး) |
| ၁၅၈ | အိပ်ကြီးပေါ်မှ ခြေသံများနှင့် သည်းထိတ်ရင်ဖိုဝတ္ထုတိုများ | ကြည်ဦး |
| ၁၅၉ | သူတော်တောနှင့် ကျောက်စာမြည်သံ | ဝေယံလင်းခေါင် |
| ၁၆၀ | ဝီးကိုတိုးတဲ့ ပိုးထလံ | အထောက်တော်လှအောင် |
| ၁၆၁ | တုရက်ကိုတွင်းကပါလာသူ | ခင်(တောင်ကြီး) |
| ၁၆၂ | ကမ္ဘာ့ရုပ်ရှင်ဆိုးနှင့် ဂမ္ဘီရမြို့တော် | မိုးကျော့ |
| ၁၆၃ | နဂါးကြိုက်နှင့် အတိတ်မှလောက်လွန်ဖြစ်ရပ်များ | လှမိုး (ပညာရေး) |
| ၁၆၄ | ရွှေမည်းတောင်ကြား | ဝေယံလင်းခေါင် |
| ၁၆၅ | ပဲခူးမြို့မဆရာတော်ဘုရားကြီး | ပကြွယ်ကြွယ် |
| ၁၆၆ | ဥမ္မာတကော | ပေါ်ဂျာရစ် |
| ၁၆၇ | တစ်ဖန်ပြန်၍မနိုးသောဝေဒနာ | စုတ်နွယ် |
| ၁၆၈ | ပရလောကမှထူးဆန်းသောဖြစ်ရပ်မှန်များ | ငြိမ်းငြိမ်း(ကျိုင်းတုံ) |
| ၁၆၉ | လူယမင်းလား ကျားရဲလားနှင့်တစ်ခြားဝတ္ထုတိုများ | မင်းခေါင်နန္ဒ |
| ၁၇၀ | ကျွန်တော်နှင့်ဆေးလောက ဆေးလောကနှင့်ကျွန်တော် | ပကျွဲဝင်းမြင့် |
| ၁၇၁ | ဂျာအေးနှင့် ချစ်နောက်ကောက် | ပေါ်ဂျာရစ် |
| ၁၇၂ | ကမ္ဘာ့ဖျက်စစ်ဆင်ရေး | မောင်မြင့်ကြွယ် |
| ၁၇၃ | နာမည်ကျော်စာရေးဆရာများနှင့် အောင်မြင်ကျော်ကြားသော စာရေးဆရာများ၏လက္ခဏာများ | ငြိမ်းငြိမ်း(ကျိုင်းတုံ) |
| ၁၇၄ | မြင့်မိုရ်ရုံနိုင်း | မာယာ |
| ၁၇၅ | ဂျာအေးနှင့် ရွှေမြို့ပ်သား | ပေါ်ဂျာရစ် |
| ၁၇၆ | ကူသာဝေ့ရီယ ဝိပါက်ကြမ္မာ နှင့် နိုင်ငံရပ်ခြားဝတ္ထုတိုများ | ထက်မြက် |
| ၁၇၇ | အချစ်ဝိတခွေ | မောင်မြင့်ကြွယ် |
| ၁၇၈ | လင်းဆွဲဇော်ယျာ | မာယာ |
| ၁၇၉ | ဂျာအေးနှင့် နှစ်လော်ရူကုန်း | ပေါ်ဂျာရစ် |
| ၁၈၀ | သူရဇ္ဇလက်ဆောင်(တတိယတွဲ) ဆရာဦးမောင်မောင်သန်း(ရင်ကိုအေးမြစေသား) | |
| ၁၈၁ | ဂျာအေးနှင့် ယောကွမလည်ဖြစ် | ပေါ်ဂျာရစ် |
| ၁၈၂ | ညဘီလူး | မာယာ |
| ၁၈၃ | ဂျာအေးနှင့် လော်ဘာရဟတ်ကြီး | ပေါ်ဂျာရစ် |
| ၁၈၄ | ဂျာအေးနှင့် မဟာဂျာသဘင်ကြီး | ပေါ်ဂျာရစ် |
| ၁၈၅ | ထမန်းကျားပေါက်ကျိုင်း | မာယာ |
| ၁၈၆ | ပီအေဂျာအေး | ပေါ်ဂျာရစ် |
| ၁၈၇ | မရဏဒဏ္ဍာရီ | မာယာ |
| ၁၈၈ | ရှားလောဟုမ်းနှင့် စိတ္တဇလူသတ်သမား | ဝင်းနိုင်ဦး(ရေနံ) |
| ယခု | | |
| ၁၈၉ | နှစ်ကိုယ်ခွဲ | ပေါ်ဂျာရစ် |


## အမှာ

ဂျာအေးတို့လူစု 'တစ်ရွာမပြောင်း သူကောင်းမဖြစ်' ဆိုသည့်စကားနှင့်အညီ ရေကြည်ရာ မြက်နုရာကို ပြောင်းရွှေ့ နေထိုင်ခဲ့ကြ၏။ တစ်ရပ်ကွက်ပြီး တစ်ရပ်ကွက်၊ တစ်အိမ်ပြီး တစ်အိမ် စပေါ်တွေ၊ အပျောက်တွေကလည်း ဆင်ခြေဖုံးရပ်ကွက်တွင်တောင် မသေးလှ၊ တဲကလေးသည်ပင် သောင်းချီနေ၏။

ယခု သူတို့ ပြောင်းရွှေ့ခဲ့သော ရပ်ကွက်မှာ 'တရုတ်ကြီးရပ်ကွက်' ဟု အမည်ရ၏။ လူတွေက ပြောက်သောက်။ မတာစ်ရာသားများ ပေါင်းစုနေထိုင်သည်မို့ အသံဗလံများက မိုးလင်းသည်နှင့် ပွက်လောညံနေတတ်၏။ လက်လုပ်လက်စားသမားများ နေထိုင်ရာရပ်ကွက် ဖြစ်၍လည်း အိမ်ကလေးတွေကအစ ဖရိုဖရဲ။

ကလေးပုစုခရုတွေကလည်း ပေါမှပေါ။ ခွေးလေခွေးလွင့်တွေကလည်း ပေါပ့်။ လူတွေကြည့်တော့လည်း အရောင်က ခြောက်ကပ်ကပ်။ ဆိုင်ကလေးတွေကလည်း မွစိကြနေ၏။

အဆင်ပြေသည်မှာ ဘယ်ဆိုင်ဝယ်ဝယ် ငါးကျပ်ဖိုး၊ တစ်ဆယ်ဖိုးကအစ ဝယ်နိုင်ခြမ်းနိုင်သည့် အခြေအနေပင်။ ထမင်း သုံးဆယ်ဖိုး၊ ဟင်းနှစ်ဆယ်ဖိုးဆိုလျှင် လူတစ်ယောက် ကောင်းကောင်း စားနိုင်၏။ ဟင်းထမင်းက အကောင်းကြီးတော့ မဟုတ်။ ချဉ်ပေါင်ကြော်၊ ကြက်ဥတစ်ခြမ်း၊ ငါးပိကြော် စသည်အားဖြင့် ရရှိနိုင်၏။ ထို့အပြင် ဝက်ခေါက်ကြော်၊ ကုလားရေပွကြော်လည်း ရှိ၏။

ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဂျာအေးတို့ လူစုမှာလည်း အ[illegible]ကိုင် သိပ်မကောင်းလှ။ ဟိုဟာလုပ် ဒီဟာလုပ်နှင့် ရှိသမျှ အရင်းလည်း ပြုတ်သွားပြီ ဖြစ်၏။

ဖျောက်ဆိပ်မိန်းမ အပုလေးကတော့ ဝက်ခေါက်ကြော်ရောင်းနေ၏။ ဖျောက်ဆိပ်က ဝက်သတ်ရုံမှ ဝက်ခေါက်အစိမ်းတွေကို ပိသာချိန်နှင့် သွားဝယ်ပေးရ၏။ ဝက်ခေါက်ဝယ်ပေးပြီးလျှင် ဖျောက်ဆိပ်အလုပ်က ပြီးဆုံးသွားပြီ ဖြစ်၏။

ဂျာအေးကမူ လမ်းထိပ်ရှိ ကိုတင်ဝင်း ဆံသဆိုင်တွင် အလုပ်သင်အဖြစ် ဝင်ရောက် လုပ်ကိုင်နေ၏။ ကိုတင်ဝင်းက အလွန်တရာမှ အပျင်းကြီးလှသူ ဖြစ်၏။ အလုပ်ကို လက်ကြောတင်းအောင် မလုပ်ချင်။

ထို့ကြောင့်လည်း ဂျာအေးကို တပည့်ငှားကာ မျက်နှာလွှဲခဲပစ် လုပ်ထား၏။ ဂျာအေးလာပြီ ဆိုလျှင် ကိုတင်ဝင်းတစ်ယောက် တန်းလျားပေါ် အကြမ်းတစ်အိုးနှင့်ထိုင်ကာ လာသမျှလူတွေနှင့် အာဝါပန်းတော့၏။

ဖျောက်ဆိပ်ကလည်း ဆိုင်သို့ အချိန်မှန်မှန် ရောက်လေ့ရှိ၏။ သူ့အလုပ်ဖြစ်သော ဝက်ခေါက်ကို စက်ဘီးတစ်စီးနှင့် ဝက်သတ်ရုံမှ သွားယူ၏။ ပြီးနောက် အမွှေးနုတ်၊ ဆေးကြောသုတ်သင်ပေးခဲ့ကာ မယားလုပ်သူအပုလေး ကြော်လှော်ရန် ထားခဲ့ပြီး ကိုတင်ဝင်း ဆံသဆိုင်သို့ ချိတက်လာလေ့ ရှိလေ၏။

ယခုလည်း ဆိုင်တွင် လူစုံနေပြီ ဖြစ်၏။ ကိုတင်ဝင်းကတော့ ထုံးစံအတိုင်း ဆေးပေါ့လိပ် တုတ်တုတ်ကြီး ဖွာလိုက်၊ ရေနွေးကြမ်း ငုံ့သောက်လိုက်၊ စကားလုံးကြီးကြီးတွေ ပြောလိုက်နှင့် သဘောကျနေ၏။ သူနှင့်အတူ ကုလားကြီး၊ စိုးပိုင်၊ ထိန်ဝင်းတို့လည်း ရှိနေ၏။

ထိန်ဝင်းနှင့် ကုလားကြီးတို့ နှစ်ယောက်က ချက်ထိုးနေ၏။ စိုးပိုင်က ခေါင်းထိုင်ပြီး ထင်ရာမြင်ရာ စွတ်ပြောနေ၏။ ကိုတင်ဝင်းနှင့် အဖွဲ့ကျနေသူမှာ အရပ်လူကြီး ဦးပြုံးချို။ ဆိုင်သို့ ဆံပင်ညှပ်ရန် ရောက်ရှိလာသော်လည်း ကိုတင်ဝင်း၏ လေမိကာ ဆံပင်မညှပ်နိုင် ဖြစ်နေ၏။

ထိုအချိန် ဂျာအေးက ကလေးတစ်ယောက်နှင့် နပန်းလုံး နေ၏။ ကလေးနာမည်က ပေါက်စ။ အရွယ်က ခြောက်နှစ်သားအရွယ်သာ ရှိသေးသော်လည်း စကားလည်းတတ်၊ လည်လည်း လည်ပတ်၏။





ယခုလည်း ဆံပင်ညှပ်ခုံပေါ် ရောက်သည်နှင့် ဂျာအေးနှင့် ဈေးညှိလေ၏။

"ကိုကြီး ဂျာအေး"

"ဘာတုံးကွ ပေါက်စ၊ ဆံပင် ကောင်းကောင်းညှပ်နော်။ မညှပ်လို့ကတော့ ဓားနဲ့ကို လှီးမှာကွ"

"ဟာ - ကိုကြီးဂျာအေးကလည်း ကျုပ်ပြောတာ နားထောင်စမ်းပါဂျာ၊ ဆံပင်ညှပ်ခ ဘယ်လောက်လဲဗျ"

"မင်းက ကလေးဆိုတော့ တစ်ရာလေကွာ၊ လူကြီးဆို ငါက တစ်ရာ့ငါးဆယ် ယူတာကွ။ မင်းက ဘာပြောချင်လို့လဲ"

"ဟို. . . ဒီလိုဗျ။ ဟဲဟဲ"

"ဘာ ဟဲဟဲလဲကွ"

"ဟာဂျာ ကျုပ်ပြောမယ်၊ ကျုပ်မှာ ငါးဂျယ်ပဲ ပါတယ်ဗျ။ တစ်ရာမပါဘူး၊ အဲဒါ တစ်ဝက် ညှပ်ပေးဂျာ"

"ဘာကွ - တစ်ဝက်ညှပ်ရမယ်"

"ဒီလိုလေဂျာ"

ပေါက်စက သူ့ဆံပင်ကို ငယ်ထိပ်တည့်တည့်မှ ထက်ခြမ်းခြမ်းပြ၏။ ဂျာအေး ကြောင်စီစီ ဖြစ်သွား၏။ ဆရာတင်ဝင်း ပြောသလို ငွေက အဓိကမဟုတ်၊ ပညာသာ အဓိက။

ပေါက်စ ညှပ်မည့်ပုံက သူ တစ်ခါမှ မကြားဖူးဘူး။ သို့သော် ပေါက်စက ညှပ်နည်းညှပ်ပုံပါ ခြေဟန်လက်ဟန် ပြနေသဖြင့် ဂျာအေး သဘောတူလိုက်၏။

ထို့ကြောင့်လည်း ပေါက်စကိုယ်ပေါ် ဝါညစ်ညစ် ဝတ်ရုံကြီး လွှားခြုံပေးလိုက်ကာ ကုပ်တွင် ချည်လိုက်၏။ ထို့နောက် ကတ်ကြေးနှင့်ဘီး ယူကာ ညာဘက်ခြမ်းမှ ဆံပင်ကို တချပ်ချပ် ညှပ်ပစ်လိုက်၏။

ပေါက်စဆံပင်က ဆီမလူးတာ ကြာပြီဖြစ်၍ ချပ်ခဲကြီး ဖြစ်နေ၏။ ထို့ကြောင့် ရေသုံးလေးခါ ဆွတ်ပြီးမှ ညှပ်လိုက်ရ၏။

ဆံပင်တွေက ဝတ်ရုံ ဝါညစ်ညစ်ပေါ် ဖွာလန်ကြဲနေ၏။ ဂျာအေးသည် လက်ထဲက ကတ်ကြေးကို မှန်တင်ခုံရှေ့ ချလိုက်ပြီး စက်ကတ်ကြေး



www.burmeseclassic.com

www.burmeseclassic.com



ယူကာ တိုနံ့နံ့ဆံပင်များကို တဂျောင်းဂျောင်း ထိုးချလိုက်၏။

အချိန်အနည်းငယ်အတွင်းတွင် ပေါက်စ၏ ညာဘက်ခြမ်း ဆံပင်မှာ ပြောင်သလင်းခါသွား၏။ ဂျာအေးသည် ပေါက်စ၏ဆံပင်ကို မှန်ထဲကြည့်လိုက်ပြီး မေးလိုက်၏။

"ဘယ်လိုလဲ ပေါက်စ"

"ဟာ - ကောင်းတယ်ဗျ။ ခုမှ ကျုပ်က ပါဝါနင်ဂျာနဲ့ တူသွားတာ။ ကောင်းတယ်၊ ကိုကြီးဂျာအေး တော်တယ်ဗျ။ ရော့ - ဒီမှာ ငါးဂျယ်"

ပေါက်စတစ်ယောက် ဂျာအေးကို ငါးဆယ်တန်တစ်ရွက် လှမ်းပေးပြီး ထိုင်ခုံပေါ်မှ လွှားခနဲ ခုန်ဆင်းသွား၏။

အာပေါင်အာရင်းသန်သန် ပြောဆိုနေသော ကိုတင်ဝင်းမှာ ဆိုင်ပေါ်မှ ဆင်းပြေးသွားသော ပေါက်စကို ကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေ၏။

"ဟ. . . ဟ ဟိုကောင်လေး ဘယ်လို ဖြစ်တာတုံးကွ"

"ဟင် - ဘယ်သူပါလိမ့်"

"ဟို မခွေးမသား ပေါက်စလေ အရပ်လူကြီးရဲ့"

"ဘာဖြစ်လို့တုံး"

"ဟာ - ဟိုမှာ ကြည့်ပါဦးဗျာ"

"ဟေ"

"ဟကောင် ဂျာအေး၊ ဂျာအေး လာစမ်း"

"ဗျာ၊ လာပြီ ဆရာတင်ဝင်း"

ဒရောသောပါး ပြေးသွားသော ပေါက်စ၏ဆံပင်ကို ကြည့်ရင်း အရပ်လူကြီး ဦးပြုံးချိုရော ကိုတင်ဝင်းပါ မျက်လုံးအပြူးသား ဖြစ်နေ၏။ ကိုတင်ဝင်းသည် ဂျာအေးလက်ချက်မှန်း သိလိုက်သဖြင့် ဆိုင်ပေါ် အော်ခေါ်လိုက်ရာ ဂျာအေး ရောက်ရှိလာ၏။

"ဟကောင် မင်း. . . မင်း ပေါက်စကို ဘယ်လို ညှပ်ပေးလိုက်သလဲကွ"

"ဟာ ဆရာတင်ဝင်းကလည်း ပေါက်စက သူ့မှာ ငါးဆယ်ပဲ ပါတယ်တဲ့ဗျာ။ အဲဒါ တစ်ဝက်ပဲ ညှပ်ပေးပါဆိုလို့ ညှပ်လိုက်တာ။ ပေါက်စက





တော့ သူ့ခေါင်းသူ ကြည့်ပြီး ပါဝါနင်ဂျာကေတဲ့ဗျ"

"ဘာကွ၊ ငါတောင် မကြားဖူးပါဘူးကွာ။ ဟကောင် ကြည့်လည်းလုပ်နော်၊ သူ့အမေ မခွေးမအကြောင်း မင်းလည်း သိသားနဲ့"

"သိပါတယ်ဗျာ၊ ဒါ ပေါက်စ စိတ်တိုင်းကျ ညှပ်ပေးတာပဲ"

"ငါတော့ မျက်ခုံး ခပ်လှုပ်လှုပ်ပဲဟေ့"

"ကဲကဲ ဆရာပြုံး၊ ညှပ်မှာလားဗျ"

"ဟေ - မင်း. . . မင်းက ညှပ်တတ်ရဲ့လားကွာ ဂျာအေးရ"

"လာစမ်းပါ ဆရာပြုံးရာ၊ ကျုပ်က အရပ်လူကြီးကေကို ကောင်းကောင်းကြီး ညှပ်တတ်ပါတယ်ဗျ"

"တင်ဝင်း၊ မင်းလူက ဟုတ်ရဲ့လားကွ"

"မပူနဲ့၊ ဂျာအေးကို ကျွန်တော် ပညာကုန်သင်ပေးထားတာ ဦးပြုံးရ။ ရဲရဲသာ တက်စမ်းပါဗျာ"

ကိုတင်ဝင်းကပါ အာမခံချက် ပေးလိုက်သည်မို့ အရပ်လူကြီး ဦးပြုံးချို ဆံပင်ညှပ် ဆုံလည်ကုလားထိုင် ဝိုင်းဝိုင်းကြီးပေါ် သို့ တက်သွား၏။ ဦးပြုံးချိုသည် ကိုယ်ပေါ်ကအင်္ကျီကို ချွတ်၍ ထရံချိတ်တွင် ချိတ်ထားလိုက်၏။

ပြောရလျှင် ဦးပြုံးချိုက ရပ်ကွက်ထဲ အရပ်လူကြီးလုပ်နေသော်လည်း ထုံးစံအတိုင်း အိမ်ကမိန်းမကိုတော့ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရလေ၏။

ဦးပြုံးချို ဇနီးသည် မဖီးမက အရွယ်ကလည်း သုံးဆယ်ကျော်သာ ရှိသေး၏။ ခန္ဓာကိုယ် အချိုးအစားက တင်းတင်းရင်းရင်း။ ပမာပြောရလျှင် ရွှေဘိုသူများနှယ် ထွားထွားကျိုင်းကျိုင်း ပြည့်ပြည့်ဖြိုးဖြိုး ရှိလှ၏။ ဦးပြုံးချိုနှင့် အရွယ်အားဖြင့် နှစ်ဆယ် အစိတ်ခန့် ကွာ၏။

ပြောရလျှင် ဦးပြုံးချို၏ ပထမဇနီး မဆုံ ဆုံးပြီး သုံးနှစ်ခန့်အကြာတွင် မဖီးမကို ကောက်ယူလိုက်ခြင်း ဖြစ်၏။ မဆုံနှင့် မဖီးမ အရွယ်ချင်းလည်း ကွာလှသလို အလုံးအထည်ချင်းလည်း ကွာလှ၏။

မဆုံနှင့် အကြောင်းပါစဉ်က သားတစ်ယောက်၊ သမီးတစ်ယောက် ရခဲ့၏။ သားနာမည် ဖေလင်း၊ သမီးနာမည်က ရွှေခိုင်။



www.burmeseclassic.com

www.burmeseclassic.com



မဖီးမနှင့် အိမ်ထောင်ပြုစဉ်က သားသမီးနှစ်ယောက်နှင့် ဦးပြုံးချို အကြီးအကျယ် အချစ်စစ်ခင်းခဲ့ရ၏။

ဖေလင်းက အရက်သမား။ ထင်ရာစိုင်းတတ်သူ။ အလုပ်ကို ဟုတ်တိပတ်တိ လုပ်သူမဟုတ်။ လည်ရာပြန်စားရေး။ ရွှေခိုင်က လမ်းထိပ်မှာ အသုပ်စုံရောင်း၏။

မဖီးမနှင့် ပတ်သက်ပြီး ပြင်းပြင်းထန်ထန် ကန့်ကွက်သူက ဖေလင်း။ အပေါင်းအသင်းတွေကလည်း ငမြှောက်ငချောက်။ စကားတွေ တောပြောတောင်ပြောပြော။ မြှောက်ပင့်ပေးတတ်ပြီး တလွဲအကြံအညာဏ်များ ပေးခဲ့၏။

ထိုအခြင်းအရာကြောင့်လည်း ဖေလင်းက အရက်ပုလင်းခါးကြားထိုးပြီး ဦးပြုံးချိုကို ရဲရဲကြီး ပြဿနာရှာခဲ့လေ၏။

"အဖေ၊ ကျုပ်တော့ မဖီးမကို လုံးဝ သဘောမကျဘူးဗျ"

"ဟ - ယူမှာက ငါကွ၊ ငါ သဘောကျရင် ပြီးရောပေါ့"

"ဟုတ်သေးဘူးလေဗျာ၊ အိမ်ထောင်ပြု ဘုရားတည် ဆေးမင်ရည်စုတ်ထိုးတဲ့ဗျ။ အဖေ့မျက်လုံးထဲ အချစ်အမှောင်ကျနေပြီ ထင်တယ်"

"ဟာကွာ၊ ငါက မင်းအဖေပါ ဖေလင်းရ။ အချစ်အမှောင်ကျတော့ ဘာဖြစ်သတုံးကွ၊ အချစ်နဲ့စတဲ့ ကမ္ဘာကြီးတဲ့ကွ"

"ဟိုက် - ဟုတ်ပါပြီ၊ မဖီးမဟာ စုန်းမ ဆိုတာ သေချာပါပြီ။ စုန်းမှ ရိုးရိုးစုန်းတောင် မဟုတ်နိုင်ဘူး၊ စုန်းဘီလူးပဲ ဖြစ်ရမယ်။ အဖေ့ကို ကြိုးတွေနဲ့ တုပ်နေပြီဗျ"

"ခက်ပါ့ ဖေလင်းရာ၊ ဒါ ဖီးမက ငါ့ကို ချစ်လို့ပေါ့ကွာ။ အချစ်ဆိုတာ နောက်မကျလေ ကောင်းလေတဲ့ကွ ဟဲဟဲ"

"ဒုက္ခပါပဲဗျာ၊ အဖေကလည်း ကြီးမှ ဝက်သက်ပေါက်ချင်တာကိုး။ ကျုပ် တစ်ခုပဲပြောမယ်၊ ကျုပ်တို့ အဖေ့နောက်မိန်းမနဲ့ တစ်မိုးတည်း မနေချင်ဘူး။ ဒီတော့ အိမ်ခွဲပေးဗျာ"

"ဘာကွ၊ မင်းက ငါတောင် မသေသေးဘူး အမွေခွဲရမှာလား"

"ဟာ - ဒါ မျှတစွာ တောင်းဆိုခြင်းပဲ အဖေရ။ ခုရှင်းထားတော့ နောင် မရှုပ်တော့ဘူးပေါ့ အဖေရာ။ ဟဲဟဲ အဲဒီလိုမှ မဟုတ်ရင် မဖီးမနဲ့





ကျုပ် အမြဲ နပန်းလုံးပစ်မှာနော်"

"ဘာကွ၊ မင်းကွာ မွေးရကျိုးနပ်ပါဘိ။ သွားစမ်းကွာ"

"ကျုပ်ပြောတာ စဉ်းစားဦးနော်၊ အဖေက အရပ်လူကြီးလေ။ ဒီတော့ ကိုယ့်သားသမီးကိစ္စကအစ မျှမျှတတ လုပ်ပေါ့ဗျာ"

"အင်"

ဖေလင်း၏ စကားတွေက အချစ်ခိုး၊ အချစ်ငွေ့များ ဝေနေသော သူ့ရင်ကို ဟုန်းခနဲ ငြိမ်းသတ်သွားစေ၏။ ဘယ်သူတွေက မြှောက်ပေးပင့်ပေးလိုက်သည် မသိ၊ သူနှင့် လေးငါးခြောက်ခါမက မဖီးမ စီမံကိန်းနှင့် ပတ်သက်၍ အချင်းများခဲ့ရ၏။ သားအဖနှစ်ယောက် ထင်ရာတွေ ပြောဆိုအော်ဟစ်ကြရင်း ရပ်သိရွာသိ ဖြစ်ကုန်၏။

ထိုအထဲ မိရွှေခိုင်က တစ်မျောင့်။ အသံက ပြာနှမ်းနှမ်း။ ပေါင်းတော့လည်း ရပ်ကွက်ထဲ အတင်းလည်ချနေသည့် တရုတ်မနှင့် ပေါင်းမိ၏။ ထိုအခါ စကားတွေက မိုးပြောချိုးပြော ဖြစ်ကုန်၏။ ဟုတ်တာထက် မဟုတ်တာက ခပ်များများ။

မဖီးမတစ်ယောက် တရုတ်မ ပါးစပ်ထဲ ငါးဖယ်တေသလို အဲတေခံခဲ့ရ၏။ မဖီးမ မျက်စိစွေသည်ကအစ၊ ခြေမတစ်ချောင်း ကောက်နေသည်ကအစ ပြောစရာအပြစ် ဖြစ်နေ၏။

ဖေလင်း ပါးစပ်ထဲ မဖီးမက စုန်းဘီလူး။ မိရွှေခိုင် ပါးစပ်ထဲကျတော့ မိန်းမလည်၊ မိန်းမရှုပ်။

ဘယ်သူတွေ ဘာပြောပြော အရပ်လူကြီး ဦးပြုံးချိုကတော့ အချစ်မှလွဲ၍ ဘာကိုမှ မမြင်။ နုနုဝဲဝဲ မဖီးမသည် သူ့မျက်လုံးထဲတော့ မိုးကျနတ်မိမယ်လေး။

ရင်ဖိုစရာ၊ သည်းအူတုန်စရာ ကောင်းလှသော ဖီးမ။

သူမကိုမြင်တိုင်း သူ့ရင်ထဲ ငါးဖယ်၊ ငါးပတ် ခုန်သလို ရင်ခုန်သံတွေ ဘဝုန်းဝုန်း၊ နှလုံးသားတွေ ဖရိုဖရဲ။

မဖီးမကို မမြင်လိုက်နှင့် မြင်လိုက်သည်နှင့် လျှောက်နေသည့်ခြေလှမ်းတို့ပင် အယောင်ယောင်အမှားမှား။ ရပ်ကွက်လူကြီး ဆိုသော ဟန်ကလေး၊ ပန်ကလေးနှင့် သွားလာလေ့ရှိသည့် အကျင့်ပင် ကြက်မောက်



www.burmeseclassic.com

www.burmeseclassic.com



ငှက်ပျောက်။

မဖီးမမှာ မောင်နှမ တစ်ပြုံကြီး။ ဖီးမအမေ မဖွားတင်က အာကြမ်းလျှာကြမ်း။ သမီးချည်းပဲ ခြောက်ယောက်၊ သားက သုံးယောက်။ တစ်ကျိပ်ပြည့်လုနီးပါးပင်။ မဖွားတင် ပြဿနာရှာလျှင် သမီးတွေ၊ သားတွေက တစ်သီတစ်တန်းကြီး လိုက်လာတတ်၏။

ရပ်ကွက်ထဲက မဖီးမတို့တစ်သိုက်ကို ကျီးအုပ်ဟု သမုတ်ထား၏။ မထိလိုက်နှင့် ထိလိုက်သည်နှင့် အုံဖွဲ့ အော်ဟစ်ဆဲဆိုတတ်သည်မို့ ဖီးမတို့လူသိုက်ကို ဘယ်သူမှ မထိရဲ။ ထိုသို့ ကြောက်မက်ဖွယ် ကောင်းလှသော အုပ်စုထဲမှ ဖီးမကိုမှ ဦးပြုံးချို ရွေးချယ် ချစ်မိခဲ့၏။

ထိုစဉ်က သူတို့မိသားစုနားလည်း မကပ်ရဲ။ ပြောလျှင်လည်း ဆဲသံဆိုသံက မလွတ်သည်မို့ ဦးပြုံးချို အိမ်ရိပ်တောင် မနင်းရဲ။

သို့သော် မဖီးမ၏ ဖမ်းစားမှုက အံ့ဖွယ်ပင်။ အိပ်ရာထဲဝင်တာတောင် မဖီးမကိုမှ တန်းတန်းစွဲနေရ၏။ ဘုရားပင် ဖြောင့်ဖြောင့် မရှိခိုးနိုင်၊ ကြေးစည်ထု အမျှဝေလျှင်လည်း မဖီးမကို ဦးဆုံးဝေခဲ့၏။ ထိုသို့ ခံစားချက်အထွတ်အထိပ် ရောက်ခဲ့သော ဦးပြုံးချို။

သားသမီးတွေ သိသွားမှာလည်းစိုး၊ အရပ်က ကြားသွားလျှင်လည်း ပြောစရာဖြစ်မည် စိုးသဖြင့် သူ့ခမျာ ရင်ထဲကအချစ်ကို မြွေကြီးတစ်ကောင်လို အမြဲ မျိုချနေရရှာလေ၏။

တစ်ချိန်တွင် တစ်လမ်းကျော်မှ ဗေဒင်ဆြာကြီး ဖျောက်ဆိပ်နှင့် အဖွဲ့ကျခဲ့လေ၏။ ထိုစဉ်က ဦးပြုံးချိုတစ်ယောက် ဖျောက်ဆိပ်၏ ဗေဒင်ပညာကို အံ့သြတကြီး ဖြစ်ခဲ့ရ၏။ ထရံတွင် ချိတ်ထားသော လွယ်အိတ်စုတ်ထဲမှ ကျောက်သင်ပုန်းနှင့် ကျောက်တံကို ထုတ်ကာ ဦးပြုံးချို၏ အနာဂတ်ကို တိကျစွာ ဟောပြောခဲ့၏။

ထိုအထဲတွင် အချစ်နှင့် ပတ်သက်ပြီး နိမိတ်ပြစကားများကြောင့် ဦးပြုံးချို ဖိုးကျိုင်းတုတ် ဖြစ်ခဲ့ရ၏။ ဖျောက်ဆိပ် ညွှန်ကြားသည့် ယတြာအတိုင်း ပြင်ဆင်ပြီး မဖီးမကို ပိုးခဲ့ပန်းခဲ့၏။

ရည်းစားစာ ရေးရမည့်အရွယ် မဟုတ်သဖြင့် သောကြာသား သံလုံးကို သစ်တော်သီး ငါးလုံးပေးကာ အောင်သွယ်ခိုင်းခဲ့၏။ သံလုံးက မဖီးမ





မောင်တစ်ဝမ်းကွဲ။ ရှူးတူးတူး ပေါချာချာ။

သို့သော် သူ့ရှုးပုံက မိန်းမချောချောများ ရှေ့ဆိုလျှင် ပို၍ ရှူးတတ်ပေါတတ်၏။ ပြောရလျှင် သံလုံး အိတ်ထောင်ထဲ ရည်းစားစာတွေကလည်း တစ်ပုံကြီး။ ဘာတွေ ရေးထားမှန်းလဲ မသိ။ ရုပ်ရှင်မင်းသမီးဓာတ်ပုံတွေကလည်း အထပ်လိုက်။

ထိုသို့ အချစ်ကြောင် ကြောင်နေသော သံလုံးကို ဓာတ်ရိုက်ဓာတ်ဆင်လုပ်ကာ မဖီးမကို အောင်သွယ်ခဲ့ခြင်း ဖြစ်၏။ ဖြစ်ချင်တော့ မဖီးမ ထဘီပေါင်ဖို့ ထွက်အလာ သံလုံး ကောင်းမှုနှင့် သူ့အိမ်သို့ရောက်ရှိလာ၏။ လက်ထဲက ထဘီထုပ်ကို ကြည့်ရင်း ဦးပြုံးချိုမှာ မဖီးမကို ကရုဏာသက်သွား၏။

"ဟဲ့ - ဖီးမ၊ နင့်လက်ထဲက ဘာတုံးဟ"

"အို ထဘီထုပ်ပါတော်၊ အရပ်ထဲ သွားပေါင်မလို့။ အဲဒါ အရပ်လူကြီးက အပေါင်ခံတယ်ဆို"

"ဟာ - တောက်တီးတောက်တဲ့ကွယ်၊ အစ်ကိုကြီးက ဒီ မဟုတ်တရုတ် အလုပ်တွေ လုပ်ပါ့မလားကွယ်။ ကိုင်း - ဆိုပါဦး၊ အဲဒီ ထဘီပေါင်ရင် ဘယ်လောက်ရမလဲ ပြော"

"လေးငါးရာပေါ့ အရပ်လူကြီးရယ်၊ ထဘီတွေက အသစ်ကြီးတွေ။ ဖီးမ ဝတ်တောင် မဝတ်ရသေးဘူး"

"ဟုတ်လား၊ ကိုင်း - ဒါဆို ဟောဒီမှာ ငွေတစ်ထောင်ယူသွား။ ဘယ်မှ သွားပေါင်မနေနဲ့"

"ဟင် - ဘာ. . . ဘာလုပ်တာလဲ အရပ်လူကြီးရဲ့"

"အို - အစ်ကိုကြီးက ဖီးမ ဒုက္ခကို သနားလို့ပေါ့ဟာ။ တစ်ဦးမေတ္တာ တစ်ဦးမှာတဲ့"

"ရှင်၊ တော်ကြီး ကျုပ်ကို ပိုးကြေးပန်းကြေး ပေးတာလား"

"ဟာ - ဖီးမကလည်း ပြောမယ့်ပြောတော့ တဲ့ကြီးပါလားဟ။ ငါက နင့်အခက်အခဲကို ကူညီဖြေရှင်းပေးတာပါ ဖီးမရယ်။ တစ်ခါတစ်ခါ နင်တို့မိသားစုဒုက္ခကို ကြည့်ပြီး ငါလည်း စိတ်မကောင်းပါဘူးဟာ။ ခုဟာက ငါ့စေတနာ အမှန်ပါ။ ကဲ - ရော့ရော့ ယူလိုက်၊ နင် ဘယ်လိုသဘောမျိုး



www.burmeseclassic.com

www.burmeseclassic.com



ထားထား အရေးကြီးတာ နင့်အခက်အခဲ ပြေလည်ဖို့ပဲ"

"ကျေးဇူးပါပဲ အရပ်လူကြီးရယ်"

ထိုအချိန်မှစပြီး မဖီးမတစ်ယောက် ဦးပြုံးချိုဆီ အခေါက်ခေါက် အခါခါ ရောက်လာတော့၏။ မဖီးမ အိမ်လာလည်လျှင် ဖေလင်းနှင့် ရွှေခိုင်တို့က မျက်စောင်းတခဲခဲ၊ ဖီးမကလည်း ဘယ်သူ့မှ မှုသည်မဟုတ်။

ထိုသို့ ဝင်ထွက်သွားလာရင်း သံယောဇဉ်ဖွဲ့ခဲ့ရာမှ ဖီးမနှင့်သူ အကြင်လင်မယားဘဝသို့ နေ့ချင်းညချင်း ရောက်ခဲ့လေတော့၏။ ထိုစဉ်က ဖေလင်းတစ်ယောက် မူးပြီး သောင်းကျန်းလိုက်သည့်ဖြစ်ခြင်း။ ရွှေခိုင်က လည်း အသံတစာစာ။

တစ်ရပ်ကွက်လုံးကလည်း ပွဲကြီးပွဲကောင်း ကြည့်ရတော့မည် အထင် နှင့် မျက်လုံးဒေါက်ထောက် ကြည့်ခဲ့ကြ၏။ သို့သော် ဖီးမကို သူ အသေ အချာ စည်းရုံးနိုင်ခဲ့သည်မို့ သူတို့နှစ်ဦး၏ အိမ်ထောင်ဦးက ဖြောင့်ဖြူးခဲ့၏။

နောက်ဆုံး ရွှေခိုင်နှင့် ဖေလင်းတို့ နှစ်ဦးအတွက် ဆယ်ပေကွက်ကို ခွဲ၍ ပေးခဲ့၏။ ထိုသို့ ခွဲခြမ်းပေးလိုက်မှပဲ မောင်နှမနှစ်ယောက် ငြိမ်ကျ သွားခဲ့ရ၏။

ယခုတော့ ဦးပြုံးချိုတစ်ယောက် မဖီးမနှင့် ပေါင်းခဲ့သည်မှာ ငါးနှစ် ခန့် ရှိပြီဖြစ်ပြီး သားတစ်ယောက်၊ သမီးနှစ်ယောက်ပင် ရနေပြီဖြစ်လေ၏။ စီးပွားရေးစကား ပြောရလျှင် ဖီးမက ကွက်ကျော်မြင်တတ်သူ ဖြစ်၏။

လွန်ခဲ့သည့် သုံးနှစ်က ရပ်ကွက်အနောက်ဘက် ဈေးသစ်ဖွင့်မည့် သတင်း အကြားတွင် ဆိုင်ခန်းတစ်နေရာကို မရရအောင် ယူခိုင်းခဲ့၏။

ထိုဆိုင်ခန်းကလေး ရသည်နှင့် ငါးပိ၊ ငါးခြောက်၊ ဆန်၊ ဆီ၊ ဆား တင်ရောင်းခဲ့ရာမှ နေ့စဉ် ဝင်ငွေလေး ရလာခဲ့သည်မို့ ဦးပြုံးချိုသည်လည်း စတိုင့်ကျကျ နေနိုင်ခဲ့ခြင်း ဖြစ်လေ၏။

ဖီးမက သူ့ကို အရပ်လူကြီး ပီသအောင် နေစေချင်၏။ ခေါင်းပေါ် ကဆံပင် တစ်ချောင်းတလေ ဖြူတာမြင်လျှင် အမြဲတမ်း ပြဿနာလုပ် လေ့ရှိ၏။ နှုတ်ခမ်းမွေး၊ မျက်ခုံးမွေး၊ မေးမွေးကအစ ဖြူကြောင်ကြောင် မြင်လျှင် ဖီးမ အော်ဟစ်တတ်၏။ ချက်ချင်း ဆံပင်ဆိုး၊ မုတ်ဆိတ်ရိတ် နှုတ်ခမ်းမွေးရိတ် လုပ်ခိုင်း၏။ မျက်ခုံးမွေးတောင် ရိတ်ခိုင်းတာ မနည်းပြော





ပြောယူရ၏။ နောက်ဆုံး မျက်ခုံးမွေးကို အနက်ဆိုးခဲ့ရ၏။ သူ့ကို အမြဲ နုပျိုစေချင်သော မဖီးမ။

အနေအထိုင် အစားအသောက်ကအစ စည်းစနစ်တကျ ပြုစုခဲ့ သည်မို့ ဦးပြုံးချို၏ အသွင်က ဘယ်အချိန်ကြည့်လိုက်ကြည့်လိုက် နုပျိုနေ တတ်၏။ သန့်ပြန့်နေတတ်၏။

ယခုလည်း နားသယ်စပ်က ဆံပင်ဖြူလေးတွေ ထိုးထိုးထောင်ထောင် မြင်ရသည်မို့ မဖီးမက အတင်း ညှပ်ခိုင်း၏။ ဆံပင်လည်း ဆိုးခိုင်း၏။ ထိုညွှန်ကြားချက်အရ ကိုတင်ဝင်း ဆံသဆိုင်သို့ ရောက်ရှိလာခြင်း ဖြစ် လေ၏။

တင်ဝင်းလက်ကို ဦးပြုံးချိုက ယုံပြီးသား။ ဆံပင်ဆေးဆိုးရာတွင် လည်း တင်ဝင်းက အိပ်စပတ်။ ယခုတော့ ဂျာအေးနှင့် လွှတ်ထားသည်မို့ ဘဝင်မကျနိုင်။ သို့သော် ဆရာထက် တပည့်က လက်စောင်းထက်သည် ဆိုသော စကားပုံ ရှိသေးသည်မို့ ဂျာအေးကို အယုံကြီးယုံကာ ပုံခဲ့ခြင်း ဖြစ်လေ၏။

ထိုအချိန်တွင် ရပ်ကွက်ထဲ သားဖောနှင့် ဒေါင်ချာစိုင်းနေသူက မခွေးမ။

ပေါက်စကို မိုးလင်း မျက်စိနှစ်လုံး ပွင့်ကတည်းက ပိုက်ဆံတစ်ရာ ပေးကာ ဆံပင်ညှပ်ခိုင်းလိုက်၏။ ယခုအထိ အိမ်ပြန်မလာသေး။ ဟိုမေး သည်မေးနှင့် မေးရတာလည်း အမော။ လက်ထဲမှာ ဝါးခြမ်းပြား အဆင် သင့်။ ပေါက်စကို လွှတ်ထားလို့ မရ။

အရွယ်က ခြောက်နှစ်၊ ခုနစ်နှစ်သာ ရှိသေး၏။ လည်လိုက်တာမှ ...င်ခြေလည်နေ၏။ ရပ်ကွက်တကာ ရပ်ကွက်တွေလည်း ပေါက်စ သွား ...၏။ အနောက်ဘက် စပါးခင်းထဲလည်း ဖားရှာ၊ ငါးရှာ လိုက်ဖူး၏။ ...ဒီယိုရုံဆိုလည်း သူ မကြည့်ဘူးသည့် ဗွီဒီယိုရုံ မရှိ။ ယခုလည်း ထမင်းစား ...န်ရောက်တာတောင် အိမ်ပြန်မလာသဖြင့် မခွေးမ ထဘီစွန်တောင်ဆွဲ ... လိုက်လာခဲ့ခြင်း ဖြစ်၏။

တစ်လမ်းပြီးတစ်လမ်း မွှေနှောက်ခဲ့သော်လည်း ပေါက်စကို အရိပ် ...ယောင် မမြင်။ နောက်ဆုံး ရပ်ကွက်အနောက်ဘက် ကွင်းစပ်တွင်တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ၏။ စပါးခင်းများကြား ဒိုးဆက်ကစားနေခြင်း ဖြစ်၏။

ကစားသည့်လူတွေကလည်း ကြီးကောင်ကြီးမားတွေ၊ ရှေ့မှာလည်း ပိုက်ဆံပုံကြီးက ဟီးနေ၏။ ထိုမြင်ကွင်းကို မြင်လိုက်သည်နှင့် ခွေးမ ပေါက်ကွဲသွား၏။ သူတို့လူအုပ်ထဲ ဒေါင်းတည်မောင်းတည်ဝင်သွားခဲ့ရာ ပေါက်စကို လူကြီးများအလယ်တွင် ထိုင်နေသည်ကို တွေ့လိုက်ရ၏။

မြင်ကွင်းကြောင့် ကိုယ့်သားပင် ကိုယ် မမှတ်မိ၊ ဆံပင်တစ်ခြမ်းပြောင်မို့ ဂြိုဟ်သားတစ်ဦးနှင့် တူနေသော ပေါက်စ။

"ဟယ် - ပေါက် . . . ပေါက်စ၊ နင် . . . နင် ဘယ်လိုဖြစ်တာတုံးဟယ်"

"ဟာ - မေကြီးပါလားဂျ၊ ဒီမှာလေ စီးပွားရေး လုပ်နေတာဗျ"

"ဘာ - ထ . . . ထစမ်း"

"ဟာ - မေကြီးကလည်းဂျာ၊ စီးပွားရှာနေပါတယ်ဆိုမှ"

"တိတ် . . . တိတ်စမ်း၊ နင့်ခေါင်း ဘယ်လိုဖြစ်တာတုံး လာစမ်း။ ဒါဟို အာပေါ်တင်ဝင်း ညှပ်ပေးလိုက်တာ မဟုတ်လား။ လာခဲ့စမ်း ကောင်လေး"

"ဟာ - မေကြီးကလည်းဂျာ၊ ဒါ ပါဝါရိန်းဂျားကေလေ"

"တိတ်စမ်း၊ လာလာ ဝမ်းရေစပ်တဲ့ကောင်လေး"

"လုပ်ပြီဂျာ"

ပေါက်စ၏ နားရွက်တစ်ဖက်ကို အတင်းဆွဲကာ မခွေးမတစ်ယောက် တင်ဝင်း ဆံသသို့ ချီတက်သွား၏။ ထိုအချိန်တွင် ဂျာအေးသည် အရပ်လူကြီး ဦးပြုံးချို၏ခေါင်းကို အပြတ်ရှင်းကာ ဆေးဆိုးရန် ပြင်ဆင်နေ၏။

ဆိုင်ပိုင်ရှင် ကိုတင်ဝင်းမှာ ချက်ထိုးနေသည့်လူများဘေး ပက်လက် ကုလားထိုင် တစ်လုံးပေါ်တွင် တခူးခူး တခေါ်ခေါ် ဟောက်နေပြီ ဖြစ်လေ၏။

မခွေးမသည် ဆိုင်ဝရောက်သည်နှင့် အော်ကြီးဟစ်ကျယ် ပြောလေတော့၏။

"ကိုတင်ဝင်း၊ အို . . . ကိုတင်ဝင်း၊ ဆံပင်ညှပ် စပယ်ရှယ်ကြီးရဲ့ ကျုပ်သားခေါင်းကို အုန်းသီးနွှာသလို နွှာလိုက်တာလား ပြောပါဦး ဝေး





ရှယ်ကြီးရဲ့"

"ဟာ - ဘာ . . . ဘာဖြစ်ပြီတုံး"

"ပြောတတ်ဘူးလေ၊ မခွေးမ ဆိုင်ရှေ့လာပြီး အော်နေတာဗျ"

"ဟေ"

အသံကြောင့် ကိုတင်ဝင်း မျက်လုံးပြူး မျက်ဆန်ပြူး ထလာ၏။ အရပ်လူကြီး ဦးပြုံးချိုမှာလည်း ဆိုင်ရှေ့ ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။

ခွေးမ ရပ်ကွက်ရှိုမ်း။

ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ဖွတတ်သူ။

သူမကိုမြင်တော့ ဦးပြုံးချိုလည်း ပါးစပ်အဟောင်းသား ဖြစ်နေ၏။

ထိုစဉ် ကိုတင်ဝင်းတစ်ယောက် ဆိုင်ပေါ်မှ အလျင်အမြန် ဆင်းလာ၏။ ခွေးမသည် သူ့သား ပေါက်စ၏ နားရွက်ကိုဆွဲကာ ဆံပင်ကို လက်ညှိုး တထိုးထိုး လုပ်ပြ၍ အော်ကြီးဟစ်ကျယ် ပြောဆိုနေ၏။

"ဒါ ဘယ်လိုဖြစ်တာတုံး ပြောစမ်း၊ ရှင်တို့ဆိုင်က ပုံက ဘာပုံလဲ ပြောစမ်း"

"ဟာ - မေကြီးကလည်း အဲဒါ ပါဝါရိန်းဂျားကေ"

"တိတ်စမ်း ကောင်လေး၊ ကဲ - ပြောပါဦး ကိုရှယ်ကြီးရဲ့။ ရှင် ဆံပင်ညှပ်တာလား၊ အုန်းသီးနွှာတာလား ပြောစမ်း"

"အလို၊ ဟို - ဒီ . . . ဒီလို မဟုတ်ပါဘူးဟာ"

"ဘာ - ရှင် ညှပ်ပေးလိုက်တာလေ၊ ကျုပ်သား ပေါက်စ လူစင်စစ်က ဂြိုဟ်သား ဖြစ်နေပြီတော့။ ပိုက်ဆံပြန်ပေး၊ ခုချက်ချင်း ပိုက်ဆံပြန်ပေး။ ဘယ်သူ ညှပ်တာလဲ"

"ဟို . . . ဂျာအေး၊ ငါ့တပည့် ဂျာအေး"

"ဩော် - ဟို မည်းခြောက်ခြောက်ကောင်ကိုး။ ဟဲ့ - လာစမ်း၊ နင် ငါ့သားကို လူမှထင်သေးရဲ့လား ပြောစမ်း"

ခွေးမ၏ အသံကြောင့် ဂျာအေး ဆိုင်ပေါ်မှ အပြေးဆင်းလာ၏။ ပေါက်စ ဆံပင်တစ်ခြမ်းကို အတင်းဆွဲကာ ရန်တွေ့နေ၏။ ဂျာအေးတစ်ယောက် ခွေးမ ပေါက်ကွဲနေပုံကိုကြည့်ပြီး ပြောလိုက်၏။

"ဟာ - မခွေးမကလည်းဗျာ၊ ခင်ဗျားသားက ငါးဆယ်ပဲ ပေးတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဆံပင်တစ်ခြမ်းပဲ ညှပ်ပါတဲ့။ ပြီးတော့ အဲဒီပုံစံက ပါဝါရှိန်းဂျားကေလို့ ပြောတာနဲ့ ညှပ်ပေးလိုက်တာဗျ"

"ဘာ - နင်. . . နင်က ကလေးလောက်တောင် ဉာဏ်မရှိဘူးလား။ သူပြောတိုင်း လုပ်ရလားဟဲ့။ ငါ ပေးလိုက်တာ ငွေတစ်ရာလေ"

"ဟာ - အဲဒါတော့ ကျုပ် မသိဘူးဗျာ။ ဒါ ခင်ဗျားတို့ သားအမိချင်း ရှင်းပေါ့ဗျာ။ ကျုပ်က ငါးဆယ်တန်အောင် ညှပ်ပေးလိုက်တာဗျ"

"အလိုတော်၊ ကဲ - ဘယ်လိုတုံး ကောင်လေး နင့်ကို ငါးဆယ်ပေးလိုက်တာလား၊ တစ်ရာပေးလိုက်တာလား ပြောစမ်း"

"ဟာ - မေကြီးကလည်း ကျုပ်က စီးပွားရှာနေပါတယ်ဆိုမှ"

"ဘာ - စီးပွားရှာတာ"

"ဟုတ်တယ်လေ၊ ဒီမှာကြည့် နှစ်ရာကျိုးများတောင်။ ကျုပ် ဆံပင် ငါးဂျယ်ဖိုး ညှပ်တယ်ဗျာ။ ကျန်တဲ့ ငါးဂျယ်နဲ့ ဒိုးဂျက် ကဂျားတယ်ဗျာ။ ခု ဒီမှာတွေ့လား၊ သားနိုင်တယ်ဗျ"

"ဘာ - ကောင်စုတ်လေး လာစမ်း"

"အား - ကြောက်ပါပြီဗျ၊ ကြောက်ပါပြီ"

နောက်ဆုံးတော့ မခွေးမတစ်ယောက် သူ့သားဆံပင်ကို ဆောင့်ဆွဲကာ ရပ်ကွက်ထဲ တရွတ်တိုက် ခေါ်သွားလေတော့၏။ ဆံပင်ညှပ်ဆရာ တင်ဝင်းခမျာ ပြူးကြောင်ကြောင်နှင့် ကျန်ခဲ့၏။

အရပ်လူကြီး ဦးပြုံးချိုမှာလည်း ခွေးမကို လန့်နေ၏။ မထင်လျှင် မထင်သလို အာကြမ်းလျှာကြမ်း ပြောတတ်သည့်မိန်းမ။

ဂျာအေးနှင့်တွေ့လျှင် ပြဿနာမီးတောင်ကြီး ပေါက်ကွဲလေပြီဟု ထင်ခဲ့သော်လည်း ဂျာအေးစကားကြောင့် ပြဿနာက သူတို့သားအမိအချင်းချင်း ဦးတည်သွားသည်မို့ အရပ်လူကြီး အံ့သြနေ၏။

ဆိုင်ပေါ် ကြွားကြွားရွှားရွှား ပြန်တက်လာသော ဂျာအေးကိုကြည့်ပြီး ဦးပြုံးချို ဝမ်းပန်းတသာ ကြိုဆိုလိုက်၏။

"တော်ပါသေးရဲ့ ဂျာအေးရာ၊ မင်း လိုင်းချိန်းလိုက်တာ မှန်သွားလို့ပေါ့ကွာ"

"မပူပါနဲ့ အရပ်လူကြီးရာ၊ ဒီကိစ္စ ဂျာအေးက မီးသေပါတယ်။





ကဲ - ဆံပင်ဆိုးမယ်ဗျာ"

"လုပ်ကွာ၊ ငါ့နားသယ်စပ်နဲ့ နားထင်မှာ ဆံပင်ဖြူလေးတွေ ထောင်နေပြီကွ။ ငါ့မိန်းမက ကြိုက်တာမဟုတ်ဘူးကွ။ ကောင်းကောင်းလုပ်ကွာ"

"ဟာ - မပူစမ်းပါနဲ့ဗျာ၊ ဆိုးဆေးက တကယ့်ရှယ်ဗျ။ တစ်ခါဆိုးရင် တစ်နှစ်ခံတယ် ပြောတယ်"

"ဟင် - ဟုတ်လား၊ ဒါဆို လုပ်စမ်းပါကွာ။ ငါ့မိန်းမ မဖီးက ငါ့ကို လူပျိုလေး ဖြစ်ချင်တာကွ။ ဟီးဟီး မယားချစ်တော့ အားသစ်ဝင်သပေါ့ကွာ၊ လုပ်စမ်းကွာ"

ဂျာအေးတစ်ယောက် ဆိုးဆေးဘူးအသစ်ကို ဖွင့်ကာ သွားတိုက်တံနှင့် ခံယူလိုက်၏။ ထို့နောက် ဦးပြုံးချို၏ ငုတ်စိစိ ဆံပင်ငုတ်တိုကလေးများကို ခပ်ကြမ်းကြမ်းကလေး ပွတ်တိုက်ပေးလိုက်၏။

"ဟာ - စပ်တယ်ကွ"

"အဲဒါ ရသဗျ။ ဦးရေပြား စပ်ဖျင်းဖျင်း ဖြစ်သွားတာ ကောင်းတယ်ဗျ။ ယားထွန်သလိုပေါ့ဗျာ၊ သီးနှံမစိုက်ခင် ဂျောင်းဆွဲတာဗျ။ ဒီတော့ စပ်ဖျင်းဖျင်းနိုင်မှာပေါ့ဗျာ"

"လုပ်ကွာ၊ မင်းကြိုက်သလို ဆော်ပေတော့"

ဂျာအေးတစ်ယောက် ထင်ရာမြင်ရာပြောဆိုပြီး အရပ်လူကြီးဦးပြုံးချို၏ခေါင်းကို ကောင်းကောင်းကြီး သမလေတော့၏။ ဆိုင်ရှင် ဆံပင်ညှပ်ဆရာ တင်ဝင်းတစ်ယောက် ဂျာအေး၏ ဆံပင်ဆိုးဆေးနံ့ကို ရှူရှိုက်ရင်း နှာခေါင်း ပွစိပွစိ လုပ်နေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

“ဘယ်လိုတုံး ဂျာအေးရာ၊ ငါ တီထွင်လိုက်တဲ့ ဆံပင်ဆိုးဆေးက အခြေနေကောင်းရဲ့လားကွ”

“ဟာ - ကောင်းတယ် ဆရာဖျောက်ရေ၊ အဲဒီ စပ်ထုံးအတိုင်း ဆံပင်ဆိုးဆေးထုတ်ဖို့ ကောင်းပြီဗျ။ ဆံပင်ကို မည်းဆင်းသွားတာပဲ”

“သေချာရဲ့လားကွ”

“ဟာ - သိပ်သေချာတာပေါ့ ဆရာဖျောက်ရာ။ ဒီလိုတော့လည်း ဆရာဖျောက်က ဘယ်ဆိုးလို့တုံးဗျ။ ဒါပေမယ့် နည်းနည်းတော့ နံတယ်ဗျ”

“ဒါက စံပယ်ဆီထည့်လိုက်ရင် ပျောက်သွားမှာပါကွာ။ ဒီကိစ္စ ငါ ကြံစည်ခဲ့တာ ကြာပြီကွ။ လူတွေဟာ ဆံပင်ဖြူကို ကြောက်တယ်။ သူတို့ဟာ နုပျိုချင်ကြတယ်။ အမြဲတမ်း လူပျိုလုပ်ချင်ကြတယ်ကွ။ ပြောရရင် ဇရာကို တဏှာနဲ့ ဖျောက်ချင်ကြတာပေါ့ကွာ။ ဟားဟား ငါ့ဆေးကို စမ်းသပ်လိုက်တာကွ။ အောင်မြင်ရင် ဝက်ခေါက်ကြော်တဲ့အလုပ်ကို စွန့်ပြီး ဆံပင်ဆိုးဆေးထုတ်မယ်ကွ”

“[illegible] ဆရာဖျောက်ရာ၊ လူ့အကြံ တစ်သန်းတန်သတဲ့ဗျ။ ကမ္ဘာကြီးကို မပြောနဲ့ စကြဝဠာကြီးကိုတောင် လူတွေက စိုးမိုးနေကြပြီဗျ။ ဒီတော့ ကျုပ်တို့လည်း အကြံထုတ်ရမှာပေါ့ဗျာ။ ဒါထက် အရင်းအနှီးက ဘယ်လောက်ကုန်မှာလဲ”

“သိပ်မကုန်လှပါဘူးကွာ၊ အဓိက နွားချေးနဲ့ နွားကျင်ငယ်ရေပဲကွ။ ထောလပတ်ပင်ကပေါ့ ပေါပါတယ်ကွာ”





“ဩော် - ဒါကြောင့် နံတာကိုး”

“အဲဒီဆေးက ရွာက ကပ္ပိယဦးလုံး ပေးလိုက်တာကွာ။ ငါ စမ်းကို မစမ်းသပ်ရသေးဘူးကွ။ ခုတော့ ငါ ကျိတ်ပြီး ကြံနေတဲ့ကိစ္စ မင်းက အကောင်အထည်ဖော်လိုက်တာ အိုကေပဲကွာ။ အောင်မြင်ရင် ကုမ္ပဏီတွေနဲ့ ချိတ်မယ်ကွာ”

“ဒါပေါ့ဗျာ၊ ကျုပ်တို့ကြံရင် ဖြစ်ကို ဖြစ်ရမယ်ဗျ”

ဆရာတပည့်နှစ်ယောက် အကြီးအကျယ် ဝမ်းသာအားရ ဖြစ်နေ၏။ အမှန်မတော့ ဂျာအေးက အကြံသမား။ ဆံပင်ညှပ်ပညာကို သင်စကတည်းက ဆိုးဆေးကိစ္စကို ဖျောက်ဆိပ်နှင့် တိုင်ပင်ခဲ့ခြင်းဖြစ်၏။

မြန်မာဖြစ် ဆိုးဆေးကောင်းကောင်း ထုတ်နိုင်လျှင် အကြီးအကျယ် ကြီးပွားလိမ့်မည်ဟု ဖျောက်ဆိပ်ကို နှပ်ကြောင်းပေးခဲ့၏။ ဖျောက်ဆိပ်ကလည်း အကြံကြီးသူ။ ဝက်ခေါက်၊ နွားသားရေခေါက်ကြော်ပြီး ဘဝကို အိုးအိမ်ဖွဲ့၍ မရဟု သူမြင်၏။ ထို့ကြောင့်လည်း ရွာမှ ကပ္ပိယဦးလုံးပေးလိုက်သော ဆေးစာကိုထုတ်ကာ ဆံပင်ဆိုးဆေး တီထွင်စမ်းသပ်လိုက်ခြင်း ဖြစ်လေ၏။

ဆေးအညွှန်းစာက လမ်းတွင် မိုးမိထားသဖြင့် ကွက်တိကွက်ကျား ဖြစ်နေ၏။ စာတွေကလည်း ဝါးတားတား။ အသေအချာ ဖတ်မရသည်မို့ စိတ်ထဲထင်ရာ ရမ်းကြိတ်လိုက်ခြင်း ဖြစ်၏။

ယခုတော့ ဂျာအေးစကားကြောင့် ဖျောက်ဆိပ် အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။ အရင်းအနှီးက နွားချေး၊ နွားကျင်ငယ်ရေနှင့် ထောလပတ်ရွက်၊ အခြား တိုလီမုတ်စ အနည်းငယ်သာ ပါ၏။

အရင်းနည်းပြီး အမြတ်များနိုင်သည်မို့ ဖျောက်ဆိပ် ဝမ်းသာအားရ ဖြစ်နေ၏။

“ဟကောင် ဂျာအေး”

“ဘာတုံး ဆရာဖျောက်ရဲ့”

“ဆံပင်က နက်သွားတာ သေချာရဲ့လားကွ”

“ဟာ - နက်သွားပါတယ် ဆိုမှဗျာ။ ဒါပေမယ့် နည်းနည်း စပ်တယ် ပြောတာပဲဗျ”



www.burmeseclassic.com

www.burmeseclassic.com



"ဟော - ဒါ. . . ဒါဆို ငရုတ်ကောင်း များသွားတာ ဖြစ်မယ်ကွ"

"ဗျား ခင်ဗျားဥစ္စာ ဘာဖြစ်လို့ ငရုတ်ကောင်း ထည့်တာလဲဗျ"

"တာ - မင်းကလည်း တုံးပါ့ကွာ။ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်သတဲ့ကွ။ ဟဲဟဲ ငရုတ်ကောင်းက နွယ်ပင်ကွ။ ဒီတော့ ဆေးဖက်ဝင်ပြီပေါ့ကွာ။ ငရုတ်ကောင်းဆိုတာ ဆေးတကာ့ဆေးရဲ့ ဆားပဲကွ"

"အင် - ဟုတ်. . . ဟုတ်ရဲ့လားဗျာ"

"သိပ်ဟုတ်တာပေါ့ကွာ၊ ဘာမှ လုပ်မနေနဲ့၊ ငါ့မှာ ငါးဘူးရှိသေးတယ်။ မင်းယူသွားပြီး သေသေချာချာ စမ်းသပ်လိုက်စမ်းကွာ။ ခိုင်ရင် အဲဒီဆေးကို ကုမ္ပဏီနဲ့ချိတ်မယ်။ မင်းကိုလည်း ကော်မရှင်စား ပေးမယ်"

"ကောင်းတာပေါ့ ဆရာဖျောက်ရာ၊ ကျုပ်တို့ဟာ မကြီးပွားရင် မဖြစ်တော့ဘူးဗျ"

"ဒါပေါ့ကွ၊ ဘာမှ မပူစမ်းပါနဲ့ တပည့်ကြီးရာ။ အရေးကြီးတာ ကြီးကြီးကျယ်ကျယ် ချမ်းသာချင်ရင် ကြီးကြီးကျယ်ကျယ် လုပ်ရမယ်တဲ့ကွ။ ဘာလုပ်လုပ် ရည်မှန်းချက်တော့ ကြီးမှကွ။ အရေးကြီးတာ ငါ့လုပ်ငန်းမှာ မင်းဟာ မန်နေဂျာပဲ ဂျာအေး။ ဒီတော့ မင်း ဘာလုပ်ရမလဲ သိလား"

"ဘာလုပ်ရမှာလဲ"

"ခုချိန်ကစပြီး ရပ်ကွက်အနောက်ဘက်က နွားခြံတွေမှာ နွားချေးနှင့် နွားကျင်ငယ်ရေတွေ ရအောင်ရှာကွာ"

"ဗျာ၊ နွားချေး"

"အေးလေ၊ ငါ့ရဲ့ဆေးမှာ အဓိက အဲဒါပဲကွ"

"ကောင်းပြီ၊ ကျုပ် ညပိုင်း ရှာပေးမယ်"

"ခွက်တွေ၊ ပုံးတွေတော့ ယူသွားနော်။ နွားကျင်ငယ်ရေ စစ်ပစေကွာ"

"စိတ်ချစမ်းပါဗျာ၊ ဒီကိစ္စ ကျုပ်တာဝန်ထား"

ဖျောက်ဆိပ်၏ ကြီးမားလှသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန် ဂျာအေးတစ်ယောက် အကြီးအကျယ် ကြိုးစားပေတော့၏။ သူနှင့်အတူ ထိန်ဝင်း၊ ကုလားကြီးတို့လည်း ပါလာ၏။

ပုံးတွေ၊ ခွက်တွေကိုင်ကာ အနောက်ဘက် ကုလားခြံများတွင်





နွားချေးနှင့် ကျင်ငယ်ရေ အရှာထွက်တော့၏။

ထိုအခြင်းအရာကို စောင့်ကြည့်နေသူက အရပ်လူကြီးအဖွဲ့ဝင်ရွှေကို။ ညကြီးမင်းကြီး ပုံးတွေ၊ ခွက်တွေ ထမ်းပိုးသွားလာနေကြသော ဂျာအေးတို့လူစုကို မသင်္ကာ။ ထိုအရေးနှင့် ပတ်သက်ပြီး အရပ်လူကြီး ဦးပြုံးချိုကိုလည်း သတင်းပေးခဲ့၏။

"ဒီကောင်တွေ ဘာလုပ်တာတုံးကွ"

"ပြောတတ်ဘူး ဦးလေးပြုံးရေ၊ ညညဆို ကုလားခြံတွေ သွားတာဗျ"

"ဟင် - ဒါ. . . ဒါဆို နွားနို့တွေ မှောင်ခိုချတာပဲ ဖြစ်ရမယ်"

"ဗျာ - နို့မှောင်ခို၊ ကြံကြံဖန်ဖန်ဗျာ"

သူတို့နှစ်ဦး ဂျာအေးတို့လုပ်ရပ်နှင့် စပ်လျဉ်း၍ ဇဝေဇဝါ ဖြစ်နေစဉ် ဝက်သားခေါက်ကြော်နေသော အပုလေးမှာ တဲအနောက်ဘက် နွားချေးပုံကြီးကြည့်ပြီး အံ့ဩနေ၏။ သူ့ယောက်ျား လုပ်ပုံကိုလည်း နားမလည်နိုင်။

ထို့ကြောင့်လည်း ကြော်လှော်ပြီး တစ်ည ဖျောက်ဆိပ်ကို မေးမြန်းလေတော့၏။

"ကိုရင်ဖျောက်၊ ရှင်က နွားချေးတွေစုပြီး ဘာလုပ်မလို့တုံးတော့"

"ဟာ - မိန်းမကလည်း၊ အဲဒီကိစ္စ မမေးစမ်းနဲ့ကွာ။ မင်းယောက်ျား ဘယ်လို အကြံကြီးတွေ ကြံနေတယ်ဆိုတာ စောင့်ကြည့်စမ်းပါကွာ"

"ရှင်. . . ရှင်က နွားချေးတွေစုပြီး ရွှေဖြစ် ငွေဖြစ် ကြံမလို့လား"

"တော်စမ်းကွာ၊ ငါ ဘာလုပ်သလဲသာ စောင့်ကြည့်။ မင်းကိုယ်ပေါ် ရွှေတွေ၊ စိန်တွေ သီးလာလိမ့်မယ်။ အဲဒီအလုပ်လည်း နားပစ်လိုက်ရမယ်ကွ"

"ရှင်"

အပုလေးခမျာ ယောက်ျားလုပ်သူ၏ သဘောထားကို နားမလည်နိုင်တော့။ ထိုအချိန် တဲအနောက်ဘက် မြေကွက်လပ်တွင် နွားချေးပုံကြီးက ကြီးလာပြီ ဖြစ်လေ၏။

ဖျောက်ဆိပ်သည် နွားချေးများကို အိုးကြီးတစ်လုံးထဲထည့်ကာ ပယ်နယ်နယ် နယ်နေ၏။ အရွက်တွေထည့်လိုက်၊ အမှုန့်တွေထည့်လိုက်နှင့် လုပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျာအေး၊ ထိန်ဝင်း၊ ကုလားကြီးတို့ သုံးဦးမှာလည်း သူလုပ်သမျှကို ပါးစပ်အဟောင်းသားနှင့် ကြည့်ရှုနေကြ၏။

ထိုအချိန်တွင် အရပ်လူကြီး ဦးပြုံးချိုတစ်ယောက် သူ့ခေါင်းကိုသူ ပွတ်သပ်ရင်း တအံ့တသြ ဖြစ်နေ၏။ ဆံပင်ဆိုးဆေး ဆိုးပြီးသည့်နောက် သုံးပတ်တင်းတင်း ပြည့်သည့်နေ့တွင် ရှိသမျှဆံပင်တွေ ကျွတ်ထွက်ကုန်၏။ ဘီးနှင့် ဖြီးလိုက်တိုင်း ဆံပင်တွေက တဖွားဖွား။ သူ့စိတ်ထဲ မသင်္ကာ။ သူ့ခေါင်း မပြောင့်တပြောင်ကို ကြည့်ရင်း ဖွလာသူက ဇနီးသည် မဖီးမ။

"ဟင် - အစ်ကိုကြီးက ဘယ်တုံးက ကတုံး တုံးလိုက်တာတုံး"

"ဟေ - ငါ ကတုံး မတုံးပါဘူးဟ၊ ဘယ်လိုဖြစ်လို့တုံး"

"အို - ခေါင်းတစ်ခုလုံး ဆံပင်မှ မရှိတော့တာ"

"ဟင် - ဟုတ်ရဲ့လား"

"ကျွန်မက ညာပြောပါ့မလား၊ မဖြစ်ဘူး ခေါင်းပြောင်ပြောင်ကြီး နဲ့ဆို အစ်ကိုကြီးနဲ့ ကျွန်မ တွဲသွားရင် ရပ်ကွက်က အဘိုးနဲ့ မြေးလို့ ပြောကုန်ကြလိမ့်မယ်။ ပြီးတော့ ကတုံးတုံးထားတော့ လူပုံက ဖြစပ်စပ်"

"ဟုတ်သေးဘူးကွ၊ ငါ ဆံပင်ပါ ဆိုးလာတာ မိန်းမရဲ့။ ခုဥစ္စာ ဆံပင် ညှပ်ပြီး မရှည်လာတဲ့အပြင် ကျွတ်ထွက်ကုန်တယ်ကွ"

"ရှင် ဒါ. . . ဒါဆို ဆိုးဆေးက အတုကြီး ဖြစ်မှာပေါ့"

"အေးကွ၊ ဒီကောင်တွေ ဘယ်က မဟုတ်တရုတ် ဆိုးဆေးတွေ ဆိုး ပေးလိုက်လဲ မသိဘူး"

"ဘယ်သူတုံး"

"ဟာ - တင်ဝင်းတပည့် ဂျာအေးလေ"

"ဩော် - ဟို မည်းခြောက်ခြောက် အကောင်လား"

"ဟုတ်ပ့ါကွာ၊ ပြဿနာပါပဲ"

ဦးပြုံးချိုတစ်ယောက် သူ့ခေါင်းကို တသသနှင့် ပွတ်နေ၏။ ပွတ် လိုက်တိုင်းလည်း ဆံပင်တွေက ကျွတ်ထွက်ကုန်၏။ နဖူး၊ ငယ်ထိပ်၊ နောက်စေ့၊ နားထင် အားလုံး ပြောင်သလင်းခါလာပြီဖြစ်ရာ သူ့စိတ်ထဲ ဂျာအေးကို လုံးလုံး မသင်္ကာတော့။

ထို့ကြောင့်လည်း ဂျာအေးတို့အိမ်ဘက် ချီတက်ခဲ့လေ၏။ အိမ်မှာ





ဂျာအေး မရှိ။ ဆံပင်ဆိုးဆေး တီထွင်ပညာရှင်ကြီး ဖျောက်ဆိပ်သာ ရှိ၏။ ဇနီးသည်ကလည်း ကြော်ပြီးသား အကြော်အလှော်များကို ဈေးဆိုင်တွေမှာ လိုက်သွင်းနေ၏။

ဖျောက်ဆိပ်သည် နွားချေးပုံကြီးနားထိုင်ကာ နွားချေးများကို ပယ်ပယ်နယ်နယ် နယ်ဖတ်နေ၏။ အနံ့ကလည်း တထောင်းထောင်း။ အရပ်လူကြီး ဦးပြုံးချိုတစ်ယောက် နှာခေါင်း ပွစိပွစိလုပ်ကာ အိမ် အနောက်သို့ ရောက်လာ၏။

"ဟာ - ဘာတွေတုံးကွ"

"အဲဒါ နောက်ချေး (နွားချေး) တွေလေ အရပ်လူကြီးရ။ ဘယ်လို တုံးဗျ၊ ကျုပ် လုပ်ငန်းကို လာအားပေးတာလား"

"ဟေ - ဘာ. . . ဘာလုပ်ငန်းလဲကွ"

"ဟာ - ခင်ဗျားကြီးကလည်း အ, ပ့ါဗျာ။ ခင်ဗျားတောင် လက်တွေ့ အသုံးချလို့ သဘောကျနေပြီ မဟုတ်လားဗျ။ ဟားဟား ရွှေနွား ကျုပ်ဆေး နာမည် ရွှေနွားတဲ့ဗျ။ နောက်ဆို ရွှေနွားကုမ္ပဏီကြီးတောင် ထူထောင်တော့ မှာဗျ"

"ဟေ - ဘာ. . . ဘာတွေတုံးကွာ၊ မင်းပြောတာ ငါ ဘာမှနား မလည်ပါလားကွ။ ဟို. . . ဟိုကောင် ဂျာအေးရော ဘယ်မှာတုံး"

"ဩော် - ကျုပ်မန်နေဂျာကို မေးတာလား ဟဲဟဲ"

"ဘာ၊ ဂျာအေးက မန်နေဂျာ"

"ဘာမန်နေဂျာတုံးကွ"

"ရွှေနွား မန်နေဂျာလေဗျာ"

"အင် - ဘာတွေမှန်းလဲ မသိဘူး။ ဟကောင် ဖျောက်ဆိပ်၊ မင်း ဘာတွေ ပြောနေသတုံးကွ။ ဘယ်ကနွားလဲ၊ ဟာ - နံကလည်း နံပ့ါကွာ။ ဟို. . . ဟိုဟာ ဘာတွေတုံးကွ"

"နွားချေးတွေလေ"

"ဘာ - နွားချေး၊ အဲဒါ ဘာလုပ်တာတုံးကွ"

"ဩော် - အရပ်လူကြီးက ကျုပ်လုပ်ငန်းကို စိတ်ဝင်စားလာပြီဘိုး။ အဲဒါ ဆံပင်ဆိုးဆေး ဖော်တာလေ။ ဟိုတစ်လောက အရပ်လူကြီးခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေးလိုက်တာ ဘယ်လိုတုံးဗျ။ ခေါင်းပေါ်မှာ ဆံပင်တွေလည်း မရှိပါလား"

"ဘာ - မင်း. . . မင်းလုပ်တာပဲ"

"ဗျာ၊ ဘာဖြစ်တာလဲဗျ"

"ဘာဖြစ်ရမှာလဲ၊ ငါ အဲဒီကိစ္စ လာတာကွ။ ဟော့ကောင် မင်းအလုပ်တို့ ခုချက်ချင်း ရပ်လိုက်စမ်း"

"ဗျာ"

ဖျောက်ဆိပ်တစ်ယောက် ဦးပြုံးချို စကားကို မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်ရင်း နားထောင်နေ၏။ ထိုအချိန် ဂျာအေးတို့လူသိုက် ပုံးတွေ၊ ခွက်တွေသယ်ကာ ရောက်ရှိလာ၏။ သူတို့လူစုကိုကြည့်ပြီး ဦးပြုံးချို မျက်လုံးပြူးနေ၏။

"ဟာ - ဘာ. . . ဘာတွေတုံးကွ"

"နွားချေးတွေလေ အရပ်လူကြီးရဲ့၊ ဘယ်လိုတုံး ဆိုးဆေးကောင်းရဲ့လား"

"ဘာကွ၊ မင်း ငါ့ခေါင်းကို ကြည့်စမ်း"

"ဗျာ၊ ဟာ - ကတုံးဖြစ်နေပါလား၊ ဘာဖြစ်တာတုံး"

"မင်း. . . မင်းလုပ်လိုက်တာလေ၊ ဆိုးဆေး မင်းရဲ့ဆိုးဆေးကြောင့် ဆံပင်တွေ ကျွတ်ကုန်တာကွ"

"ခင်ဗျာ"

"ကိုင်း - ခုချက်ချင်း မင်းတို့အလုပ်ကို ရပ်ပေတော့။ မရပ်လို့ကတော့ ငါ တရားစွဲမယ်၊ ရဲစခန်းတိုင်မယ်ကွ"

"ကြမ်းလှချည်လားဗျာ"

"ဟကောင် ဖျောက်ဆိပ်၊ ငါ အတည်ပြောနေတာနော်။ မင်းတို့ လုပ်ငန်း မရပ်လို့ကတော့ ငါနဲ့ အတွေ့ပဲဟေ့"

"ဒုက္ခပါပဲဗျာ"

ဖျောက်ဆိပ်တစ်ယောက် ငိုင်ကျသွား၏။ တဖျစ်ဖျစ် နယ်ဖတ်နေသော နွားချေးပုံကြီးကို ကြည့်ရင်း သူ့စိတ်ထဲ မချိတင်ကဲ ခံစားနေရ၏။ အရပ်လူကြီးစကား မိုးကြိုးသွားမို့ ဆက်လုပ်လို့လည်း မဖြစ်တော့။





သို့သော် သူတို့ အိမ်နောက်ဖေးတွင် နွားချေးပုံကြီးက အိမ်တံစက်မြိတ်ပင် ထိလုနီးပါး ရှိနေပြီ ဖြစ်လေ၏။ ဆရာတပည့်နှစ်ဦး ငေါင်စင်းစင်းနှင့် နွားချေးပုံကြီးကို လှမ်းကြည့်နေ၏။

ထိုစဉ် နွားချေးပုံများကြား ရွစိရွစိ သွားလာနေသော နွားချေးပိုးကြီးများကို မြင်လိုက်ရ၏။ ထိုမြင်ကွင်းကိုကြည့်ပြီး ဂျာအေး အားပါးတရ ထခုန်လေ၏။

"ဟ - ဘာဖြစ်သတုံးကွ၊ ရူးသွားပြီလား"

"ဟဲဟဲ ဟီးဟီး စိတ်ဓာတ်မကျစမ်းပါနဲ့ ဆရာဖျောက်ရာ၊ ဟိုမှာ ကြည့်စမ်း"

"ဘာတွေလဲကွ"

"သေသေချာချာ ကြည့်လေ၊ အဲဒီ အကောင်တွေ မြင်လား။ အဲဒါ ရွှေပဲ၊ ရွှေဗျ ရွှေ"

"ဘာတွေတုံးကွ"

"ဟာ - နွားချေးထိုးပိုးကောင်ကြီးတွေလေဗျာ"

"အင် - အဲဒါ ဘာဖြစ်သတုံးကွ၊ မင်းကလည်း အရေးထဲ ပဟေဠိ လုပ်နေရပြန်ပြီ။ ဘာလုပ်ရမှာလဲ ရှင်းရှင်းပြောစမ်းကွာ"

"ခက်ပ့ါ ဆရာဖျောက်ရာ၊ ဒီကောင်ကြီးတွေကို ကြည့်ပြီး ကျုပ် တစ်ခု စဉ်းစားမိတယ်ဗျ။ ဒီကောင်ကြီးတွေကို ကြော်လှော်ပြီး ဟိုတယ်မှာ သွင်းရင် ဘယ်လိုနေမလဲ။ ဒါမှမဟုတ် ဒီကောင်ကြီးတွေကို နွားနို့အိုးထဲ လွှတ်ပြီး ကြော်ကြည့်ရင်ရော"

"အင် - မဖြစ်နိုင်တာကွာ"

"ဟာ - ဘာဖြစ်လို့ မဖြစ်ရမှာလဲ ဆရာဖျောက်ရယ်။ ခေတ်ကြီးက တအား တိုးတက်နေပြီဗျ။ လူဦးရေကလည်း အဆမတန် များနေပြီ။ တချို့ကလည်း ထင်ရာမြင်ရာတွေ စားကုန်ကြပြီဗျ။ ဒီတော့ ကျုပ်တို့က အဲဒီ နွားချေးထိုးပိုးတွေကို ကြော်ပြီး ဟိုတယ်သွင်းကြည့်ရင် ဒါမှမဟုတ် အကောင်လိုက် စပ်ကြည့်ရင်. . ."

"အေး၊ မင်းအကြံ မဆိုးဘူးကွ။ ငါ ကြားတာတော့ လူတွေဟာ ခွေး၊ ကြောင်၊ ကြွက်၊ ဖား အိုကွာ အင်းဆက်ပိုးကအစ စားနေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ငါတို့ ဒီကိစ္စကို စိတ်ရှည်ရှည်နဲ့လုပ်ရင် အောင်မြင်နိုင်မယ်ကွ"

"ဟို ဆံပင်ဆိုးဆေးကိစ္စ"

"ထားတော့ကွာ၊ ဆက်လုပ်ရင် မင်းရောငါပါ ထောင်ထဲ တန်းဝင်ရမှာကွ။ ဒီလုပ်ငန်း ခဏရပ်မယ်ကွာ။ ကိုင်း - အဲဒီ ပိုးကောင်တွေ ဖမ်းစမ်းကွာ၊ ရေစင်စစ်ဆေး။ ဘူးထဲထည့်ပြီး ဟိုတယ်တွေ လိုက်ပြကြည့်မယ်"

"ကောင်းတာပေါ့ဗျာ"

သူတို့နှစ်ဦး ဆံပင်ဆိုးဆေးကိစ္စကို ရပ်တန့်လိုက်ပြီး နွားချေးထိုးပိုးများကို နွားချေးပုံမှယူကာ ရေနှင့် စင်စင်ဆေးလိုက်ကြ၏။ သူတို့နှစ်ဦး၏ လုပ်ကိုင်ပုံကိုကြည့်ပြီး အပုလေးတစ်ယောက် ရင်တထိတ်ထိတ် ဖြစ်နေ၏။ သူ့စိတ်ထဲ လင်တော်မောင် ဖျောက်ဆိပ် ဘာပြဿနာရှာဦးမလဲဟု တွေးကာ တထိတ်ထိတ် ခံစားနေရ၏။

ထိုအချိန်တွင် ဖျောက်ဆိပ်နှင့် ဂျာအေးတို့ နှစ်ဦးသည် နွားချေးထိုးပိုးကောင်ကြီးများကို ယွန်းသေတ္တာလေးထဲ အပြည့်ထည့်ကာ ဦးဆုံး သူတို့ ရပ်ကွက် အရှေ့တောင်ဘက်ရှိ စိန်မမ ဟိုတယ်ကြီးသို့ ချီတက်ခဲ့ကြ၏။

စိန်မမ ဟိုတယ်ကြီးမှာ သုံးထပ်အဆောက်အအုံကြီးဖြစ်ပြီး ပိုင်ရှင်ဖြစ်သူ စိန်မမမှာ အသက်ငါးဆယ်အရွယ်ရှိ အပျိုကြီး ဖြစ်၏။ သူ့ညီမနှစ်ဦးမှာ ရွှေမမ၊ ငွေမမဟု အမည်ရပြီး အမျိုးသမီးငယ်လေးများ ဦးစီးလုပ်ကိုင်သော ဟိုတယ်ကြီး ဖြစ်လေ၏။

ဂျာအေးနှင့် ဖျောက်ဆိပ်တို့ နှစ်ဦးသည် ဟိုတယ်ကြီးထဲသို့ ကော့တော့ကော့တော့ ဝင်လာကြ၏။ သူတို့နှစ်ဦးစလုံး၏ စိတ်ထဲတွင် သူတို့ ကိစ္စကို အယုံကြီး ယုံနေရ၏။

စိန်မမ ဟိုတယ်ကသာ သူတို့ နွားချေးထိုးပိုးကောင်များကိစ္စ လက်ခံလိုက်လျှင် ရှိသမျှ နွားချေးထိုးပိုးကောင်တွေ ချမ်းသာပေးတော့မည် မဟုတ်။ နောက်ဆုံး အညာကျေးလက်အထိ ဆင်းကာ စာချုပ်စာတမ်းနှင့် ဝယ်ယူရန်ပင် စိတ်ကူးထားကြပြီ ဖြစ်၏။

ကြီးမားလှသော ရည်ရွယ်ချက်၊ ယုံကြည်ချက်များနှင့်အတူ စိန်မမ ဟိုတယ်ကြီးပေါ်သို့ တက်ခဲ့ကြပြီး ပိုင်ရှင်ဖြစ်သူ စိန်မမနှင့် တွေ့ဆုံရန် ကြိုးစားခဲ့လေ၏။ စိန်မမသည် မှန်လုံခန်းမကြီးထဲတွင် တစ်ယောက်တည်း





အလုပ်လုပ်နေသူ ဖြစ်၏။

အပျိုကြီးပီပီ ပစ္စည်းအထားအသိုများကအစ အနုပညာဆန်၏။ ကျွန်းကနုတ်ဗီရိုကြီးများ၊ တီဗီနှင့် ဗီစီဒီစက်များ၊ မတ်တတ်ရပ်ပန်ကာကြီးများ၊ အာမခံသေတ္တာကြီးများကြား ခံ့ခံ့ညားညား ထိုင်နေသော စိန်မမ။

အရပ်က လေးပေပင် မပြည့်ချင်။ ပုကွကွ၊ နှုတ်ခမ်းထော်ထော်၊ နှာတံပုပု။ သို့သော် ခြယ်သထားသဖြင့် မျက်နှာတစ်ခုလုံး သက်တန့်ရောင် ဖြာနေ၏။ ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦး ဝင်လာသောအခါ နှာခေါင်းကို ရှုံ့ပွရှုံ့ပွ လုပ်၍ မော့ကြည့်လိုက်၏။

မည်းခြောက်ခြောက်၊ ပြားချပ်ချပ် လူနှစ်ဦး။ ဘယ်ဘက်ကကြည့်ကြည့် ဥပဓိရုပ် ခေလှသော လူနှစ်ဦး။ စိန်မမစိတ်ထဲ ရှုံ့မဲ့မဲ့ ဖြစ်သွား၏။ ထို့ကြောင့်လည်း လေသံမာမာနှင့် ပြောလိုက်၏။

"ထိုင်ကြလေ၊ ဘာရပ်ကြည့်နေကြတာတုံး"

"ဩော် - မမက တအားကို လှတာပဲဗျာ။ ကျွန်တော်တို့ သုံးထပ်တိုက်ကြီး တက်လာရတာ မမကိုမြင်တော့ အမောကို ပြေသွားတာပဲ"

"ဟင်"

ဂျာအေးက စိန်မမ အမှုအရာမြင်လိုက်ကတည်းက အခြေအနေ မကောင်းလှသည်မို့ အချွန်နှင့် မ,လိုက်၏။ သူ့စကား ကြားရသောအခါ စိန်မမ၏ သက်တန့်ရောင်မျက်နှာမှာ ပန်းနုရောင် သန်းလာ၏။ ပါးချိုင့် မပေါ်ပေါ်အောင် ပြုံးရင်း သွားတွေ ဖြီးပြလိုက်၏။

"ဩော် - ငါ့မောင်က စကားပြောတာ ကောင်းသားပဲ။ နာမည်က ဘယ်သူတုံး၊ ဘာကိစ္စ ရှိသလဲကွယ့်။ မမ ဘာကူညီရမလဲပြော"

"ဟဲဟဲ ကျွန်တော့်နာမည် ဂျာအေးပါ။ ဟောဒါက ကျွန်တော့် ဆရာကြီး ဖျောက်ဆိပ်ပါ"

"ဩော် - ဇာတ်အဖွဲ့ကလား"

"ဟာ - မဟုတ်တာ မမရယ်၊ ကျွန်တော်တို့ ဒီကိုလာရတဲ့ ကိစ္စက အကျိုးတူလုပ်ငန်းလေးတစ်ခု လုပ်ချင်လို့ပါ"

"ဟင် - အကျိုးတူ . . . ဘာများလဲကွယ်၊ မမတို့က စီးပွားရေးဆို အမြဲတမ်း စိတ်ဝင်စားတာကွယ့်။ ကဲ - ပြောပြော"



www.burmeseclassic.com

www.burmeseclassic.com



“ဟောဒီကိစ္စပါပဲ မမရယ်”

“ဟင် - ဘာဘူးကြီးလဲကွယ်”

“ဖွင့်ကြည့်ပါ မမ၊ အဲဒီထဲမှာ ရွှေတုံး၊ ရွှေခဲတွေ ရှိပါတယ် မမ”

“ဟော - ငါ့မောင်စကားတွေက အထူးအဆန်းတွေပါလားကွယ်။ ဧကန္တ မမတို့ စိန်မမ ဟိုတယ်ကြီးတော့ ရတနာရထားကြီး ဆိုက်ပြီထင်တယ်”

“သိပ်ဟုတ်တာပေါ့ မမရာ၊ ချမ်းသာချိန်တန်ရင် ဘယ်သူမှ တားလို့ မရဘူးဗျ”

“ဒါပေါ့ကွယ်”

“ကိုင်း - မမ ဖွင့်ကြည့်ပါဦး၊ ကျွန်တော်တို့ ယူလာတဲ့ ပစ္စည်းဟာ မမတို့ ဟိုတယ်အတွက် ကျိန်းသေ အသုံးတည့်မှာပါဗျာ”

“ဟုတ်လား၊ ဟီးဟီး ဖွင့်ရမှာတောင် ရင်ခုန်စရာကောင်းလိုက်တာ ကွယ်”

“ရဲရဲဖွင့်လိုက်စမ်းပါ မမရယ်”

“ဟုတ်ပြီ၊ မမ ဖွင့်လိုက်မယ်”

“ဖွင့်ဗျာ”

ဂျာအေးနှင့် စိန်မမတို့ အပေးအယူ ဖြောင့်နေပုံကို ကြည့်ပြီး ဖျောက်ဆိပ်တောင် ဂျာအေး၏ အပြောတွေကို သဘောကျနေ၏။ ပစ္စည်းတစ်ခု ဝယ်ချင် ရောင်းချင်လာအောင် ပြောတတ်ဆိုတတ်သော ဂျာအေး၏ အစွမ်းအစကိုလည်း လွှတ်အထင်ကြီးနေလေ၏။

ထိုစဉ် စိန်မမတစ်ယောက် ဖိတ်ဖိတ်တောက်နေသော ကျွန်းစားပွဲကြီးပေါ်မှ ယွန်းသေတ္တာလေးကို ယူကာ ရင်တုန်ပန်းတုန်နှင့် ဂွပ်ခနဲ ဖွင့်ချလိုက်လေ၏။

“အောင်မယ်လေးတော့်”

“ဟို - အစ်မ. . . အစ်မကြီး၊ ဟာ - လုပ်ကြပါဦးဗျ”

“ဟာ - တက်. . . တက်နေပြီဗျို့၊ လုပ်ကြပါဦးဗျ”

“ဒုက္ခပါပဲကွာ”

သေတ္တာထဲမှ ရှုစိရှုစိနှင့် ထိုးထွက်လာသော နွားချေးထိုးပိုးကောင်ကြီးများကို မြင်လိုက်သည်နှင့် စိန်မမတစ်ယောက် ခွီးခနဲ တက်သွားကာ





ထိုင်ခုံပေါ်မှ ပက်လက်လန်ကျသွားလေတော့၏။ ဂျာအေးနှင့် ဖျောက်ဆိပ်တို့ နှစ်ဦးမှာလည်း မျက်ပြူးဆန်ပြာ ဖြစ်နေကြ၏။

အော်ဟယ်ဟစ်ဟယ်နှင့် ဝရုန်းသုန်းကား ဖြစ်ကုန်၏။ စိန်မမ၏ အသံကြောင့် ရွှေမမ၊ ငွေမမတို့ အပြေးရောက်ရှိလာ၏။ စိန်မမခမျာ ဂျာအေးရင်ခွင်ထဲ တခ္ခိခ္ခိ တဖွီးဖွီး တက်နေ၏။ ဖျောက်ဆိပ်သည် စိန်မမ၏ ခြေမကြီးများကို တဖြောင်းဖြောင်း တဂျွပ်ဂျွပ်နှင့် ချိုးပစ်လိုက်၏။

ရွှေမမ၊ ငွေမမတို့ ညီအစ်မနှစ်ဦးခမျာ အစ်မလုပ်သူ၏ ဖြစ်အင်ကို မြင်ရသောအခါ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြ၏။

“ဟဲ့ဟဲ့ နင်. . . နင်တို့တွေ ဘယ်သူတွေတုံး၊ ပြော. . . ပြောစမ်း”

“ဗျာ၊ ဟို - ပိုး. . . ပိုးကောင်”

“ဘာ - နင်. . . နင်တို့ ငါ့အစ်မကို ဘာလုပ်တာလဲ။ ရဲစခန်း တိုင်မယ်။ မသွားနဲ့၊ ဘယ်မှ မသွားကြနဲ့”

“ဟုတ်တယ်။ သူတို့ပုံက မားပြလိုလို သူပုန်လိုလို”

“ရဲစခန်း ဖုန်းဆက်စမ်း ငွေငွေ”

“ဟုတ်ကဲ့ မမ”

ရွှေမမနှင့် ငွေမမတို့ နှစ်ဦးသည် အစ်မ၏ ဖြစ်အင်ကိုကြည့်ပြီး အကြီးအကျယ် တုန်လှုပ်နေကြ၏။ ထိုစဉ် ဟိုတယ်အမှုထမ်းများပါ ရောက်လာ၏။ ငွေမမသည် ဆိုင်ရာရဲစခန်းသို့ ဖုန်းဆက်လိုက်ရာ ရဲအမှုထမ်းများလည်း ရောက်လာ၏။

ဖျောက်ဆိပ်ခမျာ မရှုနိုင် မကယ်နိုင် ဖြစ်နေ၏။ ဂျာအေးကတော့ အေးတိအေးစက် အမူအရာနှင့် ထိုင်နေ၏။ ထိုစဉ် ရဲအမှုထမ်းများက ဂျာအေးတို့ကို စစ်ဆေးလေ၏။ ဂျာအေးသည် သူတို့ လာရင်းကိစ္စကို အမှန်အတိုင်း ပြောပြလိုက်၏။

ဒုရဲအုပ်မှာ ဂျာအေးပြောသည့်အတိုင်း ယွန်းသေတ္တာကို ဖွင့်ကြည့်ရာ နွားချေးထိုးပိုးများ တွေ့လိုက်ရသဖြင့် ပြုံးစိစိ ဖြစ်သွား၏။

“ခင်ဗျားတို့ တော်တော်ရှုပ်တဲ့ လူတွေပဲဗျာ”

“ဟာ - အာစရိကလည်း ကျွန်တော်တို့က ရိုးရိုးသားသား လာကြတာ ပါဗျ။ ပြောရရင် အဲဒီ နွားချေးထိုးပိုးကို နွားနို့နဲ့စိမ်ပြီး ကြော်ရောင်းရင်



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်ကြီးတွေမှာ အလုပ်ဖြစ်မှာဗျ။ ဒါကြောင့် အဲဒီ အကြံစည်နဲ့ လာတာပါဗျာ။ ခုတော့ ဒီအစ်မကြီးက နှလုံးရောဂါသည်လည်းဖြစ်ပြန်၊ ပုရွက်ဆိတ်တောင် ကြောက်တဲ့လူ ဆိုတော့ ပြဿနာတွေ ရှုပ်ကုန်တာပေါ့ဗျာ"

"ဟာ ‹ ဟုတ်တယ်၊ ကျုပ်တပည့် ပြောတဲ့အတိုင်းပဲဗျ"

"တော်ပါတော့ဗျာ၊ ကဲကဲ ခင်ဗျားတို့ ပြန်ကြတော့။ ကိုယ့်ကြောင့် သူတစ်ပါး ဒုက္ခမရောက်စေနဲ့ပေါ့ဗျာ"

"စိတ်ချပါ အာစရိရယ်၊ သွား. . . သွားမယ်နော်"

နောက်ဆုံးတော့ သူတို့နှစ်ယောက် စိန်မမ ဟိုတယ်ကြီးပေါ်မှ မပြေးရုံတစ်မည် ဆင်းခဲ့ကြ၏။ အောက်ထပ်ရောက်သည်နှင့် သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်ကာ ဘုရားတ, လိုက်ရသူက ဖျောက်ဆိပ်။

"ဂျာအေးရာ၊ မင်းလုပ်ပေါက်က ကံကောင်းလို့ အချုပ်ခန်း မရောက်တာကွ။ ငါတော့ သွားပြီလို့ထင်တာ"

"ဩော် - ဆရာဖျောက်ကလည်း အချိန်အခါ အခြေအနေဆိုတာ ရှိတယ်လေ။ ဘာမှ စိတ်မပျက်စမ်းပါနဲ့ ဆရာဖျောက်ရာ၊ ကျုပ်တို့နှစ်ယောက်စလုံးရဲ့ ကြန်အင်လက္ခဏာက ကျိန်းသေ ချမ်းသာမယ့်ကိန်းဗျ။ ခုဥစ္စာ ဉာဏ်များပေမယ့် ကံက စကားပြောနေတယ် မဟုတ်လား"

"ဟုတ်ပါ့ကွာ၊ အဲဒီ ကံတရားကြီးကလည်း ငါတို့နဲ့ ဘယ်ဘဝကများ ရန်ငြိုးရန်စ ရှိခဲ့သလဲ မသိပါဘူးကွာ"

"အေးဗျာ၊ ကျုပ်လည်း အဲဒီ ကံတရားကြီးကို မုန်းတယ်။ ကျုပ်တို့ကို ဘယ်တော့မှ အကောင်းမထင်တဲ့ ကံတရားကြီးဗျ။ ဒါပေမယ့် တစ်မျိုးတစ်ဖုံ ကြံကြသေးတာပေါ့ဗျာ"

နောက်ဆုံး သူတို့နှစ်ဦး တစ်ယောက်နှင့်တစ်ယောက် ဖြေသိမ့်ပြောဆိုကြရင်း ရပ်ကွက်ထဲသို့ ပြန်ခဲ့ကြလေတော့၏။

✂ ✂ ✂



## အခန်း (၂)

ယခုတစ်လော မိုးကလည်း သဲကြီးမဲကြီး ရွာသွန်းနေ၏။ မိုးလင်းသည်နှင့် မိုးသံက ဖြုန်းဖြုန်းဒိုင်းဒိုင်း။ လက်လုပ်လက်စားတို့ ငိုရသည့်မိုးဟူ၍လည်း ဆိုနိုင်၏။ ရွာပြီဆိုလည်း တိတ်သည်မရှိတော့။ မိုးအပြင်လေပါ ပါလာတတ်သည်မို့ ဂျာအေးတို့ ရပ်ကွက်ကလေးမှာ ယိမ်းထိုးနေရှာ၏။

အမိုးကလည်း မနီ၊ သက်ငယ်တဲတွေက များလှသည်မို့ မိုးရွာလိုက်သည်နှင့် တစ်ရပ်ကွက်လုံး ပုရွက်ဆိတ်အုံ ရေဝင်သလို ရှစ်ရှစ် ဖြစ်ကုန်ကြ၏။ အမိုး မမိုးနိုင်သူတွေမှာလည်း တဲထဲတွင် ငုတ်တုတ်။ ရေကလည်း တဲအောက်သို့ ဒလဟော ဝင်လာတတ်၏။

လယ်ကွင်းများဘက်မှ လျှံတက်လာသော ရေက ရပ်ကွက်ထဲ မွှေလေတော့၏။ အိမ်ပေါ်က ဆင်းလိုက်သည်နှင့် ဒူးခေါင်းအထိ မြုပ်နေတတ်၏။

ယခုလည်း တစ်ရပ်ကွက်လုံး ရေအဖွေးသား။ ဂျာအေးလုပ်သော တင်ဝင်း ဆံသဆိုင်ကလေးမှာလည်း ရေတွေက ဆိုင်ထဲရောက်နေ၏။ ထိန်ဝင်း၊ ကုလားကြီးတို့ လူစုမှာတော့ ချက်ထိုးကောင်းနေဆဲ။

တင်ဝင်းတစ်ယောက်ကမူ ခုံတန်းလျားပေါ် ကျောခင်းပြီး အိပ်ပျော်နေ၏။ ဆိုင်ထဲ ဝင်လာသည့်ရေက သူ့မျက်နှာနှင့် လက်တစ်ဝါးသာသာသာ ရှိတော့၏။ ထိန်ဝင်းတို့လူစုမှာလည်း ဆိုင်ထဲ ရေဝင်လာသည်ကို မှုနိုင်ခုံတန်းလျားပေါ် တင်ပျဉ်ခွေထိုင်ကာ ချက်ထိုးနေကြဆဲ။



www.burmeseclassic.com

www.burmeseclassic.com



ဂျာအေးသည် ဖိုးပိန်ခေါင်းကို စက်ကတ်ကြေး တစ်ချောင်းနှင့် တကျောင်းကျောင်း တွယ်နေ၏။ ရေတွေက ခြေသားလုံး မြုပ်လာပြီ ဖြစ်၏။ ဖိုးပိန်ခမျာမှာလည်း ဆံလည် ဆံပင်ညှပ်ခုံကြီးပေါ် ဆောင့်ကြောင့်ထိုင်ကာ ဂျာအေး ပြုသမျှ နုနေရ၏။ ဆိုင်ခန်းထဲရှိ ခွက်တွေ၊ ပလုံးတွေ၊ အမှိုက်ပုံးတွေကလည်း ဆိုင်ထဲ ပေါလောမျောနေ၏။

ထိုစဉ် တင်ဝင်း၏မိန်းမ ခင်သွေး ရောက်လာ၏။ ဆိုင်ဝတွင် ရပ်ရင်း လင်တော်မောင် နာမည်ကို အော်ဟစ်လိုက်၏။

"ကိုတင်ဝင်း၊ အို. . . ကိုတင်ဝင်း"

"ဟေ - လာပြီကွ"

"ဝုန်း"

"အောင်မယ်လေးဗျာ"

"ဟာ"

ခုံတန်းလျားပေါ် ကျောခင်းနေသော တင်ဝင်းတစ်ယောက် မိန်းမသံ ကြားလိုက်သည်နှင့် ဖျတ်ခနဲ လန့်နိုးလာကာ သတိလွတ်ပြီး လှိမ့်လိုက်၏။ ထိုအခါ တန်းလျားပေါ်မှ ရေထဲသို့ ဗွမ်းခနဲ ပြုတ်ကျသွားပြီး အတင်း လူးလဲထလိုက်၏။ တစ်ကိုယ်လုံးလည်း ရေတွေ ရွှဲရွှဲစိုနေ၏။

မယားလုပ်သူ ခင်သွေးသည် တင်ဝင်း၏ အိပ်မှုန်စုန်မွှား မျက်နှာကိုကြည့်ပြီး လေသံအက်အက်နှင့် ပြောဆိုလေ၏။

"ဩော် - ရှင်က အိပ်နေသကိုး ဟုတ်လား"

"ဟာ - ခင်သွေးကလည်း ဟဲဟဲ ခါးညောင်းလို့ပါကွာ။ ဘာမှမပူပါနဲ့ ငါ့တပည့် ဂျာအေးက ငါ့လက်ရာမီပါသကွာ"

"တော်စမ်း၊ အိမ်မှာ ဘာတွေဖြစ်နေသလဲ သိလား"

"ဟေ - ဘာဖြစ်ပြီတုံး ပြောစမ်း"

"တော်တော် နေစိမ့်တဲ့လူကြီး၊ ရှင် တစ်ချက်ကလေးတောင် မစဉ်းစားမိဘူးလား ပြောစမ်း"

"ဟာ - ခင်သွေးကလည်း အာပြုလန်လိုက်တာကွာ။ ကဲ - ပြောစမ်း ဘာတွေဖြစ်ကုန်ပြီလဲ"

"ရေတွေလေ၊ ရှင့်ရှေ့မှာ ရေတွေ မမြင်ဘူးလား"



"အင် - ဟုတ်သား၊ ဒါ. . . ဒါဆို အိမ်ထဲ ရေတွေဝင်ကုန်ပြီကွ။ ဒုက္ခပါပဲ"

"ဘာ ခုမှ လာအော်နေတာလဲ။ ကလေးတွေရော၊ ခွေးတွေရော အကုန်လုံး ဘုန်းကြီးကျောင်းဘက် ပို့ထားလိုက်ရပြီရှင့်။ ရှင့်ဆိုင် မဝိတ်သေးဘူးလား၊ ဟိုမှာလည်း ဆိုင်ထဲကပစ္စည်းတွေ မျောကုန်ပြီ"

"ဟာ - ဟုတ်သား၊ ဟကောင် ဂျာအေး၊ ဆိုင်ထဲရေဝင်တာ မသိဘူးလားကွ"

"ဩော် - ဆရာတင်ဝင်းကလည်း ဒါက ချာန်လေ။ ဆရာပြောတဲ့ ချာန်ဝင်လာရင် ဘာမှ မသိတော့ဘူးဗျ။ ခုလည်း ဖိုးပိန်ဆံပင်ကို ကျောင်းဆွဲနေတာဗျ"

"တော်. . . တော်ပါတော့ကွာ၊ ကြာရင် ဆိုင်မြုပ်တော့မယ်ကွ။ ဟေ့ကောင်တွေ ထကြစမ်းကွာ၊ ရေတွေ ဝင်လာပြီကွ"

"ဟာ - ကိုတင်ဝင်းကလည်း ဒီမှာ ချက်နေပြီဗျ"

"တော်ပါတော့ကွာ"

ထိန်ဝင်းတို့ကိုလည်း အတင်း တားလိုက်ရ၏။ ဖိုးပိန်ခမျာ ဂျာအေး လက်ချက်နှင့် ကွက်တိကွက်ကျား။ ဘာလုပ်လို့ လုပ်ရမှန်း မသိ၍ တင်ဝင်းကို တစ်ချက် လှမ်းကြည့်ရင်း ပြောလိုက်၏။

"ဟို. . . ကျုပ်ခေါင်း ဘယ်လိုလုပ်"

"ဟာ - မနက်ဖြန်မှ ညှပ်တော့ကွာ၊ မင်း မြင်တဲ့အတိုင်းပဲလေ။ နောက် ဆယ်မိနစ်လောက်ကြာရင် ဆိုင်ပါမြုပ်တော့မယ်"

"ဗျာ၊ ဒါ. . . ဒါဆို"

"ဟုတ်တယ်၊ မနက်ဖြန်မှ လာတော့ကွာ"

"ဒုက္ခပါပဲဗျာ"

ဖိုးပိန်တစ်ယောက် ခေါင်းစားနေ၏။ ရေတွေကလည်း ဆိုင်ထဲ ဒလသောသော။ နောက်ဆုံး ပုဆိုးခြုံ၍ ဆိုင်ထဲမှ ထွက်သွားလေတော့၏။ ထိုအချိန်တွင် ဖျောက်ဆိပ်တို့ တဲကလေးမှာလည်း ရေတဗွမ်းဗွမ်း။

မိုးကလည်း မစဲ။ ခေါင်မိုးတွေကလည်း ကျိုးပဲ့နေပြီမို့ မိုးစက်များ ဖိုးပေါက်ပေါက်။ ဝက်သားခေါက်၊ နွားသားရေပွလည်း မကြော်နိုင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်။ အရေးထဲ ဖျောက်ဆိပ်သား ဂျာဖျောက်ကလည်း ဖျားနေ၏။

ဖျောက်ဆိပ်ခမျာ အိမ်ရှေ့ဆင့်ကလေးပေါ် ငုတ်တုတ်ထိုင်ရင်း ဆေးပေါ့လိပ်တိုကြီးကိုသာ တွင်တွင်ဖွာနေ၏။

"ကိုရင်ဖျောက် ဘယ်လိုလုပ်ကြမတုံးတော့"

"ဟေ၊ ဟို - ရေ. . . ရေတွေဝင်"

"အိုတော်၊ ရေတွေဝင်တာ ကျုပ်လည်း သိတာပေါ့။ အဲဒီရေတွေ ရှင်က ဘာလုပ်မလို့တုံး၊ သောက်မလို့လား"

"ဟာကွာ၊ မင်းကလည်း ငါ စဉ်းစားနေတာကွ။ ဒီရေတွေမြင်တော့ ရေကနေ ရေတံခွန်ဖြစ်အောင်လုပ်၊ အဲဒီကနေ လျှပ်စစ်ဓာတ်ရအောင် ထုတ်လိုက်တာ အတော့်ကို အံ့သြစရာပဲ"

"ဘာ - ရှင်. . . ရှင် ဘာတွေပြောနေသတုံး၊ ဒီမှာ ကလေးလည်း ဖျားနေပြီ။ လက်ထဲမှာလည်း ပိုက်ဆံ မရှိတော့ဘူး၊ အကြော်လည်း မကြော်နိုင်တော့ဘူး။ ဘာလုပ်ကြမှာလဲ၊ ရှင့် လျှပ်စစ်ဓာတ်က ထမင်းစားလို့ ရသလားပြော"

"ဟေ - ဩော် မိန်းမကလည်း စဉ်းစားကြည့်တာပေါ့ကွာ။ လောကကြီးဟာ အတော် ဆန်းကြယ်. . ."

"တော်စမ်း၊ ရှင်ကြီး ဘာတွေပြောနေသတုံး၊ ထမင်းစားဖို့ မစဉ်းစားဘဲ လျှပ်စစ်ဓာတ်ထုတ်ဖို့ စဉ်းစားတယ်။ အဲဒါ ရှင် ရူးနေတာပဲ"

"အင်"

ဖျောက်ဆိပ်တစ်ယောက် အိမ်အောက်ထဲ တဝေါဝေါ ဝင်လာသည့် ရေညစ်ညစ်တွေ ကြည့်ရင်း လျှပ်စစ်ဓာတ် ထုတ်လုပ်ပုံကို စိတ်ကူးပေါ်လာ၏။

သို့သော် လောလောဆယ် အိမ်ကမိန်းမ အော်ချက်က သူ့အတွေးကြက်ပျောက်ငှက်ပျောက် ဖြစ်သွားစေ၏။

ဘာလုပ်လို့ လုပ်ရမှန်း မသိ။ ရေတွေကလည်း ပေါင်းလန်နေ၏။ လမ်းပေါ်တွင် တသောသော ပြေးလွှား ပျော်ပါးနေကြသော ပေါက်စကလေးတစ်သိုက်ကို ကြည့်ရင်း ဖျောက်ဆိပ်ပင် ကလေးဖြစ်ချင်စိတ်ပေါက်နေ၏။ ထိုအချိန် တပည့်ကြီး ဂျာအေးတစ်ယောက် ဆံပင်ညှပ်





သေတ္တာကြီးဆွဲ၍ ရောက်ရှိလာ၏။

"ဟာ - ဘယ်လိုဖြစ်သတုံးကွ"

"ရေလေ၊ ရေလျှံနေပြီ ဆရာဖျောက်ရဲ့။ ဆိုင်လည်း မြုပ်နေပြီ။ ဒီတော့ မြို့ထဲဘက်ထွက်ပြီး ဆံပင်ညှပ်မယ်ဗျာ။ တတ်သည့်ပညာ မနေသာတဲ့။ ဆရာတင်ဝင်းက ပညာကို အလကား မထားနဲ့၊ အသုံးတည့်အောင် လုပ်ရမယ်ဆိုလို့လေ"

"ဟေ - မင်း တအား တိုးတက်နေပါလားကွ။ ဒါဆို မင်း မြို့ထဲသွားမှာလား၊ ငါလည်း လိုက်မယ်ကွာ။ အိမ်မှာ ပိုက်ဆံတစ်ပြားမှ မရှိဘူးကွ"

"သိတယ်လေ၊ ဟောဒီမှာ တစ်လောက ကျုပ်စုထားတဲ့ပိုက်ဆံ။ အားလုံး နှစ်ထောင်ရှိတယ်၊ မပုလေးကို ပေးလိုက်။ ဆရာက ကျုပ်နဲ့ လိုက်ခဲ့"

"အေး - ကောင်းသားကွ၊ ဒီမှာနေလည်း ရေတွေနဲ့ နှစ်ပါးသွားရမယ့်ကိန်းကွ"

ဖျောက်ဆိပ်သည် ဂျာအေးလက်ထဲမှ ငွေနှစ်ထောင်ကို ယူကာ အပုလေးလက်ထဲ ထည့်လိုက်၏။

ထို့နောက် သူတို့ဆရာတပည့်နှစ်ဦး မြို့ထဲဘက်သို့ ထွက်ခဲ့ကြလေ၏။ ရပ်ကွက်ထဲနေလို့ကတော့ ရေဘေးဒုက္ခသည်ဖြစ်မှာ ကျိန်းသေ၏။ ပိုက်ဆံလည်း တစ်ပြားတစ်ချပ်မှ ရမည်မဟုတ်။ တင်ဝင်း ဆံသဆိုင်လည်း ရေတွေ မြုပ်နေပြီ ဖြစ်၏။

ထိုအခြင်းအရာကြောင့်လည်း သူတို့နှစ်ဦး ဆံပင်ညှပ်သေတ္တာဆွဲကာ မြို့ထဲဘက်သို့ ထွက်ခဲ့ကြခြင်း ဖြစ်လေ၏။ လမ်းတစ်လျှောက်လုံး ဂျာအေး၏ ပြာနှမ်းနှမ်း အော်သံက လွင့်ပျံ့နေ၏။ တစ်လမ်းဝင် တစ်လမ်းထွက်နှင့် ခြေတိုအောင် လျှောက်ရ၏။

ဆိတ်ငြိမ်ရပ်ကွက်သို့ အရောက်တွင် ဂျာအေး၏ အသံက ပို၍ စူးစူးရဲရဲ ပေါ်လာ၏။ ထိုသို့ ခြေတိုအောင် လျှောက်ခဲ့ကြရင်း ခြံကြီးတစ်ခြံရှေ့သို့ အရောက်တွင် အိမ်ဖော်မလေးတစ်ဦးက သူတို့ကို ထွက်ပြီး ခေါ်လိုက်၏။

နှစ်ယောက်သား ဝမ်းသာအားရနှင့် ခြံထဲဝင်ခဲ့ကြ၏။ အိမ်ဖော်မ



www.burmeseclassic.com

www.burmeseclassic.com



လေးက သူတို့နှစ်ဦးကို ခြံဝင်းထဲက ထိုင်ခုံပေါ်တွင် ထိုင်ခိုင်းလိုက်၏။ တစ်အောင့်အကြာ ခြံလယ်တွင် ထီးထီးမားမား ရပ်တည်နေသော တိုက်ကြီး၏ အောက်ထပ် တံခါးမကြီး ပွင့်လာကာ ခွေးတစ်အုပ်နှင့် မိန်းမဝဝကြီးတစ်ဦး ဆင်းလာ၏။

ဝတ်စားထားသည်မှာလည်း ရွှေတွေ၊ စိန်တွေ ညွှတ်နေ၏။ ခွေးတလည်း တယ်ရီယာ အမွေးပွအမျိုးအစား။

မိန်းမကြီးသည် ခွေးငါးကောင်၏ လည်ပတ်ကြိုးကို ဘယ်ညာဆွဲပြီး သူတို့အနားသို့ ရောက်လာ၏။

"ဟဲ့ - နင်တို့က ဆံပင်ညှပ်ကုလားတွေလား"

"ဗျာ၊ ဟာ - ကြီးတော်ကလည်း ကျုပ်တို့က မြန်မာတွေပါဗျ"

"သိဘူးလေ၊ ရုပ်တွေက မည်းညစ်ညစ်နဲ့။ ကဲ - ဈေးက ဘယ်လိုရှိသတုံး"

"ဗျာ၊ ဘယ်သူညှပ်မှာတုံး၊ ကြီးတော်လား။ ကတုံးတုံးရင်တော့ ငါးရာပဲ"

"အလိုတော်၊ နင်တို့ ဘာတွေ လျှောက်ပြောနေသလဲ။ ငါ ညှပ်မှာ မဟုတ်ဘူးဟဲ့၊ ဟောဒီ ငါ့ကလေးတွေ ညှပ်မှာ။ ခေါင်းက ဆံပင်တွေ မျက်နှာအုပ်နေပြီဟဲ့"

"ဗျာ၊ ဒီ. . . ဒီ ခွေးတွေညှပ်မှာ"

"ဒါပေါ့ဟဲ့"

"အင်"

"ဘုရား. . . ဘုရား"

ဂျာအေးနှင့် ဖျောက်ဆိပ်တို့ ဆရာတပည့်နှစ်ဦးမှာ ခွေးမွေးညှပ်ပေးရမည် ဆိုသဖြင့် မကြားဝံ့မနာသာ ဖြစ်သွား၏။

"ဟာ - ကြီး. . . ကြီးတော်ကလည်း သင့်တော်ပါ့မလားဗျာ"

"ဟဲ့ - ငါ့ကလေးတွေက နင်တို့ထက်တောင် သန့်သေးတယ်ဟဲ့။ ပေါင်ဒါလိမ်းတယ်၊ ရေမွှေးဆွတ်တယ်၊ သွားတိုက်တယ်၊ ရေချိုးတယ်ဟဲ့။ နင်တို့ရုပ်တွေက ငါ့ကလေးတွေလောက်တောင် မသားနားဘူး"

"ဟာ - ကြီးတော်ကလည်း ပြောပြီဗျာ"





"ဟဲ့ - စကားမရှည်နဲ့၊ ညှပ်မလား မညှပ်ဘူးလားပြော။ ဘယ်လောက် ပေးရပေးရ ပေးမယ်"

"ကောင်းပြီ၊ ဒါဆို တစ်ကောင်ငါးရာဗျာ။ ဒါပေမယ့် လူမြင်ကွင်းကြီး ညှပ်လို့ မသင့်ပါဘူးဗျာ"

"အောင်မယ်၊ နင်တို့က ငါ့ကလေးတွေကို နှယ်နှယ်ရရများ အောက်မေ့နေသလား၊ ဒါ ဩစတြေးလျက ယူလာတာဟဲ့။ ကိုင်း - ဒါဆို ဟိုဂိုဒေါင်ထဲ သွားညှပ်"

"ဟို. . . ကြီးတော် အဲဒီခွေးတွေက ကိုက်. . ."

"ဟဲ့ - ခွေးလို့ မပြောနဲ့လေ"

"ဗျာ၊ ဒါ. . . ဒါဆို ဘယ်လို"

"ဟင်းဟင်း သူ့နာမည်က ဖရက်ဒီ၊ သူက အာနိုး၊ သူက ကွင်း၊ သူက ရှယ်လီ၊ သူက ဟိုင်းတဲ့ဟဲ့"

"အင် - ရှုပ်ပါ့ဗျာ"

"ငါ့ကလေးတွေက မကိုက်တတ်ပါဘူးဟယ်။ ကိုင်း - ဒါဆို ဂိုဒေါင်ထဲ လိုက်ခဲ့ကြ။ တစ်ယောက်ကကိုင် တစ်ယောက်က ညှပ်ပေးပေါ့"

"ကောင်းပြီ"

နှစ်ယောက်သား ဂိုဒေါင်ထဲသို့ ကုပ်ချောင်းချောင်းနှင့် ဝင်ခဲ့ကြ၏။ ခွေးငါးကောင်ကလည်း မိန်းမကြီးနောက် တအီအီ အော်ပြီး လိုက်လာ၏။

ဂိုဒေါင်ထဲရောက်သည်နှင့် နံရံတွင် ကြိုးများကို ချည်နှောင်လိုက်၏။

"ကိုင်း - မင်းတို့ ပုံကောင်းကောင်းလေး ညှပ်ပေးနော်။ ငါ့ကလေးတွေက အမွေးတွေ များနေတော့ ရုပ်တောင် မပေါ်တော့ဘူးဟဲ့"

"စိတ်ချပါ ကြီးတော်ရာ"

"ဒါဆို ငါ အိမ်ဘက် ခဏသွားဦးမယ်"

"စိတ်ချသာ သွားပါ ကြီးတော်ရာ၊ ပုံတွေ ကောင်းနေရမယ်"

မိန်းမကြီး ထွက်သွားသည်နှင့် သူတို့နှစ်ဦး ခွေးမွေးညှပ်မည့်လုပ်ငန်းစလေတော့၏။ ဖျောက်ဆိပ်သည် ဖရက်ဒီ ဆိုသော ခွေးပုလေးကို လက်ဖျောက်တီး၍ ရင်းနှီးအောင်လုပ်ပြီး ပေါင်ကြားထဲ ညှပ်ထားလိုက်၏။

ဂျာအေးသည် စက်ကတ်ကြေးကိုင်ကာ တချောင်းချောင်းနှင့် သံစုံ



www.burmeseclassic.com

www.burmeseclassic.com


မြည်အောင် ညှပ်လေတော့၏။ အမွေးတွေကလည်း တစ်ကိုယ်လုံး ဖုံးထား မြေကြီးပေါ်ပင် တရွတ်တိုက်နေ၏။

"ဘယ်လို ညှပ်မှာတုံးကွ"

"ဟာ - အဘွားကြီးက တစ်ကိုယ်လုံး ရှင်းခိုင်းတာဗျ"

"ဟုတ်လား၊ ဒါဆို ဆော်ကွာ"

ပြောပြောဆိုဆိုနှင့် ဖရက်ဒီဆိုသော ခွေးပုလေး၏ ကိုယ်ပေါ်မှ အမွေးများကို တဂျောင်းဂျောင်း ညှပ်ပစ်လိုက်၏။ ထို့နောက် နံရံတွင် တအီအီ လုပ်နေသော ခွေးတွေကို တစ်ကောင်ပြီးတစ်ကောင် ခေါ်ကာ ညှပ်ပစ်လိုက်၏။

"ဟားဟား ခုမှ အတော်ကို ဟုတ်သွားတာကွ"

"ဟုတ်ပ့ါဗျာ၊ ခုမှ ငယ်ရုပ်ပေါ်လာတယ်ဗျို့"

"မင်းလက်ရာ ကောင်းလှချည်လားကွ"

"ဟဲဟဲ ဂျာအေးပဲဗျာ"

ဂျာအေးတစ်ယောက် ကိုယ်လုံးတီး ဖြစ်နေသော တယ်ရီယာခွေးပု ငါးကောင်ကို ကြည့်ပြီး အကြီးအကျယ် ဘဝင်ခိုက်နေ၏။ ငါးကောင်စလုံး၏ ကိုယ်ပေါ်တွင် အမွေးတွေက ပြောင်သလင်းခါနေ၏။ ကြည့်ရသည်မှာလည်း ဖြစ်ပ်စပ်နိုင်လှ၏။ ခွေးငါးကောင်စလုံးမှာလည်း အမွေးတစ်မွေးမှ မကျန်တော့သည့် သူတို့ကိုယ်ကို ကြည့်ကာ တအီအီနှင့် အော်ဟစ်နေ၏။

ထိုအချိန် မိန်းမဝဝကြီးသည် အိမ်ပေါ်မှ ဆင်းလာ၏။ ပြုံးရွှင်သော မျက်နှာပေးနှင့် ဂိုဒေါင်ဘက်သို့ လျှောက်လာ၏။

"ဟဲ့ - ဘယ်လိုတုံး၊ ညှပ်ပြီးပလား"

"ဟာ - ရှင်းပစ်လိုက်ပြီဗျို့"

"ဟင် - ဟဲ့ဟဲ့ ဟို ကလေးတွေ"

"ဟုတ်တယ်လေ၊ ကြီးတော်ကလေးတွေ ခုမှ ငယ်ရုပ်ပေါ်လာတယ်ဗျ"

"အလိုတော်၊ လုပ်. . . လုပ်ကြပါဦး၊ အောင်မယ်လေး ဒုက္ခတော့ များပါပြီ"

"ဗျာ၊ ဘာ. . . ဘာဖြစ်လို့တုံးဗျ"





"နင်. . . နင်တို့ ငါ့ကလေးတွေကို"

"ဟဲဟဲ မကောင်းလို့လား ကြီးတော်ရယ်၊ ကျုပ်က ဆံပင်ညှပ်ပညာကို သုံးလေးနှစ် သင်ခဲ့တာဗျ။ ဒါတောင် လက်ရာလျှော့ထားတာနော်"

"ဘာ - နင်တို့ ခုချက်ချင်း ငါ့ခြံထဲက ထွက်သွားစမ်း၊ သွား ခုချက်ချင်းသွား"

"ဟာ - သွားမှာပေါ့ ကြီးတော်ရာ၊ ဒါပေမယ့် ညှပ်ခတော့ ပေးဦးလေ"

"ဘာ - ညှပ်ခ ဟုတ်လား၊ နင်. . . နင်တို့ ရဲစခန်း ရောက်သွားချင်လို့လား ပြောစမ်း"

"ဘယ်လိုဖြစ်တာတုံးဗျာ၊ ကြီးတော်ကလည်း အပြောင်းအလဲ မြန်လိုက်တာ။ ကျုပ်တို့ကို ညှပ်ခမပေးရင် မသွားဘူးဗျာ"

"ဘာ - ကောင်းပြီ၊ နင်တို့ ဒီခြံထဲက ဘယ်မှမသွားနဲ့။ ငါ ခုချက်ချင်း အရပ်လူကြီးခေါ်မယ်"

မိန်းမကြီး၏ ပြူးပြူးပြဲပြဲ အမူအရာကြောင့် ဂျာအေး ချဉ်တင်တင် ဖြစ်သွား၏။ သူစိတ်ထဲ သူတို့လုပ်ရပ် ဘယ်နည်းနဲ့မှ မမှားနိုင်ဟု တွက်ထား၏။

ထိုအချိန်တွင် အရပ်လူကြီးနှင့်အဖွဲ့ ရောက်လာ၏။ အိမ်ကြီးရှင် မိန်းမကြီးက သူ့ခွေး တုံးလုံးများကို အရပ်လူကြီးရှေ့ ထုတ်ပြကာ တငိုငို တရီရီနှင့် ပြောဆိုလေ၏။ အရပ်လူကြီးအဖွဲ့မှာလည်း ကိုယ်တုံးလုံး ဖြစ်နေသော တယ်ရီယာခွေးငါးကောင်ကို ကြည့်ကာ တအံ့တဩ ဖြစ်နေ၏။

နောက်ဆုံးတော့ ဂျာအေးနှင့် ဖျောက်ဆိပ်ကို ရုံးဘက်သို့ ခေါ်သွား၏။ ရုံးရောက်သည်နှင့် အရပ်လူကြီး ဦးချစ်က ဩဝါဒပေးလေတော့၏။

"ဟကောင်ရ၊ မင်းတို့ တယ်ရီယာခွေးဆိုတာ မြင်ဖူးရဲ့လားကွ"

"ဟာ - အရပ်လူကြီးကလည်း ကျုပ်တို့က အညာသားတွေလေ။ စီးပွားရေး မကောင်းလို့ ဆံပင်ညှပ်စားနေတာဗျ။ သူက ခွေးမွေးညှပ်ပေးပါဆိုလို့ တစ်ကောင်ငါးရာနဲ့ ညှပ်ပေးလိုက်တာဗျ။ ကျုပ်တို့ညှပ်တာ ငယ်ရုပ်တောင် ပေါ်လာပြီဗျ။ ဒါကို မိန်းမကြီးက ပြဿနာရှာနေတာဗျ"

"ဟာ - မင်းတို့ကလည်း တုံးပါ့ကွာ။ တယ်ရီယာခွေးပုမျိုးမှာ အမွေး


www.burmeseclassic.com

www.burmeseclassic.com



က အဓိကကွ။ ခုတော့ မင်းတို့လုပ်တာ တယ်ရီယာ မျိုးကန်းသွားပြီကွ"

"ဟာ - ဒါဆို ကျုပ်တို့ကို ဘာဖြစ်လို့ ညှပ်ခိုင်းတာလဲဗျ"

"သြော် - သူက ကြည့်ကောင်းအောင် အမွေးတွေ တိခိုင်းတာတဲ့။ ဒါကို မင်းတို့က ရမ်းလုပ်လိုက်တာကိုးကွ"

"ပြောတတ်ဘူးဗျာ၊ ကျုပ်တို့က လူပဲညှပ်ဖူးတာဗျ။ ခုတော့ ပြဿနာပဲဗျာ"

"အဲဒါ ခက်တာပေါ့ကွာ၊ ဟို မိန်းမကြီးက မင်းတို့ကို အချုပ်ထဲ မထည့်တာ ကံကောင်းကွ"

"အင် - ပြဿနာပါလားဗျာ၊ မရှိလို့ ဆံပင်ညှပ်စားပါတယ် ခွေးမွေးများညှပ်တာနဲ့ အချုပ်ထဲဝင်ရမှာတော့ နာသဗျာ"

"ကိုင်း - ငါလည်း ကြားဖူး...ပြီး ဖြေရှင်းလိုက်ပါပြီကွာ"

"ဟင် - ဒါဆို ညှပ်ခက"

"ကိုင်း - ငါကပဲ စိုက်ပေးရမှာပေါ့ကွာ။ ဟောဒီမှာ ငွေတစ်ထောင်ယူသွား၊ နည်းတယ်များတယ် မပြောနဲ့။ သွားကြတော့ကွာ"

"အင်"

နောက်ဆုံးတော့ သူတို့နှစ်ယောက် အရပ်လူကြီးရုံးမှ ကုပ်ချောင်းချောင်းနှင့် ထွက်ခဲ့ရ၏။ ဖျောက်ဆိပ်မှာ ကြုံရသည့် ဖြစ်အင်ကြောင့် အူလည်လည် ခံစားနေရ၏။

"ခက်ပါ့ကွာ၊ မြို့သားတွေများ ခွေးမွေးရှည်တာ ပြဿနာလုပ်နေရသေးသကွာ"

"အေးဗျာ၊ ဒီလူတွေ အတော် ကြောင်တဲ့လူတွေဗျ။ ကျုပ်တို့ ရပ်ကွက်ထဲမှာ ထမင်း ဘယ်လို ရှာစားရမလဲ ခေါင်းစားနေတုန်း ဒင်းတို့က ခွေးအမွေးရှည်တာ ပြဿနာရှာရတယ်လို့ဗျာ"

"ကောင်းတယ်၊ မင်းလုပ်လိုက်တာ ခွေးတွေ ကိုယ်တုံးလုံး ဖြစ်သွားကြပြီ။ အဲဒါမှ ကောင်းတယ်၊ ဘယ့်နှယ်ကွာ ငါတွေ့သမျှ ခွေးတွေမှာတော့ ခွေးမွေးက လက်တစ်ညှိုးရှည်တာ ရှားပါ့။ ဘယ်က ခွေးမစစ်တွေ မွေးထားသလဲ မသိဘူး"

"ဟုတ်ပါ့ဗျာ"





နောက်ဆုံးတော့ သူတို့နှစ်ယောက် အတိုင်အဖောက်ညီစွာ ပြောဆိုရင်း မြို့ထဲဘက်သို့ ခရီးဆက်ခဲ့ကြလေ၏။

လူသူရှုပ်ထွေးနေသော မြို့ကြီး။

လမ်းပေါ်မှာ ဥဒဟိုသွားလာနေကြသည်ကလည်း ပုရွက်ဆိတ်ကျင်းထဲ ပုရွက်ဆိတ်တွေ ထွက်လာသည့်ပမာပင်။ ဆိုင်တကာ ဆိုင်တွေကလည်း လမ်းတစ်ဖက်တစ်ချက်တွင် မွစာကြဲ နေ၏။

စတိုးဆိုင်၊ စက်ပစ္စည်း၊ ဓာတ်ပုံဆိုင်၊ အရက်ဆိုင်၊ အဝတ်အထည်ဆိုင်၊ စားသောက်ဆိုင် စသည်ဖြင့် ရှုပ်ထွေးနေ၏။ စားသောက်ဆိုင်ကြီးအချို့တွင် စားသောက်နေကြသူတွေကလည်း အလကား ကျွေးနေသလားပင် အောက်မေ့ရ၏။

ရုပ်ရှင်ရုံများဘက် ရောက်တော့လည်း လူတွေက ကြိတ်ကြိတ်တိုး။ အော်သံဟစ်သံ ဆဲသံဆိုသံ အသံဗလံများနှင့် ပွဲရောင်းဖောင်းကားနေသော မြို့ကြီး။

ဂျာအေးတို့နှစ်ဦးမှာ အဆောက်အအုံ ရှည်မျောမျောကြီးများအောက်တွင် ကုပ်ချောင်းချောင်းနှင့် လျှောက်လာကြ၏။ မြင်မြင်သမျှကိုကြည့်ပြီး ပါးစပ်အဟောင်းသား ဝမ်းဟောက်ပက်နှင့် ပြန်ခဲ့ကြ၏။

ရပ်ကွက်ထဲ ရောက်တော့လည်း မြင်ကွင်းက စိတ်မသက်သာဖွယ်ပင်။ ဘယ်နေရာကြည့်ကြည့် ဖြုတ်စဖျင်းတောင်း။ နောက်ဆုံး ဆံပင်ညှပ်ဆိုင်ဘက်သို့ လျှောက်ခဲ့ကြ၏။ ရေတွေ တဗွမ်းဗွမ်းကြား ပုဆိုးခါးတောင်းကျိုက်လျှောက်ရင်း ဆိုင်ရှေ့သို့ ရောက်လာ၏။

ဆံသဆရာ တင်ဝင်းတစ်ယောက် ဆိုင်ရှေ့တန်းလျားပေါ်၌ ဝေါင်စင်းစင်းကြီး ထိုင်နေ၏။ ပါးစပ်ကလည်း ပွစိပွစိ။ ဂျာအေးတို့ကိုမြင်တော့ ပြုံးဖြီးဖြီး ဖြစ်သွား၏။

"ဘယ်လိုတုံး တပည့်၊ အခြေအနေကောင်းရဲ့လား"

"အင် - အခြေအနေကတော့ ပြောတောင် ပြောချင်တော့ပါဘူး ဆရာရယ်၊ ဒါပေမယ့် မရရတာ ညှပ်ခဲ့တာဗျို့"

"ဟေ - မင်း. . . မင်း ဘာတွေ သွားလုပ်သလဲ"

"ဟဲဟဲ လူတော့ မညှပ်ရဘူး ဆရာရေ၊ ခွေးငါးကောင်ပဲ ညှပ်ပေး-



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတယ်ဗျ"

"ဘာကွ"

"မအံ့ဩပါနဲ့ ဆရာရယ်၊ တတ်သိပညာ မနေသာ ဆိုသလိုပေါ့ဗျာ။ ဟဲဟဲ ရော့ - ဟောဒီမှာ ကော်မရှင် သုံးရာ"

"အင် ဘယ်လိုဟာတွေလဲကွ"

"ဒီလို ဆရာရဲ့"

ဂျာအေးက သူ တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံကို ရှင်းလင်းခဲ့၏။ သူ့စကား ကြားရသောအခါ ဆံသဆရာတင်ဝင်း မျက်လုံးပြူးနေ၏။ သူ့နားပင်သူ မယုံနိုင်။

"အံ့ . . . အံ့ဖွယ်ပါလား ဂျာအေးရာ၊ ငါသင်တဲ့ ပညာဟာ အဲဒီလောက် အဆင့်ရှိနေပြီလားကွ"

"ဟားဟားဟား စိတ်မပျက်ပါနဲ့ ဆရာရယ်၊ နောက်ဆုံး ကြောင်တွေ၊ ကျားတွေတောင် ညှပ်ရင် ညှပ်ရမှာဗျ"

"တော်ပါတော့ကွာ၊ တော်တော် ပေါက်တီးပေါက်ရှာလုပ်တဲ့ကောင်ပဲ။ ဒုက္ခပဲ ရေကလည်းကြီး၊ လူကလည်း မလာနဲ့ ဆိုင်ကြီးပိတ်ထားရတာ သဘာဝမကျဘူးကွာ။ ငါတို့ ဘယ်လိုလုပ်ကြမလဲကွ။ အိမ်က မိန်းမလည်း အော်နေပြီဟ"

တင်ဝင်းတစ်ယောက် ချုံသံပါအောင် ညည်းနေ၏။ ဂျာအေးတို့လူစုမှာလည်း ဘာအကြံပေးလို့ ပေးရမှန်းမသိ။ ထိုအချိန် ရပ်ကွက်ထဲတွင် ရေတွေ ပေါင်းလန်နေသလို လူတွေလည်း ပြောင်းဆန်နေ၏။

အမိက ရေပြဿနာပင်။ ရပ်ကွက်က ရေလျှံရပ်ကွက်ကလေးဖြစ်လာသော်လည်း ငွေသံတွေက ဆာနေ၏။ ဈေးမထွက်နိုင်၊ အကြော်မကြော်နိုင်၊ အိမ်မမိုးနိုင် စသော ဝေဒနာများကြောင့် ငွေ . . . ငွေနှင့် တငွေငွေ ဖြစ်နေကြ၏။

ထူးဆန်းသည်မှာ ဂျာအေးနေသော တုရုတ်ကြီးရပ်ကွက်မှာ မိန်းမကြောက်ရပ်ကွက် ဟူ၍ပင် ဆိုနိုင်၏။ အရပ်လူကြီး ဦးပြုံးချိုကအစ တေတေပေပေနေသော ဖိုးပိန်အဆုံး အားလုံးအားလုံး မိန်းမ ကြောက်ကြလေ၏။





မိန်းမစကား မိုးကြိုးသွားလို့ ယုံမှတ်နေသော ရပ်ကွက်ဟုလည်း ဆိုနိုင်၏။ ထိုအထဲတွင် တင်ဝင်းတစ်ယောက်လည်း အပါအဝင် ဖြစ်လေ၏။

ထိုအခြင်းအရာကို မချိတင်ကဲ ဖြစ်နေသူက ဂျာအေး။

သူ့အမြင်က အခြားသူများနှင့် မတူပါချေ။

မိန်းမကြောင့် ကိုယ်စွမ်းကိုယ်စ တုံးသည်ဟု အတွေးရောက်နေ၏။ ထို့ကြောင့်လည်း ကိုတင်ဝင်းဘက်မှ မခံချိမခံသာ ဖြစ်နေလေ၏။

"ဟာ - ဆရာတင်ဝင်းကလည်းဗျာ၊ မိန်းမ တယ်ကြောက်သကိုး"

"ဟာ - မကြောက်လို့ မဖြစ်ဘူးကွ၊ ငါ နည်းနည်းလေး ဆန့်ကျင်လိုက်တာနဲ့ ပုလင်းခွဲပုံ၊ ဇလုံပုံ၊ ဒယ်အိုးပုံတွေ လာတာကွ။ ပြီးတော့ တစ်ရပ်ကွက်လုံး လှည့်မောင်းထုတာကွ။ ငါ့လိုလူစား အများကြီးပါ ဂျာအေးရာ။ ဖိုးပိန်တို့၊ တာတီးတို့၊ လှပိုင်တို့ဆို ငါ့ထက် မိန်းမကြောက်သကွ။ ကုန်ကုန် ပြောမယ်ကွာ၊ အရပ်လူကြီး ဦးပြုံးချိုတောင် သူ့မိန်းမစကားတစ်ခွန်းပဲကွ။ ဒါ နိယာမတရားပဲ ဂျာအေးရ"

"ဟုတ်သေးဘူးဗျ၊ ဒီကိစ္စ ကျုပ် လုံးဝ မထောက်ခံဘူး။ ကျုပ်ဆရာဆရာဖျောက်လည်း ဒီအထဲမှာ ပါတယ်ဗျ"

"ဟာကွာ မင်းကလည်း သဘာဝကို ဆန့်ကျင်နေပြန်ပြီ။ မင်းကျမှပဲ မိန်းမနိုင်ပေတော့ကွာ"

"ဟုတ်တယ် ဂျာအေး၊ မင်းကိစ္စက အများနဲ့တစ်ယောက် ဖြစ်နေပြီ ဘူး၊ လက်လျှော့လိုက်ပါကွာ၊ မိန်းမ နိုင်တာ မနိုင်တာထက် ထမင်းစားဖို့ က အရေးကြီးပါတယ်ကွာ"

"အင်"

နောက်ဆုံးတော့ ဂျာအေး နှုတ်ပိတ်နေလိုက်ရ၏။ မိန်းမကြောက် ရပ်ကွက်ထဲ သူ့အယူအဆကို မထူထောင်ရဲ။ သို့သော် ရင်ထဲ တနုံ့နုံ့ ဖြစ်ရ၏။ စိတ်ထဲ ဆန္ဒတွေက ကျိတ်ပြီး ပေါက်ကွဲနေ၏။

လောကမှာ ယောကျ်ားသာ ဘုရားဖြစ်နိုင်၏၊ ယောကျ်ားတို့ဘုန်း သို့ချွန်း၊ ထိုထိုသော အယူအဆများကို သူ ထောက်ခံ၏။ ယခုတော့ ရုတ်ကြီးရပ်ကွက်၏ မိန်းမကြောက်မှုကို ဂျာအေး မကျေလည်။

ဖြစ်နိုင်လျှင် မြေလှန်ပစ်လိုက်ချင်၏။ ထိုစိမ်ကိန်းနှင့် ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အမိက သူရဲကောင်း လိုလာ၏။ ထိုသူရဲကောင်းကို စိတ်ကူးထဲ ဖွေရှာကြည့်သောအခါ သူ့ဆရာ ဖျောက်ဆိပ်ကို မြင်လာ၏။

သို့သော် ဆရာဖျောက်ဆိပ်၏ အမူအရာက ညောင်နာနာအပုလေးကို သေမတတ် ကြောက်ရသူ။ ထိုအဖြစ်ကို သူ ဘယ်သို့ဘယ်ပုံ မြေလှန်ပစ်လိုက်ရမည် မသိ။

ထိုအချိန် ဆရာကြီးဖျောက်ဆိပ်ခမျာမှာတော့ ခုံတန်းလျားကြီးပေါ်ဝေါင်စင်းစင်းကြီးထိုင်ကာ မယားလုပ်သူ အပုလေးကို ဘယ်သို့ ဖြေသိမ့်ရပါ့ အစဉ်းစားကြီး စဉ်းစားနေလေတော့၏။

✂ ✂ ✂



## အခန်း (၃)

ရပ်ကွက်ထဲ ရေက အနည်းငယ် ပြန်ကျသွားပြီဖြစ်၍ လှုပ်လှုပ်ရှားရှား ပြန်ဖြစ်လာ၏။ ဖျောက်ဆိပ်လည်း ဝက်ဆီဖတ်၊ နွားသားရေတို့ကို အသယ်အပို့ ပြန်၍ လုပ်ခဲ့လေ၏။ ပွစိပွစိ အမြဲလုပ်နေသော အပုလေးမှာလည်း အားလို့ပင် မကုတ်နိုင်တော့။ တရှုံ့ရှုံ့နှင့် နောက်ဖေးမီးဖိုချောင်တွင် ကြော်လှော်နေရ၏။

အခြေအနေ ပြန်ဟန်လာပြီမို့ ဖျောက်ဆိပ်တစ်ယောက် တည်တည်ငြိမ်ငြိမ် ဖြစ်လာ၏။ လုပ်ငန်းကလည်း ပို၍ ကျယ်ပြန့်လာသည် ဆိုရမည်။ ဝက်ခေါက်ကြော်၊ နွားသားရေပွကြော်ကို လူကြိုက်များလာသည်မို့ မြို့ထဲဝင်လိုက်လံ ပို့ဆောင်နေရ၏။

ထိုအချိန် တင်ဝင်းဆံသဆိုင်ကြီးမှာလည်း ပိတ်ထားရ၏။ တင်ဝင်းတို့မိသားစု ရွာကို အရေးတကြီး ပြန်သွားသည်မို့ ဂျာအေးလည်း အလုပ်လက်မဲ့ ဖြစ်နေ၏။

ဖျောက်ဆိပ်နှင့် မြို့ထဲလိုက်ရင်း ရေသန့်ဘူး ပို့သည့် လုပ်ငန်းတွင် ဝင်၍ လုပ်ကိုင်ခဲ့လေ၏။ သူနှင့်အတူ ကုလားကြီးလည်း ပါလာ၏။ လုပ်ငန်းပိုင်ရှင်က ပုဇွန်တောင်ဘက်တွင် နေ၏။ ဂျာအေးတို့လူစုမှာ မိုးမလင်းခင် အလုပ်ခွင်သို့ လာရ၏။ ရေသန့်ဘူးတွေကလည်း အမျိုးအမည်စုံလှ၏။ သူလို အလုပ်သမား ခုနစ်ယောက်၊ ရှစ်ယောက်ခန့် ရှိ၏။ လုပ်ရသည်မှာလည်း အပြိုင်အဆိုင်။ ပိုင်ရှင်ဝယ်ထားသော ရေသန့်ဘူးတွန်းသည့်လှည်းများပေါ် ရေသန့်ဘူးများတင်ကာ တစ်လမ်းဝင် တစ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ထွက် လိုက်ပို့ရ၏။

ဆိုင်ရှင်ထံမှ ရှစ်ဆယ်နှင့်ယူပြီး အိမ်တွေကျတော့ တစ်ရာ့နှစ်ဆယ် တစ်ရာ့သုံးဆယ်နှင့် ပြန်ရောင်းရ၏။ တချို့ တိုက်အိမ်တွေက လေးငါး ခြောက်ထပ်တွင် ရှိ၏၊ ရေသန့်ဘူးကြီး ပခုံးပေါ်ထမ်းကာ ချွေးသံရွှဲရွှဲနှင့် တက်ခဲ့ရ၏။ ထိုသို့ ပင်ပင်ပန်းပန်းလုပ်မှ ကိုယ့်အတွက် လေးငါးရာခန့် ကျန်၏။

ဂျာအေးအသွင်က လူဖလံကလေး ဖြစ်သော်လည်း ကျစ်လျစ်၏။ မာကျော၏။ တစ်နေ့ ရေသန့်ဘူး သုံးလေးဆယ်ကျော်အောင် ရောင်းနိုင်၏။ အပြောလည်း ကောင်း၊ ကတိလည်းတည်၊ အလုပ်ကိုလည်း မနားတမ်း ကြိုးပမ်းသဖြင့် ဖောက်သည်တွေမှာ ဂျာအေး ဂျာအေးနှင့် ဖြစ်နေကြ၏။

ထိုသို့ ရေသန့်ဘူးပို့ရင်း ဦးကမ္ဘာစိုးနှင့် ခင်မင်လာခဲ့၏။ ဦးကမ္ဘာစိုးမှာ အရွယ်အားဖြင့် ခြောက်ဆယ်ကျော်ခန့်၊ ခြေထောက်တစ်ဖက် မကောင်း သူဖြစ်၏။ လမ်းသွားလျှင် တုတ်ကောက်ကြီးနှင့် သွားနေရ၏။ စကား ပြောလျှင် ရယ်ရယ်မောမော ပြောတတ်သူလည်း ဖြစ်၏။

ထူးဆန်းသည်မှာ ဦးကမ္ဘာစိုးသည် သူ့အိမ်သားများနှင့် အမြဲတမ်း ပဋိပက္ခ ဖြစ်နေတတ်၏။ ဦးကမ္ဘာစိုး၏ ဇနီးသည်မှာ သူ့ထက် ထက်ဝက် မက ငယ်၏။ ပြင်ဆင်လိုက်သည်မှာလည်း မင်းသမီး ရှုံးလောက်၏။

ထိုအခြေအနေကို ဂျာအေးက အကဲခတ်မိ၏။ ဦးကမ္ဘာစိုးသည် အိမ်တွင် ဘယ်တော့မှ မနေ။ တုတ်ကောက်တစ်ချောင်းနှင့် လမ်းထိပ် လက်ဖက်ရည်ဆိုင်တွင်သာ အထိုင်များ၏။ ဂျာအေးနှင့် ခင်မင်လာသော အခါ ရေဘူးများ ပို့ပြီးချိန်တွင် နှစ်ယောက်သား ဆိုင်တွင် ထိုင်ဖြစ်ကြ၏။

တစ်ရက်တွင် ဦးကမ္ဘာစိုးက ထူးဆန်းသောစကားကို ဆိုလာ၏။

"ဂျာအေး၊ မင်းကို ငါ အရေးကြီးတဲ့ကိစ္စ တိုင်ပင်စရာ ရှိသကွ မင်းဟာ. အညာသားပီပီ ရိုးသားဖြောင့်မတ်တဲ့ စိတ်သဘောရှိတယ်လို့ ငါ ယုံတယ်ကွာ။ ဒီတော့ ငါ့ကိစ္စကို မင်း ကူညီနိုင်လိမ့်မယ် ငါထင်တယ်"

"ကူညီရမှာပေါ့ ဦးလေးကမ္ဘာစိုးရယ်၊ ဘာကူညီရမလဲ ပြော။ မိန်းမ ထပ်လိုချင်လို့လား"

"ဟာကွာ - တော်. . . တော်ပါတော့၊ မိန်းမဆို ကြောက်လွန်းလို့ပါ"





"ဗျာ၊ ဘယ်လို ဖြစ်သတုံး ဦးလေးကမ္ဘာစိုးရဲ့"

"အေး၊ ငါလည်း ဒီအကြောင်း ပြောချင်သကွာ။ နားထောင် ဂျာအေး"

ဦးကမ္ဘာစိုးသည် သူ့ဘဝ ဖြစ်တည်မှုကို လေသံတိုးတိုးနှင့် ရှင်းပြခဲ့ ၏။ အမှန်မတော့ ယခု လက်ရှိအိမ်ထောင်မှာ ဦးကမ္ဘာစိုး၏ တတိယ မြောက်အိမ်ထောင် ဖြစ်လေ၏။

သူ၏ တတိယမြောက် ဇနီးသည် တင်တင်မှာ အလွန်မှ လောဘ သက္ကာယ ကြီးလှသူ ဖြစ်၏။ မယူခင်ကတည်းက သူတောင်းသမျှကို ပေးခဲ့ ရ၏။

ပြောရရလျှင် တင်တင်တို့ဘဝက အလွန်တရာမှ ဆင်းရဲလှ၏။ ဦးကမ္ဘာစိုးတစ်ယောက် ဒုတိယအိမ်ထောင်နှင့် နေထိုင်စဉ် တင်တင် အိမ် ပေါ်ရောက်လာခြင်း ဖြစ်၏။

ထိုစဉ်က ဦးကမ္ဘာစိုး၏ ဒုတိယအိမ်ထောင် စိုးစိုးမှာ ကျန်းမာရေး အခြေအနေ အတော်ကလေး ဆိုးဝါးနေ၏။ နှလုံးရောဂါသည်ဖြစ်ကာ အိပ်ရာထဲ လဲနေ၏။ ထို့ကြောင့်လည်း စိုးစိုး၏တူမ တစ်ဝမ်းကွဲ တင်တင် ရောက်ရှိလာခြင်း ဖြစ်၏။

တင်တင်က ရောက်လာကတည်းက ကလက်တက်တက် နေတတ် သူ ဖြစ်၏။ အနေအထိုင်၊ အဝတ်အစားကအစ စည်းကမ်းကလနား မရှိ သူ ဖြစ်၏။ စကားကိုလည်း ပရမ်းပတာ ပြောတတ်သူ ဖြစ်၏။

စိုးစိုးရှေ့မှာပင် ဦးကမ္ဘာစိုးကိုလည်း ချွဲတတ်နွဲ့တတ်၊ မူရာမာယာ များတတ်၏။ ထိုဖြစ်စဉ်ကြောင့် စိုးစိုးခမျာ ဝေဒနာ ပို၍ ခံစားရပြီး နောက် ဆုံး ကြွေချိန်မတန်ဘဲ စိုးစိုးတစ်ယောက် ကြွေခဲ့ရ၏။ စိုးစိုးနှင့် ကလေးတစ် ယောက်မှ မရခဲ့သည်မို့ ဦးကမ္ဘာစိုးဘဝက အထီးကျန်ဆန်ခဲ့၏။

ထိုအခြေအနေကို ခြေကုပ်ရယူလိုက်သူက တင်တင်။ ဦးကမ္ဘာစိုးနား က မခွာ။ အတင်း ကုပ်တွယ်ထား၏။ မူရာမာယာ ခပ်များများဖြင့် ပတ်ချွဲ နှပ်ချွဲ လုပ်ခဲ့၏။ နောက်ဆုံးတော့ ဦးကမ္ဘာစိုးလည်း တင်တင်၏ သိမ်းသွင်း မှု ကာမဂုဏ်ကျော့ကွင်းထဲ သက်ဆင်းခဲ့ရလေ၏။

တင်တင်သည် ဦးကမ္ဘာစိုး၏ တတိယမြောက် ဇနီးသည် ဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှစ၍ ရွှေတွဲလဲ ငွေတွဲလဲ ဖြစ်လာလေ၏။ စကားပြောသည့်ဟန်က အစ အထက်စီးဆန်လာ၏။ ပို၍ ဆိုးသည်မှာ ဦးကမ္ဘာစိုး ကွယ်ရာတွင် တင်တင်တစ်ယောက် ရှုပ်ရှုပ်ထွေးထွေး လုပ်လာခြင်းပင် ဖြစ်လေ၏။

အိမ်ပေါ်ကို မောင်တစ်ဝမ်းကွဲဟု ဆိုကာ တင်တင့်အရွယ် လူတစ်ယောက် ရောက်ရှိလာ၏။ နာမည်က ဝင်းရီ။ အနေအထိုင် အပြောအဆိုကအစ တင်တင်နှင့် တစ်ဆိုက်တည်း တစ်ဂိုက်တည်း။

ပေါ့ပေါ့နေ ပေါ့ပေါ့စား နေတတ်သူ ဖြစ်၏။ သူ့ကွယ်ရာတွင် ဝင်းရီနှင့် တင်တင်တို့၏ နေထိုင်မှုက မသင်္ကာစရာ။ ထိုစဉ် ဦးကမ္ဘာစိုးတစ်ယောက် ရေချိုးခန်းထဲ ရေဝင်ချိုးရာမှ ချော်လဲပြီး ညာဘက်ခြေထောက် အရိုးကျိုးခဲ့ရ၏။

ထိုဒဏ်ရာကြောင့် သူ့ခမျာ တုတ်ကောက်ကြီး တဒေါက်ဒေါက်နှင့် သွားလာခဲ့ရ၏။ တင်တင်က သူ့ကျန်းမာရေးကိုလည်း ဂရုမစိုက်။ ဝင်းရီနှင့်သာ သွားလာလှုပ်ရှားလေ့ ရှိ၏။ ထိုအခြေအနေကို စိတ်ထဲ မချိမဆံ့ ခံစားနေရသူက ဦးကမ္ဘာစိုး။

စင်စစ် ဦးကမ္ဘာစိုး၏ဘဝက မိဘမျိုးရိုး အစဉ်အလာအားဖြင့် အကြီးအကျယ် ချမ်းသာခဲ့ကြသူများ ဖြစ်၏။ သုံးမကုန် ဖြုန်းမကုန်သည့် အမွေတွေကလည်း အောတိုက်။

မြို့ပေါ်တွင် ကမ္ဘာစိုးကုမ္ပဏီတစ်ခု တည်ထောင်ထားပြီး နိုင်ငံခြားနှင့် အရောင်းအဝယ် ပြုခဲ့လေ၏။ ထိုအလုပ်ကို မန်နေဂျာ အုန်းမောင်နှင့် လွှဲထား၏။ အုန်းမောင်က ပထမတော့ အတော်ကလေး ယုံကြည်အားကိုးရသူ ဖြစ်ခဲ့၏။ စီးပွားရေးလုပ်ငန်းကိုလည်း ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ခဲ့သည်မို့ တစ်ဟုန်ထိုး တိုးတက်မှု ရှိခဲ့၏။

သို့သော် စိုးစိုး မကျန်းမာ ဖြစ်သည့်အချိန်မှစ၍ သူလည်း ကုမ္ပဏီဘက် လှည့်မကြည့်နိုင်တော့။ ထိုရောအခါ အုန်းမောင်တစ်ယောက် ထင်ရာကြလေတော့၏။ တပည့်လက်သားများ မွေးကာ သူ့ကို နည်းမျိုးစုံနှင့် လိမ်ညာခဲ့၏။

ပို၍ ဆိုးသည်က တင်တင်နှင့် အုန်းမောင်တို့ ပူးပေါင်းသွားခြင်းပင်။ ထိုအခြေအနေကြား ဦးကမ္ဘာစိုးတစ်ယောက် မလှုပ်သာအောင် ဖြစ်ခဲ့ရ၏။



အရုပ်ကြိုးတစ်ရုပ်လို ဖြစ်ခဲ့ရ၏။ ယခုတော့ သူ့ဘဝက တုပ်နှောင်ထားသည့်ကြိုးတွေကြား မလှုပ်သာ မလွန့်သာ။

ဆွေမျိုးအသိုင်းအဝိုင်းက သူ့ကို တင်တင်နှင့် ယူလိုက်သည့် အချိန်မှစ၍ အဆက်ဖြတ်သွားခဲ့ကြ၏။ ဘဝက အမှောင်တိုက်ကြီးထဲ ကျွမ်းထိုးမှောက်ခုံ ကျသွားခဲ့ရသလိုပင်။ ယခုတော့ ဦးကမ္ဘာစိုးတစ်ယောက် လမ်းပေါ်က လူသာသာ ဖြစ်နေရချေပြီ။

ဂျာအေးကို သူ့ဘဝအကြောင်း ပြောပြရင်း အံတကြိတ်ကြိတ် ဖြစ်နေ၏။ ဂျာအေးမှာလည်း ဦးကမ္ဘာစိုး၏ ဒုက္ခကို ကြားသိရသောအခါ စိတ်မကောင်း ဖြစ်နေ၏။

"ဘယ်လိုလဲ ဂျာအေး၊ ငါ့ရဲ့ဘဝအမှန်ကို သိလိုက်ရတော့ မင်း ဘယ်လို ခံစားရသလဲကွ"

"ဟာ ဦးလေးကမ္ဘာရဲ့အဖြစ်က ဆိုးလှချည်လား"

"အဲဒါပေါ့ကွာ၊ ပြောရရင် လူတွင်ပါလို့ နွားကျားကိုက်တဲ့ကိစ္စပါ။ ဒီပြဿနာရဲ့ အရင်းအမြစ် တရားခံက ငါပဲလေ။ ငါ ဘယ်သူ့မှ အပြစ်မပြောချင်တော့ပါဘူးကွာ။ ဒါပေမယ့် ငါ့ရဲ့ မိဘမျိုးရိုး ထိန်းသိမ်းလာခဲ့တဲ့ ချမ်းသာမှုဟာ တင်တင်တို့လူစုကြောင့် ပြုတ်ပြုတ်ပြုန်းတော့မှာ ကျိန်းသေတယ်ကွ။ အဲဒီကိစ္စကိုတော့ ငါ လက်သင့်မခံနိုင်ဘူး ဂျာအေးရာ"

"ဒါပေါ့ ဦးလေးကမ္ဘာစိုးရာ၊ ကျွန်တော် ဘာကူညီရမှာလဲသာပြော"

"အေး၊ အဲဒီကိစ္စအတွက် မင်းအကူအညီ လိုတယ်ကွ။ ငါလူများများနဲ့လည်း မဆက်ဆံချင်တော့ဘူးကွာ။ ပြောရရင် တစ်ယောက်ကောင်း၊ နှစ်ယောက်ကောင်းပဲ ပြောချင်ဆိုချင်တော့တယ်"

"ပြောပါ၊ ကျုပ်ကို ပွင့်ပွင့်လင်းလင်းသာပြော"

"အေး၊ အဲဒါ ငါကြိုက်တယ်။ ဒီလိုကွ၊ ငါ့ဘဝက အတောင်ကျိုးနေတဲ့ ငှက်တစ်ကောင်လို ဖြစ်နေရပြီကွ။ ဒီတော့ ငါ့ရဲ့ စီးပွားရေးလုပ်ငန်းကြီးကို ထိန်းသိမ်းပေးရမယ့်လူ လိုလာပြီ။ အဲဒီလူက ဘယ်သူလဲ မင်းသိလား"

"သိဘူးလေ"

"အေး၊ အဲဒီလူက ငါ့ဘဝ ပထမဦးဆုံး ချစ်သူလည်းဖြစ်ခဲ့နိုးသည်



www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ်တဲ့ ရွှေမှုန်ပဲကွ"

"ဗျာ၊ ရွှေမှုန် အဲ. . . အဲဒါ ခင်ဗျားရဲ့ ပထမဇနီးလား"

"ဒါပေါ့ကွာ၊ ရွှေမှုန်လည်း တစ်ချိန်က ငါတို့အိမ်ကြီးပေါ်ကို ရောက်လာခဲ့ဖူးတယ်လေ။ ပြောရရင် အိမ်မှာ ကူဖော်လောင်ဖက်ပေါ့ကွာ။ အဲဒီလို ရောက်လာချိန်မှာ ရွှေမှုန်နဲ့ ငါ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်။ ငါ့မိဘတွေက တအား တင်းကျပ်တာကွ။ အိမ်ကပြန် ကျောင်း၊ ကျောင်းကပြန် အိမ်နဲ့ ငါ့ဘဝ လှောင်အိမ်ထဲပိတ်ထားတဲ့ ငှက်တစ်ကောင်လိုပေါ့ကွာ။

ဒီလိုအချိန်မှာ ရွှေမှုန်ဟာ ငါ့အတွက် အကောင်းဆုံးအဖော် ဖြစ်ခဲ့တယ်လေ။ အဲဒီလိုနဲ့ တို့နှစ်ယောက် ချစ်သူတွေ ဖြစ်ခဲ့ကြပြီး နောက်ဆုံး လွန်လွန်ကျူးကျူး ဖြစ်ခဲ့ကြတယ်ပေါ့ကွာ။ ဒီလိုနဲ့ တို့နှစ်ယောက် မခွဲနိုင်မခွာရက် ဖြစ်နေချိန်မှာ မိဘတွေ သိသွားပါရော"

"ဟင် - ဒါဆို ပွဲကြမ်းပြီပေါ့"

"အေး ဟုတ်တယ်၊ ငါ့မိဘတွေက ရွှေမှုန့်ကို ချက်ချင်း သူ့ရွာကို ပြန်ပို့လိုက်တယ်လေ။ ခံစားလိုက်ရတာကွာ၊ ငါဆို အိပ်လို့တောင် မရဘူး။ ပြီးတော့ ရွှေမှုန့်ဆီမှာ ငါ့ကိုယ်ဝန် ပါသွားတာ ကျိန်းသေကွ"

"ဟင် - ဟုတ်လား"

"ဟုတ်တယ်၊ ခုလောက်ဆို အဲဒီ ကလေးဟာ မင်းအရွယ်လောက် ရှိပြီပေါ့ကွာ။ ငါပြောချင်တာ အဲဒီ ရွှေမှုန်တို့သားအမိကို မင်း သွားခေါ်ပေးဖို့ပဲကွ။ ပြောရရင် သူတို့ ဘယ်မှာရှိတယ်ဆိုတာတောင် အသေအချာ မသိဘူးကွ"

"ဟာ - အဲဒါဆို ဘယ်လိုရှာမှာလဲဗျ"

"အေး၊ နောက်ဆုံး နေသွားတဲ့နေရာလေးကိုတော့ ငါ သဲလွန်စ ရထားတယ်ပေါ့ကွာ။ ငါ သွားလို့ကလည်း မဖြစ်တော့ဘူး။ ရွှေမှုန်နဲ့ ပါသွားတဲ့ ကလေးလည်း ဖြူသည်၊ မည်းသည်တောင် မသိတော့ပါဘူးကွာ။ ပြောရရင် တင်တင်တို့လူစုက ငါ ဘာလုပ်သလဲဆိုတာ အမြဲ စောင့်ကြည့်နေတာကွ။ ဒီတော့ ဒီကိစ္စ မင်း ကြားက ဝင်ကူပေးပါကွာ။ မင်းအတွက်လည်း အများကြီး အကျိုးရှိစေရမှာ အမှန်ပဲ"

"ရပါတယ် ဦးလေးကမ္ဘာစိုးရာ၊ ဒါပေမယ့် သူတို့က ကျုပ်ကို ဘယ်





လိုသိမှာလဲဗျ"

"ဒီအတွက် မပူစမ်းပါနဲ့ကွာ၊ ရွှေမှုန်နဲ့ ငါ့မှာ လျှို့ဝှက်သင်္ကေတ ရှိခဲ့တယ်ကွ။ အဲဒါကတော့ လက်ရာချင်း ဘယ်လိုမှ ခွဲလို့မရတဲ့ လက်စွပ်ကလေးနှစ်ကွင်းကို ငါတို့နှစ်ယောက် လုပ်ထားတယ်ကွ။ ဟောဒီမှာကြည့်"

"ဟင်"

ဦးကမ္ဘာစိုးက သူ လျှို့ဝှက်စွာ သိမ်းဆည်းထားသည့် အထုပ်ကလေးကို ဖြေပြလိုက်၏။ စိန်ကလေးတစ်လုံး မြှုပ်ထားသော ပန်းကနုတ်ခြယ်ထားသည့် လက်စွပ်ကလေးတစ်ကွင်း။

ဂျာအေးသည် လက်စွပ်ကလေးကို စိတ်ဝင်တစား ကြည့်ရှုနေ၏။

"အေး၊ အဲဒီလို ပုံစံမျိုးက ရွှေမှုန်ဆီမှာလည်း ရှိတယ်။ ထူးဆန်းတာ အဲဒီလက်စွပ်ရဲ့ အတွင်းဘက်မှာ သူ့နာမည်နဲ့ ငါ့နာမည် အတိုကောက် ထိုးထားတယ်။ ဟောဒီမှာကြည့်၊ 'ရွှေ' ဆိုတဲ့ စာလုံး တွေ့လား"

"ဟုတ်သားပဲဗျ"

"အေး၊ သူ့လက်စွပ်မှာကျတော့ 'စိုး' ဆိုတဲ့ စာလုံး ထိုးထားတယ်ကွ"

"ဟုတ်လား၊ ဒါဆို လွယ်တာပေါ့ဗျာ"

"အေးပေါ့ကွာ၊ မင်း ရွှေမှုန်တို့ဆီ လိုက်သွားပါ။ သူတို့ကို ရအောင်ခေါ်ခဲ့စမ်းပါ။ ဒါပေမယ့် တင်တင်တို့လူစုတော့ လုံးဝ မသိစေချင်ဘူးကွ။ အဲဒီအတွက် ငါ မင်းကို စရိတ်စက ပေးလိုက်မယ်။ ပြီးတော့ ရွှေမှုန်တို့နေတဲ့ နေရာကိုလည်း လိပ်စာပေးလိုက်မယ်။ ဘယ်လိုလဲ၊ မင်း ငါ့ကို ကူညီနိုင်မလား"

"ကူညီနိုင်တယ်ဗျာ"

"ကျေးဇူးတင်လိုက်တာကွာ၊ ကိုင်း - ဒါဆို ဟောဒီမှာ စရိတ်၊ အားလုံး ငါးသောင်းတိတိ"

"ဗျာ၊ များ. . . များလှချည်လားဗျာ"

"ယူစမ်းပါကွာ၊ ပြီးတော့ ဟောဒါက လိပ်စာ၊ ဟောဒီမှာ လက်စွပ်"

ဦးကမ္ဘာစိုးသည် ဂျာအေးကို အယုံကြီးယုံကာ ပုံအပ်နေ၏။ ဇာတ်စ အဝဝကိုလည်း စေ့စေ့စပ်စပ် မှာကြားနေ၏။ ဂျာအေးကလည်း ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



တညိတ်ညိတ်။

သူတို့နှစ်ဦး လက်ဖက်ရည်ဆိုင်ထဲ တီးတိုးပြောဆိုနေကြသည်ကို စောင့်ကြည့် အကဲခတ်နေသူက ဝင်းရီ။ တင်တင်၏ တာဝန်ပေးချက်ဖြင့် ဦးကမ္ဘာစိုးနောက်မှ တကောက်ကောက် လိုက်နေသော ဝင်းရီ။

ဂျာအေးကို စိတ်ထဲ မသင်္ကာ။ ထို့ကြောင့်လည်း တင်တင်တို့ရှိရာ အပြေးရောက်လာ၏။ တင်တင်သည် မန်နေဂျာ အုန်းမောင်နှင့် စီးပွားရေး ကိစ္စများ ပြောဆိုနေချိန် ဖြစ်လေ၏။ ဝင်းရီ၏စကား ကြားရသောအခါ တင်တင် ကြိတ်မနိုင် ခဲမရ ဖြစ်သွား၏။

"ဒီအဘိုးကြီး မဟုတ်တာ လုပ်နေတာ သေချာပြီ ကိုကြီးအုန်းရဲ့"

"အဲဒီ ရေသန့်ဘူးပို့တဲ့ကောင်က ဘယ်ကတုံး၊ သူနဲ့ ဘာတော်သလဲ"

"ဘာမှ မတော်ပါဘူး"

"ဟင် - ဒီအဘိုးကြီးက ဘယ်လိုလုပ်ပြီး ယုံနေတာလဲ"

"အဲဒါ ပြောတာပေါ့၊ သူက ကျွန်မတို့ကို မယုံတော့ဘူးလေ။ ဒါ ကြောင့် တွေ့ရာလူနဲ့ ကျိတ်လုပ်နေတာပေါ့"

"လွယ်ပါတယ် မမတင်ရာ"

"ဘာတုံး ဝင်းရီရဲ့"

"အဲဒီကောင်ကို ဖမ်းဆွဲပြီး မေးလိုက်ရင် အခြေအနေမှန်ကို သိရမှာ ပေါ့ဗျာ"

"ဟင် - နင့်ဉစ္စာ ဥပဒေနဲ့ ငြိစွန်း. . ."

"မပူစမ်းပါနဲ့ မမတင်ရာ၊ ကျုပ်တာဝန်သာထားပါ။ ကျုပ်မှာ သောင်းတင်ကြီးတို့လူစု ရှိပါတယ်။ ဒီကောင်တွေက လက်ရဲဇက်ရဲလည်း ရှိတယ်ဗျ။ အဲဒီ ဂျာအေးဆိုတဲ့ကောင်ကို ခေါ်ပြီး သုံးလေးချက် ရိုက် လိုက်တာနဲ့ ဘာဆိုတာ သိလာရမှာပဲ"

"ဟုတ်ပြီ၊ ဝင်းရီပြောတာ မဆိုးဘူး တင်တင်ရဲ့"

အုန်းမောင်ကပါ ဝင်းရီစကားကို ထောက်ခံလိုက်၏။ ဝင်းရီက ရှင် ရှည်နှင့် စိတ်သဘောထား ကိုက်ညီလှ၏။ ဘာလုပ်လုပ် ကိုယ်ကာယ အားကိုးပြီး ပြောဆိုလုပ်ကိုင်တတ်သူ ဖြစ်၏။ စကားပြောသည့်နေရာတွင် လည်း ကြမ်းကြမ်းတမ်းတမ်း ပြောဆိုတတ်၏။





ယခုလည်း ဂျာအေးကို ခြေမွနှိမ်နင်းရန် ပြင်းပြင်းထန်ထန် တောင်း ဆိုနေ၏။ တင်တင်နှင့် အုန်းမောင်တို့ကလည်း လောဘဇောတိုက်နေ သဖြင့် ဦးကမ္ဘာစိုး၏ ချမ်းသာမှုများ သူတစ်ပါးဆီ ရောက်သွားမှာ စိုးရိမ် နေကြ၏။ ထို့ကြောင့်လည်း ဝင်းရီကို တာဝန်ပေးလိုက်လေတော့၏။

"ကိုင်း - ဘယ်လောက်ကုန်ကုန်ဟာ၊ အရေးကြီးတာ အဲဒီ ဂျာအေး ဆိုတဲ့ကောင်ကို ဆွဲပြီး မရရအောင် မေးပေတော့"

"စိတ်ချစမ်းပါ မမတင်ရာ၊ ဝင်းရီတို့က ပိုင်ပါတယ်ဗျာ"

ထိုအချိန်မှစပြီး ဝင်းရီတစ်ယောက် ဂျာအေး၏ အသွားအလာကို စောင့်ကြည့်ခဲ့လေ၏။ ဂျာအေးသည် ဦးကမ္ဘာစိုးနှင့် ပြောဆိုပြီးနောက် ရပ်ကွက်ထဲသို့ ပြန်ရောက်လာ၏။

ရပ်ကွက်ထဲတွင် ရေက ခုထိ မကျသေး။ မြေနိမ့်ပိုင်းဖြစ်၍ ရေက ခြေသားလုံးလောက် ရှိနေသေး၏။ သို့သော် ရေအနည်းငယ် ကျသွားပြီမို့ လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။

ဖျောက်ဆိပ်မှာလည်း အပုလေးအတွက် အလုပ်တွေ လုပ်ကိုင်ပေး နိုင်လာ၏။ ဂျာအေး ရေသန့်ဘူးပို့ပြီး ရပ်ကွက်ထဲ ပြန်ရောက်လာချိန် ဖျောက်ဆိပ်လည်း ဝက်ဆီဖတ်ပို့ပြီး ပြန်လာချိန် ဖြစ်လေ၏။

သူတို့နှစ်ဦး အိမ်ရှေ့ကွပ်ပျစ်တွင် ထိုင်မိကြ၏။ ဂျာအေးသည် ငွေ ငါးသောင်းထုပ်ကို ကြမ်းပြင်ပေါ် ပစ်ချလိုက်ရာ ဖျောက်ဆိပ်တို့လင် မယား မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေ၏။

"ဟာ - ပိုက်ဆံတွေ များလှချည်လားကွ၊ မင်း ဘယ်က ခိုးလာသတုံး ပြောစမ်း"

"လုပ်ပြီ၊ ဆရာဖျောက် စကားတွေက ကျုပ် ဂုဏ်သိက္ခာကို ခြေ ထောက်နဲ့ ကန်လိုက်တာပဲဗျ။ စွတ်မပြောစမ်းပါနဲ့ဗျာ"

"ဟင် - ဘယ်လိုတုံးကွ၊ ဒီလောက် ငွေများများကို မင်းလက်ထဲ ငါတစ်ခါမှ မတွေ့ဖူးပါဘူးကွ"

"ဟဲဟဲ ဒါ ရိုးရိုးသားသား ယူလာတဲ့ ပိုက်ဆံဗျ။ ကိုင်း - ဟောဒီမှာ နှစ်သောင်း၊ အဲဒါ မပုလေး ယူလိုက်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အပုလေးမှာ ဂျာအေး၏ စကားကြောင့် အားရဝမ်းသာ ဖြစ်နေ၏။ တစ်ထောင်တန် အထပ်လိုက်ကို ကြည့်ကာ မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်နေ၏။ ဖျောက်ဆိပ်မှာ မှုန်ကုပ်ကုပ်၊ သူတပည့် လုပ်လာပုံကိုလည်း မယုံမရဲ။ ထိုစဉ် ဂျာအေး၏ စကားသံ ထွက်လာ၏။

"ကိုကြီးဖျောက်"

"ဟေလကွယ်"

"ခင်ဗျားနဲ့ ကျုပ် ခရီးထွက်ကြမယ်"

"ဟင် - ဘာတွေတုံးကွ၊ မင်းဥစ္စာ တယ်လည်း ပဟေဠိဆန်ပါလား ကွ"

"ပြောမယ်လေ၊ ဒီကိစ္စ သူများအကျိုးဆောင်ရမှာဗျ"

"ဘာတွေတုံးကွာ၊ မင်းက ဘယ်သူ့အကျိုးဆောင်ဦးမှာတုံး။ ကြည့်လည်းလုပ်ပါ တပည့်ကြီးရာ၊ မင်းလုပ်သမျှတော့ ငါက မျက်ခုံးခပ်လှုပ်လှုပ်ပဲကွ"

"ဟုတ်ပါ့ ဂျာအေးရယ်၊ နင့်ပိုက်ဆံတွေ ငါ ယူတော့ ယူချင်တယ်၊ ဒါပေမယ့် မယူရဲဘူးဟဲ့"

"ဟာ - မပုလေးကလည်း ယူလိုက်စမ်းပါဗျာ၊ ခင်ဗျား ကလေးက လ[illegible]နေမကောင်းဘူး၊ ကိုကြီးဖျောက်ကလည်း အလုပ်အကိုင် မကောင်းသေးဘူးလေ။ ယူလိုက်တော့ဗျာ၊ ကိုင်း - ကိုကြီးဖျောက်"

"ဘာတုံးကွ"

"ခင်ဗျားနဲ့ ကျုပ် တိုင်ပင်စရာ ရှိတယ်ဗျ"

"ဟုတ်လား၊ ဒါဆို ဘယ်ဆိုင်သွားမလဲ"

"ဘာလဲ၊ ရှင်တို့ အရက်သောက်ကြဦးမလို့လား"

"ဟာ - ကျုပ်တို့နှစ်ယောက် ဝါတွင်းဆိုတော့ ဟဲဟဲ ဒီအလုပ် နားထားတယ်လေ။ ခုသွားမှာ လမ်းထိပ်က လက်ဖက်ရည်ဆိုင်ဗျ"

"ကောင်းသားပဲကွ"

သူတို့နှစ်ဦး အိမ်ထဲမှ ထွက်ခဲ့ကြ၏။ ရေက ခြေမျက်စိ မြုပ်နေသည်မို့ ပုဆိုးမ,ပြီး လျှောက်ခဲ့ကြ၏။ ကလေးတွေကတော့ ရေထဲ တဇွမ်းဇွမ်း တဝုန်းဝုန်းနှင့် ပြေးလွှားဆော့ကစားနေကြ၏။





ဖျောက်ဆိပ်သည် ရေတွေ ပေါင်းလန်နေအောင် ဝင်နေသော သူတို့ရပ်ကွက်ကလေးကို ကြည့်ကာ ညည်းညူလိုက်၏။

"အင်း - ငါတို့ရပ်ကွက်လေးက ခုမှ ရေလျှံတာကွ။ နေရတာ ဒုက္ခ၊ သွားရတာ ဒုက္ခနဲ့ကွာ။ မင်းကျတော့လည်း အတော့်ကို ရယ်ရတာပဲကွ"

"ဘာဖြစ်လို့တုံးဗျ"

"ဟ - မင်း စဉ်းစားကြည့်လေ၊ လုပ်တော့ ရေသန့်ဘူးလိုက်ပို့ရတဲ့ အလုပ်၊ နေတော့ ရေလျှံတဲ့ရပ်ကွက်။ မင်းက ရေနဲ့ အကျိုးပေးသလိုပဲကွ"

"ဟာဗျာ ကိုကြီးဖျောက်ကလည်း ဟိုက ရေသန့်၊ ကျုပ်တို့ဆီက ရေပုပ်ဗျ ဘယ်တူပါ့မလဲ။ သူတို့ကျတော့ လေးငါးခြောက်ထပ် တိုက်ကြီးတွေပေါ်မှာ အခန့်သားနေပြီး တရေရေ ဖြစ်နေကြတယ်။ ကျုပ်တို့ ရပ်ကွက်ကျတော့လည်း ရေဆို မြင်တောင် မမြင်ချင်ကြတော့ဘူး"

"အဲဒါ ပြောတာပေါ့ကွာ၊ ဖြစ်ရပ်တွေက ဘယ်လိုမှ အဆီအငေါ် မတည့်ပါလား ဂျာအေးရာ၊ တစ်ခါတစ်ခါတော့လည်း အဲဒီကိစ္စတွေ စဉ်းစားမိရင် ရယ်ပစ်လိုက်ချင်သကွာ"

"ရယ်ပစ်လိုက်ပေါ့ ဆရာဖျောက်ရာ၊ ရယ်တာပဲ ပြောနေရသေးတယ်"

"တော်ပါတော့ကွာ၊ ငါတို့ဘဝက ဇောက်တီဇောက်ထိုးဘဝကွ"

သူတို့နှစ်ဦး ခံစားချက်ကိုယ်စီ ပြောဆိုကြရင်း လက်ဖက်ရည်ဆိုင်သို့ ရောက်လာကြ၏။ နှစ်ဦးသား ချောင်ကျသည့်နေရာတွင် ဝင်၍ ထိုင်လိုက်ကြ၏။ ဂျာအေးသည် ဦးကမ္ဘာစိုးနှင့် ပြောဆိုခဲ့ကြသည့် အကြောင်းအရာများကို ဖျောက်ဆိပ်အား ရှင်းပြလိုက်၏။

"ဩော် - ဒါဆို ဒီအဘိုးကြီးဘဝက အတော့်ကို သနားစရာ ကောင်းပါလားကွ။ ပင်လယ်ထဲ ရေငတ်နေသလိုပါလား"

"ဟုတ်တယ်ဗျ၊ သူက ခြေထောက်ကလည်း မကောင်းဘူးဗျာ။ အဲဒါကြောင့် ကျုပ်ကို အကူအညီတောင်းတာပေါ့။ ပြီးတော့ ဒီပုဂ္ဂိုလ်ကြီးက ကျုပ်တို့ကို လုပ်ငန်းကိုင်ငန်းကိစ္စတွေ ကူညီမှာဗျ"

"သူပြောတဲ့ကိစ္စ ပြပါဦးကွ"

"ဒီမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



ဂျာအေးလက်ထဲမှ လိပ်စာကို ယူကြည့်လိုက်၏။ လိပ်စာက ဧရာဝတီတိုင်း ပုသိမ်မြို့အနီးရှိ ရွာလေးတစ်ရွာ၏လိပ်စာ ဖြစ်၏။

"မင်းကလည်းကွာ ဒီကိစ္စ မခက်လှပါဘူး။ အဲဒီမှာ တင်မွန် ရှိတယ်လေ၊ ငါတို့ရွာသားလေကွာ"

"ဟုတ်သားပဲဗျ၊ ဒါဆို ခင်ဗျားပါ လိုက်ခဲ့ဗျာ။ ကျုပ် တစ်ယောက်တည်း မသွားချင်ဘူး"

"အေး၊ ကောင်းသားပဲကွ"

"အဲဒါကြောင့် အပုလေးတို့သားအမိအတွက် ပိုက်ဆံပေးခဲ့တာပေါ့ဗျာ။ ကျုပ် တစ်ယောက်တည်း သွားရတာ မလည်မဝယ်နဲ့ဗျ"

"ကောင်းပြီ၊ ဒါဆို လိုက်ရမှာပေါ့ကွ"

"နေပါဦးဗျ၊ တင်မွန်က အဲဒီမှာ ဘာလုပ်သလဲဗျ"

"တင်မွန်က အဲဒီမှာ အတော့်ကို ကြီးပွားနေပြီ ကြားသကွ။ ငါ ကြားတာတော့ ဟာလဝါလုပ်ငန်း လုပ်နေတယ်ကွ"

"ဟုတ်လား"

"တစ်ခုတော့ ရှိတယ်၊ ရပ်ကွက်ထဲ ရေမကျသေးတာ စိုးသကွာ။ ဟိုကောင် ဂျာဖျောက်ကလည်း သောင်းကျန်းလာပြီကွ"

"ဟာ - မပုလေးက သူ့ကိစ္စသူ ရှင်းမှာပေါ့ဗျာ။ နေရာတကာ မိန်းမကို ဦးစားမပေးစမ်းပါနဲ့"

"ဟာကွာ မင်းကလည်း အားအားရှိ ဒီမိန်းမကြောက်တဲ့ ကိစ္စပဲ ပြောနေတာပဲ"

"ဟုတ်တယ်လေ၊ တရုတ်ကြီးရပ်ကွက်မှာ မိန်းမ မကြောက်တဲ့သူ ဘယ်သူရှိလဲဗျ။ အရပ်လူကြီး ဦးပြုံးချိုဆို မိန်းမကို သေအောင်ကြောက်ရတာဗျ။ အဲဒီထဲ ဆရာဖျောက်ကပါ ပါနေတော့ တော်တော့်ကို အရုပ်ဆိုးလှသဗျာ"

"ဟ - ဂျာအေးရဲ့ မိန်းမကြောက်တာ ဘာဖြစ်သတုံးကွာ"

"ဘာဖြစ်ရမှာလဲ ဆရာဖျောက်ရာ၊ မိန်းမကြောက်တဲ့လူဟာ ဘူးသီးအမွှေးသပ်လိုက်သလိုပဲဗျ"

"ဟေ - မင်းဉစ္စာကွာ"





"တကယ် ပြောတာဗျ၊ ကျုပ်မြင်တာတော့ တရုတ်ကြီးရပ်ကွက်ဟာ ဘူးသီးအမွှေးသပ် ရပ်ကွက်ဗျ"

"ဟိုက် - မင်းကတော့ လုပ်ပြီကွာ"

"ဒီရပ်ကွက်မှာ သူ့ရဲကောင်း ဖြစ်နိုင်တာဆိုလို့ ဆရာဖျောက်ပဲ ရှိတယ်လေ"

"ဗုဒ္ဓေါ"

ဂျာအေး၏ စကားကြောင့် ဖျောက်ဆိပ်တစ်ယောက် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွား၏။ ဂျာအေးကတော့ သူ့အယူအဆကို သူ ခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားဆဲ။

"ဂျာအေးရဲ့ ဒီကိစ္စဟာ ငါတို့ ဘိုးဘွားဘီဘင်ကတည်းက ပေါ်ပေါက်လာခဲ့တဲ့ အဖြစ်သနစ်ကွ။ မင်းဉစ္စာ မိန်းမတွေကို တအား နိုင်ချင်နေပါလားကွ"

"အဲဒီလို ပြောတာတော့ ဟုတ်ဖူးပေါ့ဗျာ၊ ဒါပေမယ့် အိမ်ဦးနတ်ဆိုတာ မိန်းမ စွတ်ကြောက်နေရင် ဘယ်လိုလုပ် ဘုန်းတွေ၊ ကံတွေ ရှိပါ့မလဲဗျ"

"တော်ပါတော့ကွာ၊ မင်းကိစ္စပဲ ပြောရအောင်။ စကားတွေလည်း ဘယ်ရောက်ကုန်ပြီလဲ မသိဘူး"

"ခရီးထွက်မယ်လေဗျာ"

"ဘယ်တော့လောက် ထွက်မှာလဲကွ"

"အဲဒါတော့ ကိုကြီးဖျောက် စီစဉ်ဗျာ"

"အေးပါကွာ၊ ဒါဆို မင်းနဲ့ငါ သင်္ဘောဆိပ်မှာ လက်မှတ်ကိစ္စ သွားစုံစမ်းမယ်ကွာ"

"ကောင်းသားပဲဗျာ"

သူတို့နှစ်ဦး ဆိုင်မှာ တိုင်ပင်ခဲ့ကြပြီးနောက် သင်္ဘောဆိပ်သို့ ဆင်းခဲ့ကြ၏။ ခရီးသည်တွေ၊ ဈေးသည်တွေ၊ ကုန်တင်ကုန်ချ ဝန်ထမ်းတွေနှင့် ပွစိတက်နေသော ဆိပ်ကမ်းကြီး။

သင်္ဘောကြီးငယ်ကိုလည်း မြစ်ဆိပ်တွင် မြင်ရ၏။ ဥဒဟို သွားလာနေကြသော ခရီးသည်တွေကလည်း အထုပ်အပိုးများသယ်ကာ ခြေသန်း



www.burmeseclassic.com

www.burmeseclassic.com



သွားလာနေကြ၏။

သူတို့နှစ်ဦး မြစ်ဆိပ် လက်မှတ်ရုံတွင် ကြို့တင်လက်မှတ် နှစ်စောင် ဝယ်ယူလိုက်ကြပြီး လူအုပ်ကြီးထဲမှ တိုးထွက်ခဲ့ကြလေတော့၏။

✂ ✂ ✂



# အခန်း (၄)

ကံကောင်းချင်တော့လည်း ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦး သင်္ဘောဆိပ်သို့ အထုပ်အပိုးများနှင့် ထွက်လာစဉ် သူတို့ကို ကားကြုံတင် ခေါ်မည့်သူ ပေါ်လာခြင်း ဖြစ်လေ၏။ အကြောင်းက တခြားမဟုတ်၊ ကားဂိတ်သို့ ထွက်အလာတွင် လမ်းဘေး၌ ကားတစ်စီး ပျက်နေသည်ကို တွေ့ရခြင်း ဖြစ်လေ၏။ သူတို့နှစ်ဦး ကားပျက်ကို ဝိုင်းဝန်းတွန်းပေးကြရာမှ ကားကြုံတင်၍ ခေါ်လာခြင်း ဖြစ်လေ၏။

"ဘယ်လိုလဲ ကိုကြီးဖျောက်ရဲ့၊ ကံကောင်းချင်တော့လည်း စီးတော်ယာဉ်ပါ အဆင်သင့်ပါလားဗျ"

"ဟုတ်ပါ့ကွာ၊ ငါတို့နှစ်ယောက် ဇာတာစန်းလဂ် တက်လာပြီဟ"

နှစ်ဦးစလုံး ကားနောက်ခန်းထိုင်က အူမြူးနေ၏။ ထိုအချိန် သူတို့ စီးနင်းလိုက်ပါလာသော ဟိုင်းလတ်ကားကြီးသည် လမ်းတစ်ခုထဲသို့ ဝေါခနဲ ချိုးဝင်သွား၏။

"ဟာ - ဘယ်တုံး"

"ဘယ်ရောက်နေပြီလဲဗျ"

"ပြောတတ်ဘူးလေ"

နှစ်ယောက်စလုံး အူတိအူကြောင် ဖြစ်နေကြ၏။ ထိုအချိန် ကားကြီးသည် တာရိုးတစ်ခုကို ဖြတ်၍ ခြံကြီးတစ်ခုထဲသို့ ကွေ့ဝင်သွားလေ၏။ ကားကြီးသည် ခြံလမ်းအတိုင်း ကွေ့ပတ်မောင်းနှင်ကာ ဂိုဒေါင်ဂျက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုထဲသို့ တစ်ရှိန်ထိုး မောင်းဝင်သွားလေ၏။

"ဟာ - သဘောဆိပ် မရောက်ဘဲ ဘယ်ရောက်. . ."

"ဟော့လူ၊ ကျုပ်. . . ကျုပ်တို့"

"ဟားဟားဟား မင်းတို့နှစ်ယောက်စလုံး ကားပေါ်က ဆင်းကြစမ်း"

"ဗျာ၊ ဘာ. . . ဘာလုပ်တာလဲဗျ"

"ခုထိ ဘာလုပ်မှန်း မသိသေးဘူးလားကွ"

"ပြောတတ်ဘူးလေ၊ ခင်ဗျားတို့က ကျုပ်တို့ကို ထမင်းကျွေးဖို့ ခေါ်လာတာလားဗျ။ တော်ပါပြီဗျာ"

"ဟုတ်ပါ့၊ ကားကြုံစီးရတာပဲ ကျေနပ်. . ."

"တော်စမ်း၊ ဆင်းကြစမ်း အူကြောင်ကြောင်ကောင်တွေ"

"ဟင် - ဘယ်လိုလဲ ဆက်ဆံရေး ကျဲလှချည်လား"

ကားဒရိုင်ဘာ၏ စကားသံက ခပ်ပြင်းပြင်း၊ မျက်နှာကလည်း စောစောက မျက်နှာမျိုး မဟုတ်တော့၊ ကြမ်းတမ်းခက်ထန်လာ၏။ ထိုစဉ်ကားဘေးသို့ လူသုံးဦး ဝိုင်းလာ၏။ သူတို့ လက်ထဲတွင်လည်း တုတ်တွေဓားတွေ ကိုင်ထား၏။ နှစ်ယောက်စလုံး ထိုမြင်ကွင်းကိုကြည့်ပြီး အံ့ဩနေ၏။

"ဟာ - တုတ်တွေ၊ ဓားတွေနဲ့ပါလား။ ဘယ်လိုဖြစ်ကြတာတုံးဗျ ရုပ်ရှင်ရိုက်နေတာလား"

"ဟော့ကောင် ဆင်းစမ်း"

"ခင်ဗျာ"

"ဆင်းဆိုဆင်းကွာ၊ မကြမ်းချင်ဘူးနော်"

"ဘုရား. . . ဘုရား၊ ဒီလူတွေ ငါတို့ကို ပြန်ပေးဆွဲပြီထင်တယ်၊ ဒုက္ခပါပဲ။ ငါတို့က လုံချည်တောင် ပေါင်စားနေရတာ၊ ဘယ်သူများ ချွန်တွန်းလုပ်လိုက်ပါလိမ့်"

"တိတ်စမ်း၊ လာလာ မင်းတို့နှစ်ယောက်စလုံး ဒီမှာရပ်စမ်း"

"အင်"

ဂျာအေးနှင့် ဖျောက်ဆိပ်တို့ နှစ်ဦးမှာ သူတို့ကိုယ်သူတို့ ဘာဖြစ်မှန်းပင် မသိ။ အူချာချာနှင့် ဂိုဒေါင်ထောင့်တွင် ရပ်လိုက်ကြ၏။ ထိုစဉ် လူဝ





ကြီးတစ်ယောက်က သူတို့အနီးသို့ ရောက်ရှိလာ၏။ အသွင်က ရုပ်ရှင်ထဲက လူကြမ်းကြီးအသွင်။ ဂျာအေးကို ရှုတင်းတင်းနှင့် စိုက်ကြည့်လိုက်၏။

"မင်းက ဂျာအေးလား"

"ခင်ဗျာ၊ ကျုပ်. . . ကျုပ်ကို သိလို့လား"

"မေးခွန်းမထုတ်နဲ့ကွာ၊ ငါမေးတာ ဖြေစမ်း"

"အင် - ဘာဖြေရမှာတုံးဗျ"

"မင်းဖြေရမှာ တခြား မဟုတ်ဘူးကွ"

"ဘာတုံး"

"မင်းကို ဦးကမ္ဘာစိုး ဘာပြောသလဲ၊ ဘာလုပ်ခိုင်းသလဲ ပြောစမ်း"

"ဗျာ"

ကြားလိုက်ရသည့်စကား ဂျာအေး မျက်လုံးပြူးသွား၏။ ပြဿနာက ဦးကမ္ဘာစိုးနှင့် ဆက်စပ်နေသည်မို့ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ ထိုစဉ် လူဝကြီး၏အသံ ပေါ်လာ၏။

"ဟော့ကောင်၊ ငါမေးနေတာ ဖြေစမ်း"

"ဘာဖြေရမှာတုံးဗျ"

"ဦးကမ္ဘာစိုး ကိစ္စလေ"

"ဘယ်သူတုံး၊ မျက်လှည့်ဆရာလားဗျ"

"ဘာကွ၊ မင်း. . . မင်း ဘာ အူတိအူကြောင် လုပ်နေတာလဲကွ။ မင်း ပြောမလား မပြောဘူးလား။ မပြောရင် ဟောဒီ ဂိုဒေါင်ထဲ ထမင်းငတ်ပြီး သေသွားမှာနော်"

"ဒုက္ခပါပဲဗျာ၊ ကျုပ်ပြောတာ မယုံလည်း ဘာတတ်နိုင်မှာလဲ။ ခင်ဗျားတို့ သတ်ချင်သပ့်ဆိုလည်း သတ်ပေါ့။ ဒါမှ နတ်ပြည်ရောက်မှာ"

"ဘာကွ၊ မင်းရုပ်က နတ်ပြည်ရောက်မယ့်ရုပ်လား"

"ဟာ - ပုဂ္ဂိုလ်ကြီးကလည်း ရုပ်ကြည့်ပြီး ဆုံးဖြတ်နေပြန်ပြီ။ ဘာတုံး နတ်ပြည်မှာ ရုပ်ရှင်မင်းသားတွေပဲ ရှိသလား"

"ဘာ - ဟကောင် မင်း ကပေါက်တိ ကပေါက်ချာတွေ မပြောစမ်းနဲ့။ ငါမေးတာ ဖြေမလား မဖြေဘူးလားပြော။ မပြောလို့ကတော့ မင်း



www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ယောက်စလုံး ပြာကျပြီသာမှတ်"

"လုပ်ပြန်ပြီဗျာ၊ သေတာတောင် ပြာကျသေရဦးမယ်။ ခက်ပါ့ ပုဂ္ဂိုလ်ကြီးရယ်၊ အဲဒီလောက် ခြိမ်းခြောက်စရာ မလိုပါဘူးဗျာ။ ဘယ်သူသေသေ သေတာနဲ့ မီးရှို့ပြာကျသွားတာပဲဗျ။ ဆန်းပါဘူးဗျာ"

"တော်စမ်းကွာ၊ စကားက လိုရင်း မရောက်တော့ဘူး။ ကဲ - မင်းတို့နှစ်ယောက်ကို ငါ သုံးရက် အချိန်ပေးမယ်။ ငါမေးတာ ဖြေရင်ဖြေ၊ မဖြေလို့ကတော့ အမွေကို နုတ်ပစ်မယ်"

"လာပြန်ပြီဗျာ၊ တော်ကြာ ထမင်းတော်သေရမယ် ပြောလိုပြော၊ တော်ကြာ ပြာကျမယ် ပြောလိုပြော၊ ခုလည်း အမွေနုတ်ဦးမယ်။ သေတာတောင် နည်းစနစ်ပေါင်းစုံနဲ့ သေရမယ့်ကိန်းပဲဗျ"

"တိတ်စမ်း၊ ကဲ - ဘယ်လိုလဲ"

"ကောင်းပြီလေ၊ ကျုပ်တို့ကို အချိန်သုံးရက်ပေး။ ဒီအချိန်မှာ ကျုပ်တို့ စားဖို့သောက်ဖို့ကိစ္စ ခင်ဗျားတို့ စီစဉ်ပေးရမယ်"

"အင်"

"ဘယ်လိုလဲ၊ ကျုပ်ပြောတာ သဘာဝတူလား"

"တူပါတယ်၊ ဘာ - ဟော့ကောင် မင်းကို ငါတို့က ဖမ်းလာတာကွ။ မင်းက ပြန်ပြီး အမိန့်ပေးစရာ မလိုဘူး"

"ဟားဟားဟား ပုဂ္ဂိုလ်ကြီးကလည်း တစ်ခုခု လိုချင်ရင် တစ်ခုခုတော့ ပေးကမ်းရမှာပေါ့ဗျာ။ ဒါဟာ နိယာမတရားပဲဗျ"

"တိတ်စမ်းကွာ၊ မင်း အတော့်ကို ခေါင်းမာတဲ့ကောင်ပဲ။ ငါ အမိန့်ပေးလိုက်ရင် မင်းအသားတွေ တစ်ဖဲ့ချင်း တစ်စချင်း ကြွေကုန်မှာကွ။ မင်း မကြောက်ဘူးလား"

"ဩော် - ပုဂ္ဂိုလ်ကြီးကလည်း တယ်လည်း ခြိမ်းခြောက်သကိုး။ ကျုပ် ပြောပြီးပကောဗျာ၊ သေလည်း အေးသပေါ့"

"တော်စမ်းကွာ၊ ကဲကဲ ဒီကောင်တွေကို အသေအချာ ကြိုးနဲ့ချည်ထားကြဟေ့။ ပြောတာကြားလား"

"ကြားပါတယ် ခင်ဗျာ"

နောက်ဆုံးတော့ သူတို့နှစ်ဦးကို ကြိုးများနှင့် တုပ်နှောင်ကာ တာယာ





ပုံများကြား ထားခဲ့ပြီး ဂိုဒေါင်တံခါးကို အသေအချာပိတ်ကာ ထွက်သွားလေတော့၏။ ဖျောက်ဆိပ်ခမျာ သူ့အဖြစ်အပျက်ကို ရုပ်ရှင်ရိုက်နေသလား ခံစားနေရ၏။

"ဘယ်လိုဖြစ်ကုန်ပြီလဲကွာ၊ ငါတို့ကောင်တွေ ရုပ်ရှင်ရိုက်နေတာများလားကွာ"

"ဟဲဟဲ တစ်ခါတစ်ခါတော့လည်း အပြောင်းအလဲလေးတွေ ရှိတတ်တာပေါ့ ဆရာဖျောက်ရယ်"

"တော်စမ်းပါ ဖျောက်ဆိပ်ဂျာရာ၊ အဲလေ ဂျာအေးရာ။ ဒီကောင်တွေပုံတွေက မိုက်တိမိုက်ကန်းတွေကွ။ ငါတို့ကို သတ်ပစ်လိုက်ရင် ဘယ်လိုလုပ်မလဲ"

"အေးတာပေါ့ဗျာ"

"ဘာကွ၊ ဟော့ကောင် ငါ မသေချင်သေးဘူးကွ။ ငါ ဘာမှ မလုပ်ရသေးဘူး။ ပြီးတော့ အပုလေးကိုလည်း ငါ ဘာမှ မမှာရသေးဘူးကွ"

"ဒုက္ခပါပဲ ဆရာဖျောက်ရယ်၊ မှာမနေစမ်းပါနဲ့ဗျာ။ သေရင်လည်း ကြိုးရှင်းရှင်းနဲ့ သေတာ မကောင်းဘူးလားဗျ။ တော်ကြာ ဟိုဟာစွဲ ဒီဟာစွဲနဲ့ ခွေးတွေ၊ ကြောင်တွေဖြစ်. . ."

"တိတ်စမ်း၊ မင်း ဘာတွေပြောနေသေးတုံးကွ။ မင်းကိုယ်မင်း ရုပ်ရှင်ရိုက်နေတယ် အောက်မေ့နေသလား"

ဖျောက်ဆိပ်တစ်ယောက် ကြောက်လန့်တကြား ဖြစ်နေ၏။ လက်နှစ်ဖက်ကို ချည်ထားသည့်ကြိုးတွေကို အတင်း ပါးစပ်နှင့်ကိုက်၍ ဖြေကြည့်၏။ ဘယ်လိုမှ ဖြေမရ၊ ဂိုဒေါင်ကြီးတစ်ခုလုံးကလည်း လေးဖက်လေးတန် ပိတ်ထားသည်။ ထွက်ပေါက် ဘယ်လိုမှ ရှာမရ။

"ဂျာအေး"

"ဗျာ"

"ငါတို့တော့ ကိုယ်ကျိုးနည်းပြီနဲ့ တူပါတယ်ကွာ"

"ဗေဒင်လေး ဘာလေး တွက်ကြည့်ပေါ့ဗျာ"

"ဟာ - မင်းက အရေးထဲကွာ"

"ယတြာကျေသွားတာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ကွာ၊ အပုလေးတော့ မုဆိုးမ ဖြစ်တော့မယ့်ကိန်းပါလားကွာ။ ငါ့မိန်းမက ထုံတုံတုံ အ, တတကွ။ ယောကျ်ားကို နိုင်ချင်တာပဲ သိတာကွ။ သူ့ခမျာ မျက်နှာငယ်ရှာတော့မယ်"

"လုပ်ပြီဗျာ၊ အရေးထဲ ဆရာဖျောက်က လွမ်းဇာတ်ခင်းနေပြန်ပြီ။ လောလောဆယ် ဒီကလွတ်အောင် ဘယ်လိုလုပ်မလဲ စဉ်းစားရမှာဗျ"

ဖျောက်ဆိပ်တစ်ယောက် မျက်ရည်လေး တစမ်းစမ်းနှင့် ကြေကွဲစွာ ပြောဆိုနေသည်ကို ကြည့်ပြီး ဂျာအေး မချိမဆံ့ ခံစားနေရ၏။ ကြိုးကလည်း လက်ရောခြေပါ ချည်နှောင်ထားသည်မို့ လှုပ်၍မရ။

နှစ်ယောက်စလုံး အကျဉ်းအကျပ် ကျနေကြ၏။ ဂျာအေးသည် သူ့ကိုယ်ပေါ်မှ ကြိုးတွေကို ကြည့်ရင်း ခြေထောက်မှ အစထွက်နေသော ကြိုးစကို မြင်သွား၏။ မြင်ကွင်းကြောင့် သူ ဝမ်းသာအားရ ဖြစ်သွား၏။

အစထွက်နေသောကြိုးကို ကုန်း၍ကိုက်၏။ ဖျောက်ဆိပ်သည် ဂျာအေး လုပ်ပုံကိုကြည့်ပြီး ကြောင်စီစီ ဖြစ်နေ၏။

"ဘာလုပ်တာတုံးကွ၊ ဘယ်နှယ့် ကိုယ့်ခြေထောက်ကိုယ် ကုန်းကိုက်နေရတာလဲ ဆာနေပြီလား"

"ဟာ - ဆရာဖျောက်ကလည်း မဟုတ်တာ ပြောတော့မယ်။ အဲဒီကြိုးစ ဖြေနေတာဗျ"

"သြော်"

ဖျောက်ဆိပ်၏ စကားကြောင့် ဂျာအေး တွန့်ခနဲ ဖြစ်သွား၏။ ဆက်၍ ခြေထောက်မှကြိုးကို ကုန်းကိုက်လိုက်၏။ ကြိုးစကို သွားနှင့် အမိအရကိုက်ကာ သုံးလေးခါမက ဆွဲခါပစ်လိုက်၏။

ခြေထောက်နှစ်ဖက်ကိုလှုပ်၍ ကြိုးချောင်သွားအောင် လှုပ်ရှားလိုက်၏။ ကြိုးစကို သွားနှင့်ကိုက်ရင်း တဖြည်းဖြည်း ကြိုးစက ရှည်ထွက်လာ၏။ ဆက်၍ ခေါင်းကြီး တငံ့ငံ့နှင့် လှုပ်ရှားလေရာ ခြေထောက်မှ ကြိုးပြုတ်ထွက်သွားလေ၏။

"ဟာ - ရပြီဗျ"

"ဟင် - ဟုတ်လား၊ တော်ပါသေးရဲ့ကွာ"

"အသံမထွက်နဲ့ဗျ"





ဂျာအေးသည် ခြေထောက်ကကြိုး ပြုတ်သွားသည်နှင့် လှဲထိုင်နေရာမှ အတင်း လူးလဲထလိုက်၏။ ထို့နောက် တာယာဟောင်းများကို ကျော်၍ ကားအဟောင်းကြီးနား ရောက်သွား၏။ ကားတံခါးကို မရမကဖွင့်ပြီး ခုံအောက်မှ ပစ္စည်းကိရိယာများကို ရှာဖွေလိုက်၏။

ခက်ခက်ခဲခဲ ရှာဖွေရင်း စူးကြီးတစ်ချောင်း တွေ့လာ၏။ ဂျာအေးသည် စူးကြီး၏ လက်ကိုင်ကို ပါးစပ်နှင့်ကိုက်ကာ လက်မှ ကြိုးကြားထဲ ထိုးထည့်လိုက်၏။ ထို့နောက် သွားနှစ်ဖက်နှင့် ကြိတ်ကိုက်ကာ လက်မှာ ချည်ထားသောကြိုးကို ချောင်သွားအောင် အတင်း နှဲပစ်လိုက်၏။

ထိုအခါ ကြိုးတွေ တဖြည်းဖြည်း လျော့လာ၏။ လျော့လာသည့် ကြိုးစကို ပါးစပ်နှင့် အတင်း ကုန်းကိုက်ပြီး မရရအောင် ဖြေလိုက်ရာ လက်မှကြိုးပါ ပြေသွားလေ၏။

"ရပြီဗျ"

"ဟင် - မင်းဟာ အတော့်ကို အံ့ဩစရာကောင်းတဲ့ကောင်ပဲ"

"ဆရာဖျောက်ကလည်းဗျာ တတ်သည့်ပညာ မနေသာပဲလေ။ကိုင်း- ဆရာ့လက်က ကြိုးကိုဖြေမှ"

"မြန်မြန် လုပ်စမ်းပါကွာ"

ဂျာအေးသည် ဖျောက်ဆိပ်၏လက်နှင့် ခြေထောက်တွင် ချည်ထားသောကြိုးကို အလျင်အမြန် ဖြေလိုက်၏။ ကြိုးများ ပြေသွားသောအခါ နှစ်ယောက်သား ထွက်ပေါက်ရှာလိုက်၏။ သို့သော် ဂိုဒေါင်ရှေ့ဘက်တွင် လူသုံးဦး ထိုင်နေ၏။

"ဘာ. . . ဘာလုပ်ကြမလဲကွ"

"နေဦးဗျ၊ ရှေ့ကထွက်လို့ ဘယ်လိုမှ မလွယ်ဘူး"

"ဒုက္ခပါပဲကွာ"

ဂျာအေးသည် ဂိုဒေါင်ပတ်ပတ်လည်ကို လှည့်ကြည့်လိုက်၏။ ခေါင်မိုးဘက်သို့ မော့ကြည့်လိုက်၏။ ဟိုကြည့်ဒီကြည့်လုပ်ရင်း အမိုးနောက်ဘက်အခြမ်းတွင် သွပ်ပြားတစ်ချပ် ဟနေသည်ကို တွေ့လိုက်ရ၏။

"ဟာ - ဟုတ်ပြီဗျ"

"ဘာတုံးကွ"



www.burmeseclassic.com

www.burmeseclassic.com



"[illegible] အပေါ်ကိုတက်မယ်ဗျာ"

"ဟေ - ဘာ. . . ဘာလုပ်မှာလဲ"

"ခေါင်မိုး သွပ်တစ်ချပ် ဟနေတယ်ဗျ။ အဲဒီကနေဖောက်ထွက်မယ်"

"ဟင် - ဖြစ်. . . ဖြစ်ပါ့မလား"

"ရပါတယ်ဗျာ"

ဂျာအေးတစ်ယောက် ဂိုဒေါင်နံရံရှိ သစ်သားပေါင်များကို ကုတ်ခြစ်တွယ်ကပ်ကာ တက်သွား၏။ ထုပ်တန်းပေါင်သို့အရောက် လွှားခနဲ ခုန်တက်လိုက်၏။ သူ့ခါးတွင် ကြိုးတွေ ပတ်ထား၏။ ထုပ်တန်းပေါ်ရောက်သည်နှင့် ဟနေသော သွပ်မိုးကို လက်နှင့် တွန်းကြည့်လိုက်၏။

"ဟာ - ရပြီဗျ"

"ဟင်"

ဖျောက်ဆိပ်မှာ ဂျာအေး လုပ်ပုံကိုကြည့်ပြီး ဗါးစပ်အဟောင်းသားဖြစ်နေ၏။ ထိုစဉ် ဂျာအေးသည် ဟနေသောသွပ်မိုးကို တဖြည်းဖြည်းချင်း လှန်ပစ်လိုက်၏။ ထို့နောက် ခါးမှ ကြိုးကိုဖြုတ်ကာ ဖျောက်ဆိပ်ဆီ ချပေးလိုက်၏။

"ဆရာဖျောက် အပေါ်ဆွဲတက်ခဲ့"

"ဖြစ်. . . ဖြစ်ပါ့"

"တက်ခဲ့စမ်းပါဗျာ"

ဖျောက်ဆိပ်ခမျာ ရင်တထိတ်ထိတ်။ ကျလာသောကြိုးကို အမိအရဆုပ်ကိုင်ပြီး အပေါ်သို့ တွယ်တက်လိုက်၏။ စိတ်တွေ အကြီးအကျယ်လှုပ်ရှားနေ၏။ ထုပ်တန်းနားအရောက် ဂျာအေးက အတင်း ဆွဲတင်လိုက်၏။ နှစ်ယောက်သား ထုပ်တန်းပေါ်သို့အရောက် ဟနေသော သွပ်ပြားပေါက်မှ အတင်း တိုး၍ ထွက်လိုက်ကြ၏။

"ရပြီဗျ"

"အေးကွာ၊ တော်. . . တော်ပါသေးရဲ့"

"ရှူး. . . ဟိုကောင်တွေ စကားပြောသံကြားတယ်"

"ဟင်"

ဂျာအေးသည် ခေါင်မိုးပေါ် ရောက်သည်နှင့် အသာနင်း၍ လျှောက်





ခဲ့၏။ ဖျောက်ဆိပ်ကလည်း ရင်တထိတ်ထိတ်နှင့် လိုက်ခဲ့၏။ အမိုးဘေးတွင် ကိုင်းကျနေသော မန်ကျည်းပင်ကြီးရှိ၏။ ဂျာအေးသည် မန်ကျည်းကိုင်းကြီးပေါ် လွှားခနဲ ခုန်တက်သွား၏။

ဖျောက်ဆိပ်ကလည်း ဂျာအေးနည်းတူ ခုန်တက်သွား၏။ သူတို့နှစ်ဦးအသွင်က မျောက်လွှဲကျော်ကြီးများ အလားပင်။ သစ်ပင်ပေါ် ရောက်သည်နှင့် သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းသို့ ခုန်ကူးလိုက်ကြ၏။

မန်ကျည်းပင်ကြီးမှာ နှစ်အိုပင်ကြီးဖြစ်ပြီး အကိုင်းအခက်အလက်များစွာနှင့် ဝေဆာ မိုးယှက်နေ၏။ သူတို့နှစ်ဦး သစ်ပင်အကိုင်းအခက်များကြားမှ ကုတ်ခြစ်တွယ်ကပ်ရင်း မြေပြင်ပေါ်သို့ မရမက တွယ်ဆင်းလိုက်ကြ၏။

သူတို့ ရောက်နေသည့်နေရာက ခြံကြီး၏ အနောက်မြောက်ဘက်ထောင့်တွင် ရှိ၏။ ခြံစပ်တွင် ဝါးရုံပင် ဖားဖားကြီးများက အုံ့ထနေ၏။

သူတို့နှစ်ဦး ဝါးရုံပင်ကြား တိုးဝှေ့ဖြတ်သန်းရင်း ခြံစပ်သို့ ရောက်လာ၏။ စည်းရိုးပတ်ပတ်လည်တွင် ဝါးပင်ပေါက်ကလေးများ စိုက်ထား၏။ သူတို့နှစ်ဦး အတင်း ကျော်လွှားကာ အပြင်သို့ မရရအောင် ထွက်လိုက်ကြ၏။

ခြံအပြင်သို့ ရောက်သည်နှင့် နှစ်ဦးသား ပါလာသည့် အထုပ်အပိုးကိုပိုက်ကာ ခြေကုန်သုတ်ခဲ့ကြလေတော့၏။

"ဟာ တကယ့် စွန့်စားခန်းပါလား ဂျာအေးရာ"

"ဟဲဟဲ တစ်ခါတစ်ခါ အဲဒီအဖြစ်တွေတော့ ကြုံရမှာပေါ့ဗျာ"

"ကြောက်စရာကြီးကွာ၊ ဒီ. . . ဒီလူတွေက ဘယ်သူတွေတုံး"

"ပြောတတ်ဖူးလေ၊ ဒါပေမယ့် ဦးကမ္ဘာစိုးကိစ္စနဲ့ ပတ်သက်နေတာတော့ သေချာတယ်ဗျ"

"ဖြစ်နိုင်တယ်ကွ၊ ကြည့်လည်းလုပ်ပါဦး ဂျာအေးရာ၊ ငါတို့နှစ်ယောက်စလုံး ကြားက အချောင်သေနေပါဦးမယ်"

"သေရင်မြေကြီး ရှင်ရင်ရွှေထီးပေါ့ဗျာ"

"ဟာ - သေရင်မြေကြီးထဲရောက်မှာ သေချာပေမယ့် ရှင်နေတုန်းတော့ ရွှေထီးမပြောနဲ့ ဝါးထီးတောင် မဆောင်းရသေးပါဘူးကွ။ [illegible]က



www.burmeseclassic.com

www.burmeseclassic.com



ကြီးဟာ ဘယ်လိုကြီးတုံးကွ"

"စဉ်းစားမနေပါနဲ့ ဆရာဖျောက်ရာ၊ လောလောဆယ် ကျုပ်တို့ သင်္ဘောဆိပ်ရောက်ဖို့ အရေးကြီးသဗျ"

"အင် - ကြည့်လည်း လုပ်ပါဦး ဂျာအေးရာ၊ စထွက်ကတည်းက စွန့်စားခန်းတွေ များနေပြီကွ"

"ဆရာဖျောက်ကလည်း အိမ်မှာ ခွေနေတာထက်စာရင် ခုလို အခုန်အပျံ အကျော်အလွှားတွေနဲ့ စွန့်စားရတာ ဘယ်လောက် ကောင်းသလဲလို့"

"တော်စမ်းပါကွာ"

နောက်ဆုံး သူတို့နှစ်ဦး သင်္ဘောဆိပ်သို့ သုတ်ခြေတင်ခဲ့ကြ၏၊ သူတို့ ရောက်ရှိသွားချိန် သင်္ဘောဥဩပင် ဆွဲနေပြီဖြစ်ရာ အူယားဖားယား တက်ခဲ့ကြ၏။ ခရီးသည်တွေကလည်း ရှုစိထိုးနေ၏။ သူတို့နှစ်ဦး လက်မှတ်ပါ နံပါတ်ကို ကြည့်ပြီး လွတ်နေသည့် ပက်လက်ထိုင်ခုံ နှစ်ခုံတွင် ထိုင်ချလိုက်၏။

"ဟူး. . . ခုမှပဲ နားရတယ်ကွာ"

ဖျောက်ဆိပ်တစ်ယောက် သက်ပြင်းတွေ ဟူးခနဲ မှုတ်ထုတ်ရင်း ပတ်လက်ကုလားထိုင်ခုံပေါ် ခေါင်းမှီလိုက်၏။ ဂျာအေးဘေးတွင် လူဝဝကြီး တစ်ဦးနှင့် အမျိုးသမီး ငယ်ငယ်ချောချောလေး ထိုင်နေ၏။ အပြောအဆို အရ သားအဖ ဖြစ်ပုံရ၏။

ဂျာအေးသည် လူဝကြီး၏မျက်နှာကို ကျော်ကာ အမျိုးသမီးလေးကို ကြည့်လိုက်၏။

နှာတံပေါ်ပေါ်၊ မျက်နှာဖူးဖူးလေးနှင့် အလွန်မှ ချစ်စရာကောင်းလှသော ကောင်မလေး။ လူဝကြီးက ကောင်မလေးလက်ထဲမှ မုန့်ထုပ်ကို ယူ၍ စားနေ၏။ ထိုအချိန် ဖျောက်ဆိပ်တစ်ယောက် နားရွက်ကြား ညှပ်ထားသည့် ဆေးလိပ်တိုကိုယူကာ မီးညှိဖွာရှိုက်လိုက်၏။

သင်္ဘောကြီးက ဆိပ်ကမ်းမှ အင်ဂျင်သံပေး၍ ထွက်ခွာခဲ့ပြီ ဖြစ်၏။ ဂျာအေးမှာ မျက်နှာဖူးဖူးလေးကို အငမ်းမရ ကြည့်ရှုနေ၏။ သူ လုပ်ပုံကို ကြားထဲက မကျေမချမ်း ခံစားနေရသူက လူဝကြီး၊ သမီးကို ခေါ်တောင်





ငမ်းနေသော ဂျာအေးကို လက်သီးနှင့် ထထိုးချင်စိတ် ပေါ်နေ၏။

သမီးမျက်နှာ မမြင်ရအောင် သူ့ကိုယ်လုံးကြီးနှင့် အတင်း လိုက်ကွယ်နေ၏။ ထိုစဉ် ဖျောက်ဆိပ် တဖွာဖွာ လုပ်နေသော ဆေးလိပ်မှ ဆေးလိပ် မီးပွားများက တဟူးဟူး တိုက်နေသော လေအရှိန်ကြောင့် လွင့်စဉ်ကာ လူဝကြီး၏ နားထင်စောင်းကို ဖျတ်ခနဲ ကပ်သွားလေတော့၏။

"အောင်မယ်လေးဗျ၊ ပူ. . . ပူတယ်"

"ဟင် - ဖေဖေ ဘာ. . . ဘာဖြစ်တာလဲ"

"ဟို မီး. . . မီးပွား၊ ဟော့ကောင်တွေ"

"ဗျာ"

"မင်း မီး. . . မင်းမီးက"

"ဘာဖြစ်သတုံးဗျ"

"မီးပွား၊ မီးတွေ အား. . . ပူတယ်"

"ဖေဖေ၊ သူ. . . သူတို့ လုပ်"

"ဟုတ်တယ်၊ တော်တော်ရိုင်းတဲ့ တောသားတွေပဲ"

"ရှင်တို့ ဘေးမှာလူရှိတာ မသိကြဘူးလား"

"ဗျာ၊ ဘာဖြစ်သတုံးဗျ"

"ဟင်း. . . ဒီမှာ ကျွန်မဖေဖေ မီးပွားကပ်သွားတာ ဟိုလူကြီး ဘာ ငေးနေတာတုံး"

"ခင်ဗျာ၊ ဟို ကလေးမ ဘာ. . . ဘာပြောသတုံးကွယ်"

"ရှင် ခုထိ ဘာဖြစ်တယ် မသိသေးဘူးလား"

ဂျာအေးခမျာ ကြားထဲမှာ လည်နေ၏။ ဖျောက်ဆိပ်ကတော့ သူဘာမှ မလုပ်သလို ဆေးလိပ်ကြီး တွင်တွင်ဖွာကာ တစ်ဖက်ကို လှမ်းကြည့်နေ၏။ ထိုစဉ် အမျိုးသမီးငယ်လေးက ဟောင်ဖွာဟောင်ဖွာနှင့် ထလုပ်နေ၏။

လူဝကြီးမှာလည်း ပက်လက်ထိုင်ခုံမှ အတင်းထကာ ပုဆိုးခါ၊ အကျႌခါ လုပ်နေ၏။ ပါးစပ်ကလည်း ပွစိပွစိ။ ဂျာအေးနှင့် ဖျောက်ဆိပ်မှာ ရင်တထိတ်ထိတ် ဖြစ်နေ၏။

"ဟကောင်တွေ၊ မင်း. . . မင်းတို့ လူတွေမှ ဟုတ်ရဲ့လားကွဟေ၊



www.burmeseclassic.com

www.burmeseclassic.com



ပြောကြစမ်း"

"ခင်ဗျာ၊ လူ. . . ဟာ - ဦးကြီးကလည်း လူမို့လို့ သဘော်စီးတာပေါ့ဗျာ။ ငါးဆို ရေထဲ ဆင်းကူးမှာပေါ့"

"ဘာကွ၊ မင်း ဘာနောက်တီးနောက်တောက် လုပ်တာလဲ"

"ခင်ဗျာ၊ ဟို ဦးကြီး လူမဟုတ်ဘူးလို့ပြော. . ."

"တိတ်စမ်း၊ မင်းတို့ဘက်က ဆေးလိပ်မီး ငါ့ဆီ လွင့်တယ်ကွ။ ဟိုလူ ခင်ဗျား ထစမ်း"

"ဗျာ"

လူဝကြီးက ဖျောက်ဆိပ်ကို အတင်း ရပ်ခိုင်း၏၊ ဖျောက်ဆိပ်သည် ညောင်နာနာနှင့် ထရပ်လိုက်၏။ မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်ရင်း လူဝကြီးကို ကြည့်လိုက်၏။

"ဘာကိစ္စတုံးဗျ"

"မင်းဆေးလိပ် ပေးစမ်း"

"ဘာတုံး၊ မီးတို့မလို့လား။ ဒါမှမဟုတ် ဆေးလိပ်သောက်စရာ မရှိလို့လား"

"ဘာကွ၊ တိတ်စမ်း - ပေး မင်းဆေးလိပ်"

"ဟာ - ဘာတုံးဟ"

သူ့လက်ထဲမှ ဆေးလိပ်ကို အတင်း လုယူခံလိုက်ရသည်မို့ ဖျောက်ဆိပ် တွန့်ခနဲ ဖြစ်သွား၏။ ထိုစဉ် ပုဂ္ဂိုလ်ကြီးသည် ဆေးလိပ်တိုကို သဘော်ဝရန်တာဘက် လွှင့်ပစ်လိုက်၏။

"အောင်မယ်လေးတော့၊ မီး. . . မီး မီးတွေ"

"ဟာ"

"ဟဲ့ ဟိုလူကြီး၊ ဆေးလိပ်ကို အရမ်းလွှင့်ပစ်ရသလားဟဲ့"

"ဗျာ"

လူဝကြီး သူ့လုပ်ရပ်ကြောင့် ငယ်ထိပ် မြွေကိုက်သလို ခံစားလိုက်ရ၏။ ပစ်လိုက်သည့် ဆေးလိပ်တိုက သဘော်အပြင် မရောက်ဘဲ သန်းထိုင်တုပ်နေသော မိန်းမကြီး၏ပေါင်ပေါ် ကျသွားသဖြင့် အော်ကြီးဟစ်ကျယ် ထ၍ ပြောလာလေ၏။ လူဝကြီးခမျာ ဘာလုပ်၍ လုပ်ရမှန်း မသိ၊ ထိုစဉ်





အမျိုးသမီးကြီးက ထဘီကို တဖုံးဖုံး ခါယမ်း၍ ထရပ်ကာ ရန်တွေ့လေ၏။

"မကြီးမငယ်နဲ့ တယ်လည်း လက်သရမ်းပါလား"

"ဟာ- အဲ. . . အဲဒါ သူ့ဆေးလိပ်"

"ဘာခုမှ ပြောင်ပြင်းတာလဲ၊ ရှင်မစ်လိုက်တာ ကျုပ် မမြင်ဘူး အောက်မေ့နေသလား"

"ခင်ဗျာ၊ ဟို - ဒါ. . . ဒါ ဟော့ကောင် မင်း ပြောလေကွာ"

"ဗျာ ဘာပြောရမှာတုံး၊ ပစ်တာ ကျုပ်မှ မဟုတ်တာလေ။ ခင်ဗျားပဲ ကျုပ်လက်ထဲက ဆေးလိပ်ယူပြီး လွှင့်ပစ်လိုက်တာပဲဟာ"

"ဘာကွ၊ မင်းလုပ်လို့ ပြဿနာတွေ ရှုပ်ကုန်ပြီကွ"

"ဖေဖေ ပြောမနေနဲ့တော့ ဘယ်က တောသား ကလေကချေတွေလဲ မသိပါဘူး"

"ဟာ ကျောင်းအမကလည်း ကျုပ်တို့က မြို့သားတွေပါဗျာ။ မြို့မှာ နေတာ နှစ်ချီနေပြီဗျ။ ကျုပ်နာမည် ဂျာအေး၊ ဟဲဟဲ သူ့နာမည် ဆရာဖျောက်"

"တိတ်စမ်း"

"ဟဲ့ ဟိုလူကြီး၊ ရှင် ကျုပ်ကို တောင်းပန်မလား မတောင်းပန်ဘူးလားပြော"

"ဗျာ"

လူဝကြီးမှာ ဂျာအေးတို့ နှစ်ဦးကို ပြဿနာလုပ်မည် ကြံသော်လည်း မီးလောင်ခံရသည့် မိန်းမကြီးက အတင်း တောင်းပန်ခိုင်းနေသဖြင့် မချိသွားဖြဲနှင့် တောင်းပန်လိုက်ရ၏။ အမျိုးသမီးကြီးက ထိုမျှလောက်နှင့် ကျေနပ်ပုံ မရသေး။ မျက်စောင်းတခဲခဲ အံတကြိတ်ကြိတ် လုပ်နေသေး၏။

ထိုစဉ် လူဝကြီးက ဂျာအေးတို့ဘက် လှည့်လာ၏။

"ကိုင်း - မင်းဆေးလိပ်ကိစ္စ ဘယ်လိုလုပ်မလဲကွ"

"ပြန်ဝယ်ပေးပေါ့ဗျာ"

"ဘာကွ၊ ဝယ်ပေးရမယ်"

"ဟုတ်တယ်လေ၊ ခင်ဗျားကြီးက ဘာဖြစ်လို့ လွှင့်ပစ်လိုက်တာလဲဗျ"

"ဟ - မီးပွားက ငါ့မျက်နှာ လာကပ်လို့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်- ဒီလိုလား၊ မတော်လို့ဖြစ်တာပါဗျာ"

"ဘာကွ၊ စည်းမရှိ ကမ်းမရှိ လုပ်ချင်တိုင်း လုပ်လို့ရသလား မြော စမ်း"

"ဟာ- ခင်ဗျားကြီးကလည်း ဒေါသကြီးပဲဗျာ။ ဒေါကြီးရင် ဆောင်း တွေ ဖြစ်ကုန်မယ်ဗျ"

"ဘာကွ - အရူးတွေ၊ အလကားကောင်တွေ"

"ဟုတ်ပါ့ ဖေဖေရယ်၊ ဖက်ပြောမနေစမ်းပါနဲ့ လာလာ"

ဖျောက်ဆိပ်လည်း အူချာချာနှင့် ပြန်ထိုင်လိုက်၏။ ဂျာအေးမှာ သူ့ ဆရာဖျောက်ဆိပ် ဒုက္ခကို မငဲ့နိုင်။ မျက်နှာဖူးဖူးလေးကို ကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်နေ၏။ ဂျာအေး သရုပ်ပျက်နေပုံကို မျက်စောင်း တခဲခဲ ဖြစ်နေသူက လူဝကြီး။

ဖအေရှေ့တောင် ကြွေမဲ့လှသည်မို့ စိတ်ဆိုးမာန်ဆိုး ဖြစ်နေ၏။ ထို့ကြောင့်လည်း ချောင်းသံ ခဏခဏ ပေးလိုက်၏။

"အဟမ်း အဟမ်း"

"ဘာဖြစ်သတုံး၊ ဦးကြီးက ရင်ကျပ်နေသလား"

"ဘာကွ"

"တဟမ်းဟမ်းနဲ့ ရင်ကျပ်နေပုံပဲ။ အဲဒါ လွယ်ပါတယ် ဦးကြီးရာ ငါးရှည်ခေါင်းဖြတ်ပြီး မျိုချလိုက်"

"ဟေ၊ ဟာ- ဒုက္ခပါပဲ ဘယ်က ဗရုတ်သုတ်ခတွေလဲ မသိဘူး"

သားအဖ နှစ်ယောက်စလုံး ဂျာအေးတို့လူစုကို လက်လန်နေ၏။ တွံတေးတူးမြောင်းမှ အထွက်တွင် သူတို့နှစ်ဦး စားသောက်ခန်းများဘက်သို့ ထွက်ခဲ့ကြလေ၏။ သင်္ဘောကြီးမှာ မြစ်ပြင်ကိုခွဲ၍ အင်ဂျင်သံ တဂျုန်းဂျုန်း ပေးကာ မောင်းနှင်နေဆဲ။

✂ ✂ ✂



# အခန်း (၅)

မအူပင်မှ အထွက်တွင် မြစ်ပြင်ကြီး တစ်ခုလုံး မှောင်မိုက်နေပြီ ဖြစ်၏။ သင်္ဘောကြီးမှာ တဒုန်းဒုန်းနှင့် ခုတ်မောင်းနေဆဲ။ ဂျာအေးဘေး တွင် ထိုင်နေသော လူဝကြီးမှာ ပါးစပ်ကြီးဖွင့်၍ တခေါခေါနှင့် ဟောက် နေ၏။ အမျိုးသမီးငယ်လေးမှာ သူ့ကို အငမ်းမရ ကြည့်နေသော ဂျာအေး ရန်ကို ကြောက်လှသဖြင့် မိုးပြာရောင်ပဝါလေးကို မျက်နှာဖုံးကာ အိပ် ပျော်နေ၏။

ဂျာအေးနှင့် ဖျောက်ဆိပ်မှာ လူဝကြီး၏ ဟောက်သံကြောင့် မအိပ် နိုင်ကြပေ။

"ဒုက္ခပါပဲကွာ၊ ဟောက်လိုက်တာမှ တခေါခေါ"

"အေးဗျာ၊ ဒီကိစ္စ ဘေးဘီကို ဒုက္ခပေးတာဗျ"

"ဟုတ်ပါ့ကွာ"

"နေဦးဗျ"

"ဟာ - ဘာ. . . ဘာလုပ်မလို့လဲ"

ဂျာအေးသည် ဖျောက်ဆိပ်ခုံဘေးမှ မီးသေနေသော ဆေးလိပ်တိုကို ယူကာ လူဝကြီး ပါးစပ်ထဲ ဖျတ်ခနဲ ထည့်ပြီး အိပ်ချင်ယောင်ဆောင်နေ လိုက်၏။ ဂျာအေး ပြုသနာရှာပြီ ဆိုသည်နှင့် ဖျောက်ဆိပ်ကလည်း ပုဆိုး ခေါင်းမြီးခြုံကာ ကွေးနေလိုက်၏။

"ဖူး. . . ဖူး အီးအား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် - ဘာ. . . ဘာဖြစ်တာလဲ"

"အဲ - ဟာ ဆေးလိပ်တို"

"ဘယ်သူလုပ်တာလဲ"

"ငါ့ပါးစပ်ထဲ ဘယ်သူထည့်တာလဲကွ"

လူဝကြီးမှာ အကြီးအကျယ် ပေါက်ကွဲနေ၏။ အိပ်နေရာမှ အတင်း လူးလဲထလာပြီး ပါးစပ်ထဲမှ ဆေးလိပ်တိုကို ထွေးထုတ်လိုက်၏။ သမီး လုပ်သူကလည်း ဂျာအေးတို့နှစ်ဦးကို ကြည့်လိုက်၏။ နှစ်ယောက်စလုံးက တကယ် အိပ်မောကျနေသည့်ပုံ။

ဘယ်သူ့ ရန်လုပ်ရမှန်း မသိ၊ လူဝကြီးမှာ ဂျာအေးတို့ လက်ချက် ဟုသာ အထင်ရှိနေ၏။

ထိုအချိန် ဂျာအေးနှင့် ဖျောက်ဆိပ်တို့မှာ ဟောက်သံငြိမ်သွားပြီမို့ တကယ်ပင် အိပ်ပျော်သွားကြပြီ ဖြစ်၏။ သူတို့နှစ်ဦးကိုကြည့်ပြီး မကျေ မချမ်း ဖြစ်နေသူက လူဝကြီးအေးမှ အမျိုးသမီးငယ်လေး ဖြစ်၏။ သူတို့ နှစ်ဦးကို ဘယ်လို ဒုက္ခပေးရမလဲ ကြံနေ၏။

နောက်ဆုံး ဂျာအေးတို့အောက်မှ ဖိနပ်ကို ဆွဲထုတ်ကာ သင်္ဘော အနောက်ဘက် အမှိုက်ပုံးထဲ ပစ်ချလိုက်လေ၏။

"သမီး"

"ဘာလဲ ဖေဖေရဲ့"

"ဟို - အဲဒီကိစ္စ ကောင်းပါ့မလားကွယ်"

"ဘာလို့ မကောင်းရမှာလဲ၊ သူတို့က ဖေဖေ့ကို ဒုက္ခပေးခဲ့တာလေ။ သမီး ကလဲ့စားချေရမှ ကျေနပ်မယ်"

"ဟုတ်ပါ့ကွာ၊ တော်တော် ပြဿနာရှာတဲ့ကောင်တွေ"

"ပညာပေးလိုက်တာပေါ့ ဖေဖေရာ"

"ကောင်းတယ် သိပ်ကောင်းတယ်၊ ဒါပေမယ့် ဖေဖေတို့ နေရာ ပြောင်းမယ်။ ဒီနှစ်ကောင်နား နေရတာ မျောက်လွှဲကျော်တွေနား နေရ သလိုပဲ။ ကဲ - ထထ သမီး၊ အခန်းလွတ်ရှိရင် ငှားကြတာပေါ့"

သူတို့သားအဖ ဂျာအေးတို့ မနိုးခင် အခန်းပြောင်းသွားကြ၏။ သင်္ဘောကြီးသည် ဝါးခယ်မသို့ ရောက်ရှိလာ၏။ ခရီးသည်များ၊ ကုန်ထမ်း





သမားများ ဝရုန်းသုန်းကား တက်လာသဖြင့် ဂျာအေးတို့နှစ်ဦး အိပ်နေရာမှ ဖျတ်ခနဲ လန့်နိုးလာကြ၏။ ဦးဆုံး ဖိနပ်ပြဿနာ ဖြစ်လာသူက ဖျောက် ဆိပ်၊ အိမ်သာဘက်သွားရန် လူးလဲအထတွင် ဖိနပ်ရှာမတွေ့။

"ဟာ - ဖိ. . . ဖိနပ်"

"ဘာတုံးဗျ"

"ငါ့ဖိနပ် ဘယ်ရောက်သွားပါလိမ့်"

"ဟာ - ကျုပ်ဖိနပ်လည်း မရှိတော့ဘူး"

"ဟေ - ဘယ်လိုဖြစ်တာတုံးကွ"

"ဒုက္ခပါပဲဗျာ၊ ပျောက်မယ့်ပျောက်တော့ နှစ်ရန်လုံး ပျောက်တာပါ လား။ ဒါ တော်တော့်ကို ထူးဆန်းတယ်ကွ"

"ဟုတ်ပါ့ဗျာ၊ ဒီကိစ္စ မရိုးသားဘူးကွ"

"မထူးပါဘူးကွ၊ တွေ့ရာဖိနပ် ရှာပြီးဝတ်မှ"

ဖျောက်ဆိပ်တစ်ယောက် ဗိုက်ထဲက ပြဿနာကြောင့် ခုံပေါ်မှ အတင်း လူးလဲထလိုက်၏။ ထို့နောက် တုံးလုံးပက်လက် အိပ်မောကျနေ သော လူများကို ကျော်လွှားရင်း တာယာဖိနပ်တစ်ရန် တွေ့လိုက်ရသဖြင့် ကောက်စွပ်လိုက်၏။

"ဟာ ဟေ့ဟေ့ အဲဒါ နာ့ဖိနပ်ကွ၊ နင် ဘာဖြစ်လို့ ခိုးတာလဲ ပြော စမ်း"

"အရေးထဲကွာ"

ဖျောက်ဆိပ် မတတ်နိုင်တော့။ မှတ်ဆိတ်မွေးဖွားဖွား ကုလားကြီးကို တစ်ချက် ငဲ့ကြည့်ရင်း အိမ်သာသို့ တန်းပြေးလေတော့၏။ ကုလားကြီးက လည်း နောက်မှ အတင်း ဒရောသောပါး လိုက်လာ၏။ ထိုအချိန် ဖျောက် ဆိပ်တစ်ယောက် အိမ်သာထဲမှလူကို အတင်း ဆွဲထုတ်ကာ တံခါး အလျင် အမြန်ပိတ်၍ ကိုယ့်ပြဿနာကိုယ် အမြန်ရှင်းနေရ၏။

"ဟိတ် - နင် ငါ့ဖိနပ် ပြန်ပေးစမ်း"

"နေစမ်းပါဦးဗျာ"

"ငါ လူကြီးတွေ တိုင်ရမလား"

"တိုင်ဗျာ၊ အရေးထဲကွာ အီး. . ."



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ဆိပ် မမှုနိုင်တော့။ ထိုအချိန် အိမ်သာအပြင်ဘက်တွင် မကျေမချမ်း ဖြစ်နေသော ကုလားအဘိုးကြီးသည် သင်္ဘောရဲအမှုထမ်း တစ်ဦးကို တိုင်ကြားလိုက်ရာ ရဲသားနှစ်ဦး အိမ်သာဝတွင် ရပ်စောင့်ကာ တံခါးခေါက်လိုက်၏။

"ဟေ့လူ ထွက်ခဲ့စမ်း"

"ဟာ - နေပါဦးဗျာ၊ ဒီမှာ ဗိုက်နာနေလို့"

"မြန်မြန်လုပ်စမ်း"

"အရေးထဲကွာ အီး. . ."

ဖျောက်ဆိပ်တစ်ယောက် တအီးအီး တအားအားနှင့် အော်ဟစ်ရင်း နောက်ဆုံး အိမ်သာတံခါးကို ဖွင့်၍ ထွက်လာ၏။ ရဲနှစ်ဦး အသင့်စောင့်နေသည်ကို မြင်တော့ မျက်လုံးမျက်ဆန်ပြူးနေ၏။ ထိုစဉ် ကုလားအဘိုးကြီးက ဖျောက်ဆိပ် မြင်သည်နှင့် လက်ညှိုးတထိုးထိုးနှင့် လုပ်လေတော့၏။

"အဲဒီကောင်ပဲ၊ နာ့ဖိနပ်ခိုးတာ သူပဲ"

"လာခဲ့စမ်း"

"ဗျာ၊ ဟို ကျုပ်ဖိနပ် ပျောက်နေလို့ပါဗျာ။ အဲဒါ တွေ့ရာဖိနပ် ယူစီးမိတာပါ"

"လာလာ ရုံးခန်းရောက်မှရှင်း"

"ဗျာ"

နောက်ဆုံးတော့ ဖျောက်ဆိပ်တစ်ယောက် သင်္ဘောလုံခြုံရေးခန်းထဲသို့ ရောက်ရှိသွား၏။ ရဲအမှုထမ်းတစ်ဦးက ဖျောက်ဆိပ်ကို အသေအချာ စစ်ဆေးနေ၏။ ဖျောက်ဆိပ်ကလည်း အမှန်အတိုင်း ရှင်းပြနေ၏။ ကုလားအဘိုးကြီးကိုလည်း ထိုင်ရှိခိုးမတတ် တောင်းပန်ခဲ့ရ၏။

မနည်းကြီး ပြောဆိုမှပဲ သူ့ကို ပြန်လွှတ်ပေးလိုက်၏။ ဖျောက်ဆိပ်ခမျာ ရှုံ့မဲ့ရှုံ့မဲ့နှင့် ပြန်လည် ရောက်ရှိလာ၏။ ထိုအချိန်အထိ ဂျာအေးခမျာ ထိုင်ခုံမှ တစ်ဖဝါး မရွှေ့သေး။

"ဘယ်သွားနေတာတုံးဗျ"

"ဟာ အရေးထဲကွာ၊ ဖိနပ်သူခိုးဆိုပြီး ရဲဖမ်းသွားလို့ကွ။ ပြဿနာကတော့ တစ်ခုပြီးတစ်ခုပဲဟေ့"





"ဗျာ၊ ဘယ်လို ဖြစ်တာတုံးဗျ"

"ပြောတတ်ပါဘူးကွာ၊ ရှေ့ဆက် ဘာတွေဖြစ်ဦးမလဲ မသိဘူးဟေ့။ ငါတော့ သင်္ဘောပေါ်ကတောင် ခုန်ချလိုက်ချင်တယ်"

"လုပ်ပြီဗျာ၊ ဒီမှာ ဖိနပ်မရှိလို့ ခေါင်းစားနေရတဲ့ကြားထဲ၊ ဘာလုပ်ကြမလဲဗျ"

"ဟ - ဘာလုပ်ရမှာလဲ ဒီအတိုင်းပဲနေပေါ့ကွာ။ ပုသိမ်ဆိပ်ကမ်းရောက်မှ ဖိနပ်ဝယ်ပေါ့"

"တောက် - ဘယ်တေ နောက်သွားသလဲ မသိဘူး"

"ဟာ - ဟုတ်ပြီကွ၊ ဟို. . . ဟိုသားအဖ"

"ဘာတုံးဗျ"

"ဟုတ်ပါပြီ၊ မင်းဘေးက သားအဖနှစ်ယောက် ပြဿနာရှာသွားတာ ဖြစ်ရမယ်ကွ"

"အင်"

"သေချာပါတယ်ကွာ၊ ငါတို့ကို အမြင်ကတ်ပြီး ဖိနပ်တွေ လွှင့်ပစ်လိုက်တာ ဖြစ်ရမယ်"

"တောက် - တွေ့ကြသေးတာပေါ့ကွာ"

ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦးမှာ ဖိနပ်မရှိသဖြင့် မသွားရဲ မလာရဲ ဖြစ်နေကြ၏။ နောက်ဆုံး ပုသိမ်ဆိပ်ကမ်းသို့ အရောက်တွင် လူအုပ်ကြီးကြား ဒရောသောပါး ဆင်းခဲ့ကြလေ၏။

နှစ်ဦးစလုံး ပုဆိုးကို ခြေဖျားတိုက် ဝတ်ခဲ့ကြပြီး ဆိပ်ကမ်းက ထွက်သည်နှင့် ဖိနပ်ဆိုင် ရှာနေလေ၏။ ထိုစဉ် သူတို့နှစ်ဦး မြင်းလှည်းဂိတ်သို့ ရောက်ရှိသွား၏။ အိပ်ငိုက်နေသော မြင်းလှည်းဆရာကို ပခုံးပုတ်ပြီး မေးလိုက်၏။

"ဟာ - ဘာတုံးကွ"

"ဟင် - ခင်ဗျား ကို. . . ကိုတင်မွန်"

"ဟာ - ဂျာအေး၊ ကိုကြီးဖျောက်"

"ဟေ့ကောင် တင်မွန်၊ မင်းက မြင်းလှည်းမောင်းနေသလားကွ"

"ဟုတ်ပါ့ဗျာ၊ ဒါ ကျွန်တော် ဝယ်ထားတဲ့ မြင်းလှည်းလေဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ ဘယ်လာတာလဲ"

တင်မွန်မှာ မိန်းမ အလွန် ကြောက်ရသူ ဖြစ်၏။ အိမ်ကို ညှော့သည် မခေါ်ရဲ။ သူ့ဘက်က ဆွေမျိုးဆိုလျှင် ဇနီးသည် မရွှေငါးက မကြိုက်။ နှုတ်ခမ်းကြီး တစ်တောင်လောက် ဆူကာ ပြဿနာမရှိ ပြဿနာရှာတတ်၏။

ထိုအခြေနေကို ဂျာအေးတို့က မသိ။ ပုသိမ်မြို့တွင် အားကိုးစရာ ဆို၍လည်း တင်မွန်ပဲ ရှိသည်မို့ စိတ်ထဲရှိရာ ပြောလိုက်၏။

"ဟ - မင်းအားကိုးနဲ့ လာတာပေါ့ကွာ"

"ဗျာ၊ ကျုပ်ဆီ ဟုတ်လား"

"ဘာဖြစ်သတုံး၊ မင်းမှာ အိမ်ရာမရှိဘူးလား"

"ရှိတာပေါ့ဗျာ၊ ဒါ. . . ဒါပေမယ့် ကျုပ်မိန်းမ ရွှေငါးက တအား နှုတ်ဆိုးတာဗျ။ ကျုပ်ညှော့သည်ဆို အမြဲ ပြဿနာရှာတာ"

"ဟင် - မိန်းမကြောက်ရတာလည်း တစ်ကမ္ဘာလုံးပါလားကွ"

"ဟကောင် ဂျာအေး၊ မင်းက မိန်းမမှ မယူဘူးသေးပဲကွ ဟဲဟဲ"

"ဒါ. . . ဒါဆို ငါတို့နှစ်ယောက် ပုသိမ်မြို့ပေါ်မှာ ဒုက္ခတွေ့ပြီပေါ့ ကွာ။ တခြား နည်းလမ်း မရှိတော့ဘူးလားကွာ"

တင်မွန်တစ်ယောက် ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦးကို မြင်ရသောအခါ အကြီးအကျယ် ခေါင်းစားနေ၏။ မိန်းမအကြောင်း ကောင်းကောင်းသိထားသည်မို့ အိမ်သို့လည်း ခေါ်မသွားရဲ။ ဘာကို ဆုံးဖြတ်ရမှန်းမသိ ဖြစ်နေ၏။ ထိုစဉ် ဂျာအေးထံမှ အသံထွက်လာ၏။

"ဟေ့ကောင် တင်မွန်"

"အင် ဘာတုံးကွ"

"မင်းမိန်းမ ဘာကြိုက်သတုံးကွ"

"ဟေ - ငါ့မိန်းမ"

"အေးလေ၊ သူ ဘာကြိုက်သတုံးပြော"

"ဟာ - ငါ့မိန်းမ ကြိုက်တာတွေ အစုံပဲကွ။ ခေါက်ဆွဲသုပ်၊ လက်သုပ်၊ ဆီးသီး၊ မရန်းပြား"

"ဟာ - မင်းကလည်းကွာ၊ ငါမေးတာ မင်းမိန်းမ ဘာကြိုက်သလဲ





မေးတာကွ"

"ဟာ - ငါ့မိန်းမက အကြိုက် ခပ်များများကွ"

"ဟေ"

"ဂျာအေးကလည်းကွာ၊ မိန်းမဆိုမှ လောဘက ကြီးပြီပေါ့ကွာ။ အပုလေးလို မိန်းမတွေ အများကြီးကွ"

"ဟုတ်ပြီ၊ မိန်းမ အကြိုက်ဆုံးက"

"ဘာ. . . ဘာလဲကွ"

"ငွေ. . . ငွေလေဗျာ"

"အေး အဲဒါတော့ ဟုတ်တယ်၊ ငါ့မိန်းမက ငါ အိမ်ပြန်မလာချင်နေ ပိုက်ဆံသာပို့လိုက် အိုကေပဲကွ"

"သိပ်သိတာပေါ့ကွာ၊ ကိုင်း - ဘာမှ မပူနဲ့၊ ငါ မင်းဆီမှာ တစ်ရက်၊ နှစ်ရက်နေမှာ။ အဲဒီလိုနေတုန်း စားစရိတ်ပေးမယ်ကွာ"

"ကောင်းပါ့မလားကွ၊ မင်းနဲ့ငါ တစ်ရွာတည်းသားချင်းတွေလေ"

"အိုကွာ၊ အဲဒါတွေ ဘေးချိတ်၊ မင်းလည်း စီးပွားရေးလုပ်နေတာပဲ။ ဒါထက် မင်းက ဟာလဝါ မလုပ်ဘူးလား"

"လုပ်ပါ့ကွာ၊ အဲဒီအလုပ်ကို ငါ့ယောက်ဖနဲ့ လွှဲထားတယ်လေ။ ငါက မြင်းလှည်းတစ်စီးဝယ်ပြီး တစ်ဖက်က စီးပွားရှာနေတာကွ"

"မင်းကတော့ မလွယ်ဘူး၊ ကိုင်း - ဒါဆို မင်းတို့အိမ်သွားကြမယ်။ လောလောဆယ် ငါတို့နှစ်ယောက် နှစ်ညတည်းမယ်ကွာ။ ဟောဒီမှာ တစ်သောင်း"

"ဟာ - များ. . ."

"မများပါဘူးကွာ၊ ယူလိုက်"

တင်မွန်တစ်ယောက် သူ့မိန်းမ အညာကို သိနေသော ဂျာအေး၏ ပညာစွမ်းကို အံ့ဩနေ၏။ နောက်ဆုံးတော့ သူတို့ကို အိမ်သို့ ခေါ်ချလာခဲ့၏။ ဇနီးသည် မရွှေငါးက သူတို့နှစ်ဦးကို ပြုံးပြုံးလုပ်ချင်သေး၏။ သို့သော် ပိုက်ဆံတစ်သောင်း တန်ခိုးကြောင့် စောစောက ရှုံ့တွတွ အမူအရာများ ပျောက်ဆုံးသွားလေတော့၏။

ထိုအချိန် ဂျာအေးနှင့် ဖျောက်ဆိပ်သည် တင်မွန်နှင့် မျက်နှာချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထိုင်ကာ ဦးကမ္ဘာစိုး ညွှန်ပြလိုက်သည့် လိပ်စာပါ ရွာကလေးကို မေးလိုက်၏။

"ဩော် ဒါများကွာ၊ ယင်းတိုက် ဆိုတဲ့ ရွာဟာ ငါ အဲဒီဘက်ကို တစ်ခေါက်၊ နှစ်ခေါက်ပဲ ရောက်ဖူးတာကွ။ မပူနဲ့ မနက်ဖြန် မင်းတို့ကို ငါ လိုက်ပို့မယ်"

"တော်သေးတာပေါ့ကွာ၊ ငါက ရှာရခက်မလား ထင်နေတာကွ"

"မပူစမ်းပါနဲ့ကွာ"

တင်မွန် စကားကြောင့် သူတို့နှစ်ဦး ဝမ်းသာအားရ ဖြစ်သွားကြ၏။ မရွှေငါးကလည်း သူတို့နှစ်ဦးအတွက် ဟင်းကောင်း၊ ထမင်းကောင်းများ ချက်ပြုတ်ကျွေးမွေးခဲ့၏။ ပိုက်ဆံမျက်နှာက ကြီးပေစွ၊ နှုတ်ကြမ်းအာကြမ်းနှင့် တင်မွန်နှ ညည်သည်မှန်သမျှ ပတ်ကြမ်းတိုက်ခဲ့သော မရွှေငါးတစ်ယောက် ယခုတော့ လေသံကအစ ချိုလွန်းသဖြင့် ပုရွက်ဆိတ်တက်မှာပင် ကြောက်နေရလေ၏။

နောက်တစ်နေ့ နံနက်ခင်း အရောက်တွင် ဖျောက်ဆိပ်ကို ထားကာ သူတို့နှစ်ဦး ယင်းတိုက်ရွာသို့ ကားကြုံဖြင့် ထွက်ခဲ့ကြ၏။ တင်မွန်က လမ်းတစ်လျှောက်လုံး လေတွေ လွှတ်နေ၏။ ပြောလိုက်သည့် စကားတွေကလည်း ရေနံချောင်းမှာ နေခဲ့စဉ်က အဖြစ်အပျက်များပင် ဖြစ်၏။

သူတို့ လိုက်ပါလာသော ကားကြီးသည် ကွေ့တိကွေ့ကောက် လမ်းများကို လှည့်ပတ်မောင်းနှင်ရင်း နောက်ဆုံး ယင်းတိုက်ရွာစပ်သို့ ရောက်ရှိလာ၏။ ကားရပ်သည်နှင့် ရွာထဲမှလူများ ပြေးထွက်လာ၏။ ကားပေါ် ပါလာသည့် ပစ္စည်းပစ္စယများကို ဝိုင်းဝန်း သယ်ပိုးနေကြ၏။ ကလေးတစ်အုပ်၊ ခွေးတစ်အုပ်ကလည်း ကားရပ်သည်နှင့် စုဝေးရောက်ရှိလာကာ အော်ဟစ်နေကြ၏။

ဂျာအေးနှင့် တင်မွန်တို့နှစ်ဦး ကားပေါ်မှ ဆင်းလိုက်ကြ၏။

"ဟိတ်ကောင် နိုးတူး၊ မင်း. . . မင်း လွတ်လာပြီလားကွ"

"ဗျာ၊ ဟို ကျုပ်"

"နိုးတူး၊ မင်း. . . မင်း ဘာကြောင်နေတာလဲကွ"

"ဗျာ၊ ခင်ဗျားက ကျုပ်ကို နိုးတူး"





"ဟုတ်တယ်လေ၊ မင်း နိုးတူး မဟုတ်လား။ ဘာကြောင်နေတာလဲကွ"

"အင်"

ရုတ်တရက် ပေါ်ပေါက်လာသော အခြေအနေကြောင့် ဂျာအေး ကြောင်စီစီ ဖြစ်သွား၏။ သူ့ကို အတင်း ဆွဲလွဲနှုတ်ဆက်လာသော ရွာသား တစ်ဦးကပြီးတော့ သူ့ကို နိုးတူးဟု ခေါ်လာသဖြင့် ဂျာအေး ကြောင်နေ၏။ တင်မွန်မှာလည်း အူချာချာ။

"ဟေ့ကောင် မင်းကို နိုးတူးတဲ့၊ ဟီးဟီး ဧကန္တ မင်းနဲ့တူတဲ့ကောင် ရှိနေပြီထင်တယ်"

"ဖြစ်နိုင်တယ်ကွ"

"ဟဲ့ နိုးတူး၊ နင်. . . နင် လွတ်လာပလားဟဲ့။ ငါတို့ဖြင့် နင့်အတွက် စိတ်ပူလိုက်ရတာဟယ်၊ ရွာထဲလိုက်ခဲ့လေ"

"ဒုက္ခပါပဲ"

"ဘာဒုက္ခ တ, နေတာလဲဟဲ့၊ လာလေ"

အမျိုးသမီးကြီး တစ်ဦးက သူ့ကို အတင်း လက်ဆွဲခေါ်သွားသဖြင့် သူတို့နှစ်ဦး အူလည်လည်နှင့် ရွာထဲ လိုက်ခဲ့ရ၏။ ရွာထဲ ဝင်တော့မှ ဟိုကနှုတ်ဆက် ဒီကနှုတ်ဆက်နှင့် ဂျာအေး လည်နေ၏။

ထိုစဉ် ရွာလူကြီး အိမ်ရှေ့သို့ ရောက်လာ၏။ သူ့နံဘေးတွင် ပေတိုး ဆိုသော ရွာသားတစ်ဦး ပါလာ၏။

"အဲဒါ ဦးဘတိုးတို့ အိမ်လေကွာ၊ မင်းကလည်း ဘာကြောင်နေသတုံး၊ ကိုယ့်ရွာတောင် ကိုယ်မမှတ်မိတော့ဘူးလားကွ"

"အင် - ဟို. . . ဟဲဟဲ"

နောက်ဆုံးတော့ သူတို့နှစ်ဦး ရွာလူကြီး ဦးဘတိုးတို့အိမ်သို့ ဝင်ခဲ့ကြ၏။ ထိုအချိန် ဦးဘတိုးသည် ပက်လက်ကုလားထိုင် တစ်လုံးတွင် ထိုင်ကာ မုတ်ဆိတ်မွေး နုတ်နေ၏။ ဂျာအေးကိုမြင်တော့ တအံ့တဩ။

"ဟာ နိုးတူး၊ မင်း. . . မင်း ဘယ်လို လွတ်လာတာလဲကွ"

"ဗျာ၊ ကျုပ် ဘာဖြစ်လို့လဲဗျ"

"ဟေ - မင်းစကားက ဘာတုံးကွ၊ မင်းကို ရဲတွေခေါ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက်၊ သုံးရက်ပဲ ရှိသေးတယ်လေ။ ဘယ်လိုပြောပြီး လွှတ်လာတာလဲကွ"

"ဟင် - ဒါဆို နိုးတူးဆိုတဲ့လူက အဖမ်းခံနေရတာကိုး"

"အင် - မင်း. . . မင်းက"

"မှားနေပြီ အရပ်လူကြီးရဲ့၊ ကျုပ်က ရန်ကုန်က မနေ့တစ်နေ့ကမှ ရောက်လာတဲ့လူပါဗျ။ ကျုပ်နာမည် ဂျာအေးပါ ခင်ဗျာ"

"ဘာကွ၊ ဂျာအေး၊ မင်းကလည်း နောက်တီးနောက်တောက်ကွာ၊ မင်းရုပ်က ခွေးချီသွားတောင် မှတ်မိပါတယ်ကွာ"

"ဗုဒ္ဓေါ"

ဂျာအေးတစ်ယောက် အရပ်လူကြီး ဦးဘတိုး စကားကြောင့် သူနှင့် ရုပ်ရည်တူနိုင်သော နိုးတူး၏ အကြောင်းကို တစ်စွန်းတစ်စ သိလာ၏။ ထို့ကြောင့်လည်း သူ့နာမည်အမှန်ကို ပြောပြလိုက်ကာ နိုင်ငံသားကတ်ပြား ထုတ်ပြလိုက်ရ၏။

ဦးဘတိုးသည် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်နေ၏။

"ဟင် - ဂျာအေး၊ ဘုရား. . . ဘုရား၊ မင်း. . . မင်းနဲ့ နိုးတူးက ရုပ်ချင်းဆင်လှချည်လားကွာ"

"အဲဒီလောက်ပဲလားဗျာ"

"ဟာ - တူလိုက်တာမှ အသားအရေကအစ ချွတ်စွပ်ပဲကွ"

"ဗျာ၊ ဘုရား. . . ဘုရား၊ အဲဒီ နိုးတူးက ဘယ်ရောက်သွားလို့လဲဗျ"

"ဟာ - ဒီကောင် လူရိုက်မှုနဲ့ အချုပ်ထဲ ရောက်သွားပြီလေ"

"ဗျာ၊ ကြားရတဲ့သတင်းက မျက်ခုံးလှုပ်စရာပါလားဗျာ"

"နေပါဦးကွာ၊ မင်း. . . မင်းက ဒီရွာကို ဘာလာလုပ်တာလဲကွ။ ပြောပါဦး"

"ဩော် ဟုတ်သားပဲ၊ လာရင်းကိစ္စတောင် မေ့နေတယ်ဗျာ။ ဒီ. . . ဒီလိုဗျ၊ ဟို ဒီ ယင်းတိုက်ရွာမှာ မရွှေမှုန်ဆိုတဲ့ အမျိုးသမီးများ မရှိဘူးလား ဟင်"

"ဘာ - မရွှေမှုန် ဟုတ်လား"

"ဟုတ်. . . ဟုတ်ပါတယ် ခင်ဗျာ"





"ဟာ - မင်းလုပ်လာပုံက အတော့်ကို အံ့ဩစရာပါလားကွ"

"ဘာ. . . ဘာဖြစ်လို့လဲ အရပ်လူကြီးရယ်"

"မရွှေမှုန်က နိုးတူးရဲ့ အမေကွ၊ ပြီးတော့ သေတာ တစ်ပတ်ကျော်ကျော်ပဲ ရှိသေးတယ်"

"ဗျာ၊ မရွှေမှုန် သေပြီ ဟုတ်လား"

"ဟုတ်ပ။ နိုးတူး အဖမ်းခံရတာလဲ၊ သူ့အမေ ရွှေမှုန်ကြောင့်ကွ။ မင်းဥစ္စာ တိုက်ဆိုင်လှပါလားကွာ"

"ဟင် - အတော်ကို အံ့ဩစရာပဲဗျာ။ ကျွန်တော်တော့ ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ဘူးဗျာ"

"ငါတို့က ပိုပြီး အံ့ဩသကွာ။ မင်းနဲ့ နိုးတူးက ချွတ်စွပ်ပဲကွ၊ ဘယ်လိုမှ ခွဲလို့မရဘူး။ ဟုတ်မှလည်းလုပ်ပါ နိုးတူးရာ၊ ငါတော့ မင်းကို ဂျာအေးလို့ ယုံရမှာ ခပ်ခက်ခက်ကွ"

ဂျာအေးတစ်ယောက် ကြုံလိုက်ရသော ဖြစ်ရပ်ကြောင့် ဝေသွား၏။ သူနှင့် နိုးတူးဆိုသောလူက အသွင်သဏ္ဍာန်အားဖြင့် ခွဲခြား၍ မရအောင် တူနေသည်မှာ အံ့ဩစရာပင်။ အရပ်လူကြီး ကိုယ်တိုင်ကလည်း သူ့ကို ဂျာအေးလို့ပင် မယုံချင်။ ထို့ကြောင့်လည်း နိုးတူးအကြောင်းကို မေးမိ၏။

"မသိလို့ မေးပါရစေဦး အရပ်လူကြီးရယ်၊ အဲဒီ နိုးတူးက ဘာဖြစ်လို့ အချုပ်ခံရတာလဲဗျ"

"နိုးတူးအဖြစ်က သနားစရာကွ။ ဒီကောင်တွေ သားအမိက ရွာမှာ တအားကို ဆင်းရဲတာ။ အဲဒါ သူ့အမေ မကျန်းမမာဖြစ်တော့ ဆေးကုဖို့ ပိုက်ဆံ မရှိဘူးကွ။ ဒါနဲ့ ဦးရွှေကို မိန်းမဆီ ပိုက်ဆံသွားချေးတာကွ။ အဲဒါ အဲဒီလင်မယားနှစ်ယောက်က သူ့ကို အထင်သေး အမြင်သေးနဲ့ ပြောလိုက်သကွ။ ပြီးတော့ သူ့သား ဖိုးလုံးကလည်း နိုးတူးကို နှစ်ပြားမတန်အောင် ပြောလို့ နောက်ဆုံး ဖိုးလုံးကို ရိုက်ပစ်လိုက်တာပေါ့ကွာ။ နေပါဦး မင်း. . . မင်း တကယ် နိုးတူး မဟုတ်ပါဘူးနော်"

"ဟာ - ကျွန်တော် ညာပြီး ပြောပါ့မလားဗျ။ ဒါဆို ခု မြို့ဘက် ရောက်သွားပြီပေါ့"

"ဟုတ်တယ်လေ၊ ခုတော့ မြို့ပေါ်က အချုပ်ခန်းထဲမှာ ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ရွာကလူတွေ အာမခံလိုက်သွားကြတယ်ကွ။ ငါလည်း လိုက်မလို့ဘဲ ခြေထောက်မကောင်းလို့ကွ။ ပြောရရင် နိုးတူးအမေလည်း နိုးတူး အဖမ်းခံရပြီး နောက်တစ်ရက် ဆုံးသွားရှာတယ်ကွ"

"ဒါ. . . ဒါဆို ကျုပ် အဲဒီကိုပဲ လိုက်သွားတော့မယ်ဗျာ"

"ဟင် - သွားတော့မလို့လား"

"သွားမယ်ဗျာ၊ နေမဝင်ခင် မြို့ကို အရောက်သွားမှ ဖြစ်မယ်ဗျ။ ရဲစခန်းလည်း လိုက်ရဦးမယ်လေ"

"ဟုတ်သားပဲ၊ ဒါဆိုလည်း အမြန်သွားပေတော့"

"ကျေးဇူးပါပဲဗျာ"

ဂျာအေးနှင့် တင်မွန်တို့နှစ်ဦး ရွာလူကြီးအိမ်ပေါ်မှ ကသောကမျော ဆင်းကြ၏။ ရွာထိပ်ရောက်တော့ အချိန်က နေညိုချိန်သို့ ရောက်ရှိနေပြီ ဖြစ်၏။ လမ်းတစ်ဖက်တစ်ချက် လယ်ကွင်းကြီးမှာလည်း မှိုင်းမှိုင်းညို့ညို့နှင့် အလင်းပင် ပျောက်လုလု ဖြစ်နေ၏။

သူတို့နှစ်ဦး ကားလမ်းဘက်သို့ သုတ်ခြေတင်ခဲ့ကြ၏။ ထိုစဉ် သူတို့နှစ်ဦးနောက်မှ လူတစ်ဦး အပြေးအလွှား လိုက်လာ၏။

"ကိုနိုးတူး၊ ကိုနိုးတူး နေ. . . နေပါဦး"

"ဟာ - ဘယ်သူလဲ"

အသံကြောင့် ဂျာအေး ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။

အမျိုးသမီးငယ်တစ်ဦး။ သူနှင့် အရွယ်ချင်း မတိမ်းမယိမ်း။ အသားအရေက ဝါရော်ရော်နှင့် ချစ်စရာကောင်းလှ၏။ သူ့ကို မြင်သည်နှင့် အမောတကော ရောက်လာ၏။

"ကိုနိုးတူး၊ ကိုနိုးတူး"

"ဟင် - ခင်. . . ခင်ဗျား"

"ထွေးထွေးပါ လိုက်ခဲ့ပါရစေ ကိုနိုးတူးရယ်၊ ထွေးကို မထားခဲ့ပါနဲ့ရှင်"

"ဗျာ၊ ထွေး ဟုတ်လား"

"ဘာဖြစ်နေတာလဲ ကိုနိုးတူး၊ ရွာမှာ မနေတော့ဘူး မဟုတ်လား။ ကျွန်မလည်း မနေချင်ဘူး။ အမေတို့ အစ်ကိုတို့က မတရားဘူး။ ကိုနိုးတူးကို သူတို့ မတရားလုပ်ကြတာ"

"ဟာ - ရှုပ်ကုန်ပြီ"

"ဘာတွေ ရှုပ်ကုန်တာလဲ ကိုနိုးရဲ့၊ တော်ကြာ ကိုကြီးဖိုးလုံးတို့ လိုက်လာမှ ပြဿနာတွေ ပိုရှုပ်ကုန်မှာ။ သွား. . . သွားကြမယ်လေ"

အမျိုးသမီးငယ်၏ စကားကြောင့် ဂျာအေး ဘယ်လို ပြန်ဖြေရှင်းရမှန်းပင် မစဉ်းစားတတ်တော့။ ထို့ကြောင့် ရှည်ရှည်ဝေးဝေး ရှင်းပြမနေတော့ဘဲ အမျိုးသမီးငယ်ကိုခေါ်ကာ မှီရာကားကို တား၍ မြို့ဘက်သို့ ထွက်ခဲ့ကြလေ၏။

တင်မွန်မှာ ဂျာအေးကို လက်တကုတ်ကုတ်နှင့် လုပ်နေ၏။ ပြဿနာက တခြား မဟုတ်၊ ယခု လိုက်လာသော အမျိုးသမီးငယ်မှာ ဘယ်သူဘယ်ဝါမှန်းလဲ မသိ။ ဘုန်းကြီးအမှု ရွာပတ်မည့်ကိန်း ဆိုက်နေသဖြင့် မျက်ခုံးတလှုပ်လှုပ် ခံစားနေရလေ၏။

✂ ✂ ✂







BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

မြို့ဘက်သို့ ပြန်အရောက်တွင် ဂျာအေးဘေးမှ ပါလာသော အမျိုးသမီးငယ်ကို ကြည့်ပြီး မျက်လုံးပြူးသွားသူက ဖျောက်ဆိပ်။ တင်မွန်မှာတော့ မယားလုပ်သူ မရွှေငါး အရိပ်အခြည်ကို ဘုရားတ, နေရ၏။

အမျိုးသမီးငယ်ကတော့ ဂျာအေးကို ကိုနိုး. . . ကိုနိုးနှင့် ဖြစ်နေ၏။ ထိုအသံကြောင့် ဖျောက်ဆိပ်မှာ ပါးစပ်အဟောင်းသား။

"ဘယ်. . . ဘယ်လိုဖြစ်ကုန်ပြီလဲကွ၊ မင်း. . . မင်း ဘာတွေလုပ်လာသလဲ"

"[illegible]ပ်လည်း ဘာပြောလို့ ပြောရမှန်းတောင် မသိတော့ဘူး"

"ဟင် - ဒါဆို မင်း မိန်းမခိုးလာတာပေါ့"

"ဗျာ"

"အို ရှင်ကြီး[illegible]မေးမြောက်မေးနဲ့ သူများကိစ္စ ဝင်မပါပါနဲ့"

"ဟော"

အမျိုးသမီးငယ်၏ စကားကြောင့် ဖျောက်ဆိပ် ခွေးအ,ကြီး လှည်းနင်းသလို ဖြစ်သွား၏။ တင်မွန်မှာလည်း မျက်စိသူငယ် နားသူငယ် ဖြစ်နေ၏။ ထိုစဉ် မရွှေငါးတစ်ယောက် ခြင်းတောင်းကြီးဆွဲ၍ အိမ်ပေါ် တက်လာ၏။





"ဟောတော် ကိုဂျာအေး၊ ရှင် မိန်းမ ခိုးလာသလား၊ ဗြုန်းစားကြီး ပါလားတော်။ ဒါဆို ထမင်းဖိုး၊ ဟင်းဖိုး ထပ်ပေးလေ"

"အင်၊ မိန်းမကလည်းကွာ မသိဘဲ ဝင်မပြောစမ်းပါနဲ့။ ဒီမှာ ပြဿနာတွေ ရှုပ်နေပြီကွ"

"ဘာ၊ ရှင် ဘာတွေဖြစ်လာသလဲ ကိုတင်မွန်၊ ရွာကို မီးရှို့ခဲ့လို့လား"

"လုပ်ပြီကွာ၊ ကိုင်း - ဂျာအေး မင်းကလည်း ခုမှ အူတူတူ လုပ်နေပြန်ပြီ။ တစ်ခုခုတော့ ပြောဦးလေကွာ၊ ဒီကိစ္စ မရှင်းရင် ပိုရှုပ်မှာကွ"

"ဟာ - ကျုပ်ထင်တာ ရှင်းရင် ပိုရှုပ်မလားလို့ဗျ"

"အို ရှင်းမှ မရှုပ်တော့မှာပေါ့ကွာ"

"ဟို ရှင်းလေရှုပ်လေ ရှုပ်လေရှင်းလေ"

"ဟာ တော်ကြပါတော့ကွာ၊ မင်းတို့နှစ်ယောက် အရှုပ်အရှင်းကလည်း ငါတောင် ရူးချင်လာပြီ"

"ဟုတ်ပ့ါတော်၊ ရှင်တို့နှစ်ယောက် ရွာသွားတာ ရှုပ်ဖို့လား၊ ရှင်းဖို့လား"

"ဟော၊ မရွှေငါး မင်း. . . မင်း ဝင်မပြောပါနဲ့ကွာ၊ မင်းပြောမှ ပိုဆိုးတယ်"

"အောင်မယ်လေးတော်၊ ကျုပ်က ရှင့်မယားပါ ကိုအတ္တရဲ့။ ရှင်တို့ ဘာတွေရှုပ်ရှုပ် ရှုံ့ပုပ်တော့ မျက်နှာစဉ်သတဲ့တော့။ ခုရှင်းမှ နောက်မရှုပ်မှာလေ"

မရွှေငါးကလည်း သူ ထင်ရာမြင်ရာ စွတ်ပြီး ပြောဆိုနေ၏။ ဂျာအေးနှင့် တင်မွန်မှာလည်း လည်နေ၏။ ဆရာကြီးဖျောက်ဆိပ်မှာ လင်းတကြီးတစ်ကောင်လို ငူစင်းစင်း ဖြစ်နေ၏။ ထိုစဉ် အမျိုးသမီးငယ်လေးက ဝင်ရှင်းလေတော့၏။

"ကျွန်မနာမည် ကျီးဖြူပါ။ ဟောဒီက အစ်ကိုနိုး၊ အဲလေ အစ်ကိုနိုးတူးနဲ့ လူငယ်သဘာဝ မေတ္တာမျှနေကြတာပါရှင်။ အဲဒါ အဖေတို့က သဘောမတူဘူးလေ။ ပြီးတော့ ပြဿနာလုပ်ကြတာနဲ့ အစ်ကိုနိုးလည်း အချုပ်ထဲ ရောက်သွားတာရှင့်။ ခုတော့ အစ်ကိုနိုး အချုပ်က လွတ်လာပြီလေ။ ဒါကြောင့် ကျွန်မလည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး သူ့နောက်လိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ရှင်"

"ဟော - နိုးတူး"

"ဟုတ်တယ်လေ၊ ကျွန်မက ချစ်စနိုးနဲ့ အစ်ကိုနိုးလို့ခေါ်တာ၊ ကျွန်မတို့နှစ်ယောက်က တအား ချစ်ကြတာရှင့်"

"လုပ်. . . လုပ်ကြပါဦးကွာ၊ ငါတော့ ခေါင်းတွေ အူကုန်ပြီကွာ။ ဟော့ကောင် ဂျာအေး၊ မင်းက ဘယ်လိုလုပ်ပြီး နိုးတူး ဖြစ်သွားတာလဲကွ။ မင်း. . . မင်းတော့ ပြဿနာကို အထုပ်နဲ့ အထည်နဲ့ ဖွခဲ့ပြီထင်တယ် ကိုတင်မွန်"

"အင်"

"ခင်ဗျားတို့ ဘာတွေလုပ်ခဲ့ကြသလဲဗျာ၊ ကျုပ်ကောင်လည်း ဘယ်လိုလုပ်ပြီး ဘဝတစ်မျိုး ပြောင်းသွားရတာလဲဗျ"

"အဲဒါ ကျုပ်လည်း မပြောတတ်"

"ဗျာ ဘာတွေတုံး၊ ဟကောင် ဂျာအေး၊ မင်း ဘာလို့ ပါးစပ်ကြီး ပိတ်ထားသတုံး။ ပါးစပ်ဆိုတာ စကားပြောဖို့ ဖြစ်တာလာကွ"

ဂျာအေးကို ကြည့်ပြီး ဖျောက်ဆိပ် အားမလို အားမရ ဖြစ်နေ၏။ တင်မွန်မှာလည်း ခေါင်းတကုတ်ကုတ်။ မရွှေငါးမှာလည်း မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်၍ ကြည့်နေ၏။ ထိုစဉ် ဂျာအေး၏ ညှင်းသိုးသိုး လေသံ ထွက်လာလေ၏။

"ဦးဆုံး ကျုပ် ရှင်းရမယ့်ကိစ္စက ဂျာအေးနဲ့ နိုးတူး ကိစ္စပဲဗျ။ ကျုပ်က ကမ္ဘာပေါ်မှာ ဂျာအေးနဲ့တူတဲ့လူ နောက်တစ်ယောက် မရှိနိုင်ဘူးလို့ တွေးမိတာဗျ။ ခုတော့ ကျုပ်နဲ့ ရုပ်ချင်းခွဲမရအောင်တူတဲ့ လူတစ်ယောက် ပေါ်လာပြီဗျ။ အဲဒါ ဘယ်သူလဲ သိလား၊ နိုးတူးတဲ့။ ဒီကောင်နဲ့ ကျုပ် ရုပ်ချင်း ချွတ်စွပ်တူရာကစပြီး ခုလို ပြဿနာပေါင်းစုံ ဖြစ်လာတော့တာပဲ ဆရာဖျောက်ရေ"

"ဗုဒ္ဓေါ"

"ရှင်၊ ရှင်ပြောပုံဆိုရင် ရှင်ရဲ့အမွှာပေါ့"

"ဟာ မဖြစ်နိုင်ဘူးဗျ၊ ကျုပ်အဖေ ဦးကျောက်ဖားက ကျုပ်တစ်ယောက်တည်း မွေးခဲ့တာဗျ။ ဘယ်နည်းနဲ့မှ အမွှာ မဖြစ်နိုင်ဘူး"





"ဂျာ. . . ဂျာအေး၊ မင်းစကားတွေက ဝတ္ထုထဲက ဖြစ်စဉ်တွေ များလားကွာ"

ဖျောက်ဆိပ်သည် ဂျာအေး၏မျက်နှာကို မှုန်တေတေကြည့်ပြီး မေးလိုက်၏။ ထိုအချိန် မကျီးဖြူမှာ ဂျာအေး၏မျက်နှာကို ဇဝေဇဝါဖြင့် ကြည့်နေ၏။ ထိုစဉ် ဂျာအေး၏ စကားသံ ထွက်လာ၏။

"ပြောရရင် ကျွန်တော် ကိစ္စတစ်ခုနဲ့ ရွာကို သွားတာပါ။ အဲဒီကိစ္စက မရွှေမှုန်ဆိုတဲ့ အမျိုးသမီးကြီးတစ်ယောက်ကို ရှာဖို့ပါ။ အဲဒါ ရွာရောက်တော့ မရွှေမှုန်က ဆုံးသွားပြီလေ။ ဒါပေမယ့် မရွှေမှုန်မှာ သားတစ်ယောက် ကျန်ခဲ့တယ်ဗျ။ အဲဒီလူ နာမည်က နိုးတူးတဲ့"

"ဟင်"

"ဒီလိုနဲ့ ကျွန်တော် ရွာကို ရောက်သွားတော့ တစ်ရွာလုံးက ကျွန်တော့်ကို နိုးတူးလို့ ထင်နေကြတယ်ဗျ၊ ဘယ်လိုမှ ဖြေရှင်းလို့လည်း မရဘူးလေ။ အဲဒီလို ဖြေရှင်းလို့မရ ဖြစ်နေတဲ့ကြားက ဟောဒီ မကျီးဖြူကပါ ကျုပ်ကို နိုးတူးထင်ပြီး အတင်း လိုက်လာတာဗျ။ ကျုပ်လည်း ဘာဆက်ပြောရမှန်း မသိ၊ ဖြေရှင်းဖို့လည်း အချိန်မရှိ ဖြစ်နေတာဗျ။ ခုတော့ ပိုဆိုးကုန်ပြီပေါ့ဗျာ"

"ဟင် ကိုနိုး၊ ရှင်. . . ရှင် ဘာတွေပြောနေသတုံးရှင်။ တစ်ချို့ကွယ် တစ်မယ်မေ့ပြီလား၊ ငါးစိမ်းမြင်လို့ ငါးကင်ပစ်တာလား ပြောစမ်း။ ကျီးဖြူမှာ ဘာအပြစ်ရှိလို့လဲ ပြောပါ၊ ပြောစမ်းပါ ကိုနိုးရယ် အီးအီး"

"ဟာ - မ. . . မဟုတ်သေးပါဘူး မကျီးဖြူရယ်၊ ကျုပ် အမှန်တွေ ပြောနေတာပါ။ ကိုကြီးဖျောက်၊ ကျုပ် ဂျာအေး အစစ်ပါနော်"

"အင်၊ ဟုတ်တယ် ဂျာအေးဟာ ဂျာအေး အစစ်ဗျ။ ဘယ်နည်းနဲ့မှ နိုးတူး မဖြစ်နိုင်ဘူး။ ဒီကောင် ရေနံချောင်းသား ခွေးချီသွားတာတောင် ကျုပ်တပည့်ကို ကျုပ် မှတ်မိတာပေါ့ ကလေးမရာ"

"အို ရှင်. . . ရှင်တို့ ဝိုင်းညာနေကြတာ။ ကျွန်မ ချစ်သလောက် ကိုနိုးက မချစ်ပါလား။ အဖေတို့၊ အစ်ကိုတို့ကို ကျွန်မ ဆန့်ကျင်ပြီး ကိုနိုးနောက်ကို လိုက်ခဲ့တာလေ။ ခုတော့ ပစ်ပစ်ခါခါ လုပ်လိုက်ပြီလား။ ဘာလဲ ရှင် မိန်းမယူရမှာ ကြောက်နေပြီလား ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ၊ ဂျာအေး မင်း ပြဿနာက ရှင်းလေ ရှုပ်လေပါလားကွ၊ ငါတော့ လည်နေပြီဟေ့"

မကျီးဖြူကလည်း ဂျာအေးကို နိုးတူးမှ နိုးတူး ဖြစ်နေ၏။ တင်မွန်တို့ လင်မယားမှာလည်း အူချာချာ ဖြစ်နေ၏။ ထိုစဉ် ဂျာအေးသည် အိတ်ထောင်ထဲမှ နောက်ဆုံး အသက်ကယ်လက်မှတ် ထုတ်လိုက်ရ၏။

"ဟောဒီမှာကြည့် မကျီးဖြူ၊ ဒါ ကျုပ်ရဲ့ နိုင်ငံသားစိစစ်ရေးကတ်ပါဗျာ။ ဒီကတ်ပြားက လိမ်လို့ ညာလို့ မရပါဘူး။ ဒါ နိုင်ငံတော်က ဂျာအေးလို့ အသိအမှတ်ပြုထားတဲ့ကတ်ပါ မကျီးဖြူ၊ ခင်ဗျား မယုံရင် ကြည့်ပါဗျာ"

ဂျာအေးသည် နိုင်ငံသားကတ်ကို မကျီးဖြူထံ လှမ်းပေးလိုက်၏။ မကျီးဖြူခမျာ ကြောင်တိကြောင်တက် ဖြစ်နေ၏။ နိုင်ငံသားကတ်ကို ပြူးပြူးပြဲပြဲဖတ်ရင်း ချာချာလည်သွားလေ၏။

"အောင်မယ်လေးတော်၊ ဒါ. . . ဒါဆို ရှင်က ကိုနိုး မဟုတ်ဘူးပေါ့၊ အို ဘယ်လိုလုပ်ကြမလဲ၊ ရှင်. . . ရှင် ဘာဖြစ်လို့ စောစောက ကျွန်မကို မပြောသလဲ၊ ဒါဆို ရှင်. . . ရှင်ဟာ လူလိမ်. . . လူလိမ်ကြီး။ တိုင်မယ် ရဲတိုင်မယ်"

"ဗုဒ္ဓေါ"

မကျီးဖြူ၏ စကားကြောင့် တစ်အိမ်လုံး မျက်လုံးမျက်ဆန်ပြူးကုန်၏။ ဘာပြောလို့ ပြောရမှန်းလဲ မသိ။ ဂျာအေးသည် မကျီးဖြူအား သြောင်နာနာနှင့် ကြည့်နေ၏။

"ဟို ခင်. . . ခင်ဗျားကို ရှင်းပြခဲ့တာပဲလေ။ ကျုပ် ခင်ဗျားကို လိမ်ပါဘူး မကျီးဖြူရယ်"

"ဘာမလိမ်ဘူးလဲ၊ ဒုက္ခပါပဲ၊ ကျွန်မဘဝ ရေတိမ်နစ်ပါပြီရှင်"

"အို ဒီ. . . ဒီလိုလည်း မဟုတ်သေးဘူးလေ။ ကျုပ်တို့လည်း ဒီတိုင်း ဘယ်လိုမှ မသိပါဘူးဗျာ။ ပြီးတော့ ကျုပ်နဲ့ ကိုနိုးတူးနဲ့ ချွတ်စွပ်တူနေတာကိုက ပိုရှုပ်ထွေးသွားခဲ့ရတာပေါ့ဗျာ။ ဒါပေမယ့် စိတ်မပူပါနဲ့ မကျီးဖြူ၊ ကျွန်တော် ကိုနိုးတူးကိစ္စ မရရအောင် ဆောင်ရွက်ပေးပါ့မယ် မကျီးဖြူ၊ ကျွန်တော် ဒီကို ရောက်လာတဲ့ကိစ္စဟာ သူ့အမေ ဒေါ်ရွှေမှုန်နဲ့လည်း





ပတ်သက်နေပါတယ်ဗျာ"

"ဒုက္ခပါပဲ၊ ကျွန်မတော့ သေသာ သေလိုက်ချင်ပါတယ်ရှင်"

မကျီးဖြူတစ်ယောက် ဂျာအေးကို မဝံ့မရဲကြည့်ရင်း ငိုမဲ့ငိုမဲ့ ဖြစ်နေ၏။ ဖျောက်ဆိပ်မှာလည်း အံ့သြဖွယ်ကောင်းလှသည့် အဖြစ်အပျက်ကို ခံစားနေရ၏။

"နေပါဦး ကလေးမရဲ့၊ အဲဒီ ကိုနိုးတူးဆိုတဲ့လူဟာ ငါ့တပည့်ကြီး ဂျာအေးနဲ့ အတော့်ကို တူသလား"

"အို ဘယ်လိုမှ ခွဲမရအောင် တူနေလို့ ကျွန်မ ခုလို ယုံပြီး လိုက်ခဲ့တာပေါ့ရှင်။ ပြဿနာက ပိုပြီး ရှုပ်ကုန်ပြီ၊ အိမ်ကိုလည်း ကျွန်မ မပြန်ရဲတော့ဘူး။ ကျွန်မ ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိတော့ပါဘူးရှင်"

"ဒီလောက်လည်း စိတ်မပူပါနဲ့"

"အို ကျွန်မ၊ ဟို ဒေါ်. . . ဒေါ်လေးတို့အိမ်သွားမယ် ဟုတ်တယ်။ ပြီးတော့ ကိုနိုးတူး အချုပ်ခံနေရတဲ့ဆီ သွားမယ်"

"ခင်ဗျား ဒေါ်လေးက ဘယ်သူတုံး၊ ဘယ်မှာနေလဲ"

"ကမ်းနားဘက်မှာလေ၊ ကျွန်မ အဲဒီကို သွားမှ၊ တော်ကြာ အဖေတို့ အစ်ကိုတို့ လိုက်လာရင် ကျွန်မ အသတ်ခံရလိမ့်မယ်။ ကျွန်မကို လိုက်ပို့ပါ ကိုနိုး၊ အဲလေ ကိုဂျာအေးရယ်"

"ကိုင်း - ဒါဆိုလာဗျာ၊ အချိန်ရှိတုန်း သွားကြတာပေါ့"

နောက်ဆုံးတော့ ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦး မကျီးဖြူကိုခေါ်ကာ အဒေါ်ဖြစ်သူအိမ်သို့ လိုက်လံပို့ဆောင်ခဲ့ရ၏။ လမ်းတစ်လျှောက်လုံး ကျီးဖြူတစ်ယောက် တရှုပ်ရှုပ်နှင့် ငိုကြွေးသွား၏။ သူတို့နှစ်ဦးလည်း မနည်း ဖျောင်းဖျပြောဆိုခဲ့ရ၏။

အဒေါ်အိမ်ရှေ့ရောက်တော့ မကျီးဖြူကိုထားကာ နှစ်ယောက်သား ပြန်ခဲ့ကြ၏။ လမ်းတစ်ဝက်အရောက် သူတို့နှစ်ဦး လက်ဖက်ရည်ဆိုင်တွင် ဝင်၍ ထိုင်လိုက်ကြ၏။

"ဘယ်လိုတုံးကွ၊ ငါတော့ မင်းအဖြစ်ကို ယုံတောင် မယုံချင်ဘူးကွ"

"အဲဒါ ပြောတာပေါ့ ဆရာဖျောက်ရာ၊ ဂျာအေးဆိုတာ ကမ္ဘာကြီးမှာ တစ်ယောက်တည်း ရှိသင့်တာဗျ။ ခုတော့ ဘယ်လိုကဘယ်ကို နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ထပ်ပေါ်လာသလဲ မသိဘူးဗျာ"

"အင် အဲဒါ ပိုဆိုးတာပဲကွ၊ မင်းတစ်ယောက်တည်းတောင် ပြဿနာ ပေါင်း သောင်းခြောက်ထောင်ကွာ။ နိုးတူးဆိုတဲ့ နံပါတ်တူး ဂျာအေး ပေါ် လာရင်တော့ ရှိသမျှလူတွေ အထုပ်အပိုး ပြင်ကြပေတော့ဟေ့"

"ဟာ ကိုကြီးဖျောက်ကလည်း ကျုပ်က စေတနာ့ဝန်ထမ်း ဂျာအေး ပါဗျာ။ ခုလည်း သူများဒုက္ခကို ဝင်ရှင်းပေးတာပါဗျာ"

"အဲဒါ ပြောတာပေါ့ကွာ၊ မင်း ရှင်းပေးသမျှဟာ ဘယ်တော့မှ ရှင်း မလာဘဲ ဗိုရှုပ်သွားရုံပဲ ရှိတယ်ကွ။ ကိုင်း - ခု ဘာလုပ်မှာလဲ ငါတို့လည်း ပြန်ကြမလား၊ ငါ့မိန်းမ အပုလေးလည်း ငါ့ကို လွမ်းလှပြီပေါ့ကွာ။ ငါတို့ နှစ်ယောက်ဟာ အရွယ်တွေ ရလာလေလေ ပိုပိုပြီး အချစ်တိုးလာ လေလေကွ"

"ဟာ - အရေးထဲ အချစ်တွေ လုပ်နေပြန်ပြီ"

"ဟ - မင်း ဘာသိလို့လဲကွ အချစ်ဆိုတာ လူ့ဘဝရဲ့ အရင်းအမြစ် ကွ။ အချစ်မရှိရင် ဘဝတွေ ဖြစ်လာမှာ မဟုတ်ဘူးကွ"

"ကိုကြီးဖျောက်ကလည်းဗျာ၊ အချစ်တွေ အချက်တွေ လုပ်မနေစမ်း ပါနဲ့။ ဘာလဲ ခင်ဗျားမိန်းမ ပြဿနာရှာမှာကို ကြောက်နေလို့ မဟုတ်လား။ အစဉ်းသိ အတွင်းသိကို အချစ်တွေ ဘာတွေ လုပ်နေပြန်ပြီ"

"ဟာ - ဒီကောင်ကတော့ ပြောရတာ လက်ပေါက်ကတ်ပါ့ကွာ။ မိန်းမကြောက်တာ အန္တရာယ်ကင်းတယ်ကွ။ ငါ့မိန်းမက မိခင်နဲ့တူတဲ့ မိန်းမကွ"

"တော်ပါတော့ဗျာ၊ အဲဒါ ခင်ဗျား မပုလေး လိုချင်တဲ့ပိုက်ဆံ ရှာပေး ရင် မိခင်နဲ့တူတဲ့မိန်းမ ဖြစ်မှာပေါ့ဗျာ။ အဲ - ပိုက်ဆံ ရှာမပေးဘူး ဆိုရင် တော့ ခင်ဗျား မပုလေးဟာ ဘီလူးသရဲစီးနေတဲ့မိန်းမ ဖြစ်သွားမှာ အသေ အချာဗျ"

"အဲ. . . အဲဒီလိုတော့ မပြောနဲ့လေကွာ။ ဒါက မယားဝတ္တရားထဲ မှာ ပါသလိုပေါ့ကွာ၊ သိမ်းထုပ်သေချာတဲ့ ဟဲဟဲ။ သူလည်း ငါ ရှာပေး သမျှ လောက်ငအောင် ချက်ပြုတ်ကျွေးမွေးရမှာကိုးကွ။ ဒီတော့ ပိုက်ဆံ လိုတာပေါ့ကွာ"





ဖျောက်ဆိပ်တစ်ယောက် အပုလေးဘက်က ကာကွယ်ပြောဆိုနေ သည်ကို ဂျာအေး မကျေမချမ်း ခံစားနေရ၏။ သူ့ဆရာကို မိန်းမ မကြောက် သည့် သူရဲကောင်းကြီး ဖြစ်စေချင်သည်မှာ အမှန်ပင်။

သို့သော် ဆရာကြီး ဖျောက်ဆိပ်၏ အခြေအနေက အပုလေး ရှေ့တွင် ရေမြွေတစ်ကောင် ဖြစ်နေသည်က ဆိုးလှ၏။

"ကဲ - ထားပါတော့ဗျာ၊ လောလောဆယ်ကိစ္စပဲ ပြောကြရအောင်"

"ဘာတုံးကွ၊ ဂျာအေးနှစ်ယောက် ကိစ္စလား"

"ဟုတ်တယ်လေ၊ ကျွန်တော် ဒီပြဿနာကို ရှင်းမှဖြစ်မှာဗျ။ အဲဒီ နိုးတူး အချုပ်ခံနေရတဲ့ အချုပ်ခန်းကို လိုက်သွားရအောင်ဗျာ"

"ဟေ - ဘာသွားလုပ်မလို့လဲကွ"

"ရအောင် ထုတ်မယ်လေဗျာ၊ ဖြစ်နိုင်ရင် အာမခံရအောင် လုပ်မယ် ဗျာ"

"ဟာ - ဂျာအေးကလည်းကွာ၊ ဒီကိစ္စ မင်း အစအဆုံးလည်း မသိ။ ဟို ကမ္ဘာစိုးဆိုတဲ့ လူကြီးကရော သူ့စကားတွေက ဘယ်လောက် ခိုင်မာ သတုံး၊ အဲဒီအချက်တော့ စဉ်းစားပါကွာ။ ပြီးတော့ ဒီနယ်မြေက ငါတို့ ကျွမ်းကျွမ်းကျင်ကျင်ရှိတဲ့ နယ်မြေလည်း မဟုတ်ဘူး"

"ဒါတော့ ကိုတင်မွန်နဲ့ ပြောကြည့်ရမှာပေါ့ဗျာ။ သူတို့ရပ်ကွက်က လူကြီးတစ်ယောက်ယောက် ခေါ်ထုတ်ပြီး အာမခံခိုင်းမယ်ဗျာ"

"ဟာ - ဖြစ်ပါ့မလားကွာ"

"ဖြစ်ပါတယ်ဗျာ"

ဂျာအေးက သူ့ယုံကြည်ချက်ကို မလျှော့။ ဖျောက်ဆိပ်ကလည်း ပြဿနာ အရှုပ်အရှင်းထဲ ဝင်မပါလို။

နောက်ဆုံး သူတို့နှစ်ဦး၏ ပြဿနာက တင်မွန့်ခေါင်းပေါ် ရောက် လာ၏။ တင်မွန်မှာလည်း ဖျောက်ဆိပ်နည်းတူ မိန်းမကို လွန်စွာမှ ကြောက်ရသူ ဖြစ်၏။

ဂျာအေးနှစ်ယောက် ပြဿနာ ဖြေရှင်းရန်အတွက် တင်မွန် ရင်လေး နေ၏။ မျက်ခုံးတွေ လှုပ်နေ၏။ မိန်းမ သိမှာလည်း စိုးရိမ်နေ၏။

ဂျာအေးကတော့ သူလုပ်ချင်ရာကို စွတ်လုပ်တတ်သူ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တင်မွန်ကို အိမ်က မရရအောင် ခေါ်ထုတ်၍ ဂျာအေးနှစ်ယောက် ပြဿနာကို တိုင်ပင်လိုက်၏။

တင်မွန်တစ်ယောက် သူ့ စုတ်ဖွားဖွား ဆံပင်ကို တဖြင်းဖြင်း ကုတ်နေ၏။

"ဒုက္ခပါပဲကွာ၊ မင်းကတော့ ပြဿနာမရှိ ပြဿနာရှာချင်တဲ့ကောင်ပဲကိုး"

"ကိုတင်မွန်ကလည်း ကျုပ်တို့က လူတွေရဲ့ အခက်အခဲကို ကူညီဖြေရှင်းတာလေဗျာ၊ စိတ်ကောင်းမွေးရင် အမွေးအတောင်ကအစ လှတယ်တဲ့ဗျ"

"ဟေ ဘာတုံး၊ မင်းစကားက ဘာလဲကွ"

"သိဘူးလေ၊ ပြောကြည့်တာပေါ့ ဟဲဟဲ၊ ကိုင်း - ဘယ်လိုလဲ ခင်ဗျား ရပ်ကွက်လူကြီးကို မပိုင်ဘူးလား၊ ကျုပ်တို့က ခင်ဗျား အားကိုးနဲ့ လာကြတာဗျ။ ဒီလောက်တော့ ခင်ဗျား ဆောင်ရွက်ပေးသင့်တာပေါ့ဗျာ"

"မင်းကတော့ကွာ၊ စွတ်ပြောနေတာပဲ။ အရပ်လူကြီး ဦးစိန်ခိုက ငါ့မိန်းမ ရွှေငါးရဲ့ ပထွေးကွ"

"ဟာ - ဒါဆို အိုကေပြီပေါ့"

"အင် - ဘယ်က အိုကေရမှာလဲ၊ အဲဒီ ဦးစိန်ခိုနဲ့ ငါက ကမ္ဘာ့ရန်ကွ"

"ဗျာ - ဘာဖြစ်လို့တုံးဗျ"

"ခက်ပဲ့ ဂျာအေးရာ၊ တစ်ချိန်က ဦးစိန်ခိုဟာ ငါ့မိန်းမ ရွှေငါးကို အိတ်ထဲကဖားလို သဘောထားခဲ့တာကွ"

"ဗျာ၊ ဖား. . . ခင်ဗျားမိန်းမက 'လူ' ပါဗျ၊ ဘယ်နည်းနဲ့မှ ဖားမဖြစ်နိုင်ပါဘူးဗျာ"

"ဟာ - မင်းကလည်း ဒုံးပဲ့ကွာ၊ သဘောပြောတာကွ။ အဲဒီတော့ ဦးစိန်ခိုဟာ ရွှေငါးကို ပထွေးပီပီ နည်းမျိုးစုံနဲ့ သိမ်းသွင်းခဲ့တာကွ။ ဒီလို လူပ်ရှားနေတုန်း ငါက ဝင်သုတ်လိုက်တော့ ဦးစိန်ခိုဟာ ငါ့ကို သူ့ရဲ့နံပါတ်တစ်ရန်သူ သတ်မှတ်ခဲ့တာကွ"

"ဩော် ဒီလိုကိုး"

"အဲဒါပြောတာပေါ့ ဂျာအေးရာ၊ ဘယ်လိုလုပ်ပြီး ခေါ်ထုတ်လို့





ရမလဲကွ"

တင်မွန်၏ စကားကြောင့် ဂျာအေး ငိုင်သွား၏။ နိုးတူးကို အာမခံထုတ်နိုင်ဖို့ကိစ္စက အရပ်လူကြီးပါမှ ဖြစ်မည့်ကိစ္စ။ ယခုတော့ ပေါ်ပေါက်လာသည့် အခြေနေက လက်လျှော့လိုက်ရမည့် အခြေအနေ။ ဂျာအေး ခေါင်းတခါခါ ဖြစ်နေ၏။ ထိုစဉ် တင်မွန်၏ ပြာနှမ်းနှမ်းအသံ ပေါ်လာ၏။

"တစ်ခုတော့ ရှိတယ်ကွ"

"ဘာတုံးဗျ၊ မြန်မြန် ပြောစမ်းပါဗျာ"

"အေး၊ အဲဒီ ဦးစိန်ခိုဟာ မုဆိုးဖိုကြီးကွ၊ သူဟာ ရပ်ကွက်ကိစ္စကို တက်တက်ကြွကြွ လုပ်ကိုင်ပေးတာတော့ အမှန်ပဲကွ။ သူများ ဒုက္ခတွေ့မှာကိုလည်း မကြည့်ရက်တဲ့လူကွ။ ငါနဲ့ အရင်ကလောက်တော့ မတင်းတော့ဘူးကွ။ ဘာဖြစ်လို့လဲဆိုတော့ ငါ့မိန်းမ မရွှေငါးရဲ့ညီမ မရွှေဖွားကို ဆက်ချိတ်နေတာကွ"

"အဲဒါ ပွိုင့်ပဲဗျ၊ မိန်းမနဲ့ ပတ်သက်ရင် ကြီးကြီးငယ်ငယ် သွေးကြောင်သွားကြတာ ယောကျ်ားတွေရဲ့ သဘာဝဗျ။ ဒါဆို ခင်ဗျားခယ်မ မျက်နှာနဲ့ အဲဒီ ဦးစိန်ခိုကို လုံးကြည့်ပါလားဗျ"

"ကောင်းပဲ့မလားကွာ"

"ဩော် သူများ ဒုက္ခရောက်နေတာ ကူညီတာပဲဗျာ၊ ကျုပ်ကလည်း ကူလက်စနဲ့ ဆက်ကူလိုက်ချင်လို့ပါဗျာ"

"ခက်ပဲ့ကွာ၊ ဒီကိစ္စ ခေါင်းရှုပ်စရာကွာ"

"လုပ်စမ်းပါ ကိုတင်မွန်ရာ၊ ကိုကြီးဖျောက် ဝင်ပြောပေးပါဦးဗျ။ ကျွန်တော်ပြောတာ မှန်တယ် မဟုတ်လား"

"ဟာ - မှန်တယ် ငါ ထောက်ခံတယ်၊ တင်မွန် မင်းမှာ ကူညီရမယ့်တာဝန် ရှိတယ်ကွ"

"ခက်ပြီဗျို့"

သူတို့နှစ်ယောက်ကြား တင်မွန်လည်း ဘာမှ မပြောသာ။ ယောက္ခမလုပ်သူ ဦးစိန်ခိုကို သူ တစ်စက်ကလေးမှ ကြည့်၍မရ၊ အကူအညီလည်း မတောင်းလို။ သို့သော် ဂျာအေးတို့နှစ်ယောက် အတင်းအကျပ်ပြောဆိုနေမှုကြောင့် တင်မွန် ခေါင်းညိတ်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး သူတို့သုံးဦး အရပ်လူကြီး ဦးစိန်ခိုအိမ်သို့ ရောက်လာ၏။ ထိုအချိန် ဦးစိန်ခိုတစ်ယောက် ပက်လက်ကုလားထိုင်ကြီးပေါ် ထိုင်ကာ ဆေးတံကြီးခဲ၍ ဆရာကြီး ပီမိုးနင်း ရေးသားထုတ်ဝေခဲ့သော လူပျိုလမ်းညွှန်စာအုပ်ကို ဖတ်ရှုနေ၏။

သူတို့ကိုမြင်တော့ ဦးစိန်ခိုတစ်ယောက် လူပျိုလမ်းညွှန်စာအုပ်ကြီးကို အလျင်အမြန် ဝှက်ထားလိုက်ရ၏။ အိမ်ပေါ် ကုပ်ချောင်းချောင်း တက်လာသော တင်မွန်ကို မြင်သောအခါ ထောင်းခနဲ ဒေါသထွက်သွားသော်လည်း ရွှေငါးညီမ ရွှေပွားလေးမျက်နှာ ရှိနေပါသေးလား တွေးကာ ဒေါသစိတ်ကို မနည်းကြီး မျိုချလိုက်ရ၏။

"ဦးလေး စိန်ခိုပါလား"

"ဘာတုံးကွ"

"ဟို စောစောက ဖတ်တဲ့စာအုပ်က လူပျိုလမ်းညွှန်စာအုပ်ပါလားဗျာ။ ဟဲဟဲ ကျွန်တော် ဦးလေးစိန်ခို မိန်းမယူဦးမယ်ထင်တယ်"

"ဟေ့ကောင် တင်မွန်၊ ဒါ မင်းအလုပ် မဟုတ်ဘူးကွ။ အချစ်ဟာ အရွယ်နဲ့ မဆိုင်ဘူးကွ၊ ငါ့ဘာသာ ဘယ်နှယောက် ယူယူပေါ့ကွာ။ ကိုင်း ဘာလာလုပ်သတုံး ပြောစမ်း။ ငါ့မှာ ရပ်ကွက်ကိစ္စတွေ ရှုပ်နေတာလည်း မင်းအသိပဲကွ။ ဘာဖြစ်လာသတုံး မင်းတို့လင်မယား ကွဲပြီလား"

"ဟာ - ပေါက်တီးပေါက်ရှာဗျာ၊ ခုလာတဲ့ကိစ္စက မရွှေပွားကိစ္စဗျ"

"ဟေ - မရွှေပွား ဘာဖြစ်သတုံး၊ မရွှေပွားလေးကိစ္စဆိုရင် ပြောစမ်းကွာ"

အရပ်လူကြီး ဦးစိန်ခိုတစ်ယောက် မရွှေပွား ဆိုသည်နှင့် တက်တက်ကြွကြွ ဖြစ်လာ၏။ ပါးစောင်တွင် ခဲထားသော ဆေးတံကြီးကို ဖယ်ရှားလိုက်ပြီး ပြုံးပြုံးရွှင်ရွှင် ဖြစ်လာ၏။

"ပြောလကွာ၊ ရွှေပွားဆို ရင်တွေ ခုန်လွန်းလို့ပါကွာ"

"မှန်ပါ့ဗျာ"

"ဟင် - ဘာမှန်တာတုံး၊ ဟေ့ကောင် မင်းက အသူတုံး"

"ကျုပ်နာမည် ဂျာအေးလေ၊ ရန်ကုန်ကပါ။ အရပ်လူကြီးက အချစ်နဲ့ ပတ်သက်ရင် ဒသဂီရိ ခံစားချက်နဲ့ နင်လားငါလားပဲဗျာ"





"ဘာကွ၊ မင်းက ငါ့ကို ဘီလူးကြီးလို့ ပြောတာလား"

"ခက်မှ အရပ်လူကြီးရာ၊ ရာမဇာတ်ထဲမှာ ဒသဂီရိအချစ်ကို လူတိုင်း စံပြုရတာဗျ။ အချစ်နဲ့ ပတ်သက်ရင် တစ်တမ္ဘာလုံးကိုတောင် စစ်ကြေညာ ရဲတဲ့ လူကြီးဗျ"

"ကြမ်းလှချည်လား ဟဲဟဲ၊ ငါက အဲဒီလောက်တော့ မဟုတ်သေးပါဘူးကွာ။ ဒါပေမယ့် အသက်ကြီးလာလေလေ မြိုးမြိုးမြက်မြက် စားချင်လေပဲကွ၊ ဟုတ်ဖူးလား"

"ဒါဆို နွားမြီးကိုမီးဖုတ် သုပ်လည်းစား၊ ပြုတ်လည်းစားပါလား အရပ်လူကြီးရဲ့"

"ဘာကွ တိတ်စမ်း၊ ဘာတွေ ပြောသတုံး"

"ဟာ - ဂျာအေးကလည်း ပြောတာဆိုတာတွေ လွဲကုန်ပြီကွာ၊ ကဲ တော်ပါတော့"

"ဘယ်လိုကောင်လဲ မသိဘူး"

ဦးစိန်ခိုက ဂျာအေးကို မျက်စောင်းတခဲခဲ လုပ်နေ၏။ တင်မွန် ကြားကဝင်လိုက်မှ ဦးစိန်ခို စိတ်ပြေသွား၏။ ထိုစဉ် တင်မွန်၏ စကားသံ ထွက်လာ၏။

"ဦးလေးစိန်ခို"

"ဟေ"

"ဟို . . . မရွှေပွား မောင်တစ်ယောက် အချုပ်ခံနေရတယ်ဗျ။ အဲဒါ အာမခံလိုက်ပေးပါလားဗျာ"

"ဘာကွ - မရွှေပွားမောင်၊ ဟာ ကြားတောင် မကြားဖူးပါဘူးကွာ။ ရွှေငါးရယ်၊ ရွှေပွားရယ်ပဲရှိတာ ဘယ်ကမောင် ပေါ်လာသတုံး"

"ဒီလိုဗျ၊ ရွှေငါးတို့အဖေက မသေခင် နောက်မိန်းမ ယူသွားသေးတယ်ဗျ၊ အဲဒါ နီးတူးဆိုတဲ့ သားတစ်ယောက် ကျန်ခဲ့တယ်လေ"

"အင် - ဟုတ်ရဲ့လားကွာ"

"သိပ်ဟုတ်တာပေါ့ ဦးလေးစိန်ခိုရာ၊ မယုံရင် ရွှေပွားကို မေးကြည့်။ ခုလည်း ကျုပ်မိန်းမရော ရွှေပွားပါ သူ့မောင်ကိစ္စနဲ့ ပတ်သက်ပြီး မျက်ရည်နဲ့မျက်ခွက် ဖြစ်နေကြတာဗျ၊ ခင်ဗျားကိုလည်း မပြောရဲကြဘူး ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် လာပြောရတာပေါ့ ဦးလေးစိန်ခိုရာ"

"အင်း - ရွှေပွားကိစ္စ ဆိုတော့လည်း ကူညီသင့် ကူညီရမှာပေါ့ကွာ။ ဒါထက် နေပါဦးကွ၊ ရွှေပွားက မင်းတို့အိမ်မှာပဲ နေတာမဟုတ်လား"

"ဟုတ်တယ်လေ"

"အဲဒီအချက်တော့ ငါ စိတ်ပူသကွာ၊ မင်းက ခြေမြန်လက်မြန်ရှိတဲ့ ကောင်ဆိုတော့"

"ဟာ အရပ်လူကြီးကလည်း ရွှေငါးမှ ရွှေငါး ဖြစ်နေတဲ့ ကျုပ်ဘဝမှာ ဘယ်လိုလုပ် ရွှေပွားကို ချိတ်နိုင်မှာလည်းဗျာ။ ပြီးတော့ ရွှေပွားက ခပ်ထုံထုံ၊ ဟဲဟဲ အရပ်လူကြီးနဲ့ဆို ရှေ့သွားနောက်လိုက်ညီပေါ့"

"အင် - မင်း. . . မင်း တကယ် ပြောတာလားကွ"

"ဟာ - မဟုတ်တာ ပြောပါ့မလား အရပ်လူကြီးရယ်၊ ကဲပါဗျာ အဲဒီကိစ္စ ကူညီပါဦး၊ တစ်ဦးမေတ္တာ တစ်ဦးမှာတဲ့ဗျ။ လိုချင်ရင် ပေးရတယ်၊ ယူချင်ရင် စွန့်ရတယ်ဗျ"

"ဟေ - တင်မွန်၊ မင်းစကားတွေက မြင့်လှချည်လားကွ။ မင်းပြောတဲ့ သဘောက ဟဲဟဲ ဟို ရွှေပွားလေးကို ငါ လိုချင်ရင်. . ."

"အဲဒါ ပြောတာပေါ့၊ ရွှေပွားကို လိုချင်ရင် ကိုယ်က အရင် ဘာမဆို လုပ်ပေးရတယ်ဗျ။ ဒီကိစ္စ ရွှေပွားက ခင်ဗျား ကူညီလိမ့်မယ် မျှော်လင့်နေတာဗျ"

"ဟေ - ဒါ. . . ဒါဆို ကူညီရမှာပေါ့ကွာ"

အရပ်လူကြီး ဦးစိန်ခိုတစ်ယောက် ရွှေပွား ဆိုလိုက်သည်နှင့် ပျာယာခတ်လာ၏။ ချက်ချင်း အဝတ်အစားကောက်လဲကာ ဂျာအေးတို့နောက် သုတ်ခြေတင်လိုက်ခဲ့၏။

လမ်းထိပ်ရောက်သည်နှင့် သူတို့သုံးဦး မြင်းလှည်းတစ်စီးငှားကာ စခန်းဘက်သို့ ထွက်ခဲ့ကြ၏။ ဦးစိန်ခိုသည် တိုက်ပုံကြီး တကားကားနှင့် စခန်းထဲဝင်ကာ ဟိုဟိုဒီဒီ ပြောဆိုနေ၏။

**စခန်းမှူးက အချုပ်ထဲ ရောက်နေသော နိုးတူးကိစ္စကို ပြောပြလိုက်၏။**

"ဒါဆို နိုးတူးလုပ်တာ ခေါင်းကွဲ၊ ထိပ်ပေါက်ပြဿနာပေါ့"





"ဟုတ်ပါတယ် ဦးစိန်ခို၊ ဒီကိစ္စ နှစ်ဦးနှစ်ဖက် ကျေအေးရင်လည်း ပြီးပါတယ်။ ဖြစ်နိုင်ရင် ဒီအမှုက ငယ်တဲ့အမှုပါ"

"ဒါပေါ့ စခန်းမှူးကြီးရယ်၊ ငယ်တဲ့အမှု ပျောက်စေရမှာပေါ့။ ကဲ ဒီကိစ္စ ကျုပ် အာမခံပါ့မယ်ဗျာ။ ပြီးတော့ တစ်ဖက်ကလူတွေ ကျေအေးအောင်လည်း ဆောင်ရွက်ပေးပါ့မယ်"

"ရပါတယ် အရပ်လူကြီးရယ်"

အရပ်လူကြီး ဦးစိန်ခိုသည် အားလုံးနှင့် သင့်မြတ်အောင် ပြောဆိုနေထိုင်တတ်သူ ဖြစ်၏။ အမူအကျင့်က ရိုးရိုးထုံထုံကြီး၊ အပြောအဆိုက ဟောဟောဒိုင်းဒိုင်း။ လူတိုင်းက သူ့ကို ချစ်ခင်ကြ၏။

ယခုလည်း သူ့ကို ချစ်ခင်လေးစားသောကြောင့် စခန်းမှူးကြီးက နိုးတူးကို အချုပ်ခန်းထဲမှ ထုတ်လာလေ၏။

"ဟာ မင်း. . . မင်း၊ သူ. . . သူ"

"ဟိုက် - ဟိုလူနဲ့ ခင်ဗျားနဲ့"

"ဘာတွေတုံးကွာ"

အချုပ်ခန်းထဲမှ ထွက်လာသော နိုးတူးကိုကြည့်ရင်း ဦးစိန်ခိုတစ်ယောက် ကြောင်စီစီ ဖြစ်သွား၏။ ဂျာအေးနှင့် ဘယ်လိုမှ ခွဲခြား၍မရသော လူတစ်ယောက်။

ထိုစဉ် ဂျာအေးနှင့် တင်မွန်တို့ အခန်းထဲ ဝင်လာကြ၏။

"ဟာ ဟိုလူ"

"ဟင်"

"ဗုဒ္ဓေါ"

စခန်းတစ်ခုလုံး ပါးစပ်အဟောင်းသား ဖြစ်နေကြ၏။

တင်မွန်၊ ဦးစိန်ခို၊ စခန်းမှူးကြီးတို့မှာလည်း ဂျာအေးနှင့် နိုးတူးကို ကြည့်ပြီး ကြောင်စီစီ ဖြစ်နေ၏။

ဂျာအေးမှာလည်း နိုးတူးကိုကြည့်ရင်း မှန်ထဲ သူ့မျက်နှာ သူ ပြန်မြင်နေရသလို ခံစားနေရ၏။ နိုးတူးကလည်း ကြောင်စီစီ ဖြစ်နေ၏။

"မင်းတို့နှစ်ယောက်က အမြွှာတွေလားကွ"

"ဗျာ၊ ဟာ - ဟုတ်ဖူးဗျ၊ သူ. . . သူက ဘယ်သူတုံး"



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်နာမည် ဂျာအေးလေ၊ ခင်ဗျားက နီးတူး မဟုတ်လား"

"ဟုတ်. . . ဟုတ်တယ်လေ၊ နေစမ်းပါဦး ခင်ဗျား ကျုပ်နဲ့ ပုံတူရိုက်ထားတာလားဗျ"

"အင်"

နီးတူး အမေးကြောင့် ဂျာအေး ဘာဖြေလို့ ဖြေရမှန်းမသိ။ တင်မွန်မှာလည်း ချာချာလည်နေ၏။

ထိုစဉ် ဂျာအေးသည် ပြုံးစိစိလုပ်ရင်း ပြောလိုက်၏။

"ဟင်း. . . ဟင်း ခင်ဗျားပြောသလို ကျုပ်စိတ်ထဲလည်း ထင်ယောင်ထင်မှား ဖြစ်မိတာ အမှန်ပဲဗျ။ ဒါပေမယ့် ခင်ဗျားနဲ့ ကျုပ်ဟာ တကယ်ကို ချွတ်စွပ်တူနေကြတာ အမှန်ဗျ။ ခင်ဗျားရွာရောက်တော့လည်း တစ်ရွာလုံးက ကျုပ်ကို နီးတူးလို့ ထင်နေတာ"

"ဟာ - ဒါ. . . ဒါဆို မကျိုးဖြူနဲ့တွေ့"

"တွေ့ပြီးပြီပေါ့ ကိုနီးတူးရာ၊ ကျုပ်နဲ့ မြို့ကိုတောင် ပါလာပြီဗျ"

"ဗျာ၊ ဒါ. . . ဒါဆို ခင်ဗျား ကျုပ်နဲ့ ပုံမှားရိုက်"

"ဟာ - အဲဒီလောက် ကျုပ် သစ္စာမမဲ့ပါဘူး ကိုနီးတူးရာ။ ဂျာအေးပါ သစ္စာမဲ့တဲ့ အလုပ်ကို ဂျာအေး ဘယ်တော့မှ မလုပ်ဘူးဗျ။ ခုလည်း ခင်ဗျား အာမခံရအောင် ကျုပ်ကိုယ်တိုင် လိုက်လုပ်ခဲ့တာဗျ"

"ဟင်"

နီးတူးသည် ဂျာအေး၏ စကားများကို နားထောင်ရင်း ယောင်ချာချာ ဖြစ်နေ၏။ ထိုစဉ် ဂျာအေးသည် နီးတူးကို စခန်းအပြင်သို့ ခေါ်ထုတ်လာခဲ့၏။

ဦးစိန်ခို သူ့အရှိန်အဝါကြောင့် နီးတူး အာမခံရလာပြီမို့ မြောက်ကြွမြောက်ကြွ ဖြစ်နေ၏။

သူတို့လူစု လက်ဖက်ရည်ဆိုင် တစ်ဆိုင်တွင် ဝင်၍ ထိုင်လိုက်၏။ မှာစရာရှိတာမှာပြီး ပြောဆိုလိုက်ကြ၏။ ဦးဆုံး ပြောဆိုလိုက်သူက ဦးစိန်ခို။

"ဟဲဟဲ မောင်နီးတူး"

"ဗျာ"

"ဟဲဟဲ ငါ မင်းအစ်မ ရွှေပွားမျက်နှာနဲ့ အာမခံရအောင် လုပ်ပေး





တာနော်။ နေရာတကာမှာ မမိုက်ချင်စမ်းပါနဲ့ကွာ။ မင်းလိုပဲ ငါ မိုက်ခဲ့ဖူးတယ်ကွ၊ မိုက်တာမှ ကမ်းကိုကုန်ရောကွာ။ မင်းအရွယ်တုန်းက ငါလည်း လက်က တယားယားကွ"

"အဲဒါ ဝဲပေါက်လို့ ဖြစ်မှာပေါ့ဗျာ"

"ဘာကွ၊ ဟော့ကောင် ဂျာအေး၊ မင်းပါးစပ်ပိတ်"

"ဟဲဟဲ အရပ်လူကြီးက လက်ယားတယ်ဆို"

"တော်စမ်း၊ ငါပြောတာ ကြားလား နီးတူး၊ မင်းအစ်မ ရွှေပွားမျက်နှာကြောင့်နော် ဟင်းဟင်း၊ မိုက်တယ်ဆိုတာ လွယ်လွယ်လေးကွ"

"နေ. . . နေပါဦး၊ စောစောကပြောတဲ့ စကားမှာ ကျုပ်အစ်မ မရွှေပွား ဟုတ်လား၊ ဘယ်က မရွှေပွားလဲဗျ"

"ဟာ - မင်းအဖေ မယားကြီးကမွေးတဲ့ အစ်မတွေလေကွာ။ ရွှေငါးနဲ့ ရွှေပွားတဲ့၊ ဟုတ်ဖူးလား တင်မွန်"

"ဗျာ၊ ဟို. . . အဲ ဟုတ်"

"ဟုတ်သေးဖူးဗျ၊ ကျုပ်မှာ အစ်မဆို တစ်ဝမ်းကွဲ အစ်မတောင် မရှိဘူးဗျ။ ပြီးတော့ ကျုပ်အဖေက ဘယ်သူမှန်းတောင် သိတာ မဟုတ်ဘူးဗျ။ မှားကုန်ပြီထင်တယ်"

"ဘာကွ၊ ဒါဆို တင်မွန်ပြောတော့ မင်းက ရွှေပွားရဲ့ ဖအေတူ မအေကွဲမောင်ဆို"

"ဟာ - ရှုပ်ကုန်ပြီဗျာ၊ ကျုပ်မှာ အဖေဆိုတာ ဘယ်သူမှန်းတောင် သိတာ မဟုတ်ဘူးဗျ"

"ဘာ - ဒါ. . . ဒါဆို ဟော့ကောင် တင်မွန်၊ မင်းပြောတော့ နီးတူးက ရွှေပွားမောင်ဆို"

"ဗျာ၊ ဟို ဒီ. . . ဒီကိစ္စ"

"ဒီလိုရှိပါတယ် အရပ်လူကြီးရယ်"

"ဘာ - မင်းက ဘာကမောက်ကမ ပြောဦးမလို့လဲ၊ မင်း ဝင်မပြောရင်ကောင်းမယ်"

ဂျာအေးက ကြားဝင်ပြီး ဖုံးဖုံးဖိဖိ ပြောသော်လည်း အရပ်လူကြီး ဦးစိန်ခို ပေါက်ကွဲနေ၏။


www.burmeseclassic.com

www.burmeseclassic.com



တင်မွန်ခမျာ ဘာပြောလို့ ပြောရမှန်းမသိ။ ကိုယ်ခင်းသည့်ဇာတ်ကိုယ်ဆက်မကရဲအောင် ဖြစ်နေရလေ၏။ နိုးတူးမှာလည်း တင်မွန်၊ ဂျာအေးတို့ အတိုင်အဖောက်လုပ်လာသည့် ကိစ္စကို နားမလည်နိုင်အောင် ဖြစ်နေ၏။

"ဘယ်လိုတုံးကွ ဟေ၊ လုပ်ပါဦး တင်မွန်ရာ၊ မင်းပြောတော့ ဟိုဒင်းဆိုကွ ဟေ"

"ဟဲဟဲ ဟိုဒင်းက ဟိုဟာနဲ့ ဟိုလို"

"ဘာ - ဘာတဟိုဟို လုပ်နေသတုံးကွ၊ ပြောစမ်း မင်း ငါ့ကို ဘာမှနားမလည် လုပ်သတုံး။ ဘာလဲ မင်းက ငါ့ကို မရွှေပွားနဲ့ မျှားပြီး နိုးတူးကို ထုတ်တာ မဟုတ်လား။ မင်းတို့အားလုံး တစ်ကျိတ်တည်း တစ်ဉာဏ်တည်း သမားတွေပဲ"

"ဟာ - အရပ်လူကြီးကလည်း စွဲချက်ပြင်းထန်လိုက်တာဗျာ။ ဒီကိစ္စ ကျုပ်လည်း အသေအချာ မသိရပါဘူးဗျာ။ ဟောဒီ ဂျာအေး အကူအညီတောင်းလို့ ခုလို မလုပ်ချင်ဘဲ လုပ်လိုက်ရတာပါ"

"ဟုတ်ပါတယ် အရပ်လူကြီးရယ်၊ ဒီကိစ္စမှာ ကိုတင်မွန် ဘာမှ မပတ်သက်ပါဘူးဗျာ။ ကျွန်တော်က အကူညီတောင်းတာပါ။ ကိုင်း - ပြီးတာတွေလည်း ပြီးပါပြီ၊ ကျွန်တော် အများကြီး တောင်းပန်ပါတယ်။ ခုဥစ္စာ လူကို ကယ်တဲ့အလုပ်ပါ အရပ်လူကြီးရယ်၊ ကုသိုလ်လည်းရ ဝမ်းလည်းဝ"

"တိတ်စမ်း၊ မင်း ဘာလူလည်ကျတာလဲကွ။ စိန်ခိုကို တစ်ပတ်ရိုက်ရင် စိန်ခိုကလည်း တစ်ပတ်ပြန်ရိုက်ရမှ ကျေနပ်တာကွ"

"ဒါဆို နှစ်ပတ်ရိုက်ရင်ကော"

"ဘာကွ၊ မင်း ငါ့ကို မခန့်လေးစား ပြောတာလား"

"အရပ်လူကြီးကလည်း ဒေါသကြီးပဲဗျာ၊ ကိုင်း. . . ကိုင်း ကျုပ်တို့ဆိုင်ပြောင်းရအောင်ဗျာ"

"ဘယ်ဆိုင်လဲကွ"

"လာပါဗျာ"

ဂျာအေးတစ်ယောက် တင်မွန်ကို မျက်စိမှိတ်ပြလိုက်ပြီး အရပ်လူကြီး





ရော နိုးတူးပါခေါ်၍ စားသောက်ဆိုင် တစ်ဆိုင်ဆီသို့ ထွက်ခဲ့ကြ၏။ စားသောက်ဆိုင်က ကာရာအိုကေတီးဝိုင်းနှင့်တွဲ၍ ဖွင့်ထား၏။

ပထမတော့ အရပ်လူကြီးက အင်တင်တင် လုပ်နေသေး၏။ စတိတ်ပေါ်တွင် သီဆိုနေသူလေးများကို မြင်လိုက်ရသောအခါ ပြုံးစိစိ ဖြစ်သွား၏။

ဂျာအေးက ပန်းကုံးစွပ်ရန်ပါ မြှောက်ပင့်ပေးလိုက်သဖြင့် ဦးစိန်ခိုတစ်ယောက် ကမ္ဘာလောကကြီးကို မေ့သွား၏။ ဘီယာမူးမူးနှင့် သီချင်းပင် ဝင်ဆိုလိုက်သေး၏။ ဂျာအေးကိုလည်း အခင်ကြီး ခင်တွယ်လေတော့၏။

အရပ်လူကြီး ပြဿနာ ပြေလည်သွားသောအခါ နိုးတူးနှင့် သူ အိမ်မပြန်သေးဘဲ လာရင်းကိစ္စကို ပြောဆိုခဲ့ကြ၏။

"ကိုဂျာအေး၊ ခင်ဗျား ဘာတွေ လျှောက်လုပ်နေတာလဲဗျ။ ဟိုခင်ဗျားနဲ့ ပါလာတဲ့ မကျီးဖြူရောဗျ"

"ရှိပါ့ဗျာ၊ သူ့အဒေါ်အိမ်မှာလေ။ သူက ကျုပ်ကို ခင်ဗျားမှတ်လို့ အတင်း လိုက်လာတာဗျ၊ ခင်ဗျားကို အတော် ချစ်ရှာတာပဲဗျာ"

"နေပါဦးဗျ၊ ခင်ဗျားက ဘာဖြစ်လို့ ခုလို. . ."

"ပြောမယ်၊ အဲဒီကိစ္စ သိပ်အရေးကြီးတယ်ဗျ။ ကျုပ် အမိက လာရှာတာ ခင်ဗျားအမေ ဒေါ်ရွှေမှုန်ကို တွေ့ဖို့ပဲဗျ"

"ဟင် အမေနဲ့တွေ့ဖို့"

"ဟုတ်တယ်၊ ဒါပေမယ့် ခင်ဗျားအမေက ဆုံးသွားပြီလေ"

"ဗျာ၊ ကျုပ်အမေ ဆုံးပြီ"

"ခင်ဗျား မသိဘူးလား"

"မသိဘူးဗျ၊ တောက် - ရက်စက်လိုက်ကြတာဗျာ။ အမေ မသေသင့်ဘဲ သေရတာဗျ။ ဒါ ဦးရွှေကိုတို့ သားအဖေ စနက်ဗျ။ ကျုပ်တို့ သားအမိကို ဒင်းတို့က နှိမ်တယ်၊ ပိုက်ဆံချေးတာတောင် လူကို ကလေကလွင့် ပြောခဲ့ကြတာဗျ။ တောက် - မိုက်ရိုင်းလိုက်တာဗျာ၊ ဘယ်မှာလဲ ကျီးဖြူ၊ ကျုပ် သူတို့ ရွှေလိုဥထားတဲ့ ကျီးဖြူကို ခိုးပြေးမယ်ဗျာ"

"ဟာ - နိုးတူးကလည်း ကလဲ့စားချေတယ်ဆိုတာ မကောင်းပါဘူးဗျာ။ ဖြစ်ပြီးတာတွေ မေ့လိုက်ပါဗျာ။ အရေးကြီးတာ ခင်ဗျားတို့



www.burmeseclassic.com

www.burmeseclassic.com



သားအမိ ခုလို ဒုက္ခသုက္ခရောက်ရတာ အဓိကအပြစ်က ပိုက်ဆံ မရှိလို့ဘဲဗျ။ လူဟာ ပိုက်ဆံမရှိရင် သုံးလေးခါ သေရတာပဲဗျ"

"မှန်တယ်၊ ခင်ဗျားပြောတာ သိပ်မှန်တယ်"

"ဒါကြောင့် ပြောတာပေါ့၊ ခင်ဗျား ကျီးဖြူကို ချစ်တယ် မဟုတ်လား"

"ချစ်တာပေါ့ဗျာ၊ သူတို့ဘက်က ကျုပ်ကို မတူဘူး မတန်ဘူးဆိုပြီး ပျစ်ပျစ်နှစ်နှစ် ပြောခဲ့ကြတာဗျ"

"စိတ်မကောင်း မဖြစ်ပါနဲ့ဗျာ၊ လောလောဆယ် ခင်ဗျား မကျီးဖြူနဲ့ တွေ့လိုက်ဦး။ ပြီးရင် ခင်ဗျား ချမ်းသာရာ ချမ်းသာကြောင်းကိစ္စ ကျုပ် ပြောမယ်"

"ဗျာ"

နိုးတူးတစ်ယောက် ဂျာအေး၏ စကားများကြောင့် မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေ၏။ ထိုစဉ် ဂျာအေးက သူ့လာရင်းကိစ္စကို ပြောပြလိုက်၏။

"ဗျာ၊ ဒါ. . . ဒါဆို ဦးကမ္ဘာစိုးဟာ ကျုပ်အဖေပေါ့ ဟုတ်လား"

"ဟုတ်တယ် ကိုနိုးတူး၊ မယုံရင် ဟောဒီ လက်စွပ်ကို ကြည့်လိုက်"

"ဟင်"

ဂျာအေး ထုတ်ပြသည့်လက်စွပ်ကို ကြည့်ရင်း နိုးတူး အံ့ဩနေ၏။ ထိုအခါ သူ့မိခင် ပေးထားသော လက်စွပ်ကလေးကို သတိရလာ၏။

"ဟာ - အဲဒီလက်စွပ်မျိုး ကျုပ်ဆီမှာလည်း ရှိတယ်ဗျ"

"ဘယ်မှာတုံး၊ ပြပါဦး"

"ဒီမှာဗျ၊ ပျောက်မှာစိုးလို့ လည်ပင်းမှာ ရှုံ့အိတ်နဲ့ ဆွဲထားတာ"

ပြောပြောဆိုဆိုနှင့် လည်ပင်းတွင် ချိတ်ဆွဲထားသော ရှုံ့အိတ်ကို ဖြုတ်၍ အထဲမှ လက်စွပ်တစ်ကွင်း ထုတ်ပြလိုက်၏။ ဂျာအေးသည် လက်စွပ်နှစ်ကွင်းကို ယှဉ်ကြည့်ရင်း ဝမ်းသာအားရ ဖြစ်နေ၏။

"ဟုတ်ပြီဗျ၊ ဒါ သေချာပြီ။ ခင်ဗျား လိုက်ခဲ့ပေတော့ဗျာ၊ ဒီကိစ္စ အမြန်ရှင်းပစ်လိုက်မှ ကောင်းမယ်။ ခင်ဗျားအဖေဟာ လောဘသားတွေ ကြားမှာ အကြီးအကျယ် အကျပ်တွေ့နေတာဗျ။ သူ့ဆန္ဒလေးကိုတော့ ခင်ဗျား ဖြည့်ဆည်းသင့်တယ်ဗျာ"





"ကျွန်တော် အဖေနဲ့လည်း တွေ့ချင်နေတာဗျ"

"ကောင်းတာပေါ့ဗျာ၊ ကျွန်တော် ကြိုးစားရကျိုးနပ်ပြီပေါ့ဗျာ"

နိုးတူးမှာ သူ့အဖြစ်ကိုသူ မယုံကြည်နိုင် ဖြစ်နေရလေ၏။ နောက်ဆုံး သူတို့နှစ်ဦး ပြောဆိုပြီးနောက် အိမ်သို့ ပြန်ခဲ့ကြလေ၏။

ထိုအချိန်တွင် ဖျောက်ဆိပ်တစ်ယောက် အိမ်ပြန်ချင်စိတ်ကြောင့် သောကတွေ ဖြစ်နေရ၏။ အိမ်ရှေ့ဝရန်တာတွင် ထိုင်ကာ ဆေးလိပ်ကြီး တဖွာဖွာနှင့် ဂျာအေးကို ပေါက်ကွဲနေ၏။

ထိုစဉ် အိမ်ပေါ်သို့ ဂျာအေးနှင့် နိုးတူးတို့နှစ်ဦး ပခုံးချင်းယှဉ်၍ တက်လာ၏။ စိတ်ညစ်ညစ်နှင့် ထိုင်နေသော ဖျောက်ဆိပ်မှာ ဂျာအေး နှစ်အေးကို မြင်လိုက်ရသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။

"ဟာ - ဂျာ. . . ဂျာအေး မင်း. . . မင်းတို့"

"ဟားဟား ဘယ်သူ ဂျာအေးလဲ ပြောစမ်းပါဦး ဆရာဖျောက်ရဲ့"

"ဘာ - မင်း. . . မင်းတို့ လူ. . . လူတွေမှ ဟုတ်ရဲ့လား"

"ဟားဟားဟား သေသေချာချာ ကြည့်စမ်းပါဦးဗျ"

"ဟင် - ဒုက္ခပါပဲ၊ ဒါ. . . ဒါ တကယ့်ဖြစ်ရပ်တွေလား။ ဒုက္ခပါပဲ ငါတော့ မင်းတို့နှစ်ယောက် ကြည့်ရင်း ဘယ်သူ ဂျာအေးဆိုတာ ခွဲလို့ကို မရတော့ဘူးကွ"

"ဆရာဖျောက်ကလည်း ကျုပ်က ဆရာ့တပည့် ဂျာအေးလေ၊ သူကတော့ ကျုပ်ရှာနေတဲ့ နိုးတူး ဆိုတာပေါ့ဗျာ"

"ဟုတ်တယ်၊ ကျွန်တော် နိုးတူးပါ"

"ဟုတ်. . . ဟုတ်မှဟုတ်ရဲ့လားကွာ၊ မင်းတို့နှစ်ယောက် ဘယ်ဘဝက်ကြမ္မာတွေနဲ့များ ဒီလောက် ချွတ်စွပ်တူနေပါလိမ့်"

"ဟုတ်ပါ့တော် အံ့ဩစရာပဲ"

တင်မွန်မိန်းမ မရွှေငါးကပါ ဝင်၍ ပြောဆိုလာ၏။ သူတို့အဖြစ်ကို ကြည့်ပြီး ဂျာအေးနှင့် နိုးတူးတို့နှစ်ဦးမှာ တဟားဟားနှင့် ရယ်မောနေကြဆဲ။

✂ ✂ ✂



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဖျောက်ဆိပ်တစ်ယောက် ဂျာအေးနှစ်ကိုယ်ခွဲကို ကြည့်ရင်း အံ့ဩ မဆုံးတော့။ သွေးမတူ သားမတူ နှစ်ဦးက ရုပ်ချင်းချွတ်စွပ်တူနေ၏။

ပို၍ ထူးခြားသည်မှာ နှစ်ယောက်စလုံး၏ စိတ်နေစိတ်ထားကလည်း ခပ်ဆင်ဆင်။

နိုးတူးက ထင်ရာပြော ထင်ရာလုပ်သူ၊ လက်ရဲဇက်ရဲလည်း နိုင်၏။ ပါးစပ်ကလည်း ဂျာအေးလို တွေ့ကရာရှစ်သောင်း ပြောချင်သူ၊ ပြီးတော့ အရာရာကို ခပ်ပေါ့ပေါ့ နေချင်လှသူ။

ယခုလည်း သူတို့နှင့် လိုက်ပါလာခဲ့ရာ နိုးတူး၏ ပေပေတေတေ နေထိုင်မှုစရိုက်ကို သိလာရ၏။

သို့သော် နိုးတူးနှင့် ဂျာအေး တစ်ခုပဲ ကွာ၏။ ဂျာအေး၏ အ… အကျင့်ကို နိုးတူး လိုက်မမီ။ အမှန်အမှားသဘောကို ဘယ်တော့မှ … မစိုက်သူ။ တစ်ခါတစ်ရံ မှားမှန်းသိလျှက်နှင့် အမှားတွေ စုပုံပြီး အမှန်… အော်ဟစ်ချင်လည်း အော်ဟစ်တတ်၏။

ယခုလည်း ဘယ်လို စိတ်ကူးပေါက်ပြီး သူတစ်ပါး အခက်အခဲ… ဝင်၍ ကူညီလေသည် မသိ။ ထူးဆန်းသည်က ဂျာအေးနှစ်ကိုယ်ခွဲ ဖြစ်လာ… ခြင်းပင်။

ဖျောက်ဆိပ်ခမျာ မျက်ခုံး တလှုပ်လှုပ်။ ရန်တုန် အမြန် ပြန်ရောက်… ပါစေသာ ဆုတောင်းနေရ၏။





သူတို့ စီးနင်းလာသော သင်္ဘောကြီးသည် ရန်ကုန်သို့ နံနက်ပိုင်းတွင် ရောက်ရှိခဲ့လေ၏။ ဖျောက်ဆိပ်မှာ နိုးတူးကိစ္စနှင့် ပတ်သက်ပြီး ဂျာအေးကို မေးလိုက်၏။

"မင်း ဒီကောင့်ကို ဘယ်လိုလုပ်မှာလဲ"

"ဟာ အိမ်မှာ တစ်ရက်၊ နှစ်ရက်တော့ ခေါ်ထားရမှာပဲဗျ။ ဒီလူက ဘယ်မှ သွားဖူးတာလဲ မဟုတ်ဘူး"

"ဖြစ်ပါ့မလားကွာ၊ တော်ကြာ တစ်ရပ်ကွက်လုံး ထွက်ပြေးမှ"

"ဟာ ဆရာကလည်း အဲဒီလောက်တော့ မဟုတ်တန်ပါဘူးဗျာ။ ဘာမှ မပူနဲ့၊ ဒီကိစ္စ ကျုပ် ရှင်းပါ့မယ်"

"အေးလေ၊ ဒါဆိုလည်း ပြီးရောပေါ့ကွာ"

နောက်ဆုံးတော့ သူတို့သုံးဦး တရုတ်ကြီးရပ်ကွက်ထဲသို့ ပြန်လည် ရောက်ရှိလာ၏။ ဦးဆုံး လမ်းထိပ် ဆံပင်ညှပ်ဆရာ ကိုတင်ဝင်းကို ဂျာအေး က ဝင်၍ နှုတ်ဆက်လိုက်၏။

"ဘယ်လိုတုံး ဆရာတင်ဝင်း၊ ဆိုင်ပြန်ဖွင့်ပြီလား"

"ဟာ ဂျာအေး၊ တပည့်ကြီး ဘယ်သွားနေတုံးကွာ"

"ဟဲဟဲ ကိစ္စရှိလို့ပေါ့ဗျာ၊ ဒီမှာကြည့်ပါဦးဗျ"

"ဟင် ဘာလဲ"

တင်ဝင်းသည် အဘိုးကြီးတစ်ဦးကို ဆံပင်ညှပ်နေရာမှ ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။ နိုးတူးနှင့် ဂျာအေး ယှဉ်၍ ရပ်နေကြ၏။ နှစ်ဦးစလုံး ကို မြင်တော့ တင်ဝင်း မျက်လုံးကြီး ပြူးထွက်လာ၏။

"အောင်မယ်လေးဗျ၊ သရဲတွေ"

"ဟာ - ဘာ. . . ဘာလဲ"

"ဟို. . . ဟိုမှာ ဂျာအေးနှစ်ယောက်၊ မင်း. . . မင်း လူ. . . လူမှ ဟုတ်ရဲ့လား"

"ဟားဟားဟား"

"ဂျာအေး၊ မင်း သေပြီး သရဲဖြစ်"

"ဟာ - ခင်ဗျားကလည်း ကျုပ်က ဂျာအေး၊ ဟောဒီလူက ကျုပ်နဲ့ ချွတ်စွပ်တူတဲ့ နိုးတူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ၊ ဟုတ်. . . ဟုတ်ရဲ့လားကွာ။ ဘယ်လိုနည်းနဲ့မှ မင်း နှစ်ကိုယ်ခွဲ မဖြစ်နိုင်ဘူး"

"ခက်ပဲ့ ဆရာတင်ဝင်းရာ၊ လူတူမရှား နာမည်တူမရှားဆိုတဲ့ စကား ဘယ်သွားထားမလဲဗျ"

"အင် - ငါတော့ ယုံတောင် မယုံချင်ဘူးကွာ"

ဆံသဆရာ တင်ဝင်းတစ်ယောက် ဂျာအေးနှစ်ကိုယ်ခွဲကို ကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေ၏။ ဆံပင်အညှပ်ခံနေသော ပုဂ္ဂိုလ်ကြီးမှာ ကွက်တိကွက်ကျား ဖြစ်နေသော သူ့ခေါင်းကို စမ်းရင်း တင်ဝင်းကို မေးလိုက်၏။

"ဘယ်လိုတုံး တင်ဝင်းရ၊ ဆံပင်ညှပ်ဖို့ သတိရသေးရဲ့လားကွ"

"ဗျာ၊ ဟို အဲ - နှစ်ကိုယ်ခွဲ"

"ဩော် - မင်းကလည်း အဆန်းလုပ်လို့ကွာ၊ လူတွေပဲ အားလုံး တူကြမှာပေါ့ကွာ။ မင်းအဖေနဲ့ ငါတောင် တူရင်တူမှာကွ"

"ဗျာ၊ ဟာ ဦးဘကြီးကလည်းဗျာ မဟုတ်တာ"

"ကိုင်း - ညှပ်ကွာ၊ ငါ့ခေါင်းက ဆံပင်လေးကွက်ကျားကို ကြာကြာ မကြည့်ရဲဘူးကွ။ မျက်တွင်းချောင်ချောင်နဲ့ ငါ့ကိုယ်ငါတောင် ရဲရဲမကြည့်ဝံ့ဘူးကွ ညှပ်ညှပ်"

"ကောင်းပါပြီဗျာ၊ ထိုင်. . . ထိုင်ကြလေကွာ"

"မထိုင်တော့ဘူးဗျာ၊ နောက်မှလာမယ်။ ကျုပ် ခင်ဗျားဆီမှာ ဆက်လုပ်မှာနော်"

"အေးပါကွာ၊ ဒီကိစ္စ ပြောနေစရာ လိုသေးသလားကွ"

"ဒါဆို သွားပြီဗျို့"

ဂျာအေးနှင့် နိုးတူးတို့နှစ်ဦး ရပ်ကွက်ထဲ ဝင်လာကြ၏။ သူတို့ကို ကြည့်ပြီး ကလေးတွေကအစ ထိတ်လန့်နေ၏။

အရပ်လူကြီး ဦးပြုံးချိုတို့ လူသိုက်မှာလည်း ဂျာအေးနှစ်ကိုယ်ခွဲ ဖြစ်လာသည်ဆိုသော သတင်းကြောင့် မယုံမကြည် ဖြစ်နေ၏။

ထိုသတင်းကို သယ်လာသူက ဇနီးသည် မဖီးမ။ ဈေးကအပြန် ဆံသဆိုင်ထဲက ထွက်လာသော ဂျာအေးနှစ်ယောက်ကို မြင်လိုက်ရသဖြင့်





မဖီးမ အငေးသား ဖြစ်ခဲ့ရ၏။ ခင်ပွန်းသည်ကို ပြောပြတော့ ခင်ပွန်းသည် ဦးပြုံးချိုက မယုံချင်။

"ဟာ - မိန်းမကလည်း မဖြစ်နိုင်တာတွေ၊ ဒီကောင် အဲဒီလောက် ပညာမရှိပါဘူးကွ"

"အို အစ်ကိုကြီးကလည်း ဂျာအေးရုပ်က မှင်စာလိုလို၊ တစ္ဆေလိုလို နှစ်ကိုယ်ခွဲလို့ မရဘူး ပြောနိုင်သလား"

"ဟင် - မှင်စာ၊ ဟုတ်တယ် ဟုတ်နိုင်တယ်။ ဒီကောင်လေးက မှင်စာမှ တကယ့်မှင်စာ။ ဧကန္တ ရပ်ကွက်ထဲ နှစ်ကိုယ်ခွဲပြီး ဝင်လာပုံ ထောက်ရင် ရပ်ကွက်ကို အစအနတောင် မကျန်အောင် ဖြိုတော့မယ် ထင်တယ်။ သူ့ဆရာ ဟို ငကြောင် ဖျောက်ဆိပ်ကလည်း တစ်မျိုး၊ ဒီနှစ်ကောင်က တကယ့် ဓမ္မန္တရာယ်တွေပဲ"

"အဲဒါ ပြောတာပေါ့၊ တစ်ခုတော့ရှိတယ် အစ်ကိုကြီး၊ မှင်စာဆိုတဲ့ သရဲဟာ မျက်စိပြူးပြလိုက်တာနဲ့ အဲဒီလူက သူခိုင်းတာ လုပ်ရတော့တာပဲတဲ့။ သတိလည်းထားပါ အစ်ကိုကြီးရယ်"

"အေးပါကွာ"

သူတို့နှစ်ဦး အချီအချ ပြောဆိုနေစဉ် ဂျာအေးနှင့် နိုးတူးတို့နှစ်ဦး ပြုံးစိပြုံးစိနှင့် ဖျောက်ဆိပ် နေထိုင်ရာ အိမ်ထဲသို့ ဝင်လာကြ၏။ ထိုအချိန် အပုလေးမှာ ဖျောက်ဆိပ်ကို အကြီးအကျယ် ပွက်နေ၏။ ဖျောက်ဆိပ် ခမျာ အပုလေးရှေ့တွင် လင်းတကြီးတစ်ကောင်အလား ငူငူကြီး ထိုင်နေ၏။

"ရှင်က မကြီးမငယ်နဲ့ ဟိုကောင်လေးခေါ်ရာ လျှောက်လိုက်လို့ ဖြစ်ပါ့မလား၊ ရှင့်မှာ သားမယား ရှိသေးတယ်ဆိုတာရော သတိရသေးရဲ့လား ပြောစမ်း"

"သတိရသပေါ့ မိန်းမရယ်၊ သေရင်တောင် ဖြောင့်ဖြောင့် သေနိုင်မှာ မဟုတ်ပါဘူးကွာ"

"ဘာ - ရှင်က သေချင်နေပြီလား၊ ရှင် အတော့်ကို ပျော့ညံ့တဲ့လူပဲ၊ သားမှု မယားမှုဆိုတာ အိမ်ထောင်ပြုရင် ရှိတာပဲ ကိုရင်ဖျောက်ရဲ့၊ ရှင် ဦးဆောင်လာတာ ခုထိ ဘာတိုးတက်သေးလဲ ပြောပါဦး။ ထမင်းတောင် အနိုင်နိုင် စားနေရတဲ့ဘဝ၊ ရှင် ဦးမဆောင်ချင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မိန်းမရာ ဘာတွေပြောသတုံး၊ အစ်ကိုပြောတာ မင်းတို့ ချစ်လို့ပါ။ အခုလည်း အစ်ကို သတိရလွန်းလို့ ဖွတ်ပြန်လာတာပါကွာ။ မယုံရင် ဂျာအေးတို့ကို မေးကြည့်ပါ"

"ဘယ်မှာတုံး ဂျာအေး"

"လာပါပြီ မပုလေးရာ၊ ခင်ဗျားကလည်း လာတာနဲ့ ပြဿနာရှာ တော့တာပဲ၊ ဘာလဲ ပိုက်ဆံကုန်သွားပြီလား"

"ဟဲ့ကောင်ရဲ့၊ နင်ပေးခဲ့တာ နံတောင် မစွတ်ဘူးဟဲ့"

"အင်း - ဒီကိစ္စ ဆရာဖျောက် ပြောသလို နည်းစနစ်မှားနေတာ ဖြစ်ရမယ်ဗျ။ ဟုတ်ဖူးလား ဆရာဖျောက်"

"ဟေ၊ အဲ - ဟုတ်. . . ဟုတ်ချင်လည်း ဟုတ်မှာပေါ့ကွာ"

"ဟာ - ဆရာဖျောက် လေသံက အိကြာကွေး ရေနွေးဖြောထားတဲ့ လေသံပါလားဗျာ။ ပြောစမ်းပါ အမှန်တရားဆိုတာ ကျောသားရင်သား မခွဲခြားဘူးဆို၊ ဘာလဲ မိန်းမကျတော့ မှားတာကိုလည်း အမှန်လုပ်ချင် သလား"

"ဟေ"

"ဟဲ့ကောင်၊ နင်က ငါတို့လင်မယားကြား တိုက်ပေးနေသလား။ နင် ဒါကြောင့် မိန်းမမရတာ မှင်စာရဲ့"

"လုပ်ပြီဗျာ၊ ကိုင်း - ခုမှ ပြန်လာကြတဲ့လူတွေကို ပန်းစည်းတွေ သပြေခက်တွေနဲ့ ကြိုရမှာ၊ ခုတော့ ဘီလူးဆိုင်းနဲ့ ကြိုဆို. . ."

"တိတ်စမ်း"

"တော်ပါတော့ကွာ၊ ကိုင်း - ဘာမှ မပူနဲ့ ငါတို့ လူအင်အားတွေ များလာပြီ မိန်းမရ"

"ဟင် လူအင်အား၊ ဘာတုံး ရှင်တို့ ဘာလုပ်လာကြသတုံး။ ဟို ကောင် မိန်းမ ခိုးလာသလား ပြောစမ်း"

"ဟာဗျာ၊ ကိုင်း - ဒီမှာကြည့်စမ်း"

"အင်"

အိမ်ပေါ် လွှားခနဲ တက်လာသော နီးတူးကို ကြည့်ပြီး အပုလေး ပြုံးချာချာ ဖြစ်သွား၏။ လက်ညှိုးကြီး တထိုးထိုးနှင့် တုန်တုန်လှုပ်လှုပ်





ဖြစ်လာ၏။

"ဟို. . . ဟို၊ ဒါ ဂျာအေး သေ. . . သေပြီး သရဲ"

"ဟာ - မပုလေးကလည်းဗျာ၊ အဲဒီလူက နီးတူးတဲ့ဗျ။ ကျုပ် နှစ်ကိုယ် ခွဲပေါ့ဗျာ၊ သူက ကျုပ်တို့အိမ်မှာ တစ်ရက်၊ နှစ်ရက် နေမယ်"

"ဟင် - ဘယ်လိုဖြစ်ကုန်ပြီတုံး၊ ဟုတ်မှ ဟုတ်ရဲ့လား ဂျာအေးရယ်။ နင် သေပြီး နှစ်ကိုယ်ခွဲလာတာလား"

"ဗုဒ္ဓေါ၊ မသေပါဘူးဗျာ။ ခင်ဗျားရှေ့မှာ အရှင်လတ်လတ်ကြီး စကားပြောနေတာ အမြင်ပဲ"

"ဟင်"

"ဟုတ်တယ် မိန်းမရ၊ မင်းမပြောနဲ့ ငါတောင် ပထမ မယုံနိုင်ဘူးကွ။ နောက်မှ ဂျာအေးနဲ့ အတော့်ကိုတူတဲ့ကောင်ပါလားဆိုတာ သိရတာကွ"

"ရှင်၊ ဂျာအေးနှစ်ယောက်"

"ဟုတ်တယ်လေ"

"အောင်မယ်လေးတော်၊ တစ်ယောက်တည်းတောင် ပြဿနာတွေ တောင်တက်မြောက်တက် တက်နေတာ နောက်တစ်ယောက်ဆို ရပ်ကွက် က ခံနိုင် ဝိုင်းထုမှာပေါ့။ လုပ်ကြပါဦး ဘာတွေ လုပ်လာကြလဲ၊ ဇကန္တ မှော်တွေ၊ အင်းတွေနဲ့ နှစ်ကိုယ်ခွဲလာတာလား"

"ဟာ - ပေါက်တီးပေါက်ရှာကွာ"

"ဟင် - အံ့ပါ့တော်၊ ဒီလောက် ဒုက္ခပေးတဲ့လူနဲ့ တူနဲ့လူလည်း ရှိပါ သေးလား"

"လာလေ နီးတူးရ၊ ဒါ ငါတို့အိမ်ပဲကွ။ မင်း လွတ်လွတ်လပ်လပ် နေနိုင်တယ်၊ တစ်ခုတော့ရှိတယ် ပြဿနာတော့ မရှာနဲ့ကွာ"

"ဟာ - ကိုကြီးဖျောက်ကလည်း ဂျာအေးဟာ ဂျာအေး၊ နီးတူးက နီးတူးပါဗျာ။ လူချင်းတူပေမယ့် အသက်ရှူချင်း ကွဲပါတယ်ဗျ။ ဘာမှ မပူနဲ့၊ နီးတူးကိစ္စ ကျုပ်တာဝန်ထား"

"အင် - ဘာတွေလုပ်ဦးမလဲ မသိဘူး"

"မပူစမ်းပါနဲ့ဗျာ"

ဂျာအေးစကားကို အပုလေးရော ဖျောက်ဆိပ်ပါ ယုံမှတ်ခက်ခက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေ၏။ ဂျာအေးကတော့ ခပ်အေးအေးပင်။ သို့နှင့် ရပ်ကွက်ထဲ ပြန်ရောက်လာပြီးနောက် ဂျာအေး ဆံသဆိုင်တွင် ဆံသဆရာ ဝင်လုပ်ခဲ့၏။ တစ်ဖက်ကလည်း နိုးတူး၏ အခြေအနေကို အကောင်အထည် ဖော်ခဲ့၏။

တစ်ရက်တွင် ဦးကမ္ဘာစိုး နေထိုင်ရာ အိမ်အနီးတစ်ဝိုက်သို့ ရောက်ရှိသွား၏။ ဦးကမ္ဘာစိုးကို တွေ့ဆုံရန် သူ သုံးလေးရက်ခန့် စောင့်ဆိုင်းခဲ့သော်လည်း အရိပ်အယောင်မျှပင် မတွေ့။ စိတ်ထဲ ထူးထူးဆန်းဆန်း ခံစားနေရ၏။

ပို၍ ထူးဆန်းသည်မှာ ဦးကမ္ဘာစိုး နေထိုင်ရာ အိမ်ကြီးပေါ်မှ ဆင်းလာသော လူဝကြီးကို တွေ့လိုက်ရခြင်းပင်။ တစ်ချိန်က သူ့ကို ဂိုဒေါင်ထဲ ဖမ်းဆီးချုပ်နှောင်ခဲ့သော လူကြီး။

ထိုမြင်ကွင်းကြောင့် ဂျာအေး အံ့သြနေ၏။ သို့နှင့် ဦးကမ္ဘာစိုး၏ အရိပ်အခြည်ကို စောင့်ကြည့်နေရာ ညနေစောင်းလုလုတွင် ဦးကမ္ဘာစိုးကို သူသောက်နေကျ လက်ဖက်ရည်ဆိုင်ထောင့်တွင် တွေ့လိုက်ရ၏။

ကိုယ်ပေါ်တွင် အနွေးထည်ထူထူကြီး ဝတ်ဆင်ထား၏။ မျက်နှာတလည်း မှုန်ကုပ်ကုပ်၊ တစ်ခုခုကို အလိုမကျနေသည့်ပုံပင်။

ဂျာအေးသည် ဦးကမ္ဘာစိုးကို မြင်လိုက်သည်နှင့် ဝမ်းသာအားရ ဖြစ်သွား၏။ ဆိုင်ထဲ အလျှင်အမြန်ဝင်ကာ စားပွဲဘေး ထိုင်ခုံပုလေးတွင် ဝင်၍ထိုင်လိုက်၏။ ဦးကမ္ဘာစိုးမှာ သူ့ကိုကြည့်ပြီး အားရဝမ်းသာ ဖြစ်နေ၏၊

"ဟာ - မောင်ဂျာအေးပါလား၊ မင်း. . . မင်း ပြန်လာပြီလား၊ တို့ရွှေမှုန်. . . ရွှေမှုန်သတင်းရော"

"အဲဒါ ပြောချင်လို့ပေါ့ ဦးလေး ကမ္ဘာစိုးရာ"

"ဟင် - ဘာပါလိမ့်ကွာ၊ ရွှေမှုန် နေကောင်းရဲ့လား၊ ခေါ်မလာဘူးလား။ ပြော. . . ပြောပါဦးကွာ"

"စိတ်မကောင်းပါဘူး ဦးလေးရာ၊ ဒေါ်ရွှေမှုန်ကတော့ ဆုံးသွားရှာပြီဗျ"

"ဘာ - ရွှေမှုန် ဆုံးပြီဟုတ်လား၊ မင်းပြောတာ ဟုတ်. . . ဟုတ်ရဲ့လားကွာ"

"ကျွန်တော်ကိုယ်တိုင် သူ့မြေပုံကို မြင်ခဲ့တာဗျ။ ဆုံးသွားတာ သေချာ





တယ်၊ ဒါပေမယ့်. . ."

"ဘာ ဒါပေမယ့်လဲ၊ သူပြန်အသက်ရှင်လာလို့လား၊ ပြောစမ်းပြောစမ်းပါကွာ၊ ငါ့စိတ်တွေ အရမ်း လှုပ်ရှားနေတယ် ဂျာအေးရာ။ မင်းငါ့ကို အမှန်အတိုင်း ပြောပါကွာ"

"ကျွန်တော် အမှန်အတိုင်း ပြောတာပါဗျာ၊ ဒါပေမယ့် ဒေါ်ရွှေမှုန်မှာ သားတစ်ယောက် ကျန်ခဲ့တယ်လေ"

"ဟင် - သား ဟုတ်လား၊ ဒါ. . . ဒါဆို ငါ့သားပေါ့။ ဘယ်မှာလဲ မင်းနဲ့ ပါမလာဘူးလား၊ ငါ. . . ငါ သိပ်တွေ့ချင်တာပဲကွာ"

"ပါလာပါတယ် ဦးလေးရာ၊ ဒါပေမယ့် ပြဿနာတွေ ရှိနေတယ်ဗျ။ ဒါကြောင့် ဒီကို ခေါ်မလာတာ အကြောင်းရှိတယ်ဗျ"

"ဘာ. . . ဘာအကြောင်းလဲကွ"

"ဒီလိုဗျ"

ဂျာအေးသည် ဦးကမ္ဘာစိုးကိုစွကို ဆောင်ရွက်ရင်း အဖမ်းခံရပုံ၊ ထွက်ပြေးလွတ်မြောက်လာခဲ့ပုံတို့ကို အသေးစိတ် ပြောပြလိုက်၏။

ထို့ပြင် ဦးကမ္ဘာစိုးအိမ်တွင် ဝင်ထွက်သွားလာနေသော လူဝကြီးအကြောင်းကိုလည်း ပြောပြလိုက်၏။ သူ့စကားကြောင့် ဦးကမ္ဘာစိုးတောက်တခေါက်ခေါက် ဖြစ်နေ၏။

"ခြော် - ငါက ဘယ်သူများလဲလို့၊ အဲဒါ ငါ့မန်နေဂျာ အုန်းမောင်ကွ။ ဒီကောင်က တင်တင်နဲ့ပေါင်းပြီး ငါ့ကို ဒုက္ခပေးနေတာလေ။ ငါ့အိမ်ကြီး တစ်ခုလုံး ဒင်းတို့လက်၊ ဒင်းတို့ခြေ ဖြစ်ကုန်ပြီကွ။ ဒါပေမယ့်ကွာဥပဒေကြောင်းအရတော့ ငါ ပြတ်ပြတ်သားသား လုပ်မှ ဖြစ်မှာကွ"

"ဒါပေါ့ ဦးလေးရာ၊ ဘာပဲလုပ်လုပ် စေတနာဟာ အဓိကလေ ဦးလေးရ။ ခု ကျွန်တော် ဦးလေးသားကို ပြန်တွေ့ပြီပဲဗျ"

"အေး၊ အဲ. . . အဲဒါ ပြောစမ်းပါဦးကွ၊ ဟို ငါ့သား ဘယ်. . . ဘယ်မှာလဲဟင်၊ နာမည် ဘယ်လိုခေါ်သတုံးကွ။ ငါ တွေ့ချင်လိုက်တာကွာ"

"ပထမတော့ ခေါ်လာမလို့ဘဲဗျ၊ ဒါပေမယ့် ပြဿနာတွေ ရှုပ်ထွေးကုန်မှာစိုးလို့ဗျ။ ဒါကြောင့် ကျွန်တော့်အိမ်မှာပဲ ထားခဲ့တယ်ဗျ"

"ဟင် - ဟုတ်လား၊ အေး အဲဒီအကြံ ကောင်းတယ်ကွ။ ငါ့သားလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု ဖြစ်သွားရင် အခက်ကွ။ ပြောပါဦးကွာ၊ ဘယ်အရွယ်ရှိပြီတုန်း နာမည် ဘယ်လိုခေါ်သလဲ၊ ငါမြင်ချင်လိုက်တာကွာ။ လိုက်ကြည့်လို့ မရဘူးလား။ ငါ့. . . ငါ့ကို စီစဉ်ပေးစမ်းပါကွာ"

"သိပ်တော့ မလောပါနဲ့ဦးဗျာ၊ ဦးလေးသားနာမည်က နိုးတူးတဲ့၊ ကျွန်တော်နဲ့ ရွယ်တူဗျ"

"ဟင် - ဟုတ်လား၊ ဒါဆို ငါ့သား အတော့်ကို ကြီးပြီပဲကွ။ အိုကွာ ဖြစ်ချင်ရာဖြစ် ငါ ငါ့သား နိုးတူးနဲ့ တွေ့ပါရစေကွာ၊ ခု လိုက်ဆို လိုက်ပါမယ်ကွာ"

"ဖြစ်ပါ့မလားဗျ"

"ဖြစ်. . . ဖြစ်ပါတယ်ကွာ၊ ငါ့ကျန်းမာရေးက တစ်နေ့ရွှေ၊ တစ်နေ့ ငွေ ဖြစ်နေတာကွ။ မတော်လို့ အိပ်ရာထဲ လဲနေရင် ငါ့သားလေးကို မတွေ့ရဘဲ ဖြစ်နေပါ့မယ်ကွာ။ ကိုင်း - ကားငှားကွာ၊ ငါတို့ သွားကြရအောင်"

"ဗျာ၊ လောလှချည်လား"

"ရပါတယ်ကွာ၊ ဘာပဲဖြစ်ဖြစ် ငါ့သားနဲ့ငါ တွေ့ရရင် သေပျော်ပါပြီကွာ"

"ကောင်းပြီ၊ ဒါဆိုလည်း လိုက်ခဲ့ပေတော့"

"ကားငှားလိုက်မယ်နော်"

"ငှားစမ်းကွာ၊ ဘယ်လောက် ပေးရပေးရပေါ့"

ဂျာအေး မပြောသာတော့။ ဦးကမ္ဘာစိုးတစ်ယောက် သားဇော ပြင်းထန်နေသဖြင့် နောက်ဆုံး တက္ကစီငှားလိုက်ရ၏။ ဦးကမ္ဘာစိုးမှာ သားဖြစ်သူကို တွေ့ရတော့မည်မို့ ဝမ်းသာအားရ ဖြစ်နေ၏။ နောက်ဆုံး သူတို့နှစ်ဦး တက္ကစီငှားကာ ရပ်ကွက်ထဲသို့ ပြန်ခဲ့ကြ၏။

လမ်းက ခနော်ခနဲ့ အုတ်နီခဲများ ထုထောင်းခြေမွ ခင်းထားသဖြင့် ထိုးထိုးထောင်ထောင် ဖြစ်နေ၏။ ဦးကမ္ဘာစိုးသည် တုတ်ကောက်ကြီး တဒေါက်ဒေါက် ထောက်ရင်း ဂျာအေးကိုတွဲကာ လိုက်လာ၏။

အရပ်ထဲက ထူးထူးဆန်းဆန်း မြင်ကွင်းကြောင့် ဝိုင်းကြည့်နေ၏။ တချို့ကလည်း ဂျာအေး ဘာတွေလုပ်ချလာပြန်ပြီလဲဟူသော အကြည့်နှင့် ဝေဖန်အကဲခတ်နေ၏။





သူတို့နှစ်ဦး တလှုပ်လှုပ်နှင့် လျှောက်လာရင်း အိမ်ဘက်သို့ ရောက်ရှိလာ၏။ ထိုအချိန် နိုးတူးသည် ဖျောက်ဆိပ်နှင့်အတူ ထမင်းစားနေ၏။

"နိုးတူး. . . နိုးတူးရေ"

"ဟော - ကိုဂျာအေးလာပြီ"

"လာဟေ့၊ တစ်ခါတည်း ဝင်စားကွာ"

"ဒီမှာ ညှော်သည်ပါတယ် ကိုကြီးဖျောက်ရဲ့"

"ဟင်"

အိမ်ပေါ် ရောက်လာသော အဘိုးကြီးတစ်ဦး။ ဝတ်စားထားသည်ကလည်း သန့်သန့်ပြန့်ပြန့်။ ဖျောက်ဆိပ်နှင့် နိုးတူးတို့နှစ်ဦး ထမင်းစားပွဲကြီးကို အိမ်အနောက်ဘက် ရွှေ့လိုက်၏။

ဦးကမ္ဘာစိုးသည် နိုးတူးကို လိုက်ကြည့်ရင်း အံ့ဩနေ၏။

"သူ. . . သူက နိုးတူးလား"

"ဟုတ်တယ် ဦးလေးရ၊ အဲဒါ ဦးလေး တွေ့ချင်တဲ့ ဦးလေးသား နိုးတူးပဲဗျ"

"ဟေ"

"ဗျာ"

နိုးတူးကလည်း ဂျာအေး၏ စကားကြောင့် တအံ့တဩ ဖြစ်သွား၏။ ခံ့ညားတည်ကြည်သော အသွင်ရှိသည့် လူကြီးတစ်ဦး။ အသွင်အပြင်က လူချမ်းသာ အသွင်အပြင်။ နိုးတူး ကြောင်စီစီ ဖြစ်နေ၏။ ထိုစဉ် ဂျာအေး၏စကားသံ ထွက်လာ၏။

"အံ့ဩနေပြီလား ဦးလေး"

"ဟို. . . မင်းနဲ့ ဘယ်လိုဖြစ်လို့ တူနေတာလဲ"

"ဟုတ်တယ်၊ တော်တော့်ကို အံ့ဩစရာကောင်းလှတဲ့ အဖြစ်ဗျ။ နိုးတူး လာဦးလေကွာ၊ ဒါ မင်း သိပ်တွေ့ချင်တဲ့ မင်းအဖေလေ"

"ဟင် - အဖေ"

"ဟုတ်တယ်လေ၊ မင်း သိမ်းထားတဲ့လက်စွပ် ပြလိုက်ဦးလေကွာ"

"ဟုတ်. . . ဟုတ်ကဲ့"

နိုးတူးသည် ရှေ့အိတ်ထဲမှ လက်စွပ်ကိုထုတ်ကာ ဦးကမ္ဘာစိုးကို ပြ



www.burmeseclassic.com

www.burmeseclassic.com

လိုက်၏။ ဦးကမ္ဘာစိုးသည် နိုးတူးထံမှ ရလာသည့် လက်စွပ်ကို ဖင်ပြန် ခေါင်းပြန် ကြည့်ရင်း ခေါင်းတညိတ်ညိတ် ဖြစ်နေ၏။

"ဟုတ်ပါတယ်၊ ဒါ ရွှေမှုန်ကို ပေးလိုက်တဲ့ လက်စွပ်လေးပါပဲကွာ။ အသေအချာပါပဲဟော့။ မင်း. . . မင်းက ရွှေမှုန့်သား ဟုတ်လား"

"ဟုတ်. . . ဟုတ်ပါတယ် ဦးလေး၊ အဲ. . ."

"ခေါ်စမ်းပါကွာ၊ အဖေလို့ ခေါ်လိုက်စမ်းပါ"

"ဟုတ်. . . ဟုတ်ကဲ့၊ အမေဆုံးတာ ကျွန်တော် သိ. . . သိတောင် မသိလိုက်ပါဘူး"

"ဘယ်လိုဖြစ်လို့တုံးကွယ့်၊ မင်းကို မင်းအမေက အဖေ့အကြောင်း မပြောပြဘူးလား"

"အမေ ကျွန်တော့်ကို အဲဒီအကြောင်းတွေ ပြောမပြခဲ့ဘူး။ မေးရင်လည်း အဖေ သေပြီတဲ့၊ ဘယ်ကလဲ မေးတော့ တစ်ခုမှ မရေရာဘူး။ ဟော. . . ဟောဒီမှာ ကျွန်တော့်အမေနဲ့ ကျွန်တော့်ပုံလေ"

"ဟင်"

ညိုညစ်ညစ် ဓာတ်ပုံလေးတစ်ပုံ၊ ကလေးငယ်တစ်ဦးကို လက်ဆွဲ၍ ရိုက်ထားသောပုံ ဖြစ်၏။ ဦးကမ္ဘာစိုးမှာ ဓာတ်ပုံညိုရော်ရော်ကြီးကို ကြည့်ရင်း ကြေကြေကွဲကွဲ ပြောဆိုလိုက်၏။

"မှုန်ရယ် စိတ်မကောင်းလိုက်တာ၊ ဒီ. . . ဒီကိစ္စ ငါ့. . . ငါ့မှာ တာဝန်ရှိပါတယ်"

"အမေဆုံးရတာ ပိုက်ဆံမရှိလို့ဘဲ အဖေရဲ့"

"ဟင် ငါသိတယ်၊ ငါ့ကြောင့် မှုန် မျက်နှာလည်းငယ်ရ၊ ငိုလည်းငိုရ။ ပြီးတော့ ဆင်းရဲမွဲတေမှု. . . အိုကွာ စိတ်မကောင်းလိုက်တာကွာ။ လူကလေး မင်းဘာမှ အားမငယ်နဲ့၊ အဖေ မင်းအတွက် အများကြီး စီစဉ်ထားတယ်။ ဒါကြောင့် အဖေ ဂျာအေးကို ရှာခိုင်းလိုက်တာလေ"

"အမေဆုံးမှ အဖေကို တွေ့ရတော့ စိတ်မကောင်း ဖြစ်လိုက်ရတာဗျာ။ အဖေနဲ့သာ အချိန်မီတွေ့ရင် အမေ ခုလို သေမှာ မဟုတ်ဘူးဗျ"

"အဖေ နားလည်ပါတယ်ကွာ၊ ကိုင်း မင်း အခု လောလောဆယ် နေရေးထိုင်ရေးအတွက် အဖေ စီစဉ်ပေးပါ့မယ်"





"ကျွန်တော် ဂျာအေးတို့နဲ့ပဲ နေချင်တယ်"

"နေရမှာပေါ့ သားရယ်၊ ဒါပေမယ့် အိမ်ကောင်းကောင်း တစ်လုံး ဝယ်လိုက်။ ပြီးတော့ သား စီးပွားရေးလုပ်ဖို့ အဖေ ပိုက်ဆံထုတ်ပေးမယ်။ ဒါ့အပြင် ငါ့သားအတွက် ရသင့်ရထိုက်ခွင့်ကိုလည်း အဖေ စီစဉ်ထားတယ်"

"အို - ကျွန်တော် မယူပါရစေနဲ့"

"မယူလို့ မဖြစ်ဘူးကွ၊ ဒီကိစ္စ မင်းအမေရဲ့ ရပိုင်ခွင့်။ မင်း အမေ အတွက် ကောင်းမှုတွေလုပ်၊ အလှူအတန်းတွေလည်း လုပ်စမ်းကွာ။ ရွှေမှုန့်ဘဝ သနားစရာပါကွာ။ ကဲ လောလောဆယ် လူကလေး နေရေးထိုင်ရေးအတွက် အဖေ ပိုက်ဆံပေးခဲ့မယ်။ ဟောဒီမှာ အားလုံး ငွေနှစ်သိန်းရှိတယ်၊ သား လောလောဆယ် သုံးချင်ရာသုံးဖို့။ ပြီးတော့ ဂျာအေးကို တစ်သိန်းပေးလိုက်၊ သူ့ကြောင့် အဖေနဲ့သားတို့ ပြန်ဆုံရတာကွ"

"ဟာ - မယူ. . . မယူပါဘူး ဦးရယ်၊ ဦးကိစ္စ အဆင်ပြေရင် ပြီးတာပါပဲ"

"ဘယ်ဟုတ်ပါ့မလဲကွာ၊ ယူစမ်းပါ။ လောလောဆယ်တော့ နိုးတူးကို မင်းတို့နဲ့ပဲ ခေါ်ထားကွာ။ အိမ်ဝယ်ပြီးမှ ဦးလေး လာခေါ်မယ်"

"စိတ်ချပါ ဦးလေး၊ ထားသာထားခဲ့"

ဦးကမ္ဘာစိုးတစ်ယောက် သားဖြစ်သူကို တွေ့လိုက်ရ၍ ဝမ်းသာအားရ ဖြစ်နေ၏။ အဆင်သင့်ယူလာသော သားရေအိတ်ထဲမှ တစ်ထောင်တန် အထပ်လိုက်ကို ထုတ်၍ ပုံပေးလိုက်၏။

နိုးတူးမှာ ဖခင်ကြီးကို ပြန်တွေ့ရသဖြင့် ညှိုးငယ်နေသော စိတ်အစုံမှာ တက်တက်ကြွကြွ ဖြစ်လာ၏။ ဦးကမ္ဘာစိုးသည် သူတို့လူစုကို နှုတ်ဆက်ပြီး ပြန်ထွက်သွား၏။

အပုလေးမှာ ဂျာအေးရှေ့မှ ငွေပုံကြီးကိုကြည့်ကာ အံ့သြနေ၏။ ဖျောက်ဆိပ်ကတော့ ထုံးစံအတိုင်း ဆေးလိပ်တိုကြီး တဖွာဖွာလုပ်ကာ ထင်ရာမြင်ရာ ပြောဆိုနေ၏။

"အဲဒါ မိဘမေတ္တာပဲ၊ မှတ်ထား နိုးတူးရ။ ကိုယ့်ကံကြမ္မာကို ကိုယ် ဘယ်တော့မှ လျှော့မတွက်နဲ့ကွ။ အချိန်အခါဆိုတာ ရှိတယ်။ ဒါကိုသိ


www.burmeseclassic.com

www.burmeseclassic.com



ထားရမယ်။ မင်းဘဝဟာ အရင်က ကုန်းကောက်စရာ မရှိပေမယ့် အခု ဘဝက အပြောင်းလဲကြီး ပြောင်းလဲသွားပြီလေ"

"ကိုကြီးဖျောက်က ကံကြမ္မာကို ယုံကြည်သလား"

"ဟာ - ယုံရမှာပေါ့ ဂျာအေးရာ၊ ငါတို့ဟာ ဗုဒ္ဓဘာသာလူမျိုးတွေလေ။ ကံသာအမိ ကံသာအဖပဲကွ"

"ဒါဆို ကျုပ်တို့ကျတော့ ကံကလည်း ညံ့ပုံပဲဗျာ၊ ဘာလုပ်လုပ် အဆင်ပြေတယ်ကို မရှိဘူး။ အဲဒီကိစ္စတော့ ကျုပ် မကျေလည်လှဘူးဗျာ"

"ဟဲ့ နင်က အရည်ချည်းပဲ နင်းသောက်နေသကိုး"

"ဟာ မပုလေးကလည်း အရက်သောက်လို့ ကံမကောင်းဘူးတော့ မပြောနဲ့ဗျာ"

"နင် ငါးပါးသီလကို မသိဘူးလား၊ ပြောစမ်း"

"အင် - မပုလေးကလည်းဗျာ၊ ကျုပ်က အရက်သောက်တတ်ပေမယ့် သူတစ်ပါးအကျိုးပျက်အောင်တော့ မလုပ်ပါဘူး"

"ဆင်ခြေတွေ ပေးမနေစမ်းပါနဲ့ ဂျာအေးရာ"

"ကဲ တော်ကြပါတော့ကွာ၊ လောလောဆယ် မင်း ဘာလုပ်မလဲ နီးတူး"

"ဗျာ"

နီးတူးတစ်ယောက် သူ့လက်ထဲ ရောက်လာသော တစ်ထောင်တန် အထပ်လိုက်ကို ကြည့်ပြီး ဇဝေဇဝါ ဖြစ်နေ၏။ ရွာမှာနေစဉ်က တစ်ထောင် မပြောနှင့် လေးငါးရာပင် ရှာ၍မလွယ်။ ငွေတစ်ထောင်ကို အသေအချာတောင် မြင်ဖူးခဲ့သည်လည်း မဟုတ်။

ယခုတော့ တစ်ထောင်တန်အထပ်လိုက်အုပ်ကြီးကို ကြည့်ရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။

"ဒီ. . . ဒီကိစ္စ ကျုပ်လည်း ဘာလုပ်ရမှန်း မသိဘူးဗျ။ ကျုပ်မှာ အမေ့ဘက်က ဆွေမျိုးမောင်နှမလည်း မရှိဘူး၊ ရွာလည်း မပြန်ချင်ဘူး။ ဒီတော့ ကျွန်တော် ဆရာဖျောက်တို့နဲ့အတူ နေပါရစေ။ ဟောဒီ ပိုက်ဆံ တစ်သိန်းကို ယူပါ။ အိမ်ငှားချင်ငှား၊ ကြိုက်တာလုပ်ကြဗျာ။ ကျွန်တော် အပ်ပါတယ်"





"ဟာ ကျုပ်လည်း မလိုချင်ဘူး ကိုကြီးဖျောက်၊ ကိုကြီးဖျောက်တို့ပဲ ယူထားလိုက်"

"ဟင် - မင်း. . . မင်းအဖေကိုတော့ ပို့လိုက်ဦးလေကွာ"

"ကိုကြီးဖျောက်ပဲ ကြည့်ပို့လိုက်ဗျာ၊ ကျုပ်အတွက် အရေးမဟုတ်ပါဘူး။ ကျုပ်တို့က ဘာလုပ်လုပ် လုပ်လို့ဖြစ်ပါတယ်ဗျ။ မပုလေး ဟောဒီ ပိုက်ဆံနှစ်သိန်း ယူထားလိုက်ဗျာ"

"ဟင်၊ ဟဲ့ - ကောင်းပါ့မလား"

"ယူပါဗျာ"

အပုလေးတစ်ယောက် ပိုက်ဆံပုံကြီး မြင်ရသောအခါ ရင်တဖိုဖို ဖြစ်နေ၏။

လွန်ခဲ့သော အချိန်ကာလက တစ်ရပ်ကွက်လုံး ရေလွှမ်းခဲ့သဖြင့် အတိဒုက္ခရောက်ခဲ့ရ၏။ အကြွေးဗရပွ၊ စားရေးသောက်ရေးကအစ အခက်တွေ့ရသည်မို့ အပုလေးတစ်ယောက် ပျာယာခတ်ခဲ့ရ၏။

ယခုတော့လည်း သူ့ရှေ့မှာ တစ်သိန်းအုပ် နှစ်အုပ်ကို တွေ့လိုက်ရသဖြင့် ကံကြမ္မာကို အံ့အားသင့်နေလေ၏။

✂ ✂ ✂



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

နီးတူးကို ဦးကမ္ဘာစိုး လာခေါ်သွားသဖြင့် ဂျာအေးတစ်ယောက် ဆံသဆိုင်ရောက်နေ၏။

ဖျောက်ဆိပ်နှင့် တင်ဝင်းတို့နှစ်ဦးမှာ ချက်ဝိုင်းကို ကြည့်ပြီး ဝေဖန်ရေးလုပ်နေကြ၏။

"မြင်လား ကိုတင်ဝင်း"

"ဘာတုံးကွ၊ ကောင်မလေး ချောချောလား"

"ဟာ ခင်ဗျားကလည်း ဒီအရွယ်ကြီးကျခါမှ"

"ဩော် ဆရာဖျောက်ကလည်း စိတ်နုအောင် ထားရတယ်ဗျ။ စိတ်ဖို ကိုယ်နုတဲ့၊ ကျုပ်ပြောတဲ့စကား မမှန်ဘူးလား"

"ဒါတော့ ဒါပေါ့ ကိုတင်ဝင်းရာ၊ ကောင်မလေးတွေ ကြည့်မှ စိတ်နုသတဲ့လား။ တခြား မြင်ကွင်းတွေကရော ဘယ်သွားထားမလဲ"

"ခက်ပ့ါ ဆရာဖျောက်ရာ၊ စာဆိုတောင် ရှိသေးတယ်ဗျ"

"ဘာစာဆိုတုံး"

"ဒီလိုလေ -

*အလှပဂေးလေးတွေကို*
*ခဏာငေးကာ ကြည့်ရင်ဖြင့်*
*အတွေးအသိကလေးချို*
*လောကရဲ့အလို*





*စိတ်ဆိုတာ ပျိုနိုင်မှ၊*
*ပန်းသမျှ*
*နွမ်းလျစိတ်အစဉ်မှာ*
*ရွှေရင်ကို ကြည်နူးစေပါဘိ*
*ထူးတဲ့အလှ. . . တဲ့ဗျ"*

"တော်ပါတော့ဗျာ၊ ခင်ဗျားက ဆံပင်ညှပ်မစားဘဲ ကဗျာဆရာ လုပ်စားဖို့ကောင်းတယ်။ ဒါပေမယ့် ဘဝဆိုတဲ့ ချက်ခုံကြီးမှာ ဘာမဟုတ်တဲ့ ပွန်းလေးတစ်ကောင်ကြောင့် ဘုရင်ကြီး ဒုက္ခရောက်သွားသလို သဘောတွေလည်း ရှိသဗျ"

"အိုဗျာ၊ တစ်ခါတစ်ခါကျတော့လည်း အဲဒီ အလှပဂေးလေးဇတ္တွ ကြောင့် ကျုပ်. . ."

"ကိုတင်ဝင်း"

"ဗျာ၊ ဟာ - မခင်သွေး ဘာ. . . ဘာတုံး၊ ဘာဖြစ်ပြန်ပြီလဲ"

"ရှင့်သား ချစ်မွေး ပျောက်နေလို့တော့"

"ဘာ - ချစ်မွေး ပျောက်နေတယ်၊ ဒီကောင် ဘယ်သွားသတုံး၊ အိမ်မှာ မနေဘဲ ဘယ်ကလေကလွင့် လျှောက်သွားနေသတုံးကွ"

"တော့်ခြေရာ နင်းတာလေ"

"ဘာကွ၊ မင်းကလည်းကွာ ငါ ကြိုးစားပမ်းစား ပိုက်ဆံရှာ"

"ဘာ - ဘာရှာတာလဲ အားအားရှိ ချက်ထိုးလိုက်၊ ကျားထိုးလိုက်၊ လေပန်းလိုက်၊ ရှင် ဘာလုပ်သတုံး"

"မိန်းမကလည်းကွာ၊ လင်မယားချင်း ဒီစကား မပြောပါနဲ့။ ကိုင်း- ဒီစကားတွေ ဘေးချိတ်၊ ချစ်မွေးကို ရှာဦးမှကွ။ ဒုက္ခပါပဲကွာ၊ ဂျာအေးရေ ဆိုင်ကိုစွ မင်းပဲ လုပ်လိုက်တော့ကွာ"

"စိတ်ချသွားပါဗျာ"

တင်ဝင်းတစ်ယောက် ရှုံ့မဲ့ရှုံ့မဲ့နှင့် ဆိုင်ပေါ်မှ ဆင်းသွားလေ၏။

ထိုအချိန် မိုးကလည်း သဲကြီးမဲကြီး ရွာသွန်းနေ၏။ တရုတ်ကြီးဆိုင်ကွက်မှာလည်း ဗွက်တသောသောနှင့် ဖြစ်နေ၏။ ဆံပင်ညှပ်ဆိုင်သို့လည်း လူက တစ်ဦးစ၊ နှစ်ဦးစသာ လာသဖြင့် ဆိုင်ပိတ်ပစ်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



“ခုလို မိုးလေးရွာတော့ ရွာကို သတိရသကွာ”

“ဘာတုံး ကိုကြီးဖျောက်ရဲ့၊ ဖားရိုက်တဲ့ဘဝလား”

“ဟာ မင်းကလည်း”

“ကျုပ်တော့ အဲဒီဘဝကို ပျော်တယ်ဗျာ။ ခုမှ ကျုပ်တို့ ပေါက်ဖွားခဲ့တဲ့ ကျေးလက်သဘာဝကို မြတ်နိုးရမှန်း သိလာတယ်ဗျ။ ဆင်းရဲပေမယ့် ဘဝဟာ လွတ်လပ်တယ်။ ဒီမှာ ငါးပိရည်တစ်ခွက်နဲ့ ထမင်းစားလို့ မဖြစ်ပေမယ့် ရွာမှာ ငါးပိရည်တစ်ခွက်ရှိရင် ထမင်းဖြစ်တယ်ဗျ”

“အေး၊ အဲဒါတော့ ဟုတ်သကွာ၊ တကယ်တော့ လူတွေဟာ သဘာဝအတိုင်းသာ နေကြမယ်ဆိုရင် ဒီလောက် လောဘ၊ ဒေါသ ထူပြောစရာလည်း မရှိဘူးပေါ့ကွာ။ ခုတော့ မျက်စိနှစ်လုံး ဖွင့်တာနဲ့ ငါ ဘယ်လိုစားရမလဲ၊ ငါ ဘယ်လို ချမ်းသာရမလဲ တွေးနေကြတာကွ။ အဲဒီ အတွေးကြောင့် လောကကြီးဟာ ပိုပိုပြီး ညစ်ပတ်လာတာပေါ့ကွာ”

“ကိုကြီးဖျောက်”

“ဟေလကွာ”

“ကျုပ်တို့ရပ်ကွက် အနောက်ဘက်က စပါးခင်းထဲ ဆင်းရအောင်ဗျာ။ ညည အော်လိုက်တဲ့ဖားတွေဗျာ၊ လက်ကိုယားနေတာပဲ”

“ဟာကွာ မင်းကလည်း”

“ကိုကြီးဖျောက်ပဲ သဘာဝကို မြတ်နိုးတယ်ဆို၊ လာစမ်းပါဗျာ ကုလားမတို့ဆိုင် တစ်ခွက်တစ်ဖလား တွယ်ပြီး နောက်ဘက်အခန်းထဲ ဆင်းရအောင်။ တစ်ခါတစ်ခါ စိတ်ကို ထွက်ပေါက်ပေးသင့်တယ်ဗျ”

“လုပ်ကွာ”

နောက်ဆုံးတော့ ဂျာအေးစကားကို ဖျောက်ဆိပ် မလွန်ဆန်နိုင်၊ ကုလားမတို့ဆိုင်တွင် ဘီအီးတစ်လုံးမှာကာ တစ်ယောက်တစ်ခွက်စီ သောက်လိုက်ကြ၏။

ပြီးသည်နှင့် တရုတ်ကြီးရပ်ကွက် အနောက်ဘက် စပါးခင်းထဲ ခါးတောင်းမြှောင်အောင် ကျိုက်၍ ဖားရိုက်ဆင်းခဲ့ကြလေ၏။ ရေတွေကလည်း ပေါင်လယ်လောက် ရောက်နေ၏။

သူတို့နှစ်ဦး ငါးဖားရှာနေစဉ် မခွေးမသား ပေါက်စတို့ ကလေးတစ်





သိုက် ရောက်လာ၏။ ထိုအထဲတွင် ချစ်မွေးလည်း ပါ၏။ ဂျာအေးသည် ချစ်မွေးကို မြင်တော့ မေးလိုက်၏။

“ဟကောင် ချစ်မွေး၊ မင်းကို မင်းအမေ ရှာနေတယ်ကွ”

“ဟာဂျာ၊ အမေတို့ကလည်း ကျုပ်ကို အမြဲတမ်း အိမ်မှာ နေခိုင်းနေတယ်ဗျ။ ကျုပ်က သူငယ်ချင်းတွေနဲ့ ဆော့ချင်တာဗျ။ အဲဒါကြောင့် အမေတို့ မသိအောင် ရှောင်ပြီး ဒီဘက်ကို ထွက်လာတာ။ ကျုပ်တို့လည်း ဖားရိုက်မယ်ဗျာ”

“ဟုတ်တယ်ဗျ၊ ကျွန်တော်တို့လည်း ပါမယ်”

“လာကွာ၊ ဒီလောက် ဆော့ချင်တဲ့ကောင်တွေ ဆင်းခဲ့ကြ”

ကလေးတစ်သိုက် စပါးခင်းထဲ တဗွမ်းဗွမ်း ခုန်ဆင်းလာကြ၏။ ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦး မှုံမှုံနှင့် တွေ့ရာငါးတွေ၊ ဖားတွေ ရိုက်နေ၏။

ကလေးတွေကလည်း ရွှံ့နှစ်ရောင် တောက်နေသော ရေတွေယဲ လဲလိုက်ထူလိုက် အော်လိုက်ဟစ်လိုက်နှင့် အကြီးအကျယ် ပျော်မြူးနေကြ၏။ ကလေးတွေ ပျော်တာမြင်တော့ ဂျာအေးတို့လည်း စိတ်လွတ်ကိုယ်လွတ် ဖြစ်လာကြ၏။

ထိုအချိန်တွင် တရုတ်ကြီးရပ်ကွက်ထဲ ပွစိပွစိ ဖြစ်နေ၏။ ပြဿနာက ရပ်ကွက်ထဲက ကလေးအုပ် ခြေရာဖျောက်သွားခြင်းပင်။ မိဘများခမျာ ထီးကိုယ်စီနှင့် ထွက်ရှာနေကြ၏။

အော်သူအော် ဟစ်သူဟစ်နှင့် တကြော်ကြော် ခေါ်နေကြ၏။ အရပ်လူကြီး ဦးပြုံးချိုမှာ မိုးသံလေသံကြား ကျွက်စီကျွက်စီ ဖြစ်နေသော လူသံသူသံများကြောင့် ထီးတစ်ချောင်းဆောင်းကာ အိမ်ပေါ်မှ ဆင်းလာ၏။

ဦးဆုံး တွေ့လိုက်ရသူက မခွေးမ။ ထီးစုတ်ကြီးစောင်းကာ ပွစိပွစိ လုပ်လာ၏။

“ဟဲ့ ခွေးမ၊ ဘာတွေဖြစ်နေသတုံး”

“အောင်မလေး အရပ်လူကြီးရယ် ကယ်ပါဦး”

“ဟင် - ဘာဖြစ်ပြန်သလဲဟ”

“ဟို . . . ကျုပ် ကလေးပျောက်နေလို့၊ တစ်ရပ်ကွက်လုံးမှာရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေလည်း ပျောက်ကုန်ပြီ၊ လုပ်ပါဦး အရပ်လူကြီးရယ်၊ ကျုပ်သား ပေါက်စက လူတောင် မဖြစ်သေးပါဘူးရှင်"

"ဟေ - ကလေးတွေပျောက်လို့ ဟုတ်လား"

"ဟုတ်ပ၊ လုပ်ပါဦးတော်"

"ဒုက္ခပဲ၊ ဒီကလေးတွေ ဘာဖြစ်ကုန်ပြီလဲ"

ကလေးပျောက်ဆုံးမှုက အုတ်အော်သောင်းတင်း ဖြစ်လာ၏။ ဟိုက ပြော ဒီကပြောနှင့် အရပ်လူကြီးလည်း ချာချာလည်နေ၏။ ဗွက်ထနေ သောလမ်းပေါ်မှာ လူတွေ ရုံးစုရုံးစု ဖြစ်ကုန်၏။

ထိုအချိန်တွင် ဂျာအေးတို့လူစု ဖား၊ ငါး တပျော်တပါး ရိုက်ပြီး နောက် ကွင်းအနောက်ဘက် ခြံကြီးထဲဝင်ကာ ခြံရှင် မသိအောင် သရက် သီး၊ မာလကာသီး၊ ပိန္နဲသီးများ ခူးကြ၏။

ဂျာအေး ထင်ရာကြနေပြီမို့ ဆရာကြီးဖျောက်ဆိပ်လည်း မထိန်းနိုင်၊ ကလေးတွေကလည်း ကျွက်စီကျွက်စီနှင့် ပျော်မြူးနေကြ၏။

သူတို့ ဝင်ရောက်ခဲ့သော ခြံကြီးမှာ ပိုင်ရှင်ရှိသော်လည်း ပိုင်ရှင်က ခြံထဲမနေ။ ခြံစည်းရိုးသာ ခတ်ထား၏။

သူတို့လူစု အသီးအနှံတွေ ခူးဆွတ်ကာ ခြံထဲမှ ထွက်လိုက်ကြ၏။ ကလေးတွေ တစ်ကိုယ်လုံးလည်း ရွှံ့တွေ ပေကျံနေကာ တစ်ကိုယ်လုံးလည်း ရွှဲရွှဲစိုနေကြ၏။

သူတို့လက်ထဲ ဖား၊ ငါးအပြင် အသီးအနှံတွေပါ ပါလာလေရာ ဈေး ဘက်သို့ ချီတက်သွားကြ၏။ ထိုသတင်းကို သယ်လာသူက ဖိုးပိန်။

အရပ်ထဲကလည်း သိရော ဈေးဘက်သို့ ဒရောသောပါး လိုက်လာ ကြ၏။ ရှေ့ဆုံးက ဦးဆောင်လာသူမှာ အရပ်လူကြီး ဦးပြုံးချို။ ကလေးတွေ ကြား ဂျာအေးနှင့် ဖျောက်ဆိပ်ကို မြင်တော့ အံ့သြနေ၏။

"ဟာ - မင်းတို့နှစ်ယောက်က ကလေးခေါင်းဆောင်တွေလား"

"ဩော် - ဘယ်သူများလဲလို့ အရပ်လူကြီးကိုး၊ ဟုတ်တယ်လေ ဒီနေ့ ဟာ သဘာဝကို ချစ်မြတ်နိုးတဲ့နေ့ပဲ အရပ်လူကြီးရဲ့။ ဒါ့အပြင် ကျုပ်တို့ ရပ်ရွာကိုလည်း သတိရတယ်"

"အဲဒါ ဘာဖြစ်သတုံးကွ"





"ဒါကြောင့် ကျုပ်တို့ ငါးရိုက်၊ ဖားရှာ လုပ်ကြတာပေါ့ဗျာ"

"အင် - ဒါဆို ကလေးတွေကို မင်းတို့ ခေါ်သွားတာပေါ့"

"ဟာ - မခေါ်ရပါဘူးဗျာ၊ သူတို့ဘာသာ လိုက်လာကြတာပါ"

"ဟုတ်တယ်ဗျ၊ အနော်တို့က ပျော်ချင်လို့"

"ဟေ"

ပေါက်စက ချက်ချက်ချာချာနှင့်ပင် ပြောလိုက်သဖြင့် အရပ်လူကြီး ဘာပြောရမှန်းမသိ။

ထိုစဉ် မခွေးမတို့လူသိုက် ရောက်ရှိလာရာ ကိုယ့်ကလေးကိုယ်ဆွဲ၍ ရပ်ကွက်ထဲ ပြန်ခေါ်သွားကြလေ၏။

ထိုနေ့ည တဖုန်းဖုန်း ရိုက်နှက်သံများ၊ ကလေးငိုသံများ၊ ဆဲသံဆိုသံ များနှင့် သောသောညံအောင် စည်ကားနေလေ၏။

ထိုသတင်းက ဖျောက်ဆိပ်မိန်းမထံသို့ ရောက်ရှိလာ၏။ ပြဿနာ မရှိ ပြဿနာရှာချင်နေသော လင်တော်မောင်ကိုလည်း မကျေမချမ်း ဖြစ် နေ၏။

ထိုအချိန် ခပ်ထွေထွေနှင့် အိမ်ပေါ်တက်လာသော ဖျောက်ဆိပ်ကို မြင်သည်နှင့် ပြဿနာရှာလေတော့၏။

"ဘယ်လိုတုံး၊ ပြန်လာပြီလား ကလေးခေါင်းဆောင်ကြီးရဲ့"

"ဟေ - ဟဲဟဲ မိန်းမရာ၊ ငါတော့ ဒီနေ့ကို သဘာဝတရားနဲ့ နေထိုင် တဲ့နေ့လို့တောင် သတ်မှတ်ချင်သကွာ"

"ဟုတ်ပ၊ ကိုကြီးဖျောက်ရာ၊ သဘာဝတရားကြီးက ကျုပ်တို့ကို ပိုက်ဆံ မပေးရဘဲ အလကား ကျွေးမွေးထားတာဗျ"

"ဟုတ်တယ်၊ မင်းစကား လွှတ်မှန်သကွ၊ တခြား မကြည့်နဲ့ ငါ့မိန်းမ အပုလေးကြည့်၊ ပိုက်ဆံပါရင် ပြုံးရွှင်ရွှင် ပိုက်ဆံမပါရင် သေဖို့ပြင်ပဲတဲ့ကွ ဟားဟားဟား"

"ကိုရင်ဖျောက်"

"ဘာတုံး"

"ရှင် ဘာကျေးဇူးကန်းစကားတွေ ပြောနေသလဲ၊ ဘာလဲ ပိုက်ဆံ မပေးချင်ဘူးလားပြော၊ လုပ်မကျွေးချင်ဘူးလားပြော။ ကျုပ် ရွာကပြန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ - မိန်းမကလည်းကွာ၊ ပြဿနာဖြစ်တာနဲ့ ရွာပြေးဖို့ပဲ စဉ်းစားနေပါလား၊ အဲဒီလိုတော့ မလုပ်နဲ့ကွာ"

"ဟုတ်သားပဲ မပုလေးရာ၊ လင်နဲ့မယား လျှာနဲ့သွားတဲ့ဗျ"

"တော်စမ်း၊ နင် ငါတို့ကြား ဝင်မပါနဲ့။ ကိုင်း - ပြောစမ်း၊ ရှင်တို့ဆရာတပည့်နှစ်ယောက် ရပ်ကွက်ထဲ ဘာတွေ မွှေနှောက်ခဲ့ကြသလဲ ပြော"

"မိန်းမကလည်းကွာ၊ ငါတို့ဟာ ရိုးရိုးအေးအေးနဲ့ နေကြသူတွေပါကွာ"

"ဘာ၊ ဒါဆို ရပ်ကွက်ထဲက ကလေးတွေခေါ်ပြီး ဖားရိုက်၊ ငါးရိုက် လုပ်တာ ဘယ်သူတုံး၊ ဘယ်ကလေကဝတွေတုံး ပြောစမ်း"

"ခက်ပါ့ကွာ၊ ဒီကိစ္စဟာ သဘာဝနဲ့ တစ်သားတည်းဖြစ်အောင် နေကြည့်တာပါကွာ"

"ရှင်ကြီး ပါးစပ်ပိတ်တော့"

"အေးပါကွာ၊ မင်း မကြားချင်လည်း မပြောတော့ပါဘူး။ ဒါထက် ထမင်းဟင်း ချက်ပြီးပြီလားကွ"

"ဒီမှာ ကိုဖျောက်"

"ဘာတုံး မိန်းမရာ"

"ရှင့်ကိုယ်ရှင် အိမ်ထောင်သည်တစ်ဦးလို့ရော ထင်သေးရဲ့လား။ ရှင် အခု ဘာလုပ်သလဲ ပြောစမ်း"

"အင် - ပြဿနာတော့ စပြီကွာ"

သူတို့လူစု ပွစိပွစိ ဖြစ်နေစဉ် အိမ်ရှေ့သို့ ဖိုးပိန် ရောက်ရှိလာ၏။ ဖိုးပိန်၏ အသံကြောင့် ပြဿနာ တစ်ဝက်တစ်ပျက်နှင့် ငြိမ်းသွား၏။

"ဘာတုံးကွ ဖိုးပိန်"

"ဟို အရပ်လူကြီးက ခေါ်ခိုင်းလိုက်လို့ဗျ"

"ဘာကိစ္စတုံးကွ"

"အစည်းအဝေး တက်ပါတဲ့"

"ငါလား၊ ငါ့မိန်းမလား"

"ဟာ - ခင်ဗျားနဲ့ ကိုဂျာအေးပေါ့ဗျာ"





"ဟာကွာ ငါ့မိန်းမ တက်ရင်ရော မဖြစ်ဘူးလား"

"မရဘူးဗျ၊ ယောက်ျားမှန်သမျှ အစည်းဝေးတက်ဖို့ ခေါ်ထားတာ၊ အဲဒါ လိုက်ခဲ့ပေတော့"

"ဘာတွေတုံးကွာ"

ဖျောက်ဆိပ်တစ်ယောက် ရပ်ကွက်အစည်းဝေး ရှိသည်ဆိုသဖြင့် အပုလေး ရန်ဘေးမှ အေးငြိမ်းသွားခဲ့ရ၏။ နှစ်ယောက်သား အိမ်ပေါ်မှ ဆင်းခဲ့ကြ၏။

လမ်းတွင် ဂျာအေးက မေးခွန်းထုတ်လိုက်၏။

"ယောက်ျားချည်းပဲ ရွေးခေါ်တာ ဘာသဘောလဲဗျ"

"ကားတွန်းခိုင်းမလို့ထင်တယ်"

"ဟာ - အစည်းအဝေးကိစ္စဗျ၊ ဘယ်လိုလုပ် ကားတွန်းခိုင်းမှာလဲ။ ကျွန်တော့်စိတ်ထင် ပြောရရင် ဘုန်းကြီးဝတ်ခိုင်းမလို့ ထင်တယ်"

"အဲဒါ ပိုကောင်းတာပေါ့ကွာ၊ နိမ့်နေတဲ့ကံတွေ မြင့်လာတာပေါ့။ ဒီလိုတော့လည်း အရပ်လူကြီးအဖွဲ့က စေတနာပိုသားကွ"

"ခင်ဗျား ဘုန်းကြီးဝတ်ရင် မပုလေးတို့သားအမိ ဘယ်လိုလုပ်မလဲဗျ"

"ရွာ ခဏပြန်ခိုင်းမှာပေါ့ကွာ၊ ဒါ ကုသိုလ်အလုပ်ကွ။ ငါ့ကို ပါရမီဖြည့်တဲ့အနေနဲ့ ရွာပြန်သင့်တာပေါ့ကွာ ဟုတ်ဖူးလား"

"မဆိုးဘူး ကိုကြီးဖျောက်၊ ကိုကြီးဖျောက်ဟာ မိန်းမအပေါ်မှာ ရဲရဲကြီး ဆုံးဖြတ်နိုင်ပြီပဲ"

"ဟဲဟဲ တဖြည်းဖြည်းတော့ ငါ့အရည်အသွေး တောက်ပြောင်လာမှာပေါ့ကွာ။ လောကအစဉ်အလာ အရတော့ မိန်းမ ကြောက်ရတာ ခမ္မတာလေကွာ။ ငါလည်းလူပဲ၊ ပြီးတော့ ယောက်ျားတစ်ယောက် ဒီတော့ မိန်းမကြောက်တာ မဆန်းပါဘူးကွာ။ ဒါပေမယ့် အဲဒီ အစဉ်အလာ လမ်းကြောင်းကြီးထဲက တစ်ချိန်ချိန် ဖောက်ထွက်လာနိုင်မှာပေါ့ကွာ"

"ကောင်းတယ်၊ သိပ်ကောင်းတဲ့ ဆုံးဖြတ်ချက်ပဲ ကိုကြီးဖျောက်ရေ"

ဂျာအေးတစ်ယောက် ဆရာလုပ်သူ ဖျောက်ဆိပ်၏ စွမ်းပကားကို သိမြင်ခွင့်ရသောအခါ ဝမ်းသာအားရ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် သူတို့နှစ်ဦး ရပ်ကွက်ရုံးသို့ ရောက်ရှိလာ၏။ ရုံးထဲတွင် အရပ်လူကြီးအဖွဲ့နှင့်အတူ လူစုံသက်စုံ ရောက်ရှိနေကြ၏။

ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦး လူကြားထဲတွင် ဝင်၍ ထိုင်လိုက်၏။ ထိုအချိန်တွင် အရပ်လူကြီး ဦးပြုံးချိုက ချောင်းတဟန့်ဟန့် လုပ်၍ စကားပြောရန် ပြင်လိုက်၏။

တက်ရောက်လာကြသော လူစုမှာ ဘောလုံးပွဲအကြောင်း၊ အရက်ဆိုင်အကြောင်း၊ ကာရာအိုကေအကြောင်း စသည်ဖြင့် စုံလင်စွာ ပြောဆိုနေကြ၏။

တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်မို့ အရပ်လူကြီး ဦးပြုံးချိုလည်း စိတ်မရှည်တော့။

"ဟ - တော်ကြပါတော့၊ မင်းတို့ကိုခေါ်တာ လေပေါဖို့ ခေါ်တာ မဟုတ်ဘူးကွ။ ပြီးတော့ ဒါ လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင် မဟုတ်ဘူးကွ။ တိတ်ကြစမ်း အဟမ်း"

"အရပ်လူကြီးကလည်း ချောင်းချည်းပဲ လိုမ့်ဆိုးနေသကိုး"

"ဟေ့ကောင် ကုလားကြီး၊ မင်းပါးစပ် ပိတ်ထားစမ်းကွာ။ လူကြီးဆိုတာ အဟိတ်အဟန့်တော့ ရှိမှပေါ့ကွ။ ကိုင်းကိုင်း အားလုံး လူစုံပြီလားဟေ့၊ ဂျာအေး"

"ရှိ"

"ဖျောက်ဆိပ်ရောကွ"

"ရောက်ပါပြီ အရပ်လူကြီး"

"အေး ထိန်ဝင်းတို့၊ စိုးပိုင်တို့၊ ဖိုးပိန်တို့လည်း ပါသကိုး။ ကောင်းကွာ၊ ငါတို့ရပ်ကွက်က ယောကျ်ားတွေ ကြည့်ရတာ အားကောင်းမောင်းသန်တွေပဲကွ"

"ဟာ - အရပ်လူကြီးကလည်း ဒီမှာကြည့်လေ"

"ဟင်"

"ဟာ"

ဂျာအေးက အင်္ကျီလက်မောင်းပင့်၍ မရှိမယ့်ရှိမယ့် ကြွက်သားကို ညှစ်ပြလိုက်၏။ အားလုံး ဂျာအေးကို ကြည့်ပြီး ပြုံးစိစိ ဖြစ်နေ၏။





ထိုစဉ် ဖျောက်ဆိပ်ကလည်း အားကျမခံ လက်မောင်းနှစ်ဖက်ကို မြှောက်ကာ ပိန်ညှောင်ညှောင် ကြွက်သားများကို ညှစ်ပြလိုက်၏။

"ဟာ - မင်းတို့ ဘာတွေလုပ်နေကြတာတုံးကွ"

"အရပ်လူကြီးကလည်း ခွန်အားပြတာလေ၊ မြင်တဲ့အတိုင်းပဲ"

"တော်. . . တော်ကြပါတော့ကွာ"

"ကျုပ်တို့ကိုခေါ်တာ ကာယဗလမောင်ရွေးပွဲ ဝင်ခိုင်းမလို့လားဗျ"

"ဟေ - ဂျာအေး၊ မင်း ထင်ရာတွေ စွတ်ပြောမနေစမ်းနဲ့၊ ကိုင်း - ထိုင်ကြစမ်း"

သူတို့နှစ်ယောက် ထိုင်ခုံတွင် ဝင်၍ ထိုင်လိုက်ကြ၏။ ဦးပြုံးချိုသည် ဂျာအေးတို့နှစ်ဦးကို မှုန်ကုပ်ကုပ် ကြည့်ရင်း အစည်းဝေးခေါ်ရသည့်ကိစ္စကို ပြောလိုက်၏။

"ကဲ - ဒီနေ့ မင်းတို့ကို ခေါ်ရတဲ့ကိစ္စက တခြား မဟုတ်ဘူးကွ။ မပြောမပြီး မတီးမမြည်"

"ဘာတုံးဗျာ၊ လိုရင်းပြောပါ"

"ဟုတ်တယ် ဇီဇီယိုရုံသွားရဦးမယ်ဗျ"

"အေးပါကွာ၊ မင်းတို့ကလည်း စိတ်ချည်းပဲ။ ကဲ လိုရင်းပဲပြောမယ်၊ ကိစ္စက တခြား မဟုတ်ဘူးကွ၊ ရပ်ကွက်ထဲကလမ်းတွေ မြေဖို့ဖို့ပဲကွ"

"ဗျာ"

"ဟာ - ကြမ်းလှချည်လား"

"ကျုပ်တို့က ကျန်းမာရေး မကောင်းလှဘူးဗျ"

"ဟုတ်ပ၊ ကျုပ်လည်း ခေါင်းထဲ မူးနောက်နောက်နဲ့"

"ကျုပ်မှာလည်း နှလုံးရောဂါ ရှိတယ်ဗျ"

"ဘယ်. . . ဘယ်လိုဖြစ်တာလဲ၊ အားလုံး လူမမာတွေ ဖြစ်ကုန်ပြီလားကွ"

"အရပ်လူကြီးကလည်း လူဦးရေ ဒီလောက် ထူထပ်ပြီး နေရေးထိုင်ရေး ကျပ်တည်းလှတဲ့ ကမ္ဘာကြီးမှာ ဘယ်သူ ကျန်းကျန်းမာမာ ရှိမှာလဲဗျာ"

"ဟေ့ကောင် ကုလားကြီး၊ မင်း ပေါက်တီးပေါက်ရှာတွေ မပြောနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုင်း - ငါပြောမယ့် ဒီကိစ္စက ငါ့ယောက္ခမကိစ္စလည်း မဟုတ်ဘူးကွ"

"တိတ်ကြစမ်း၊ ပြောနေတာ ကြာတယ်ကွာ။ ခုကိစ္စက ရပ်တွက်ထဲကို အရပ်အတွက်ကွ။ ဒီတော့ လုပ်ချင်တဲ့သူနေခဲ့၊ မလုပ်ချင်တဲ့သူ သွားကြ"

"အင်"

ဦးပြုံးချိုတစ်ယောက် တစ်ယောက်တစ်ပေါက် ပြောဆိုလာသော စကားကြောင့် အကြီးအကျယ် ဒေါသထွက်သွား၏။ ထို့ကြောင့်လည်း တက်ရောက်လာကြသူများကို ပြတ်ပြတ်သားသား ဆုံးဖြတ်ခိုင်းလေ၏။

ထိုအခါ ဖိုးပိန်တို့လူစု ကုပ်ချောင်းကုပ်ချောင်းနှင့် ထွက်သွားကြ၏။ ဆံသဆရာတင်ဝင်းမှာ ဂျာအေးတို့အနားထိုင်ရင်း တီးတိုးပြောလိုက်၏။

"ဂျာအေး"

"ဘာတုံးဗျ"

"ငါတို့ ဘာလုပ်ကြမလဲကွ၊ ထပြန်မှာလား။ ငါ့မိန်းမကတော့ ရပ်ကွက်ကိစ္စဆို ထပြန်ခဲ့တဲ့"

"အင် - ဆရာတင်ဝင်းကလည်းဗျာ၊ ဒါ အများကျိုးဗျ"

"ဟုတ်. . . ဟုတ်တော့ ဟုတ်ပါတယ်ကွာ၊ ဒါပေမယ့် မိန်းမစကား"

"ဟာဗျာ၊ အရပ်လူကြီးပြောတဲ့စကားက အများအတွက်ဗျ။ ဆရာတင်ဝင်းမိန်းမ စကားက ကိုယ့်အတွက်၊ ဒီတော့ ဆရာ စဉ်းစားပေါ့ဗျာ။ ပြီးတော့ ဆရာတင်ဝင်းက ခေါင်း. . ."

"ဘာကွ"

"ဩော် ခေါင်းညှပ်ဆရာလေ၊ အများနဲ့ ဆက်ဆံနေရတာဗျ။ ဒီတော့ အများအတွက် လုပ်သင့်တာပေါ့။ ဒါမှ မိတ်ဆွေသစ်တွေ တိုးလာမယ် ဖောက်သည်သစ်တွေ တိုးလာမှာပေါ့ဗျာ ဟုတ်ဖူးလား"

"အေး၊ ဒီလိုတော့လည်း ဟုတ်သားကွ၊ မပြန်တော့ဘူးကွာ"

ထိုအချိန်တွင် အရပ်လူကြီး ဦးပြုံးချိုမှာ ဂျာအေးတို့လူသိုက်ကို ကြည့်ပြီး အံ့ဩနေ၏။ ရပ်ကွက်ထဲ ပြဿနာပေါင်းစုံ လှိမ့်ရှာတတ်ကြသော ဂျာအေးနှင့် ဖျောက်ဆိပ်။

ယခုတော့ အရပ်ကောင်းစားရေး ဦးတည် ဆောင်ရွက်ကြမည် ဆိုသော အမူအရာများကြောင့် အအံ့ဩကြီး အံ့ဩနေလေ၏။

✂ ✂ ✂



## အခန်း (၉)

ဂျာအေးတို့လူစု ရပ်ကွက်နှင့် သုံးမိုင်ခန့်ဝေးသော နေရာမှ မြေကြီးများ၊ အုတ်ခဲ၊ သဲကျောက်များကို ထော်လာဂျီတစ်စီးနှင့် နေ့မနား ညမနား သယ်ခဲ့ကြ၏။ သူတို့ သယ်ယူသည့်နေရာမှာ ကန်အသစ် ဖော်နေသည့် နေရာ ဖြစ်လေ၏။

သူတို့လူစု မမောတမ်း မပန်းတမ်း သယ်ပိုးခဲ့ကြ၏။ တစ်ကိုယ်လုံး မည်းညစ်ပေကျံနေသော်လည်း တက်တက်ကြွကြွ ဖြစ်နေကြ၏။

အရပ်လူကြီး ဦးပြုံးချိုနှင့်အဖွဲ့ကလည်း ရပ်ကွက်ကောက်ခံငွေနှင့် ဟင်းထမင်းများ ချက်ပြုတ်ကျွေးမွေးခဲ့၏။

ရပ်ကွက်ထဲရှိ လုပျိုဖြူများကလည်း သောက်ရေ၊ ဆေးလိပ်၊ လက်ဖက်၊ ကွမ်း စသည်ဖြင့် ပေးကမ်းခဲ့ကြ၏။ သူတို့လူစု လမ်းမြေဖို့သည့် အလုပ်ကို သုံးရက်ခန့် မနားတမ်း လုပ်ခဲ့ကြ၏။

ဆံသဆရာ တင်ဝင်းမှာ အိမ်ကိုပင် သတိမရနိုင် ဖြစ်ခဲ့သလို ဖျောက်ဆိပ်လည်း အပုလေးကို အမေ့ကြီး မေ့နေ၏။

ထိုအခါ အံတကြိတ်ကြိတ် ဖြစ်နေသူက အပုလေး။ အိုးပစ်အိမ်ပစ် နှင့် ထင်သလို ကြနေသော ဖျောက်ဆိပ်ကို အကျိတ်အခဲ ဖြစ်နေ၏။

ထို့ကြောင့်လည်း ဂျာအေးတို့လူစုရှိရာ လမ်းထိပ်ဇရပ်ကြီးသို့ လိုက်လာ၏။ သူတို့လူစုမှာ လှပျိုဖြူလေးများကြား ကြွားကြွားဝင့်ဝင့် အော်ဟစ် ပြောဆိုနေကြ၏။ တချို့ကလည်း ကျွေးမွေးလာသည့် လက်ဖက်ချင်းသုပ်



www.burmeseclassic.com

www.burmeseclassic.com

စသည့် အသုပ်ပေါင်းစုံကို ပလုတ်ပလောင်းဝါးကာ ကြည်နူးနေ၏။

ထိုအထဲတွင် ဂျာအေးက အကဲဆုံး။ ရပ်ကွက် အလှဘုရင်မလေး မြမြမို့ကို ကြည့်မဝ ရှုမဝ ဖြစ်နေ၏။ မြမြမို့က ဖိုးပိန်၏ညီမ။ အရပ်လူကြီး ဦးပြုံးချိုနှင့်လည်း ဆွေနီးမျိုးစပ်တော်၏။ မြမြမို့သည် စာလည်း တော်သလို မိဘအသိုင်းအဝိုင်းကလည်း ငွေကြေးဥစ္စာ ပြည့်စုံ၏။

သို့သော် မြမြမို့က မောက်မောက်မာမာ မရှိ။ ရပ်ရေးရွာရေးဆိုလည်း မြမြမို့က ရှေ့တန်းက ပါလေ့ရှိ၏။ ယခုလည်း မြမြမို့တို့အဖွဲ့က စားရေးသောက်ရေးဘက်က တာဝန်ယူရလေ၏။

ဂျာအေးသည် မြမြမို့ကို မြင်လိုက်သည်နှင့် ပင်ပန်းသမျှ ကြက်ပျောက်ငှက်ပျောက် ဖြစ်ကုန်၏။

"ကိုဂျာအေး၊ စားနော် မြမို့ကိုယ်တိုင် ချက်တာ"

"ဟာ - မြမို့ကိုယ်တိုင်ချက်တာ၊ စားမယ်. . . စားမယ် အဝကို တွယ်မယ်။ မြမို့ အဆိပ်ထည့်ချက်တောင် စားမယ်ဗျာ"

"ကိုဂျာအေးကြီးကလည်း"

"ဟကောင် တပည့်ကြီး၊ မင်းစကားတွေက ဖောင်းဖြစ်ကုန်ပြီကွ။ နည်းနည်း လျှော့ပါဦးကွာ"

"ဘာဖြစ်သတုံး ဆရာဖျောက်ရဲ့၊ အချစ်ဟာ အဆိပ်အတောက်ကိုတောင် ပြယ်နိုင်စေတယ်ဗျ"

"ဟေ ဟုတ်သေးဖူးထင်တယ် ဂျာအေးရ၊ မင်းပြောတဲ့ စသားကို ဘယ်မှာမှ ငါ မဖတ်ဖူးပါဘူးကွာ"

"ဟာ အဲဒါ ဆရာဖျောက်၊ စာပေနယ်ပယ်မှာ နောက်ကောက်ကျတာပဲဗျ၊ မှတ်ထား ဆရာဖျောက်ရဲ့"

"အင် ငါ့ထက် လက်စောင်းထက်နေပါလား"

"ဟဲဟဲ ဆရာ့တပည့်ပဲဗျာ၊ အချစ်ဆိုတာ ဘဝအရိပ်တဲ့ ဆရာရဲ့"

"ဟေ - ဂျာ. . . ဂျာအေး၊ မင်း. . . မင်း ငါ့တပည့်မှ ဟုတ်သေးရဲ့လားကွာ။ မင်း အများကြီး ပြောင်းလဲသွားပြီပဲ"

"ဟဲဟဲ အဲဒါ အချစ်ကြောင့်လား"

ဂျာအေးတစ်ယောက် မြမြမို့နှင့် ပတ်သက်၍ သူထင်ရာမြင်ရာ စွတ်





၍ ပြောဆိုနေ၏။

ဖျောက်ဆိပ်မှာလည်း သူ့လူ၏ အပြောင်းလဲကြီး ပြောင်းလဲသွားသော အချစ်ဒဿနများကို သူပင် နားမလည်နိုင်တော့။

သို့နှင့် သူတို့လူစု စားလိုက်သောက်လိုက် ပျော်လိုက်ပါးလိုက်နှင့် ပင်ပန်းမှုများပင် ပျောက်ဆုံးနေ၏။ ထိုအချိန် ဇရပ်ကြီးဆီသို့ ဒေါင်းတည်မောင်းတည် လိုက်လာသူက အပုလေး။

ဇရပ်ရှေ့ ရောက်သည်နှင့် ခါးကြီးကို စုံထောက်ကာ လင်တော်မောင် ဖျောက်ဆိပ်ကို ကြည့်လိုက်၏။ တစ်ကိုယ်လုံး ချွေးတွေ၊ ဖုန်တွေ၊ သဲတွေနှင့် ပေကျံမည်းညစ်နေ၏။

သို့သော် ဆေးပေါ့လိပ်ကြီး တဖွာဖွာနှင့် မိန်းမငယ်များကြား ဗေဒင်တွက်ပေးနေသည်ကို တွေ့လိုက်ရတော့ အကြီးအကျယ် ပေါက်ကွဲသွား၏။

"ကိုရင်ဖျောက်"

"ဟေ - အသူတုံး"

"ကိုရင်ဖျောက်၊ ဘယ်လိုတုံး ဗေဒင်ဆြာကြီးရဲ့"

"ဟာ - အပုလေးပါလား"

ဇရပ်ရှေ့ ခါးကြီးထောက်ပြီး ရပ်နေသော အပုလေးကို မြင်ရသောအခါ ဖျောက်ဆိပ် ဆတ်ခနဲ တုန်ခါသွား၏။ သူ့ထံ အတင်း တိုးဝှေ့ကာ ဗေဒင်မေးနေကြသော ဝက်မတို့ အပျိုတစ်သိုက်မှာလည်း ရှဲခနဲ ဖြစ်သွား၏။

ဖျောက်ဆိပ်သည် ဇရပ်ပေါ်မှ ကုပ်ချောင်းချောင်းနှင့် ဆင်းလာ၏။ ဇနီးသည်ကိုလည်း ရဲရဲမကြည့်ဝံ့။ အပုလေး၏ အကြည့်က မီးတဝင်းဝင်း နဂါးမသာဆိုလျှင် ဖျောက်ဆိပ် ဘုံးခနဲ ပေါက်ကွဲလောင်ကျွမ်းသွားနိုင်၏။

"ဘာ. . . ဘာကိစ္စလဲ မိန်းမရာ၊ ဒီမှာ ရပ်ကွက်အတွက်"

"ဘာ - ရပ်ကွက်အတွက် ဟုတ်လား၊ ရှင့်ဘေးမှာ ဝက်မတို့လူစုတပ်ပြီး ဘာလုပ်နေကြတာလဲ၊ ကျုပ် မသိဘူးများ အောက်မေ့နေသလား ကိုရင်ဖျောက်"

"မိန်းမကလည်းကွာ၊ အဲဒါ အလုပ်အားတုန်း ငါ့ကို ဗေဒင်မေးနေကြတာကွ။ ဟဲဟဲ တတ်သည့်ပညာ မနေသာပေါ့ မိန်းမရာ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေးတော်၊ ရှင်ကြီးက ခုမှ သဘောတွေ လွှတ်ကောင်း နေတယ်ပေါ့ ဟုတ်လား"

"ဟာ - ရပ်ကွက်အကျိုးလေ မိန်းမရဲ့"

"ဘာ - ရပ်ကွက်၊ ဘယ်က ရပ်ကွက်လဲ"

"ဟာ - တရုတ်ကြီးရပ်ကွက်လေ"

"တိတ်စမ်း၊ တိတ် ရှင် ဘာမဟုတ်တာတွေ ပြောနေသတုံး၊ ရှင့်ကိုယ် ရှင် အိမ်ထောင်သည်လို့ရော ထင်သေးရဲ့လား ပြောစမ်း၊ ရှင် လင့်ဝတ္တရား ကို မေ့နေပြီလား ပြောစမ်း"

"မိန်းမရာ၊ ညအိပ်ရာဝင်တိုင်း အဲဒီဝတ္တရားတွေ ငါ အလွတ်ကျက် ခဲ့တာ မင်းလည်း အသိပဲကွာ။ ဟဲဟဲ ကိုကိုဖျောက် အဲဒီလောက် မှတ် ဉာဏ်မထိုင်းပါဘူးကွယ်"

"ဟုတ်လား၊ ဒါဆို ရှင် အခု ကျုပ်နဲ့ ကလေးပစ်ပြီး ဒီဇရပ်မှာ ဘာလာပလူးနေတာလဲ ပြောစမ်း"

"ဟိုက်၊ မဟုတ်တာတွေ မပြောစမ်းပါနဲ့ကွာ၊ တတ်ထားတဲ့ပညာ ဆိုတာ ကြာရင် မေ့တတ်သကွ။ ဒါကြောင့် ပြန်နွှးနေတာလေ"

"တိတ်စမ်း၊ ရှင်ကြီး ဘယ်လို ခြေလှမ်းတွေ လှမ်းနေတယ်ဆိုတာ မသိဘူးများ အောက်မေ့သလား၊ ရပ်အကျိုး ရွာအကျိုးပြုပြီး ရှင် ဘာဦး တွေ ထနေသတုံး။ လာ အိမ်ပြန်မယ်"

"ဗုဒ္ဓေါ၊ ကြမ်းလှချည်လား အပုလေးရာ၊ ငါဟာ မင်းရဲ့ အိမ်ထောင် ဦးစီးလေ၊ အိမ်ဦးနတ်လေ၊ အိမ်ရှေ့စံလေ"

"ရှင် လိုက်မလား၊ မလိုက်ဘူးလားပြော"

"ဘာအကျပ်ကိုင်ဦးမလို့လဲကွာ၊ လင်နဲ့မယားမှာ အပေးအယူ အလျှော့အတင်း သဘောတွေပဲ ရှိပါတယ်ကွာ။ အကျပ်ကိုင်တယ်ဆိုတာ တစ်နည်းအားဖြင့် ပြောရရင် အကြမ်းဖက်တာပဲ မိန်းမရာ"

"ရှင် ဘာမှ ပြောမနေနဲ့၊ ရှင် အခုချက်ချင်း ကျွန်မနဲ့ လိုက်ခဲ့ မလိုက်လို့ကတော့"

"ဟာကွာ"

အပုလေး၏ စကားသံက ယောကျ်ားတစ်ယောက်၏ ဂုဏ်သိက္ခာကို





နှင်းခြေပစ်လိုက်သလိုပင်။ ထို့ပြင် သူချစ်တပည့်ကြီး ဂျာအေး၏ မိန်းမ ဆယ့်နှစ်ကြိုး ခေါင်းမလျှိုးဆိုသော ဆုံးမစကားများကို အမှတ်ရလာ၏။

ထို့ကြောင့်လည်း ဖျောက်ဆိပ် နှလုံးသားထဲ မာကျောမှုများ အခြေချ လာသလိုပင်။ ပြီးတော့ လူဘုံအလယ်မှာတော့ အပုလေး ပြုသမျှ နုရမည့် ဘဝ အဖြစ်မခံနိုင်။

"မင်း အတော် ခက်ပါလားကွာ၊ အိမ်ကို ပြန်စမ်း။ ဒါ ရပ်အကျိုး ရွာအကျိုးကို လုပ်နေတာကွ၊ မင်း မကျေနပ်ရင် အရပ်လူကြီး သွားပြော။ မင်းကြိုက်သလိုလုပ်"

"ဪ ရှင်က ဒီလိုကိုး၊ ကောင်းပြီ ရှင်က စိန်ခေါ်မှတော့ တိမ်ပေါ် အထိ လိုက်ပြီသာမှတ်ပေတော့"

"အင်"

အပုလေးတစ်ယောက် သူ့ကို အံကြိုးတကြိတ်ကြိတ်နှင့် ကြိမ်းဝါး ရန်ထောင်ရင်း အရပ်လူကြီး ဦးပြုံးချို နေထိုင်ရာအိမ်ဘက်သို့ ထွက်သွား လေတော့၏။

ထိုအချိန်တွင် ဖျောက်ဆိပ်၏ ခပ်ရဲရဲ ဆန့်ကျင်လိုက်မှုကို ဂျာအေး တို့အဖွဲ့က အကျေနပ်ကြီး ကျေနပ်နေကြ၏။

"ဟာ - ကိုကြီးဖျောက်၊ ခင်ဗျား တကယ် သတ္တိရှိလာပြီကိုးဗျ။ တောင့်ထားဗျ၊ အိမ်ဦးနတ်ဆိုတာ မိန်းမကို ပခုံးပေါ် ထမ်းမထားရဘူးဗျ"

"အင် - ကြည့်လည်းပြောပါ ဂျာအေးရာ၊ ငါလုပ်လိုက်တာ လွန် သွားပြီထင်တယ်ကွ"

"အဲဒါ သဘာဝအစဉ်လာကို ပြန်ပြီး ထူထောင်လိုက်တာပဲဗျ"

"ဟော့ကောင် အဲဒါ ငါ့စကားကွ၊ အပုလေးတော့ ဘာတွေ လျှောက် လုပ်မလဲ မသိဘူး၊ မျက်ခုံးလှုပ်လိုက်တာကွာ"

"အို ခက်ပါ့ ကိုကြီးဖျောက်ရာ၊ ဘာလုပ်လုပ် လက်ရှိအခြေနေကို သာ အတည်မှတ်စမ်းပါဗျာ။ ခု ကိုကြီးဖျောက်ဟာ ရပ်ကွက်အကျိုး အတွက် အင်တိုက်အားတိုက် လုပ်ကိုင်ပေးနေတယ်။ ပြီးတော့ အရပ်ထဲက မိန်းမပျိုတွေရဲ့ ကံကြမ္မာကို ဖတ်ပေးနေတယ်။ ဒါဟာ ကုသိုလ်စိတ်ပါဗျ"

"တော်ပါတော့ကွာ၊ ဘုရား . . . ဘုရား အပုလေး ဘာတွေများ လုပ်



www.burmeseclassic.com

www.burmeseclassic.com



နေပြီလဲ မသိဘူး"

ဖျောက်ဆိပ်တစ်ယောက် အကြီးအကျယ် မျက်လုံးပြူးနေ၏၊ ထိုအချိန် အရပ်လူကြီး ဦးပြုံးချိုမှာ ဇနီးသည် မဖီးမ၏ ကျိတ်ပြီး နှိပ်ကွပ်မှုကို ခံနေရရှာ၏။

"ဘယ်လိုတုံး အရပ်လူကြီး၊ ရှင် လမ်းပေါ်မှာနေ၊ လမ်းပေါ်မှာသွား လမ်းပေါ်မှာပဲ လူလုပ်နေတော့မှာလား ပြောပါဦး"

"အို မဖီးကလည်းကွာ၊ လူကြီးဆိုတာ သူများထက် ပိုလုပ်ရတယ်ကွ၊ ဒါမှ လူရှိသေ ရှင်ရိုသေ ဖြစ်မှာပေါ့ဟ"

"ရှင်ကြီး အဲဒီလောက် အရိုအသေခံချင်ရင် ဘုန်းကြီးဝတ်ပါလား တော့"

"ဘာကွ"

"ဟုတ်တယ်လေ၊ ရှင် ရပ်ကွက်လူကြီးလုပ်တာ အိမ်ကမိန်းမတောင် လမ်းတွေ့ရင် မှတ်မိမှာ မဟုတ်ဘူး"

"အဲဒီလောက်တော့ မဟုတ်ပါဘူး မိန်းမရာ၊ ငါက အရွယ်ရလာပြီလေ။ ဒီတော့ မိန်းမနားနေရင် လူပြောခံရမှာပေါ့ကွ။ အမှန်တော့ မဖီးနားက အစ်ကို တစ်ဖဝါးတောင် မခွာချင်ပါဘူးကွာ။ ဒါပေမယ့် လောလောဆယ် အရပ်လူကြီးဂုဏ်ပုဒ်က ရှိသေးတော့ ဟဲဟဲ ရပ်အကျိုးရွာအကျိုးကို ပစ်ထားလို့ မဖြစ်သေးဘူးလေ"

"တော်ပါ၊ ရှင် အဲဒီလိုပြောတာ ဒါပါနဲ့ဆို နှစ်ရာနဲ့တစ်ကြိမ် ရှိနေပြီ တော့"

"ဟေ မင်း မှတ်ထားသလား"

"ဟုတ်တယ်၊ ကျုပ် မကြိုက်တာ ဟို မုဆိုးမ ကြိုင်မြင့်နား ကပ်ကပ်နေတာ ဘာသဘောလဲ၊ ငါးစိမ်းမြင် ငါးကင်ပစ်ချင်တဲ့သဘောလား"

"လုပ်ပြီကွာ"

"ဘာလဲ ကျုပ်ပြောတာ မမှန်ဘူးလား"

"မင်းက တစ်ဖက်သတ်ကြီးပါလား မိန်းမရယ်၊ အရပ်လူကြီး ဆိုတာ တစ်ရပ်လုံးကို စောင့်ရှောက်ရတာကွ။ ဒီအထဲမှာ မုဆိုးမတွေ၊ ဒုက္ခသည်တွေကို ပိုဦးစားပေးရတာပေါ့ မိန်းမရာ။ ငါ့မှာ မရိုးသားတဲ့စိတ် လုံးလုံး





မရှိပါဘူး"

"စကားတွေ တောင်ပြောမြောက်ပြော မပြောနဲ့၊ ရှင်တို့လူစု မကြိုင်မြင့်အိမ်နား တရစ်ဝဲဝဲ လုပ်နေတာက ဘာသဘောလဲ"

"မင်း ငါ့သိက္ခာကို စော်ကားနေပါလား၊ တော်စမ်းကွာ၊ ရပ် မင်း စကားတွေ ရပ်စမ်း"

"မရပ်နိုင်ဘူး ပြောမှာပဲ"

"ဟ ငါက ငြိမ်းခါနီး မီးပါကွ၊ ပူမယ့်ပူ မင်းကို ငါက ပူရမှာကွ"

"အို အဲဒီ ငြိမ်းခါနီးမီးတွေက ပိုတောက်တာ"

"တော်စမ်းကွာ"

ဦးပြုံးချိုတစ်ယောက် မဖီးမ၏ ထိုးနှက်ချက်ကို ကြောက်ကန်ကန်ပြီး ခုခံ၏။ သို့သော် မဖီးမ၏ စကားလုံးတွေ နည်းဗျူဟာမှ မဟာဗျူဟာသို့ ပြောင်းလဲလာသဖြင့် နောက်ဆုံးတော့ သူ၏ နောက်ဆုံး နည်းဗျူဟာ အတိုင်း အိမ်ပေါ်မှ ခပ်သုတ်သုတ် ဆင်းခဲ့ရလေ၏။

ထိုအချိန် သူ့ဆီသို့ ဒေါင်းတည်မောင်းတည် လာနေသော အပုလေး၊ လမ်းတစ်ဝက်၌ ဦးပြုံးချိုနှင့် ဆုံမိလေ၏။

"ဦးလေးပြုံး"

"ဘာတုံး၊ ဘာဖြစ်လာပြန်ပြီလဲ"

"တော်တို့ ရပ်အကျိုးရွာအကျိုးက ဘယ်တော့ပြီးမှာတုံး"

"လာပြီ တစ်ယောက်၊ ဘာဖြစ်သလဲ အချိန်မကန့်သတ်ထားဘူး"

"ရှင်၊ ဒီလိုဆို ကျွန်မယောက်ျား အိမ်ပြန်ကပ်ဖို့ လမ်းမမြင်ပါလား။ ဦးလေးပြုံးရယ်၊ ဦးလေးပြုံးဟာ အရပ်လူကြီးပဲ အရေးကြီးတာ ရပ်ကျိုးရွာကျိုးထက် ကိုယ့်အိမ်ကိစ္စကိုယ် ဘယ်လို အကျိုးပြုရမယ်ဆိုတာ ဦးစားမပေးသင့်ဘူးလား ပြောပါဦး၊ ကျွန်မယောက်ျား ကိုရင်ဖျောက်တော့ ရပ်ကွက်အကျိုး ဇန်းပြုပြီး အိမ်ကို မကပ်တော့ဘူး"

"ဒုက္ခပါပဲကွာ၊ နင်တို့မိန်းမတွေဟာ တယ်လည်း အတ္တကြီးသကိုး"

"အိုတော်၊ ကိုယ့်အိမ်မှာ ဆန်ရှိရဲ့လားတောင် မသိတဲ့လူတွေက ရပ်ကွက်အကျိုးတဲ့ ဟင်းဟင်း"

"တဲကဲ တော်တော့ မိပုလေး၊ မနက်ဖြန်လောက်ဆို ပြီးတော့ပေါ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဟာ၊ ငါတို့လုပ်တာ တစ်ရပ်ကွက်လုံး ရေဒုက္ခကင်းဝေးအောင် လုပ်နေကြတာပါ။ ကဲ မြန်တော့. . . မြန်တော့"

"ဒါပဲနော်၊ ကျုပ်ယောက်ျား တစ်ခုခု ဖြစ်လို့ကတော့ အရပ်လူကြီးတာဝန်ပဲ"

"ဟင်း. . . မလွယ်ပါလားကွာ"

ဦးပြုံးချိုတစ်ယောက် အကြီးအကျယ် ခေါင်းလေးနေ၏။ ထိုအထဲ ဆံသဆရာတင်ဝင်း မိန်းမကလည်း တစ်မျှောင့်။ အပုလေးလိုပဲ ပြောဆိုသွားသည်မို့ ဦးနှောက် ခပ်ခြောက်ခြောက်နှင့် ဇရပ်ကြီးဆီသို့ ရောက်လာ၏။

ထိုအချိန် မြေဖို့မြေသယ် အလုပ်ပြီးဆုံးသွားပြီမို့ ဆံသဆရာတင်ဝင်းတို့လူသိုက် အပန်းဖြေနေကြ၏။ သူတို့စေတနာကို နားလည်သူ အချို့ကလည်း စားဖွယ်သောက်ဖွယ်များ လှူဒါန်းကြ၏။ အရပ်လူကြီးကိုမြင်တော့ သူတို့အဖွဲ့သားတွေ အားရဝမ်းသာ ဖြစ်သွား၏။

"ဟော - အရပ်လူကြီး လာပြီဟေ့၊ ဘယ်လိုတုံးဗျ ဇရပ်ပေါ် တစ်ခါတည်း ပြောင်းလာတာလား"

"ဘာကွ၊ တင်ဝင်း မင်း ဘယ်လိုပြောသတုံး"

"ဟို - ကြားတာတော့ အရပ်လူကြီးနဲ့ အရပ်လူကြီးကတော်တို့ နှောင်ကျိန်ပလေးနေကြတယ်ဆို"

"တော်ပါကွာ၊ ဒီမိန်းမတွေအကြောင်း မပြောစမ်းပါနဲ့၊ မင်းတို့ မိန်းမတွေကလည်း ငါ့ခေါင်းပေါ် အတင်းပုံနေကြတယ်ကွ"

"ဟုတ်ပ့ါဗျာ၊ အိမ်ပြန်မလာလို့ဆိုပြီး ကျုပ်တို့မိန်းမတွေကလည်း ဇရပ်ရှေ့ လာအော်ဟစ်သွားတယ်ဗျ"

"ဆိုးပ့ါကွာ၊ အရပ်က နားလည်သလောက် မိန်းမတွေက နားမလည်တာ အံ့သကွာ။ ကိုင်းကိုင်း မင်းတို့ အခြေအနေ ဘယ်လိုရှိကြသတုံး"

"တော်တော့်ကို ပြီးနေပြီဗျ၊ အဓိက ရှေ့ဆုံးက ဦးဆောင်သူတဂျာအေးဗျ။ ဒီကောင်ကိုယ်တိုင် ထော်လာဂျီမောင်းတာလေ၊ လမ်းအခြေအနေကတော့ အတော့်ကို ကောင်းသွားပြီ။ နောင်နှစ်ဆို သွားရလာရလွယ်ပြီဗျ"





"ဒါပေ့ါကွာ၊ စေတနာပဲလေ။ ပြီးတော့ ဒါ ငါ အမြော်အမြင်ကြီးကြီးနဲ့ လုပ်ခဲ့လို့ကွာ"

"သိပ်ဟုတ်တာပေ့ါ အရပ်လူကြီးရာ၊ ကဲ - ထိုင်ပါဦး"

ထိန်လင်း၊ စိုးပိုင်၊ ကုလားကြီးတို့လူစုက အလုပ်နားချိန်တွင် ချက်ထိုးနေကြ၏။ ထိုအချိန် တဂျောင်းဂျောင်း တဂျုံးဂျုံး မြည်သံပေး၍ ထော်လာဂျီကြီး ဇရပ်ရှေ့ ထိုးဆိုက်လာ၏။

"ဟာ - လာပြီဟေ့၊ ကဲ - လုပ်ကြဦးလေကွာ"

"လုပ်ရမှာပေ့ါဗျာ၊ ထဟေ့ အလုပ်ကလေး လက်စသတ်လိုက်ကြရအောင်"

တင်ဝင်းက သူ့လူတွေကို နှိုးဆော်ပြီး ဇရပ်ပေါ်မှ ပြေးဆင်းသွား၏။ ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦး ထော်လာဂျီပေါ်မှ မြေကြီးများကို တောင်းကြီးတောင်းငယ်ထဲ ယက်ထည့်နေ၏။

တင်ဝင်းတို့လူသိုက် တောင်းတွေထမ်းကာ ရေဝပ်နေသော နေရာများကို မြေကြီးဖို့လိုက်ကြ၏။ သူတို့တစ်ကိုယ်လုံး ချွေးတွေသံတွေ ရွှဲရွှဲစိုနေ၏။ ထိန်ဝင်းတို့လူသိုက်ကလည်း မခိုမကပ်နှင့် တက်ညီလက်ညီ လုပ်ခဲ့ကြ၏။

ညနေစောင်းလုလုတွင် သူတို့လုပ်ငန်း ပြီးစီးသွား၏။ ထိုအချိန် တစ်လမ်းကျော်တွင် နေထိုင်သော ဇီးကွက်မတို့အိမ်မှ သူတို့လူစုကို ထမင်းစားဖိတ်ခဲ့လေ၏။

ဇီးကွက်မတို့က အတော်အသင့် ချမ်းသာသူများဖြစ်ပြီး ရပ်ကွက်ထဲ ငွေတိုးချစားသည့် အလုပ်နှင့် ကြီးပွားနေကြ၏။ အတိုးကြီးကြီး ယူသလို မတန်တဆ ဈေးနှိမ်ဈေးဖြတ်ကြသဖြင့် တစ်ရပ်ကွက်လုံးက ရွံမုန်းလေ၏။

ထိုသို့ ရပ်ကွက်အော့ကြောလန်အိမ်က ထမင်းဖိတ်ကျွေးသည်ဆိုတော့ အရပ်လူကြီး ဦးပြုံးချိုပင် မယုံမကြည် ဖြစ်နေကြ၏။

သူတို့လူစု ရောက်ရှိသွားချိန်တွင် စားပွဲကြီး သုံးလေးဝိုင်းနှင့် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြင်ဆင်ထားသည်ကို မြင်လိုက်ရ၏။ ဇီးကွက်မ အမေဒေါ်ချစ်စရာကလည်း ပြုံးပြုံးရွှင်ရွှင်နှင့် သူတို့ကို ဆီးကြို၏။

"ဟော - လာကြပြီ၊ လာကြပါတော် သူတော်ကောင်းကြီးတွေ၊



www.burmeseclassic.com

www.burmeseclassic.com



နတ်ပြည်ရောက်မယ့်လူကြီးတွေ"

"အင်"

"အရပ်လူကြီး အိမ်ပေါ်ကြွလေ၊ ရှင်တို့လုပ်တာကြည့်ပြီး ကျုပ်တို့ မိသားစု ဝမ်းသာလို့မဆုံးဘူးရှင့်၊ လမ်းတွေပေါ် ရေကြီးတော့ အိမ်ကို လူမလာဘူးလေ။ ခုတော့ အဲဒီဒုက္ခလည်း အေးသွားပြီ။ ဝမ်းသာလိုက်တာတော်၊ ကျေးဇူးလည်း တင်လိုက်တာ"

ဒေါ်ချစ်စရာက သူတို့အဖွဲ့ကို ဝမ်းပန်းတသာနှင့် ကြိုဆိုခဲ့၏၊ ဇီးကွက်မတို့လူသိုက်ကလည်း ထမင်းဟင်းကအစ လိုလေသေးမရှိအောင် ဖြည့်ဆည်းပေး၏။ ထိုသို့ ကျွေးမွေးနေချိန် ဇီးကွက်မတို့ လမ်းထဲမှလူများပါ ရောက်ရှိလာ၏။

ငွေလှူသူကလှူ၊ စားဖွယ်သောက်ဖွယ် ပေးသူကပေး၊ ချီးမွမ်းစကား ဆိုသူကဆိုနှင့် သူတို့တစ်ဖွဲ့လုံး မြောက်ကြွမြောက်ကြွ ဖြစ်နေ၏။ ထိုအထဲတွင် မှိုကျင်းတွေ့သလို ဝမ်းသာအားရဖြစ်နေသူက အရပ်လူကြီး ဦးပြုံးချို၊ သူ့အနားတွင် မုဆိုးမ မကြိုင်မြင့်က တရစ်ဝဲဝဲ။

"ကိုကြီးပြုံး စားနော်၊ အလှမစားနဲ့ တပိုးတနင့်သာစား"

"ဟေ၊ ဟာ - ကြိုင်မြင့်ကလည်း ဟဲဟဲ"

"သြော် ကိုကြီးပြုံးတို့ အစွမ်းကြောင့် တစ်ရပ်ကွက်လုံး သွားရေးလာရေး ဒုက္ခငြိမ်းရတာလေ"

"ဟုတ်ပါ့တော်၊ အရပ်လူကြီး အားလုံးထဲမှာ ကိုပြုံးချိုဟာ တကယ့် ခေါင်းဆောင်ကောင်းပဲ"

ဒေါ်ချစ်စရာပါ ဝင်ပြောလိုက်သဖြင့် ဦးပြုံးချို မျက်နှာတောင် မထား တတ်။ ဂျာအေးတို့လူသိုက်မှာလည်း မောမောပန်းပန်းနှင့် လုပ်ခဲ့ရသည်ကို ဆာလောင်နေကြပြီဖြစ်ရာ သုံးလေးပန်းကန်မျှ တွယ်ပစ်လိုက်ကြ၏။

ချက်ထားသည်ကလည်း ဖွယ်ဖွယ်ရာရာ၊ ဝက်သားနှင့်မျှစ်ခွဲ၍ နူးနေအောင် ချက်ထား၏။ ငါးပိရည် ခပ်ပျစ်ပျစ် ဖျော်ထား၏။ တို့စရာ ကလည်း အစုံအလင်၊ ငါးကြင်းဆီပြန်ကလည်း အရသာရှိလှ၏။

မြမြမို့တို့ မိန်းမပျိုတစ်သိုက်ကလည်း သူတို့ဘေးနားမှာ တရှုန်းရှုန်း ထိုညကလေးကို ဂျာအေး မမေ့နိုင်။ စားသောက်ပြီးသွားသောအခါ





ဒေါ်ချစ်စရာကို နှုတ်ဆက်၍ သူတို့လမ်းဘက်သို့ ပြန်ခဲ့ကြ၏။

"ဘယ်လိုတုံး၊ ဒီည အိမ်ပြန်ကြမှာလား၊ ဇရပ်ပေါ်မှာ အိပ်ကြမှာလား"

"ဇရပ်ပေါ်မှာပဲ အိပ်ဦးမယ်ဗျာ"

"ကောင်းတယ်၊ ကိုတင်ဝင်းပြောတာ ကောင်းတယ်။ ကျုပ်တို့ အိမ်ပြန်တာနဲ့ အိမ်ကမိန်းမတွေ ထုမှာသေချာတယ်"

"ဟုတ်ပါ့ကွာ၊ မိန်းမတွေများ တယ်လည်း ဒုံးဝေးကြသကိုး။ ကဲ - အရပ်လူကြီး ခင်ဗျားရော အိမ်မပြန်သေးဘူးလား"

"မဖြစ်ဘူးကွာ၊ ငါ့မိန်းမကလည်း အိမ်ပြန်ရောက်တာနဲ့ တဂျက်ဂျက်ကွ။ မပြန်ဘူး ငါ မင်းတို့နဲ့ပဲ အိပ်မယ်ဟေ့"

"ဟေး - ဒါမှ အရပ်လူကြီးကွ။ ဟားဟား ဇရပ်ပေါ်မှာ မိန်းမ မကြောက်တဲ့လူတွေ စုနေပြီကွ"

ဆံသဆရာတင်ဝင်းက အရပ်လူကြီး၏စကားကို လှိုက်လှိုက်လှဲလှဲ ထောက်ခံလိုက်၏။ လှူဒါန်းလိုက်သည့် ပစ္စည်းပစ္စယများကိုလည်း ခွဲတမ်းချလိုက်၏။

ဒေါ်ချစ်စရာက သူတို့အဖွဲ့ကို စေတနာပေါက်သည်ဆိုကာ ငွေသုံးသောင်း လှူဒါန်းလိုက်၏။ ဦးပြုံးချိုက အလှူငွေများကို သူတို့ရှေ့ချကာ ကြိုက်တာလုပ်ရန် ခွင့်ပေးလိုက်၏။

ဂျာအေးတို့လူစုမှာ ညလည်း မနားတမ်း လုပ်ကိုင်ခဲ့ကြ၏။ ထိုသို့ အားစိုက်ခွန်စိုက် လုပ်ခဲ့ကြသဖြင့် ရပ်ကွက်တစ်ခုလုံး မြေသားညီညီနှင့် သွားရေးလာရေးကအစ အဆင်ပြေပြေ ဖြစ်သွားကြ၏။

မြေဖို့သည့်ကိစ္စ ပြီးဆုံးသွားသောအခါ ဖျောက်ဆိပ်တို့လူစု အိမ်မပြန်ရဲ ဖြစ်နေကြ၏။ အရပ်လူကြီး ဦးပြုံးချိုကိုယ်တိုင် လိုက်ပြောမှ သူတို့လူစု အိမ်ပေါ်တက်ခွင့်ရခဲ့ကြလေ၏။

ထိုအချိန်တွင် ဖျောက်ဆိပ်၏မိန်းမ အပုလေးက မကျေနပ်။ ပါးစပ်က ပွစိပွစိ လုပ်နေဆဲ။ အရပ်လူကြီးကိုယ်တိုင်လည်း ဇနီးသည် မဖီးမ၏ ငြိုငြင်ကွပ်မှုကို ခေါင်းကြီးတငုံ့ငုံ့နှင့် ခံစားနေရလေ၏။

✂ ✂ ✂



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဦးပြုံးချို၏ ကောင်းမှုကြောင့် ဖျောက်ဆိပ်တစ်ယောက် ရပ်ကွက်လူကြီးအဖွဲ့ဝင်တစ်ဦး ဖြစ်သွားရလေ၏။ ထိုသတင်းကို သယ်လာသူက ဆံသဆရာ ကိုတင်ဝင်း။

“ဟေ့ကောင် ဂျာအေး”

“ဘာတုံးဗျ”

“မင်းဆရာ ဖျောက်ဆိပ် အရပ်လူကြီး ဖြစ်သွားပြီကွ”

“ဗျာ၊ ဒါဆို ကျုပ်ဆရာတော့ နာပြီဗျ”

“အင် - ဘာဖြစ်လို့တုံးကွ”

“ဟာ - မပုလေးအကြောင်း ခင်ဗျားလည်း သိသားပဲဗျာ၊ ရပ်ကွက်အလုပ်ကိုလုပ်တာ တစ်စက်ကလေး ကြိုက်တာ မဟုတ်ဘူးဗျ။ ဆရာဖျောက်တော့ ပြဿနာပဲ”

“ဟာ - မင်းကလည်းကွာ၊ အရပ်လူကြီးဖြစ်တာ ဂုဏ်ရှိပါတယ်ကွ၊ ကိုဖျောက်ဆိပ်က စေတနာကြီးတဲ့သူပါ”

“ကျုပ်ဆရာအကြောင်း ကျုပ်သိပါတယ်ဗျာ၊ သူက ရပ်ကွက်အတွက်သာ ကြည့်တာဗျ၊ အဲဒါ မပုလေးနဲ့ တကျက်ကျက်ဖြစ်မှာ ကိုးနေသေပဲ။ ဒီကိစ္စ ဦးလေးပြုံးလက်ချက်ထင်တယ်”

“ဒါပေါ့ကွာ၊ ဦးလေးပြုံးက အမြော်အမြင်ကြီးတဲ့သူပါကွ”

သူတို့နှစ်ဦး ပြောဆိုနေကြစဉ် ရပ်ကွက်လူကြီးပေါက်စ ဆရာကြီး





ဖျောက်ဆိပ် ခေါင်းငိုက်စိုက်နှင့် ဆံသဆိုင်ထဲ ဝင်လာ၏။

“ဟာ - ဘယ်လိုတုံး အရပ်လူကြီးရဲ့၊ ခင်ဗျားကတော့ ဘုန်းမီးနေလတောက်တာပဲဗျ”

“တော်ပါတော့ ကိုတင်ဝင်းရာ၊ ကျုပ် မလုပ်ချင်ပါဘူး ပြောတာကို ဦးပြုံးချိုက နားမထောင်ဘူးဗျ။ အတင်း လုပ်ရမယ်ပြောပြီး ခွတ်ခန့်တာဗျ။ ဒုက္ခပါပဲ၊ ဒီသတင်းသာ အပုလေး ကြားလို့ကတော့ ဝက်ဝက်ကွဲပြီသာမှတ်”

ဖျောက်ဆိပ်တစ်ယောက် အရပ်လူကြီး ဖြစ်ရသည်ကို ဝမ်းမသာနိုင်ဖြစ်နေ၏။ အဓိက ပြဿနာက အပုလေးပြဿနာ။ ရပ်ကွက်လူကြီး ဖြစ်သွားပြီဆိုသည့် သတင်းသာ ကြားလိုက်လျှင် သူ့ကို ရန်လုပ်တော့မှာသေချာ၏။

ဂျာအေးက သူ့ကို ပြုံးစိစိ လှမ်းကြည့်ရင်း ပြောလိုက်၏။

“ဆရာဖျောက်ကလည်းဗျာ၊ ရပ်အကျိုးရွာအကျိုး သယ်ပိုးတာပဲဗျာ အိမ်ကမိန်းမ ပြဿနာရှာတာကို အသေးအဖွဲလို့ သဘောထားပေါ့ဗျ”

“ဒါပေါ့၊ ဘာမှ မပူနဲ့ ကိုဖျောက်ဆိပ်၊ ကျုပ်တို့ ခင်ဗျားဘက်မှာရှိတယ်ဗျ။ ခုဆို အရပ်လူကြီး ဦးပြုံးချိုခများမှာလည်း အိမ်က မိန်းမကြောင့် ဒုက္ခတွေ့နေရတယ်၊ ပြောရရင် ကျုပ်တို့ တရုတ်ကြီးရပ်ကွက်ဟာ မိန်းမတအားကြောက်တဲ့ ရပ်ကွက်ကြီး ဖြစ်နေပြီဗျ။ ဒါကို ကျုပ်တို့ ဆန့်ကျင်ရမယ်”

“အင် - ကိုတင်ဝင်း၊ ခင်ဗျား ဘာတွေပြောနေသတုံးဗျ။ ကျုပ်အရပ်လူကြီးဖြစ်တာ. . .”

“အဲဒါပြောတာပေါ့ ကိုဖျောက်ဆိပ်ရဲ့၊ ဦးလေးပြုံးက ခင်ဗျားကို အရပ်လူကြီး ဆွဲခန့်လိုက်တာ ကေန္ဒ အင်အားစုလိုက်တာ ဖြစ်ရမယ်ဗျ”

“ဟင်”

ဆံသဆရာ တင်ဝင်း၏ စကားကြောင့် ဖျောက်ဆိပ် လည်တယ်တယ် ဖြစ်နေ၏။ ထိုစဉ် ဂျာအေးက ဝင်၍ ပြောလိုက်၏။

“ကိုကြီးဖျောက်ကလည်း ဒုံးပုံဗျာ၊ ဦးလေးပြုံးက ကိုကြီးဖျောက်ကို ဘာကြောင့် အရပ်လူကြီး ခန့်သလဲ သိလား”



www.burmeseclassic.com

www.burmeseclassic.com



"သိဖူးလကွာ၊ ငါတော့ အဲဒီ ရာထူးရတာ မျက်ခုံးခပ်လှုပ်လှုပ်ပဲဟော့"

"မကြောက်စမ်းပါနဲ့ဗျာ၊ ဒီကိစ္စ အိမ်ကမိန်းမတွေ ဆန့်ကျင်ဖို့ ဦးလေးပြုံးက အင်အားစုလိုက်တာ ဖြစ်လိမ့်မယ်ဗျ"

"အင် - ရပ်အကျိုးရွာအကျိုး မလုပ်ဘဲ မင်းဥစ္စာ မိန်းမတွေ ပြန်ဆန့်ကျင်ရမယ် ဆိုတာတော့ တစ်မျိုးကြီးကွ။ မဖြစ်နိုင်ဘူး ထင်ပါတယ်ကွာ"

"ကိုကြီးဖျောက်ကလည်းဗျာ၊ နောက်တော့ သိလာမှာပေါ့ဗျာ"

နောက်ဆုံးတော့ အရပ်လူကြီးလက်သစ် ဖျောက်ဆိပ်တစ်ယောက် အရပ်လူကြီး ရာထူးကို အင်တင်တင်နှင့် လက်ခံလိုက်ရလေ၏။

ထိုအချိန်မှစ၍ ဖျောက်ဆိပ်တစ်ယောက် တာဝန်တွေ ပိုလာလေတော့၏။ ညဆိုလည်း အိမ်ပြန်မကပ်နိုင်တော့။ သန်းခေါင်စာရင်းစစ်ရ၏။ လုံခြုံရေးအတွက် ကင်းလှည့်ရ၏။ ပြဿနာပေါင်းစုံကို လိုက်ရှင်းရ၏။

ရှုပ်ထွေးများမြောင်လှသော ပြဿနာအကြား ဖျောက်ဆိပ် မြုပ်နေ၏။ ထိုအခြေအနေ နောက်ကွယ်မှ စကားနာထိုးနေသူက အပုလေး။ ဖျောက်ဆိပ်ကလည်း ဂျာအေးကို လက်မလွှတ်။

ရပ်ကွက်ထဲ ကင်းလှည့်သည်ကအစ ဂျာအေးကို ခေါ်ထားတတ်၏။ အပုလေး ပြဿနာရှာလျှင် ဂျာအေးကို ရှေ့ကထားပြီး ခုခံကာကွယ်တတ်လေ၏။

သို့သော် အပုလေးက ရပ်ကွက်လူကြီးသော ဘာသော မှုသည် မဟုတ်။ ပြောစရာရှိလျှင် ပီသလေးဘေားပစ် ပြောတတ်၏။

တစ်ချိန်တွင် ရပ်ကွက်ထဲ ဟိုဟာပျောက် ဒီဟာပျောက်နှင့် သူခိုးသူဝှက် ပြဿနာတက်လာ၏။ အခြေအနေက တစ်နေ့တခြား ဆိုးဝါးလာသည်မို့ ဖျောက်ဆိပ်တို့လူစု ကင်းပုန်းဝပ်ရ၏။

ဖျောက်ဆိပ်နှင့်အတူ ဂျာအေး၊ ထိန်ဝင်း၊ ကုလားကြီး၊ စိုးပိုင်တို့လည်း ပါ၏။ ကင်းပုန်းဝပ်ရသည့် နေရာက ရပ်ကွက်အနောက်ဘက် လယ်တွင်းစပ်၊ ရပ်ကွက်လူကြီး ဦးပြုံးချို၏ ခန့်မှန်းချက်အရ သူခိုး၏ လာလမ်းသည် အနောက်ဘက်ထောင့်မှ ဖြစ်နိုင်သည်ဟု ဆိုလာသဖြင့် သူတို့လူစု အစီအရေးပျက်ခံ၍ ကင်းပုန်းဝပ်ရ၏။

ထိုနေ့ညတွင် သူတို့လူစုနှင့်အတူ ဆံသဆရာ တင်ဝင်းလည်း ပါလာ





၏။ ဂျာအေးတို့လူစု ရပ်ကွက်အနောက်ဘက် တဲကလေးတွင် လူစုမိကြစဉ် ဖျောက်ဆိပ်ခမျာ ဇနီးသည် အပုလေးကို မနည်းကြီး ချွင့်ပန်နေရ၏။

"ဒါ အများအတွက် လုပ်တာပါ မိန်းမရာ၊ ရပ်ကွက်လူကြီး ဖြစ်လာပြီဆိုတော့လည်း စိတ်ထဲထင်ရာလျှောက်ပြောလို့ မဖြစ်သေးဘူးလေ"

"ရှင် ဒီလောက် အမြင်တွေ ကျယ်လာတာ အံ့ပါ့ရှင်။ ဒါဆို ရှင့်အိမ်ထောင်ရေးရော အဲဒီလို အမြင်ကျယ်ကျယ် တွေးခဲ့ရဲ့လား ကိုရင်ဖျောက်ရယ်"

"ဩော် မိန်းမကလည်းကွာ၊ ကိုယ်ရေးကိုယ်တာနှင့် လူမှုဆက်ဆံရေးကဏ္ဍက တစ်ကန့်စီလေကွာ။ နေရာတကာမှာ ကိုယ့်အရေးချည်းပဲ ရှေ့တန်းတင်လို့ ဘယ်ဖြစ်ပါ့မလဲကွ။ စွန့်သင်စွန့်၊ အနစ်နာခံသင့် ခံရတယ်ကွ။ ပြောရရင် နာယကဂုဏ်ခြောက်ပါး. . ."

"တော်ပါတော့ ကိုရင်ဖျောက်ရယ်၊ ရှင်ဟာ အိမ်ထောင့်တာဝန်မှာ ဖားလျှေးတစ်ကောင်၊ နှစ်ကောင် ရိုက်တာတောင် အဖြစ်မရှိတဲ့လူ။ အဲဒီလိုလူက အရပ်လူကြီး ဖြစ်လာတာ ကျွန်မတော့ အံ့ရောရှင်"

"မိန်းမ၊ ဒီကိစ္စ မင်းပေါင် မင်းလှန်ထောင်းတာကွ"

"ရှင်. . . ရှင်ကြီး ဘာစကား ပြောတာလဲ၊ ကျွန်မ အဲဒီလောက် ယဉ်ကျေးမှုမဲ့နေလို့လား၊ စကားပြောတာ လူကြီးလုပ်ပြီး မရိုင်းနဲ့နော်"

"ခက်ပါ့ကွာ၊ မင်းကလည်း တယ်ဒုံးသကိုး။ မှတ်ထားဖို့က အိမ်ထောင်ပြုကြတယ်ဆိုတာ တစ်ယောက်ပါရမီ တစ်ယောက်ဖြည့်ကြတာကွ။ ခုလည်း ငါ အရပ်လူကြီးဖြစ်ရင် မင်းဟာ အရပ်လူကြီးကတော်ပဲကွ။ ပါရမီဖြည့်စမ်းပါ မိန်းမရာ"

"ရှင်၊ ပါရမီဖြည့်ရမယ်။ မပူပါနဲ့ အရပ်လူကြီးရယ်၊ ရှင့်မယား ဘယ်လို အရည်အချင်းရှိတယ်ဆိုတာ ရှင်လည်း အသိပဲလေ"

"တော်ပါတော့ကွာ၊ ကိုင်း - ငါ ကင်းပုန်းသွားဝပ်လိုက်ဦးမယ်"

"ဘယ်မှာဝပ်မှာတုံး၊ ကုလားမတို့ ခွက်ပုန်းဆိုင်မှာလား"

"ဟော၊ ဟာ - ငါ အရပ်လူကြီးလေ မိန်းမရဲ့၊ သတိထားစကားပြောမှ ပေါ့ကွယ်။ ဟဲဟဲ သွားပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com



အပုလေးတစ်ယောက် သူ့ကို ကျောခိုင်းသွားသော ဖျောက်ဆိပ်ကို နောက်ကွယ်မှ ပွစိပွစိ ဆဲဆိုရေရွတ်ကျန်ခဲ့၏။ ဖျောက်ဆိပ်သည် လှေကားသုံးထစ် ဆင်းလိုက်သည်နှင့် အိမ်ကိစ္စကို အမေ့ကြီး မေ့သွားလေပြီ ဖြစ်၏။

လမ်းပေါ်ရောက်သည်နှင့် အရပ်လူကြီး ဦးပြုံးချိုအိမ် ဝင်၍ သတင်းပို့လိုက်၏။

"ဦးလေးပြုံး၊ ကျုပ်တို့ ကင်းပုန်းဝပ်တော့မယ်ဗျ"

"အေး ကောင်းတယ်၊ ဘာမဆို ဝီရိယသာထားပေ့၊ ဖျောက်ဆိပ် ဝီရိယကြောင့် အကျိုးတော့ ခံစားရစမြဲပဲကွ။ အမှန်တော့ မင်းတို့နဲ့လိုက်ပြီး ငါလည်း ကင်းပုန်းဝပ်ချင်တာကွ၊ ငါ့မိန်းမ မဖီးမက မလွှယ်ဘူးလေ"

"ဒါဆိုလည်း အိမ်မှာပဲ ကင်းပုန်းဝပ်ပေါ့ဗျာ"

"ဟေ - ဟဲဟဲ ဟားဟား မင်းကတော့ကွာ"

"ကဲ သွားပြီဗျို့"

ဦးပြုံးချိုကို နှုတ်ဆက်၍ ဂျာအေးတို့ဆီ ထွက်လာခဲ့၏။ အချိန်အခါမှာလည်း မှောင်မိုက်နေပြီ ဖြစ်၏။ ရပ်ကွက်လမ်းများပေါ်တွင် ထွန်းညှိထားသော မီးရောင်ကလည်း ခရမ်းချဉ်သီးမှည့်ရောင် သာသာပင် ရှိ၏။

ခွေးဝဲစား သုံးလေးကောင်က ဖျောက်ဆိပ်ကို မြင်သည်နှင့် တဝုတ်ဝုတ် ထိုးဟောင်နေ၏။

"ဟာ - မင်းတို့ လူကြီး လူကြီးမှန်း မသိတဲ့ကောင်တွေ၊ ကိုင်းဟာ"

"ဝုစ်"

"ဒုတ်"

"ဂိန်ဂိန်"

"မှတ်ပြီလားကွ၊ မှတ်ထား လူကြီး လူကြီးမှန်း မသိတဲ့ ဝဲစားတွေ။ နောက်တစ်ခါဆို ဝါးရင်းတုတ်စာ အမိပဲကွ"

ဖျောက်ဆိပ်တစ်ယောက် ခွေးဝဲစားအုပ်နှင့် စစ်ခင်းရင်း အနောက်ဘက်တဲဆီသို့ ရောက်လာ၏။ တဲနားရောက်သည်နှင့် မယ်ဒလင်လက်သံ ကြားလိုက်ရ၏။

"ငါ့တပည့် ဂျာအေးကတော့ သူ့လက်သံ စပြီ။ ကောင်းတယ်ဟေ့





ဒီည ကင်းပုန်းဝပ်တဲ့ည ပျော်စရာကြီးကွာ ဟားဟား"

ဖျောက်ဆိပ်တစ်ယောက် အူမြူးပြီး တဲထဲဝင်သွား၏။ ထိုအချိန် ဂျာအေးသည် ကုလားကြီး ဆွဲလာသော မယ်ဒလင်အိုကြီးကိုကိုင်ကာ ပွဲကြိုက်ခင်သီချင်းကို အသံပြာနှမ်းနှမ်းနှင့် အော်ဟစ်နေ၏။

"အပျော်ဆိုတာကွယ် ××× ငွေကုန်ခံနိုင်ရင် ××× အကောင်းဆုံးပဲ ××× ပွဲကြိုက်တဲ့ ××× ခင်နှမရယ်"

"ဆော်ဟ"

"စိန်ဂျာအေးတဲ့ဟေ့"

"စောင်းသံ ××× တယောသံ ××× နားဝင်အေးတယ် ××× ခင်လေးရယ် ××× မောင်တီးပြပါ့မယ်"

"လုပ်ဟ"

ကုလားကြီးတို့လူစုကလည်း ပါးစပ်ဆိုင်းလိုက်နေ၏။ မယ်ဒလင်သံကြောင့် သီချင်းက မြိုင်နေ၏။ ဖျောက်ဆိပ်မှာ လိပ်ဆေးပေါ့လိပ်ကြီး တဖွာဖွာနှင့် ဆိုင်းချက်လိုက်နေ၏။

ထိုစဉ် ကွင်းဘက်မှ လူတစ်ဦး တက်လာ၏။ လက်ထဲတွင်လည်း ဖားတွေ ပါလာ၏။ ဘယ်သူဘယ်ဝါမှန်းလဲ မသိ။ တဲရှေ့ရောက်သည်နှင့် ဖျောက်ဆိပ်ကို နှုတ်ဆက်လိုက်၏။

"ကိုကြီးဖျောက်"

"ဘယ်သူတုံးကွ"

"ကိုကြီးဖျောက်တို့ ကင်းပုန်းဝပ်တယ်ဆို"

"မင်းက ဘယ်သူလဲ"

"ကျွန်တော် ဦးပြုံးချိုရဲ့တူ မောင်သီလလေ၊ ဟိုဘက်ရပ်ကွက်ကဗျ"

"ဩော် ဟုတ်လား ဘာကိစ္စတုံးကွ"

"ဟောဒီမှာ ဖားကြော်တွေလည်း ပါတယ်၊ ပြီးတော့ ကောက်ညှင်းပေါင်းတွေလည်း ပါလာတယ်ဗျ။ အဲဒီအပြင် အချိုရည်ပုလင်းတွေပါ ပေးလိုက်တယ်။ နောက်ပြီး မီးတောက်တစ်လုံးလည်း ပါတယ်ဗျ"

"ဟေ - ရပ်ကွက်ကပေးတာလား"

"ဟုတ်ပါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါ့ကွာ၊ ထား. . . ထားခဲ့ဟေ့၊ ရပ်ကွက်က ချိုးမြှင့်တာဆို တော့ တွယ်ရတာပေါ့ကွာ"

သီလဆိုသော လူရွယ်သည် ဖျောက်ဆိပ်တို့ထံ ဖားကြော်၊ ကောက်ညှင်းပေါင်းနှင့် အချိုရည်ဘူးများ ပေး၍ ထွက်သွား၏၊ သူတို့လူစု အစားသောက်များနှင့် မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည်မို့ ဝမ်းသာအားရ ဖြစ်နေ၏။

"ကောင်းပါ့ကွာ၊ ကင်းပုန်းဝပ်တဲ့ည ဟားဟား ပျော်ကြစမ်းကွာ"

"ဒါမှ အရပ်လူကြီးကွ"

"ဟူးဟူးဟီးဟီး"

အရက်ကလေး ဝင်လာသောအခါ ဝိုင်းက ပို၍ မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်လာ၏၊ ကုလားကြီးနှင့် စိုးပိုင်တို့နှစ်ဦးက တွေးကောက်နေအောင် ကခုန်ကြ၏။ ဖျောက်ဆိပ်ကလည်း ပါးစပ်စည်းလိုက်နေ၏၊

အချိုရည်ဘူး အလျှံပယ်၊ အမြည်းစုံလင်လှသဖြင့် သူတို့အားလုံး နတ်ပြည် ရောက်သွားကြသလိုပင်။

ထိုစဉ် ဂျာအေး၏ ပြာနှမ်းနှမ်းအသံ ထွက်လာ၏၊

"ရပ်ကွက်သူ ရပ်ကွက်သားအပေါင်းတို့၊ အရပ်လူကြီး ဖျောက်ဆိပ်နှင့်အဖွဲ့ ကင်းပုန်းဝပ်နေပါတယ် ခင်ဗျာ၊ အေးအေးလူလူ အိပ်စက်နိုင်ကြပါတယ်"

"ကောင်းတယ် ထပ်အော်စမ်းကွာ၊ တစ်ရပ်ကွက်လုံး ကြားအောင် အော်ဟေ့"

"စိတ်ချ ဆရာဖျောက်ရေ"

ဂျာအေးနှင့် ကုလားကြီးတို့နှစ်ဦး ပါးစပ်က အော်လိုက်၊ သံချောင်းခေါက်လိုက်နှင့် လုပ်နေ၏၊ တစ်ညလုံး သူတို့လူစု လုံးလျားထွေးလျား ဖြစ်နေကြ၏။ အချိုရည်ဘူးများလည်း ပြောင်သလင်းခါကုန်၏။

သို့နှင့် ဆယ့်နှစ်နာရီ တီတီအချိန်တွင် သူတို့အားလုံး ရပ်ကွက်အနောက်ဘက် တဲထဲတွင် တရှူးရှူးနှင့် အိပ်ပျော်သွားကြလေတော့၏၊

နောက်တစ်နေ့ ဝေလီဝေလင်း အချိန်တွင် အရပ်လူကြီး ဦးပြုံးချို အိမ်မှာ အော်သံဟစ်သံ ကြားရလေတော့၏၊ အော်ဟစ်သူ အရပ်လူကြီးကတော် မဖီးမ။





"အောင်မလေးတော် ကုန်ပါပြီ၊ ကုန်ပါပြီတော့"

"ဟဲ့ဟဲ့ ဘာကုန်တာတုံးဟ"

"သူခိုး. . . . သူခိုး ခိုးသွားပြီ"

"ဘာ"

မိန်းမ၏ အော်သံဟစ်သံကြောင့် ဦးပြုံးချို အိပ်ရာထဲမှ လူးလဲထကာ ပုဆိုးပြင်ဝတ်ရင်း မဖီးမ အော်ဟစ်နေသော အခန်းထဲသို့ အပြေးဝင်သွား၏၊ မဖီးမသည် ဟင်းလင်းပွင့်နေသော ဗီရိုကြီးကိုကြည့်ကာ အော်ဟစ်ငိုကြွေးနေ၏။

ထိုအချိန် ဦးပြုံးချို အခန်းထဲ အပြေးဝင်လာရာ မဖီးမသည် ဦးပြုံးချိုကို မြင်သည်နှင့် မှုန်တေတေ ဖြစ်သွား၏၊

"ရှင်. . . ရှင်ကြီး ဘယ်လို"

"ဘာတုံး"

"ရှင်ကြီး ဘယ်တုံးက နှုတ်ခမ်းမွေး တစ်ဝက်ထားဖူးလို့လဲ"

"ဟေ - ဘာတုံး၊ ဘာတွေ ပြောသတုံးဟ"

"ဟို. . . ဟို ရှင့်မျက်ခုံးမွေးရော၊ နှုတ်ခမ်းမွေးရော ဘယ်. . . ဘယ်လိုဖြစ်၊ ရှင် ဘယ်သူတုံး"

"ဟေ၊ ဟာ - ဘာတွေတုံးကွာ၊ မဖီး ဘာ. . . ဘာဖြစ်နေတာလဲကွ အစ်ကိုကြီးလေ။ ဟင် - ဗီရိုကြီးလည်း ပွင့်လို့ မဖီး. . . မဖီး မင်း ဘာဖြစ်"

"သူခိုး. . . သူခိုး အောင်မယ်လေး ကုန်ပါပြီ"

"ဘာ၊ ကုန်ပြီ ဟုတ်လား၊ ဟာ - ဗီရိုထဲ ဘာမှ မရှိတော့ပါလား"

"ဟုတ်တယ်၊ ကင်းပုန်းဝပ်ကြတာလေ၊ ရှင့်ဟာတွေ ဘယ်နေရာ သွားပြီး ကင်းပုန်းဝပ်နေကြသတုံး၊ ကြားလို့မှ ကောင်းကြသေးရဲ့လား အရပ်လူကြီးရဲ့"

"ဟေ - ပြဿနာပဲကွ၊ ဟိုကောင်တွေ ကင်းပုန်းအိပ်နေကြတာလား မသိဘူး"

"ဟို. . . ဟို ရှင့်မျက်နှာကြီး"

"ဘာတုံးကွာ"

မဖီးမ၏ စကားကြောင့် ဦးပြုံးချိုသည် မှန်ရှေ့ မတ်တတ်ရပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မျက်နှာကိုယ် မှန်ထဲကြည့်လိုက်၏။

"ဗုဒ္ဓေါ၊ ငါ့. . . ငါ့မျက်နှာ ဘယ်လိုဖြစ်"

"အဲဒါပြောတာပေါ့၊ နှုတ်ခမ်းမွေး ဘယ်တုံးက ပေါက်တာလဲ၊ မျက်ခုံးမွေးကျတော့လည်း. . ."

"ဟာ - အဲဒါ မီးသွေးတွေဟ၊ တောက် - ဘယ်ကောင် လက်တမြင်းသွားတာလည်း မသိဘူး"

"ဟင် - ဒါ. . . ဒါဆို သူခိုးလက်ချက်ပဲ ဖြစ်ရမယ်"

"ဘာ"

"ရှင်တို့ကို ပညာပေးသွားတာ ဖြစ်ရမယ်။ ပြီးတော့ ခိုးတော့လည်း အရပ်လူကြီးအိမ်မှ ရွေးခိုးသွားတယ်လေ"

"တောက်၊ ဒါ သက်သက် ငါ့ကို စိန်ခေါ်တာကွ။ ပြုံးချိုကို လာမစမ်းနဲ့ကွ"

"အောင်မယ်လေးတော်၊ မျက်နှာကိုတောင် အိုးမည်းသုတ်သွားတာလေ"

"မိုက်ရိုင်းလိုက်သကွာ၊ မဖြစ်ဘူး၊ ဒီကိစ္စ လုံးဝ မဖြစ်သင့်ဘူးကွ။ ငါ့ကို စိန်ခေါ်တဲ့သဘော၊ တစ်ရပ်ကွက်လုံးကို စိန်ခေါ်လိုက်တာပဲ. . . တောက်"

ဦးပြုံးချိုတစ်ယောက် အကြီးအကျယ် ပေါက်ကွဲနေ၏။ မျက်နှာအလျှင်အမြန်သစ်လိုက်ပြီး အိမ်ပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်၏။ တစ်ရပ်လုံးကလူတွေ ဦးပြုံးချိုကို ကြည့်ပြီး ပြုံးစိပြုံးစိ ဖြစ်နေ၏။

သူ ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်။ အဓိက သူ ဦးတည်ရာမှာ ကင်းပုန်းဝပ်နေကြသည့်နေရာ ဖြစ်လေ၏။

ရပ်ကွက်အနောက်ဘက် တဲကလေးဆီသို့ အရောက်တွင် မြင်လိုက်ရသော မြင်ကွင်းတစ်ခုကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ မြင်ကွင်းက တခြားမဟုတ်၊ အရပ်လူကြီး ဖျောက်ဆိပ်တို့အဖွဲ့ ကင်းပုန်းဝပ်သည့်တဲထဲတွင် ပုဆိုး၊ အကျႌမပါဘဲ ဘောင်းဘီတိုများနှင့် အိပ်ပျော်နေခြင်းပင်။

"ဟာ - ဘယ်လိုဖြစ်ကုန်ပြီတုံး၊ ဖျောက်ဆိပ်တို့လူစု ပုဆိုး၊ အကျႌတွေ





လည်း မရှိပါလား။ ဘုရား. . . ဘုရား အရပ်ထဲကမြင်ရင် ရှက်စရာကောင်းလိုက်တာကွာ။ ဘယ်လိုဖြစ်ကြသတုံး ဟဲ့ကောင်တွေ၊ ဟဲ့ဟဲ့ ထကြပါဦးဟ"

"ဗျာ"

"ထကြစမ်း"

"အင်"

"ထစမ်း ကင်းပုန်းဝပ်တယ် ဟုတ်လား၊ ဘယ်နေရာ သွားဝပ်တာတုံးကွ၊ ဘယ်မှာလဲ အကျႌလုံချည်"

ဖျောက်ဆိပ်တို့လူသိုက် အလူးအလဲ ထလာကြ၏။ ဦးပြုံးချိုကိုမြင်တော့ မျက်လုံးပြူး မျက်ဆန်ပြူး၊ ပို၍ ဆိုးသည်က ကိုယ်ပေါ်တွင် အကျႌ၊ လုံချည်များ ပျောက်ဆုံးနေသည့်ကိစ္စပင်။

ဖျောက်ဆိပ်သည် အိပ်မှုန်စုန်မွှားမျက်နှာနှင့် ဦးပြုံးချိုကို မျက်နှာချိုသွေးလိုက်၏။

"ဟဲဟဲ ကျုပ်တို့ ကင်းပုန်းဝပ်တာ နည်းနည်း လွန်သွားတယ်ဗျ"

"ဘာ - ကင်းပုန်းဝပ် ဟုတ်လား၊ မင်းတို့ကိုယ်ပေါ်က အကျႌတွေရောကွ"

"ဗျာ၊ ဟို အဲ. . . အဲဒါ အရပ်လူကြီး ယူထားသလားဗျ"

"ဘာကွ၊ ငါ ယူပါ့မလား၊ ငါက ဘာလုပ်ဖို့ ယူရမှာလဲ။ ပြောစမ်း ပြောကြစမ်း။ ဘာတွေဖြစ်ကုန်ပြီလဲ၊ ငါ့အိမ်မှာလည်း ဗီရိုထဲ ဘာမှ မရှိတော့ဘူး။ သူခိုးက ငါ့မျက်နှာကိုပါ အိုးမည်းသုတ်သွားတာကွ"

"ဟင် - ကြမ်းလှချည်လား"

"အေး၊ ဒီကောင် ငါ့ကို စိန်ခေါ်သွားတာကွ၊ ခု မင်းတို့ရော ဘယ်လိုတုံး"

"ဟို အကျႌ၊ လုံချည် ဘယ်သူ ချွတ်ယူသွားမှန်းတောင် မသိ"

"ဘာကွ၊ ဒါဆို ကင်းပုန်းဝပ်တယ်ဆိုတာ ဘာလဲ ပြောကြစမ်း"

"အဲဒါ စဉ်းစားလို့ မရတာပေါ့ အရပ်လူကြီးရယ်၊ ကျုပ်တို့လူစုဟာ သတိဝီရိယကြီးတယ် ဆိုတာလည်း အရပ်လူကြီး အသိပဲဟာလေ။ ခုတော့ ဘယ်လိုဖြစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ၊ အဲဒီကိစ္စ မင်းတို့ ရှင်းရမှာ"

"ဟုတ်ပြီ၊ ဒီကိစ္စ အရပ်လူကြီးနဲ့ ပတ်သက်နေတဲ့ကိစ္စ ဖြစ်ရမယ်"

"ဘာကွ၊ ဟကောင် ဂျာအေး မင်း ဘာပြောသတုံးကွ"

"ဟို ည. . . ညက အရပ်လူကြီးရဲ့တူ မုန့်တွေ၊ စားကောင်းသောက်ဖွယ်တွေ လာပေးတယ်ဗျ"

"ဟင် - ငါ့တူ. . . ဘယ်သူတုံး"

"နာမည်ပြောတာတော့ ကိုသီလတဲ့"

"ဟင် - သီလ၊ ကြားဖူးပေါင်ကွာ။ သီလလည်း မရှိဘူး၊ သမာဓိလည်း မရှိဘူး၊ သစ္စာလည်း မရှိဘူးကွ"

"ဗျာ၊ ဒါ. . . ဒါဆို အဲဒီကောင် သူခိုးဖြစ်ရမယ်၊ ပြီးတော့ သူပေးသွားတဲ့ အချိုရည်ဘူးတွေ၊ ဖားကြော်တွေက မသင်္ကာစရာဗျာ။ စားပြီးသောက်ပြီးတာနဲ့ အိပ်ချင်လာတယ်။ ဟုတ်ပြီ၊ ကျုပ်တို့ ကင်းပုန်းအဖွဲ့ကို အိပ်ဆေးခတ်သွားတာ ဖြစ်ရမယ်"

"ဘာကွ၊ အိပ်ဆေး"

"ဟုတ်ပြီဗျို့၊ ဂျာအေးပြောတာ ဖြစ်နိုင်တယ်ဗျ။ ဒီကောင် ကျုပ်တို့အဖွဲ့ကို အရပ်လူကြီး နာမည်သုံးပြီး တစ်ပတ်ရိုက်သွားတာ ဖြစ်ရမယ်"

"ဟင် ဒုက္ခပဲ၊ ဒါဆို သီလဟာ ငါ့မျက်နှာကိုလည်း အိုးမည်းသုတ်သွားတဲ့ သူခိုးပဲ ဖြစ်ရမယ်ကွ။ တောက် - ရာဇဝင်ရိုင်းလိုက်တာကွာ။ ကိုင်း - မင်းတို့ ဘယ်လိုလုပ်ကြမလဲ၊ ရပ်ကွက်ထဲ ဒီပုံစံအတိုင်း ဝင်ရဲကြလားကွ"

"ဟာ - မဖြစ်သင့်ဘူးလေ၊ ကျုပ်က အခုမှ ရပ်ကွက်လူကြီး ဖြစ်ခါစဗျ။ ဒါကို ပုဆိုးမပါ၊ အကျီမပါ ရပ်ကွက်ထဲ ဝင်သွားရင် ဘယ်လို ပြောကုန်ကြမလဲဗျ"

"ကောင်းတာပေါ့ ဆရာဖျောက်ရာ၊ အရပ်လူကြီးဟာ ဘယ်နေရာမဆို စွန့်လွှတ် အနစ်နာခံတယ်ပေါ့ဗျာ။ ခုနက ပုဆိုးတောင် ချွတ်တယ်ဆိုကတည်းက ရပ်ကွက်အပေါ် ဘယ်လောက်အထိ အနစ်နာခံ စွန့်လွှတ်သလဲဆိုတာ သိကုန်မှာပေါ့"

"တော်စမ်းပါ ဂျာအေးရာ၊ မင်း မဟုတ်တာတွေ မပြောနဲ့။ အရပ်





လူကြီး"

"ဘာတုံးကွ"

"ဟို ကျုပ်တို့ ဘာဆက်လုပ်ရမလဲ ခင်ဗျာ"

"ခက်ပါ့ကွာ၊ ငါလည်း အိမ်မပြန်ရဲတော့ဘူးကွ"

"ဗျာ၊ ဘာဖြစ်လို့တုံး"

"ဟ - ငါ့အိမ် တစ်အိမ်လုံးလည်း သူခိုးလက်ချက်နဲ့ ပြောင်းဆန်နေပြီလေကွာ။ ဒုက္ခပါပဲ၊ ဒါ ငါ. . . ငါတို့ တစ်ဖွဲ့လုံးကို စိန်ခေါ်တာပဲကွ"

"သိပ်ဟုတ်တာပေါ့ အရပ်လူကြီးရာ၊ ဒီကောင်ဟာ ကျုပ်တို့လူစုအရိပ်အခြည်ကိုကြည့်ပြီး ကျိတ် ခွင်ရိုက်ထားတာ ဖြစ်ရမယ်။ ကျုပ်တို့ကို အိပ်ဆေးတွေတိုက်၊ အဝတ်တွေချွတ်။ ပြီးတော့ အရပ်လူကြီးကို အိုးမည်းသုတ်၊ ရှိသမျှတွေယူသွား။ ဒီအချက်တွေ တွေးကြည့်ရင် ပြဿနာက ကျုပ်တို့လူစုကိုပဲ ရွေးချယ်တာ ဖြစ်ရမယ်ဗျ"

"ဟုတ်ပါ့ကွာ၊ ငါတော့ စဉ်းတောင် မစဉ်းစားတတ်တော့ဘူးကွ"

"ဒီကိစ္စဟာ အရပ်လူကြီးကို ပြိုင်ဘက်လုပ်နေတဲ့ လူထဲကပဲ ဖြစ်ရမယ်ဗျ"

"ဟေ - ပြိုင်ဘက်ဟုတ်လား၊ ဟုတ်ပြီ ဒီကိစ္စဟာ အရှေ့ဘက်လမ်းထဲက ဖိုးတေတို့လူစု လက်ချက်ပဲ ဖြစ်ရမယ်ကွ။ ဖိုးတေဆရာ ကိုဝကြီးက အရပ်လူကြီး သိပ်ဖြစ်ချင်တာလေ။ ငါ့ကို အစစအရာရာ လိုက်ပြိုင်နေတာကွ။ မဖိုးမကို ငါယူမယ်လုပ်တုန်းကလည်း ငါ့ကို မှိုချိုးမျှစ်ချိုး ပြောလိုက်တာ တစ်ရပ်ကွက်လုံး တံတွေးခွက်ထဲ မျောက်ခုံကြီး မျောသွားအောင်လုပ်တဲ့ကောင်ကွ"

"ဖြစ်နိုင်တယ်ဗျို့၊ ကိုဝကြီးဟာ ဦးလေးပြူး ကွယ်ရာမှာဆို တောက်တခေါက်ခေါက်နဲ့ဗျ။ ပြီးတော့ ပြောသေးတယ်ဗျ"

"ဘာပြောသတုံး ကုလားကြီး"

"ဟို ဦးလေးပြူးသာ ဂျိုဆိုရင် မစင်နဲ့ နယ်ဖတ်ပြီး ချေးတွင်းထဲ ပစ်ချလိုက်ချင်တယ်တဲ့"

"ဘာကွ၊ ဝကြီး ဒီလိုပဲ ပြောသလား"

"ကိုင်း - ဒေါသထွက်တာ အသာထား၊ ကျုပ်တို့ ဗလာကျင်းဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com


တာ ကူညီပါဦးဗျာ၊ လူမြင်မကောင်းတော့ဘူးဗျ"

ဖျောက်ဆိပ် မနည်းကြီး စကားဖြတ်လိုက်မှပဲ စကားစပြတ်သွားၿပီး ဦးပြုံးချိုတစ်ယောက် ဖြစ်စဉ်ကို မခံစားနိုင်အောင် ဖြစ်နေ၏။ နောက်ဆုံး အရပ်ထဲ တစ်ယောက်တည်း ပြန်သွားပြီး ဖျောက်ဆိပ်မိန်းမ အပုလေးထံ သတင်းပို့လိုက်၏။

ကြားရသည့်သတင်းကြောင့် အပုလေး အဝတ်ထုပ်ပိုက်ပြီး လိုက်ချ သွားလေတော့၏။

✂ ✂ ✂



## အခန်း (၁၁)

အရပ်လူကြီး ဖျောက်ဆိပ်တို့ ပြဿနာက ရပ်ကွက်ထဲ မှိုပုံကြီး ဖွလိုက်သလို ပွရွသွား၏။ ဖွလိုက်သူက မခွေးမ၊ အပုလေးဆီမှ စကား နှိုက်ကာ တစ်ရပ်လုံး လှည့်ဖြန့်လေ၏။

စကားက တဖြည်းဖြည်း ကားသွားကာ နောက်ဆုံး ဂျာအေးတို့လူစု ကင်းပုန်းဝပ်ကြရင်း သူခိုးက လည်မျိုဖြတ်နင်းကာ ကိုယ်လုံးတီးဖြစ်အောင် လုပ်သွားခဲ့သည် ဟူ၍ပင် စကားက ပို၍ ကျယ်သွားလေတော့၏။

အပုလေးမှာ ဖျောက်ဆိပ်နှင့် ဂျာအေးကိုကြည့်ပြီး ပြုံးစိစိ ဖြစ်နေ၏။

"ဘယ်လိုတုံး အရပ်လူကြီးနှစ်ယောက်ရဲ့၊ ကင်းပုန်းဝပ်တော့ ကိုယ် တုံးလုံးနဲ့ ကျန်ခဲ့သဆို"

"ဟာ - တိုးတိုးပြောစမ်းပါကွာ၊ မင်းကလည်း ရှက်ပါတယ်ဆိုမှ တစ်ရပ်လုံးကြားအောင် အော်နေတယ်"

"ဟုတ်ပ့ါဗျာ၊ အရပ်လူကြီးဆိုတာ တစ်ခါတစ်ရံတော့ ခံရမှာပဲဗျ။ ရွှေဘမှ မဟုတ်တာ အမြဲနိုင်နေတော့ ဘယ်ကြည့်ကောင်းပ့ါမလဲ မပုလေး ရာ။ ခင်ဗျားယောကျ်ား ကျုပ်ဆရာ ဆရာဖျောက်က ရွှေဘ မဟုတ်ဘူး လေ"

"တိတ်စမ်း၊ ဟင်းဟင်း ဒါ အဖွင့်ပဲ ရှိသေးတယ်ဟဲ့။ နောက်ဆုံး သူခိုးက ဒါထက်တောင် အတင့်ရဲလာချင် လာလိမ့်မယ်"

"ဟင် - ဒီကောင် ပုံမှားရိုက်သွားတာ ဖြစ်ရမယ်။ အခုနိုတော့


www.burmeseclassic.com

www.burmeseclassic.com



ငါတို့က သတိမရှိတာကွ၊ သတိမပါတော့ အထိနာတာပေါ့ကွာ"

"ဒါပေါ့ ဆရာဖျောက်ရယ်၊ ကိုင်း - ဆံသဆိုင်သွားမယ်၊ ဆရာဖျောက် လိုက်ဦးမှာလား"

"လိုက်မှာပေါ့ကွာ၊ ရပ်ကွက်သတင်းက အဲဒီမှာမှ စုံတာကွ။ မိန်းမရေ၊ ငါတို့ လမ်းထိပ်သွားဦးမယ်ဟေ့"

"သွားကြ၊ ပြန်လာရင် လုံချည်တော့ ပါလာပစေနော် ကိုကိုဖျောက်၊ အရပ်ထဲက ခွေးဝဲစားတွေ ပေါပါ့တော်"

"မိန်းမကလည်းကွာ"

ဖျောက်ဆိပ်တစ်ယောက် ဇနီးသည်စကားကြောင့် ကျွဲမြီးတိုသွား၏၊ ဆက်ပြောနေလျှင် အကျယ်အကျယ် မငြိမ်းဖွယ် ဖြစ်မှာကို စိုးသဖြင့် ကုပ်ချောင်းချောင်းနှင့် လမ်းထိပ်ဖက်သို့ ထွက်ခဲ့ကြလေ၏။

ဆံသဆရာ တင်ဝင်းမှာလည်း ကင်းပုန်းဝပ်သည့်ကိစ္စကို ထိတ်လန့်သွား၏။ အင်္ကျီ၊ လုံချည်ပါ ချွတ်ယူခံလိုက်ရသည့်အဖြစ်မို့ ဇနီးသည်ကလည်း ကောင်းကောင်း ကြိမ်းနေ၏။ အရပ်ကိစ္စ လုပ်ချင်လျှင် အိမ်ပြန်မလာနှင့် ဟူ၍ပင် အမိန့်ထုတ်လာ၏၊

ထိုအဖြစ်ကြောင့် တင်ဝင်း ခေါင်းစားနေ၏၊ ဆံပင်ညှပ်မည့်လူတွေ စောင့်နေသော်လည်း တင်ဝင်း ဆံပင်ညှပ်ချင်စိတ် မရှိ။ ထိုစဉ် ဆိုင်ပေါ်သို့ ဂျာအေးနှင့် ဖျောက်ဆိပ်တို့ ရောက်လာ၏။

"ဟော - ဂျာအေးပါလားကွ၊ ဒီမှာ ငါးခေါင်း၊ ခြောက်ခေါင်း ရှိတယ်ဟေ့"

"ဟုတ်လား၊ ဒါဆို ကျုပ် ဆော်လိုက်မယ်လေ"

"ဆော်ပစ်လိုက်ကွာ၊ ငါတော့ ဆံပင်ညှပ်ချင်စိတ် ကုန်ပြီကွ။ ကိုဖျောက်ဆိပ် ထိုင်ဗျာ၊ ကျုပ်တို့နှစ်ယောက် စကားပြောရအောင်"

"ဘယ်လိုဖြစ်တာတုံး ကိုတင်ဝင်းရဲ့၊ မျက်နှာကြီးကလည်း ရှုံ့မဲ့လို့"

"ပြောမပြောချင်ပါဘူးဗျာ၊ ဘယ်သူ့ရှိရဦးမှာလဲဗျ အိမ်ကမိန်းမပေါ့၊ အရပ်ကိစ္စလုပ်တာကို သူတို့က ကြည့်မရဘူး ဖြစ်နေကြတယ်ဗျ"

"အဲဒါတော့ ကျုပ်မိန်းမနဲ့ ခင်ဗျားမိန်းမ တူသွားပြီဗျို့၊ အဲဒီတို့အရပ်လူကြီး မိန်းမလည်း အတူတူပဲ ဖြစ်မှာပဲဗျ"





"ဟုတ်ပ့ါဗျာ၊ ကျုပ်တို့ ရပ်ရေးရွာရေးလုပ်တာ မိန်းမတွေ ဘာကြောင့် ပြဿနာရှာနေကြတာလဲဗျ။ အဲဒီအချက်ကို ကျုပ် လုံးဝ မလည်ဘူး ကိုကြီးဖျောက်ရာ၊ ဒီကိစ္စ ပြေလည်အောင် ဘာလုပ်ကြမလဲ ကိုဖျောက်ဆိပ်"

"အေးကွာ၊ မိန်းမစိတ်က တယ်လည်း အသိရခက်သကိုး"

"ဟာ - ဆရာတို့ကလည်း အဲဒါ ခက်တာမှတ်လို့ဗျာ။ မိန်းမတို့နိုင်တာ ဘယ်သူလဲ သိလား"

"ဟင်"

"ဘာလဲကွ၊ မင်းကလည်း အူကြောင်ကြောင်နဲ့"

ဂျာအေးက ဆံပင်ညှပ်နေရင်း သူ့အယူအဆကို ပဟေဠိဝှက်ရင်း ပြောလိုက်၏။ နှစ်ယောက်စလုံး အူချာချာ ဖြစ်နေကြ၏။ ထိုစဉ် ဂျာအေး၏စကားသံ ပေါ်လာ၏။

"မှတ်ထားဗျ၊ မိန်းမကို ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင် ထိန်းသိမ်းနိုင်တာ ပိုက်ဆံပဲဗျ။ ပိုက်ဆံ၊ ပိုက်ဆံပေးလိုက်ရင် အဲဒီ ပွစိပွစိမိန်းမ ခေါင်းတောင် ဖြူဖုံ့မှာ မဟုတ်ဘူးဗျ"

"ဟင်"

"အေးကွာ၊ ဂျာအေးပြောတာ အမှန်ဆုံးပဲ တင်ဝင်းရာ။ လောကကြီးဟာ အဲဒီလိုပဲလေ၊ ဖြစ်စဉ်တွေ ပြောင်းဆန်ကုန်တာလည်း မိန်းမလက်ချက်ကွ။ ဖားတွေသာဆို အပိရိုက်ပြီး ကင်ဖုတ်စားပစ်လိုက်တယ်ကွာ"

"ဟုတ်ပ့ါဗျာ"

တင်ဝင်းကလည်း ဖျောက်ဆိပ်စကားကို လှိုက်လှိုက်လှဲလှဲ ထောက်ခံလိုက်၏။ သူတို့ရင်ထဲ အိမ်ကမိန်းမတွေနှင့် ပတ်သက်၍ အကြီးအကျယ် ခံစားနေရ၏။

"ဒါဆို ကမ္ဘာကြီးရဲ့ ချိန်ခွင်လျှာတွေ အံချော်ကုန်တာလည်း မိန်းမတွေကြောင့်ပဲ ဖြစ်နိုင်တယ်ဗျ"

"သိပ်ဟုတ်တာပေါ့ တင်ဝင်းရာ၊ အိမ်က မိန်းမတွေဟာ တအားကို ကြောက်စရာကောင်းတာကွ"

"ဟုတ်ပ့ါဗျာ၊ ကိုကြီးဖျောက် ပြောမှပဲ ကမ္ဘာပေါ်မှာ ကြောက်စရာ အကောင်းဆုံး နှစ်ခုကို သွားတွေ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ၊ ပြောပါဦး"

"ဟဲဟဲ နံပါတ်တစ်က မိန်းမ"

"နံပါတ်နှစ်ကရော"

"ပိုက်ဆံလေဗျာ။ မိန်းမ၊ ပိုက်ဆံ အဲဒီနှစ်ခုဟာ ကမ္ဘာကြီးရဲ့ ချိန်ခွင်လျှာကို ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားစေတာပဲဗျ။ ကိုဖျောက်ဆိပ် ငြင်းနိုင်မလား"

"အင်း၊ သိပ်မှန်တဲ့ အချက်ပေါ့ တင်ဝင်းရာ၊ ဒါပေမယ့် အဲဒီ နှစ်ချက်လုံးက မရှိလည်း ကောင်း၊ ရှိလည်း ကောင်းတွေကွ"

"တော်ပါတော့ဗျာ၊ ပြောရင်းနဲ့ ချာလည်လည်လာပြီ။ အဲဒီလို မကောင်းတကောင်း စကားတွေ အယူအဆကြောင့် ပြဿနာတွေ ရှုပ်ကုန်တာပေါ့ဗျာ"

နှစ်ယောက်စလုံး ကိုယ့်စကားနှင့်ကိုယ် ပတ်ရှုပ်နေကြ၏။ ထိုအချိန်တွင် ဂျာအေးတစ်ယောက် ခေါင်းတွေ တစ်ခေါင်းပြီးတစ်ခေါင်း ညှပ်ပေးနေ၏။ တင်ဝင်းမှာ တန်းလျားပေါ်တွင် ကျောခင်းအိပ်စက်နေ၏။

ဖျောက်ဆိပ်နှင့် ကုလားကြီးတို့နှစ်ဦးမှာ ဆိုင်ရှေ့တွင် ချက်ထိုးနေကြ၏။ သူတို့နံဘေးတွင် အရပ်လူကြီး ဦးပြုံးချိုလည်း ရောက်ရှိနေ၏။ သူ့ခမျာ ဇနီးသည် မဖီးမ၏ ဘေးရန်မှ ကင်းစေရန် တင်ဝင်း ဆံသဆိုင်သို့ ရှောင်တိမ်းလာခြင်း ဖြစ်လေ၏။

အရှင်းဆုံး ပြောရလျှင် တင်ဝင်း ဆံသဆိုင်သည် မယားကြောက်များ ပုန်းအောင်းရာ ဒေသကြီးတစ်ခု ဖြစ်မှန်းမသိ ဖြစ်လာလေ၏။ သူတို့ ဆိုင်ထဲ ရောက်သည်နှင့် အိမ်ကမိန်းမနှင့် ပေါက်ကွဲသံများကို ကြားရစမြဲ ဖြစ်၏။ အိမ်မှာ ရေငုံနှုတ်ပိတ်ခဲ့ရသမျှ တင်ဝင်းဆိုင်ရောက်သည်နှင့် ပေါက်ကွဲကုန်ကြလေ၏။

ရပ်ကွက်ထဲက တင်ဝင်းဆံသကို မယားကြောက် ဆံသဆိုင် ဟူ၍ပင် ပြောစမှတ်ပြုလာကြလေ၏။ ထိုအထဲတွင် အဓိက ထိုးထိုးထောင်ထောင် ပါဝင်နေသူမှာ အရပ်လူကြီး ဦးပြုံးချိုနှင့် ဖျောက်ဆိပ်တို့ပင် ဖြစ်လေ၏။

ဂျာအေးကတော့ သူ့ဆရာတွေအကြောင်းကို သူအသိဆုံး။ ဆိုင်မှာ ဖွာလောင်ဖွာလောင် အန်ထုတ်နေသော်လည်း အိမ်ရိပ်နင်းလိုက်သည်နှင့်





လက်သီးလက်မောင်းတန်း ပြောခဲ့သည့်စကားသံများ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြလေ၏။

ထိုအချိန်တွင် ဂျာအေး ရှိနေသည့် ဆံသဆိုင်သို့ လူတစ်ဦး ရောက်လာ၏။ ဘယ်သူဘယ်ဝါမှန်းလဲ မသိ။

"ဘာကိစ္စတုံးဗျ"

"ခင်ဗျား ကိုဂျာအေး မဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့တုံး"

"ခင်ဗျားကို ဦးကမ္ဘာစိုးက ခေါ်ခိုင်းလိုက်တယ်ဗျ။ အရေးကြီးတဲ့ကိစ္စ ရှိနေပြီတဲ့"

"ဟုတ်လား၊ ငါလည်း အဲဒီကို မရောက်တာ ကြာပြီကွ။ ကိုင်း - ပြော၊ ဘယ်နေရာကို လာရမှာလဲ၊ ဘယ်တော့လဲ"

"ဒီလိုဗျ"

ဦးကမ္ဘာစိုးဆီမှ အဆက်အသွယ် ပြုလာသူက အချိန်နှင့် နေရာဒေသကို အချိန်းအချက် ပြုသွား၏။ ဂျာအေးသည် သွားရမည့်နေရာကို မှတ်သားလိုက်၏။

"ဒါဆို ကျုပ်ပြန်မယ်"

"ပြန်လေ၊ ကျုပ် ဆက်ဆက် ရောက်လာခဲ့မယ်လို့သာ ပြောလိုက်ဗျာ"

"ကောင်းပါပြီဗျ၊ သွားပြီဗျို့"

ဆက်သွယ်လာသူက ဂျာအေးကို နှုတ်ဆက်၍ ပြန်သွား၏။ ဂျာအေးသည် ဦးကမ္ဘာစိုး၏ အခြေအနေကို တွေးတောနေ၏။ ဦးကမ္ဘာစိုးနှင့် မတွေ့တာလည်း လချီနေပြီ ဖြစ်၏။ သူ့နှစ်ကိုယ်ခွဲ နိုးတူးရော ဘယ်အခြေအနေ ရှိနေပါလိမ့်။ စိတ်ထဲ သိချင်မှုက ရှုပိုးထိုးနေ၏။

သို့နှင့် နောက်တစ်နေ့ နံနက်ခင်းသို့ အရောက်တွင် ဦးကမ္ဘာစိုးနှင့် သူ နှစ်ယောက်တည်း ချိန်းတွေ့လေ့ရှိသော စားသောက်ဆိုင် တစ်ဆိုင်သို့ ရောက်ရှိလာ၏။

ဆိုင်ထဲတွင် ထိုင်နေသော ဦးကမ္ဘာစိုးကို သူ ရုတ်တရက် မမှတ်မိ။ ချင်းဘောင်းဘီ၊ စပို့ရှပ်အနီ၊ နေကာမျက်မှန် တပ်ထားသည်မို့ အဝေးက



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လျှင် လူငယ်တစ်ယောက်အလား ထင်မှတ်ရ၏။ သူ့ကိုမြင်တော့ လက်လှမ်းပြလိုက်သည်မို့ စားပွဲဆီသို့ လျှောက်ခဲ့ပြီး လွတ်နေသောနေရာတွင် ဝင်၍ ထိုင်လိုက်၏။

ဂျာအေးက စမေးလိုက်၏။

"ဘယ်လိုလဲ ဦးလေး၊ နေကောင်းရဲ့လား။ နိုးတူးလည်း မမြင်ပါလား အားလုံး အစဉ်ပြေကြရဲ့လား"

"အဲဒီကိစ္စကြောင့် မင်းကို ခေါ်တာကွ"

"ဗျာ၊ ဘာ. . . ဘာဖြစ်လို့လဲဗျ"

"ပြောမပြောချင်ပါဘူးကွာ၊ ငါတော့ မိန်းမတွေကို ကြာလေ ရွံလေပဲကွ။ ဒင်းတို့ကြောင့် ငါ့ကိစ္စတွေ ရှုပ်ကုန်ပြီကွ"

"ဗျာ၊ ဘာဖြစ်သတုံး၊ ကျုပ်ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ ဦးလေးကမ္ဘာစိုးရယ်"

"အေး၊ မင်းကို ပြောရမှာပဲ၊ တခြားတော့ မဟုတ်ဘူး ဂျာအေးရေ မင်းခေါ်လာတဲ့ နိုးတူး ပျောက်နေလို့ကွ"

"ဗျာ၊ နိုးတူး ပျောက်နေတယ် ဟုတ်လား"

"ဟုတ်ပ့ါ၊ ငါနဲ့ မတွေ့တာ သုံးရက်ရှိသွားပြီကွ။ ဒီကလေး တခြားနေရာတွေကို လျှောက်မသွားနိုင်ပါဘူးကွာ"

"ဟင် - အဲဒါမှ ပြဿနာပဲ"

"ဘာဖြစ်လို့တုံးကွ"

ကြားလိုက်ရသော သတင်းကြောင့် ဂျာအေး အံ့ဩသွား၏။ နိုးတူးသူ့လိုပဲ အဆွဲခံလိုက်ရလေပြီလား စိတ်ထဲ ဇဝေဇဝါ ဖြစ်မိ၏။

"ဘယ်လိုဖြစ်တာလဲ ဦးရယ်၊ ကျုပ် ဒီလောက် ရှာပေးခဲ့တာဗျာ"

"ဟုတ်ပါတယ် ဂျာအေးရာ၊ အပြစ်က ငါ့အပြစ်ပါ။ ငါက အချိန်ဆွဲနေတယ်လေ၊ ဒါကို တစ်ဖက်ကလူတွေ အခွင့်ကောင်းယူသွားတာ ဖြစ်မှာပေါ့ကွာ"

"ဟင် - ဘယ်သူတွေတုံး"

"အသေအချာ မသိပေမယ့် ပြောလည်း မပြောချင်ပါဘူးကွာ။ အရေးကြီးတာ ငါ့သား နိုးတူးကိစ္စပဲ။ ဒီကလေးက မလည်မဝယ်ဆိုတော့





စိတ်ပူလှသကွာ။ ဒါကြောင့် မင်းကို ခေါ်လိုက်ရတာပဲ"

"ကောင်း. . . ကောင်းပ့ါမလား"

"ဘာကိုလဲကွ၊ ငါက မင်းကိုခေါ်ပြီး တိုင်ပင်တာပါကွ။ နောက်ပြီး မင်းကို ပြောစရာလည်း ရှိသကွ"

"ဘာလဲဗျ"

"ဟို. . . ငါ နိုးတူးကို လွှဲအပ်ပေးဖို့အတွက် လုပ်ထားတဲ့ စာရွက်စာတမ်းတွေရော၊ စာချုပ်တွေရော ပျောက်သွားပြီကွ။ ငါတော့ ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိတော့ပါဘူးကွာ။ အဲဒီထဲမှာ ကုမ္ပဏီစာချုပ်ကိစ္စတွေလည်း ပါတယ်ကွ"

"ဟုတ်လား၊ ဒါဆို ဆိုင်ရာတိုင်ထားလေ"

"တိုင်ထားတယ်ကွ၊ ဆိုင်ရာကလည်း လိုက်နေတုန်း။ ငါထင်တာတော့ ဒီကိစ္စဟာ ငါ့မိန်းမ အသိုင်းအဝိုင်းနဲ့ မကင်းဘူးလို့ ငါထင်တယ် ဂျာအေး"

"အင် - သေချာရဲ့လား"

"ဟာ-- ငါ မသေချာဘဲ ပြောပ့ါမလားကွ၊ ငါ့မိန်းမ အသိုင်းအဝိုင်းက လက်ရဲဇက်ရဲ ရှိတယ်လေ။ ငါနဲ့ နိုးတူးကိစ္စ သူတို့ မသိအောင် အပြင်မှာ လုပ်ခဲ့ပေမယ့် ငါ့မိန်းမက သိနေသလိုပဲ"

"ဟုတ်လား"

"အေး၊ အဲဒီကိစ္စ မင်း စုံစမ်းပါဦးကွာ၊ မင်းကို ငါ စကားကုန်လည်း ဖွင့်ပြောပြီးပြီပဲ။ လုပ်ကွာ၊ လုပ်စရာရှိရင် ဘယ်သူ့မျက်နှာမှ ထောက်စရာ မလိုဘူးကွ"

"စိတ်ချပါ ဦးလေးကမ္ဘာစိုးရဲ၊ အဓိက ကျုပ် သင်္ကာမကင်း ဖြစ်တာ ဝင်းရီပဲ။ ဒီကောင့် မျက်လုံးတွေက ဆင်ကြံ ကြံချင်တဲ့ မျက်လုံးတွေဗျ"

"ငါ နားလည်ပါတယ်ကွာ၊ ခုချိန်မှာ ငါ့ဘဝက ဘယ်လိုမှ တုံ့ပြန်နိုင်စွမ်း မရှိတော့ဘူးလေကွာ။ တင်တင်တို့လူစုကြားမှာ လက်ခုပ်ထဲက ရေလို ဖြစ်နေရပြီကွ။ ငါ ဘာပြောသာတော့မှာလဲ၊ အရေးကြီးတာ ငါ့စာရွက်စာတမ်း စာချုပ်တွေပဲ ကောင်လေးရ"

"စိတ်ချ၊ ကျုပ် မရရအောင် စုံစမ်းမယ်။ နိုးတူးလည်း ဘယ်ရွှေ့ကော်



www.burmeseclassic.com

www.burmeseclassic.com



နေပြီလဲ မသိဘူး"

"အဲဒါ ပြောတာပေါ့ကွ၊ ငါ့သားအတွက်ပါ အရမ်းကို စိတ်ပူမိသကွာ၊ သူက ဘာမှ သိတာမဟုတ်ဘူး၊ ကြားက အူလည်ချာလည်နဲ့ ခံရတာကွ၊ သားလေး တစ်ခုခု ဖြစ်လို့ကတော့ ဒင်းတို့အဖွဲ့ နာပြီသာမှတ်။ တစ်အိမ်လုံး မီးမြှိုက်ပစ်လိုက်မယ်"

"ဒီလောက်လည်း ဒေါသမကြီးပါနဲ့ ဦးလေးရယ်၊ ကျုပ် စုံစမ်းပေးပါ့မယ်"

"လုပ်စမ်းပါဦး မောင်ဂျာအေးရယ်၊ အားကိုးစရာ မင်းပဲ ရှိလို့ပါကွာ၊ ကိုင်း - ဟောဒီမှာ စရိတ်၊ လိုအပ်တာသုံး။ အရေးကြီးတာ ငါ့သားနိုးတူး ပြန်ရောက်လာဖို့ပဲကွ"

"စိတ်ချစမ်းပါဗျာ၊ ကျုပ် ရှာပေးပါ့မယ်"

ဂျာအေးတစ်ယောက် ဦးကမ္ဘာစိုးကို ရဲရဲကြီး ကတိပေးလိုက်၏၊ သို့သော် ဘယ်လို အစဆွဲထုတ်ရမှန်းပင် မသိ။ ဦးကမ္ဘာစိုး ပြန်သွားသည် အထိ ငူငူကြီး ကျန်ရစ်ခဲ့၏။

အမိက သံသယဖြစ်မိသူ နှစ်ဦးရှိ၏။ ဦးကမ္ဘာစိုး၏ ကုမ္ပဏီမန်နေဂျာ အုန်းမောင်နှင့် ဒုတိယ သံသယဖြစ်ရသူက ဝင်းရီ၊ သူတို့နှစ်ယောက် ပုလင်းတူဘူးဆို့ ဖြစ်နိုင်၏။

ဦးကမ္ဘာစိုး၏ တတိယမြောက်ဇနီးသည် တင်တင်က နောက်ကွယ်မှ ကြိုးဆွဲနေသော လောဘသက္ကာရအိုးကြီး၊ မိမိ ချမ်းသာဖို့အတွက် ခင်ပွန်းသည်ပင် ရှုပ်သည်ထွေးသည်ဟု မြင်နေသော မိန်းမဆိုးကြီး။

သူတို့သုံးဦး၏ လှည့်ကွက်ကြား နိုးတူး ထောင်ချောက်မိသွားလေ သလား။ ဦးကမ္ဘာစိုး၏ စကားအရ နိုးတူးကို သူတို့လူစုနှင့် ကင်းကင်းရှင်းရှင်းဖြစ်အောင် မြို့ထဲ တိုက်ခန်းတစ်ခန်း ငှားခဲ့၏။

နိုးတူးက တစ်ယောက်တည်း နေရသည်ကို မပျော်ပိုက်။ ဂျာအေးတို့နှင့်သာ ပျော်ပျော်ရွှင်ရွှင် နေလို၏။ ထိုသို့သော အခြေနေကြောင့် ဖခင်ကြီး မရှိစဉ် အိမ်ပေါ်မှ ဆင်းအလာတွင် ပျောက်ဆုံးသွားခဲ့ခြင်း ဖြစ်လေ၏။

ဂျာအေးသည် မန်နေဂျာအုန်းမောင် ဦးစီးလုပ်ကိုင်နေသော ကုမ္ပဏီကြီးသို့ ရောက်လာ၏။ စက်ရုံတွင် အမှုထမ်း များစွာကြား ကြွား





ကြွားဝင့်ဝင့်နှင့် သွားလာလှုပ်ရှားနေသော အုန်းမောင်ကို တွေ့ရ၏။

ရုပ်က မည်းချိတ်ချိတ်၊ ဝပြဲပြဲ။ ရုတ်တရက်ကြည့်လျှင် ဝက်ဝံကြီး တစ်ကောင်နှင့် တူလေ၏။ စကားပြောလျှင်လည်း ပြာနှမ်းနှမ်း။ သူ့ဘေးတွင် စက္ကတရီ ကောင်မလေးနှစ်ဦး ပါ၏။ ဂျာအေးသည် အုန်းမောင်၏ အသွားအလာကို တစ်ရက်၊ နှစ်ရက်ခန့် စောင့်ကြည့်ခဲ့၏။

ထိုအချိန် နိုးတူးခမျာ လူစိမ်းများအလယ်တွင် ယောင်ချာချာ ဖြစ်နေရ၏။ သူ့ကို ဘာကြောင့် ဖမ်းထားကြမှန်း စဉ်းစား၍ မရ။

သူ့ရှေ့ ထိုင်နေသော လူကြီးက အတင်း ဟိန်းဟောက် မေးမြန်းနေ၏။

"ဟေ့ကောင်၊ မင်း ငါတို့ကို လိမ့်လို့ မရဘူးနော်။ ဟိုတစ်ခါ ငါတို့ ပေါ့ဆမှုကြောင့် လွတ်သွားပေမယ့် ဒီတစ်ခါတော့ မလွတ်တော့ဘူးကွ"

"ဗျာ၊ နေပါဦး ခင်ဗျားတို့က ကျုပ်ကို ဖမ်းသေးလို့လားဗျ"

"ဘာကွ၊ မင်း မကြွခင်နေပြီလား။ ကြောက်စီစီတော့ မလုပ်နဲ့ကွာ၊ ငါမေးတာ ဖြေစမ်း။ ဦးကမ္ဘာစိုးက မင်းကို ဘယ်သွားခိုင်းတာလဲကွ"

"အဝီစိ"

"ဘာ - အဝီစိ၊ ဘာတုံးကွာ"

"ပြောတတ်ဖူးလေ၊ အဝီစိမှာ ခင်ဗျားတို့အတွက် ဖျာခင်းခိုင်းတာ ဖြစ်မှာပေါ့"

"ဟေ့ကောင်၊ မင်း ဘာမဟုတ်တာတွေ ပြောသတုံးကွ။ ဦးကမ္ဘာစိုး မင်းကို ဘာခိုင်းတယ်ဆိုတာ ငါတို့ သိပါတယ်ကွာ"

"သိရင် ဘာလို့ မေးနေကြသလဲဗျ၊ အချိန်ကုန်လိုက်တာ"

"ဟင်းဟင်း သေချာအောင်ပေါ့ကွာ။ ဒါပေမယ့် မင်း သိထားဖို့က မင်း ဦးကမ္ဘာစိုးအတွက် လိုက်လုပ်ပေးလည်း နောက်ကျနေပြီကွ။ ဟားဟားဟား မှတ်ထားကွ၊ မပိုင်ရင် ခြင်တောင် မရိုက်ဘူးကွ"

"ခင်ဗျားကလည်း ကြွားစရာရှားလို့ဗျာ၊ ကျုပ်ပဲ လိမ့်ကြွားနေတယ်။ ဒီမှာ ကိုလူဝကြီး၊ ခင်ဗျားက အခု ကျုပ်ကို ဖမ်းထားတာလား"

"ဒါပေါ့ကွာ၊ ငါတို့ကိစ မပြီးမချင်း မင်းကို ဖမ်းထားရမှာပဲကွ"

"ဟာဗျာ၊ ခင်ဗျားတို့က အဲဒါတော့ မတရားဘူးဗျ။ တကယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ဦးကမ္ဘာစိုးကို ခင်ဗျားတို့ ရှင်းပစ်လိုက်ရင် ပြဿနာက ပြီးနေတဲ့ဟာပဲ"

"စိတ်ချစမ်းပါကွာ၊ မင်းပြောစရာ မလိုဘူး။ ပြဿနာ ပြီးတာနဲ့ မင်းတို့အားလုံး ရှင်းသွားမှာပါ"

"ဘာဗျ၊ ခင်ဗျား တော်တော် ခြိမ်းခြောက်တဲ့လူပဲ။ အားကြီးတိုင်း မခြိမ်းခြောက်စမ်းပါနဲ့ဗျာ၊ အဲဒီလိုလုပ်တာ လူတွေလုပ်တာ မဟုတ်ဘူးဗျ"

"ဘာကွ၊ မင်း. . . မင်းတော့ကွာ"

"ဟဲဟဲ"

နီးတူး ထင်ရာမြင်ရာ ဆွပေးလိုက်သဖြင့် သူ့ရှေ့ကလူမှာ အံတကြိတ်ကြိတ် ဖြစ်နေ၏။ ဒေါသကို မိုက်ကုန်ထုတ်သုံး၍ မဖြစ်သေး။ လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်ရင်း မေးမြန်းလိုက်၏။

"ဟေ့ကောင်၊ မင်းကို ငါ မေးမယ်"

"မေးပြန်ပြီဗျာ၊ ဘာမေးမှာတုံး"

"ဦးကမ္ဘာစိုးဟာ သူ ပွေ့ခဲ့၊ ရှုပ်ခဲ့တဲ့ မိန်းမဆီ မင်းကို လွှတ်တာ မဟုတ်လား"

"ဗျာ၊ ဘာတွေတုံးဗျ၊ ကျုပ် ဘာတစ်ခုမှ မသိဘူး"

"တိတ်စမ်း၊ ဒါဆို ဦးကမ္ဘာစိုးက မင်းကို ဘာပြောတာလဲ၊ အဲဒါ ငါ ဘိချင်သကွာ"

"တောအကြောင်း၊ တောင်အကြောင်းပေါ့ဗျာ"

"ဘာကွ၊ တော်ပြီကွာ ဆက်မေးရင် ပြဿနာတွေ ဖြစ်ကုန်လိမ့်မယ်"

နီးတူးကို လက်မြှောက်သွားပုံရ၏။ ချုပ်နှောင်ထားသည့် ဂိုဒေါင်ထဲမှ ဒေါသတကြီး ပြန်ထွက်သွားလေ၏။ အပြင်ရောက်သည်နှင့် သူ့လူ နှစ်ဦးကို မှာကြားလိုက်၏။

"ငါပြောတာ ကြားတယ်နော်"

"ကြားပါတယ် ဆရာ၊ ဒီကောင် ဒီအိမ်ပေါ်မှ တစ်ဖဝါး မဆင်းစေရပါဘူး ဆရာကြီးရယ်။ ဆင်ပေါက်အကြောင်းကို ဆရာကြီး သိသားပဲဟာ"

"အေးပါကွာ၊ ရော့ - ဘောက်ဆူး"

"ကျေးဇူးပဲ ဆရာကြီးရယ်"

"ဒါဆို ငါ စက်ရုံပြန်ဦးမယ်၊ ငါ့ကိစ္စ အောင်မြင်သွားရင် မင်းတို့ကို





ငါ စောင့်ရှောက်ချီးမြှင့်ပါဦးမယ်ကွာ ဟားဟားဟား"

"ကျေးဇူးပါပဲ ဆရာကြီးရယ်"

သူတို့လူစု အကြီးအကျယ် ကြံစည်နေကြ၏။ ယခုလည်း နီးတူးကို ဂျာအေးအထင်နှင့် ဆွဲထားခြင်း ဖြစ်လေ၏။ သူတို့ အစီအမံက တခြား မဟုတ်၊ တင်တင် ကြိုတင်ရေးဆွဲထားသည့် စီမံကိန်း အကောင်အထည် ဖော်ရန် ဖြစ်လေ၏။

အောင်ပွဲက လက်တစ်ကမ်း ရောက်နေပြီမို့ ကမ္ဘာစိုးကုမ္ပဏီ၏ မန်နေဂျာကြီး အုန်းမောင်မှာ အပျော်ကြီး ပျော်နေ၏။ ယခုလည်း တပည့် တပန်းများကို မှာကြားပြီး ခြံထဲမှ ကားဖြင့် ထွက်ခဲ့လေတော့၏။

✂ ✂ ✂



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

အုန်းမောင်သည် ဝင်းရီ၏ သွက်လက်မှုကို မကျေနပ်။ တင်တင်ကို လုံးသည့်နေရာတွင် ဝင်းရီက သူ့ထက်ပို၏။ တင်တင်အတွက်ဆို ဝင်းရီက သေဆိုသေ၊ ရှင်ဆိုရှင်မည့်လူ။ ပြောရလျှင် ဝင်းရီက လူမိုက်ဆိုသောဂုဏ်နှင့် တင်တင်ကို ကာကွယ်ထားသူ။

တင်တင်ကလည်း ဝင်းရီကို ပြန်မောင်းနေ၏။ သူ့အချိုးအစား ပြေပြစ်လှသော ခန္ဓာကိုယ်ကိုကြည့်ပြီး ဝင်းရီ အာသာတငမ်းငမ်း ဖြစ်နေ၏။ ထိုအချက်ကို တင်တင်က မျှားပြီး ဦးကမ္ဘာစိုး၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်ခိုင်းခဲ့၏။

ယခုတော့ ဝင်းရီ လက်ရဲဇက်ရဲ နိုင်နင်းမှုကြောင့် ဦးကမ္ဘာစိုး၏ စက်ရုံပိုင်ဆိုင်မှု၊ နေအိမ်တိုက်တာနှင့် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများက တင်တင်လက်ထဲ ရောက်နေပြီ ဖြစ်၏။

ထိုအချက်ကို သူက ဖမ်းနင်းထား၏။ တင်တင် လှုပ်၍မရ။ မြွေမြွေချင်း ခြေမြင်ဆိုသလို သူ့ကို တင်တင်က အသပြာကျွေးပြီး အိတ်ထဲ ဖမ်းထည့်ရန် ကြိုးစား၏။

သူကလည်း တင်တင်၏ မရိုးသားမှုကို ရိုက်စားလုပ်ကာ ရလာမည့် ပိုင်ဆိုင်မှု တစ်ဝက်တိတိကို တောင်းဆိုထား၏။ ယခုတော့ အခြေနေက ငါးဆယ်ရာခိုင်နှုန်း အောင်မြင်နေပြီမို့ ဝမ်းသာအားရ ဖြစ်နေ၏။

ယခုလည်း နိုးတူးနှင့် ဦးကမ္ဘာစိုး တပူးတွဲတွဲ လုပ်နေသည်ဆိုသော





သတင်းရထားသဖြင့် နိုးတူးကို ဂျာအေးအမှတ်နှင့် ဆွဲလိုက်ခြင်း ဖြစ်လေ၏။ ထိုအချက်က တင်တင်တို့ သူတို့ မသိနိုင်သော ဦးကမ္ဘာစိုး၏မြှုပ်ကွက်။

ထိုမြှုပ်ကွက်ကို တင်တင်ရော သူပါ သိချင်လှသဖြင့် နိုးတူးကို ဂျာအေးအထင်နှင့် ဆွဲထားကြခြင်း ဖြစ်လေ၏။

ယခုလည်း အုန်းမောင်တစ်ယောက် ခြံအပြင်ရောက်သည်နှင့် ဘယ်မိန်းမနှင့် လှည့်ရှုပ်ရပါ့ တွေးတောနေ၏။ သို့သော် သူ့ရင်ထဲ တင်တင်လောက် ဘယ်သူမှ မလှဟု ထင်မိ၏။ ဝင်းရီကိုလည်း လျှော့တွက်၍ မရ။

ဦးကမ္ဘာစိုး ကွယ်ရာတွင် ဝင်းရီကလည်း တင်တင်ကို အမိဖမ်းဖို့ ကြိုးစားခဲ့သလို သူကလည်း တင်တင် ချကျွေးမည့် ဟာကွက်ကို မျှော်နေ၏။ ယခုလိုအချိန်တွင် တင်တင်တစ်ယောက် ဦးကမ္ဘာစိုး ဝယ်ပေးထားသော ခြံကြီးထဲ ရှိနိုင်မည်ဟု အုန်းမောင် တွေးမိလိုက်၏။

ထို့ကြောင့်လည်း ကားကို တင်တင် နေထိုင်ရာဆီသို့ ဦးတည်လိုက်လေ၏။ ခြံကြီးထဲရောက်တော့ ကားကို ဆင်ဝင်ရှေ့ ရပ်လိုက်ပြီး ဟွန်းသံပေးလိုက်၏။

"ဟော - ကိုကိုအုန်းပါလား"

"ဟုတ်တယ် တင်တင်"

"လာလာ ကျွန်မလည်း မျှော်နေတာ"

"ဝင်းရီ မလာဘူးလား"

"မလာဘူးလေ၊ အစ်ကိုကြီးနဲ့ လျှောက်လိုက်နေရတယ်။ ခုတစ်လော အိတ်စ်ပို့တွေ ရှိတယ် မဟုတ်လား"

"ဟုတ်တယ် တင်တင်၊ ကိုယ့်ဘက်ကတော့ အားလုံး ပြီးပြီလေ။ အဲဒါ တင်တင်ကို သတိရလို့ ဝင်လာတာ၊ တင်တင်ကတော့ အမြဲတမ်း လှပနေတာပဲနော်"

"မြှောက်မနေစမ်းပါနဲ့ ကိုကိုအုန်းရယ်၊ ခုလေ အခြေအနေအားလုံး ကောင်းနေပြီ၊ စာချုပ်တွေ အားလုံး ကျွန်မလက်ထဲ ရောက်နေပြီလေ"

"သိပ်ကောင်းတာပေါ့ တင်တင်ရာ၊ ဒါဆို ဦးကမ္ဘာစိုးကို ဘာလုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လွယ်ပါတယ် ကိုကိုအုန်းရာ၊ ဒီကိစ္စမှာ ပွန်းတစ်ကောင်တော့ ထိုးကျွေးရမှာပေါ့"

"ပွန်း ဟုတ်လား"

"သိပ်ဟုတ်တာပေါ့ရှင်၊ မပူပါနဲ့ ကိုကိုအုန်းရယ်၊ ဒီကိစ္စ ကျွန်မတို့တွက်စရာ မလိုပါဘူး။ ကျွန်မ အားလုံး စီစဉ်ပြီးပြီ၊ အရေးကြီးတာ တင်တင်နဲ့ ကိုကိုအုန်းတို့ရဲ့ ရှေ့ရေးပဲ"

"ဘာဖြစ်ချင်သလဲ တင်တင်၊ ကိုယ်ကတော့ တင်တင်နဲ့ အတူနေချင်တယ်ကွာ"

"ဘာလဲ လူပျိုလှည့်စကား ပြောနေတာလား"

"အဲဒီလိုထင်လည်း ထင်ပေတော့ တင်တင်ရာ၊ တင်တင်ရဲ့အလှဟာ ကိုယ့်ကို ရူးသွပ်သွားစေတယ်"

"တော်ပါရှင်"

တင်တင်တစ်ယောက် အုန်းမောင်ကို ပြုံတီတီနှင့်ကြည့်ရင်း အာရုံကြီးများနှင့် တုပ်နှောင်နေ၏။ အုန်းမောင် မလူးသာ မလွန့်သာ။ တင်တင်၏ မာယာကွန်ရက်ထဲ အုန်းမောင် ချာချာလည်နေ၏။

ထိုအချိန်တွင် သူ စီးနင်းလာသော ကားနောက်ခန်းမှ မြွေတစ်ကောင်လို လျှောတိုက်ထွက်လာသူက ဂျာအေး။ အုန်းမောင်၏ ယုတ်မာပက်စက်သော အကြံ။

ဦးကမ္ဘာစိုး၏ဇနီး တင်တင်၏ လောဘသက္ကာရစိတ်ကို သိလိုက်ရသောအခါ ဂျာအေး အကြီးအကျယ် ပေါက်ကွဲနေ၏။ မဖြစ်သင့်သည့် အခြေအနေကို သူ မရရအောင် ဟန့်တားရန် ဆုံးဖြတ်လိုက်၏။

ထိုအချိန် တင်တင်နှင့် အုန်းမောင်တို့ နှစ်ဦးမှာ အိမ်ကြီးအပေါ်ထပ်သို့ တက်သွားကြ၏။ ဂျာအေးသည် ကားထဲမှထွက်ကာ အိမ်ကြီးပေါ်သို့ အရိပ်အခြည်ကြည့်၍ တက်ခဲ့၏။

ကွေ့ပတ် တည်ဆောက်ထားသော ကျွန်းလှေကားကြီး၊ ဂျာအေးသည် ခပ်ရွရွနင်းရင်း တက်ခဲ့၏။ တင်တင်၏ အိပ်ခန်းအရှေ့သို့ အရောက်တွင် မလွယ်ပေါက်မှ ကြည့်လိုက်၏။

"ဟင်"





မြင်ကွင်းကြောင့် သူ အံ့ဩသွားမိ၏။ တင်တင်နှင့် အုန်းမောင်တို့ နှစ်ဦး စားပွဲတစ်လုံးရှေ့ မျက်နှာချင်းဆိုင်ထိုင်ကာ စာချုပ်စာတမ်းများကို ကြည့်ရှုနေ၏။

ဂျာအေးသည် လောဘဇောတိုက်နေကြသော တင်တင်နှင့် အုန်းမောင်တို့ မမြင်နိုင်အောင် လေးဖက်ထောက် ဝင်ခဲ့ပြီး ခုတင်ဘေး ပုန်းနေလိုက်၏။

"မြင်ပြီလား၊ ဒီစာချုပ်တွေက ဦးကမ္ဘာစိုး ဝှက်ထားတာ။ ဝင်းရီကိုမနည်း ရှာခိုင်းရတာ"

"ဟုတ်လား၊ ဝင်းရီက အားကိုးရသားပဲ"

"ဒါပေါ့၊ သူဟာ ပွန်းတစ်ကောင် ဖြစ်ပေမယ့် ဘုရင်ကြီးကို ဒုက္ခပေးနိုင်တယ်လေ"

"ဟုတ်တာပေါ့ကွာ၊ တင်တင်ဟာ တအား လာဘ်မြင်တာပဲနော်။ ကိုင်း - ဒါတွေထားပါတော့ကွာ၊ ကိုယ် တင်တင့်ကို ပြောစရာရှိသေးတယ်လာပါကွာ"

"အို - ကိုကိုအုန်းကလည်း"

"လာစမ်းပါကွယ်"

သူတို့နှစ်ဦး ကာမဂုဏ်အာရုံကြား နစ်မျောနေကြ၏။ ထိုအချိန် ဂျာအေးသည် စားပွဲပေါ်တင်ထားသော စာချုပ်စာတမ်းပါသည့် အိတ်ကို ကုန်းကုန်းကွကွလုပ်၍ ယူလိုက်၏။

ပြီးနောက် သူတို့မသိအောင် အခန်းထဲမှ အလျင်အမြန် ထွက်ခဲ့၏။ သူ့လက်ထဲ အရေးကြီးသည့် စာချုပ်စာတမ်းများ ရလာပြီမို့ ဝမ်းသာအားရဖြစ်နေ၏။

အောက်ထပ်သို့ ရောက်သည်နှင့် အုန်းမောင်၏ကားထဲ အလျင်အမြန်ဝင်ကာ စက်နှိုး၍ ခြံထဲမှ ဒရောသောပါး မောင်းထွက်ခဲ့လေတော့၏။

စက်သံကြောင့် အုန်းမောင်ရော တင်တင်ပါ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်နေ၏။

"ဟယ် စာချုပ်တွေ"



www.burmeseclassic.com

www.burmeseclassic.com



"အို ရှင်. . . ရှင်၊ ဒါ ရှင့်အကြံတွေ"

"ဟာ - မဟုတ်တာ ငါမှ မသိဘဲ"

"ရှင် မလိမ်နဲ့နော်၊ ရှင် ကျွန်မကို ဝင်းရီနဲ့ပေါင်းပြီး ပတ်တာလား"

"ဟာ - ဒုက္ခပါပဲကွာ"

အုန်းမောင်တစ်ယောက် သူ့ကားကို မောင်း၍ ထွက်ပြေးသွားသူကို ဘယ်သူဘယ်ဝါမှန်း မသိ။ စာချုပ်စာတမ်းများ ပါသွားသည်မို့ တင်တင်ရော သူပါ တုန်တုန်လှုပ်လှုပ် ဖြစ်နေ၏။

ထိုအချိန်တွင် အုန်းမောင်၏ကားကို မောင်းနှင်ထွက်ပြေးလာသော ဂျာအေးသည် ဦးကမ္ဘာစိုးရှိမည့် အရပ်သို့ ရောက်ရှိလာ၏။ ဦးကမ္ဘာစိုးမှာ သူ့ကိုမြင်တော့ အံ့အားအသင့်ကြီး သင့်နေ၏။

"မင်း နိုး. . . နိုးတူးလား"

"ဟာ - ကျုပ်က ဂျာအေးဗျ"

"ဩော် - ငါလည်း မခွဲခြားတတ်ပါဘူးကွာ"

"ဦးလေး အရေးကြီးပြီဗျ၊ ဟောဒါ ဦးလေး ပျောက်ဆုံးနေတဲ့ စာချုပ်စာတမ်းတွေ မဟုတ်လားဗျ"

"ဟေ - ပြ. . . ပြစမ်း"

ဂျာအေး ယူလာသည့် အိတ်ကို ယူကာ အလျင်အမြန် ဖွင့်ကြည့်လိုက်၏။ စာချုပ်စာတမ်းတွေကို ကြည့်ရင်း ဦးကမ္ဘာစိုး ဝမ်းသာအားရ ဖြစ်နေ၏။

"ဟုတ်တယ်၊ အဲဒါ ငါ့ရဲ့ အရေးကြီးဆုံး စာချုပ်စာတမ်းတွေပဲကွ။ ဒီ. . . ဒီဟာကို ဘယ်လို ရလာပါလိမ့်"

"ဒီလို ဦးလေးရ"

"xxx. . . xxx"

ဂျာအေးသည် သူ့ စွန့်စားခန်းများကို ပြောပြလိုက်၏။ ဇနီး တင်တင်၏ ကြောက်ရွံ့စရာကောင်းလှသော လုပ်ရပ်များကို သိရှိလာရသောအခါ ဦးကမ္ဘာစိုး အကြီးအကျယ် ချောက်ချားနေ၏။

"တောက် - ငါ့အဖြစ်က မြွေပွေးပေါက်စကို ခါးပိုက်ထောင်ထဲ ပိုက်မိသလိုပါပဲလားကွ။ ဒါ. . . ဒါထက် ငါ့သား နိုးတူးရော ဂျာအေး"





"ရှိတယ်၊ သူ့ကို အုန်းမောင်ရဲ့ ခြံထဲမှာ ဖမ်းထားတယ်ဗျ"

"သေချာရဲ့လားကွာ"

"သိပ်သေချာတာပေါ့ဗျာ၊ ကျွန်တော် ဝိဝိရိရိကို စုံစမ်းထားတာဗျ"

"ဒါ. . . ဒါဆို ရဲစခန်း ဖုန်းဆက်ပြီး အကြောင်းကြားမယ်ကွာ"

"ဟာ - ဒီကိစ္စ လူသိရှင်ကြား ပြောလို့ မဖြစ်ဘူးလေ"

"ဒါ. . . ဒါဆို ငါ ဘာလုပ်ရမလဲကွာ၊ ငါ့သားလေး တစ်ခုခု ဖြစ်ရင် ပြဿနာပဲ"

"မပူပါနဲ့၊ အရေးကြီးဆုံးက ဦးလေး ဘာလုပ်ရမလဲဆိုတော့ စခန်းမှူးဆီသွား၊ ကိုယ့်အတွင်းရေးကို ရှင်းရှင်းပြောပြ။ ပြီးရင် နိုးတူးကိစ္စ အကူအညီတောင်း၊ အဲဒါ အကောင်းဆုံးပဲဗျ"

"အေးကွာ၊ ဒါ. . . ဒါဆို အမြန်လုပ်မှ"

"ဟုတ်တယ် ကျုပ်တို့က ဇာတ်လိုက်မှ မဟုတ်တာ၊ ရွှေဘလို လူအယောက်တစ်ရာ မပြောနဲ့ တစ်ယောက်တောင် မနည်း နိုင်အောင်ထိုးရမှာဗျ"

"သိပါတယ်ကွာ၊ ကိုင်း - ဒါဆို မင်းပါ စခန်းဘက် လိုက်ခဲ့ကွာ"

"သွားကြမယ်လေ"

နောက်ဆုံးတော့ သူတို့နှစ်ဦး စခန်းဘက်သို့ ကားတစ်စီးနှင့် ထွက်ခဲ့ကြ၏။ စခန်းရောက်သည်နှင့် ဦးကမ္ဘာစိုးက သူ့အခက်အခဲကို တင်ပြလိုက်၏။

စခန်းမှူးကလည်း သူ့ကို အကြံညာဏ်များ ပေးအပ်ခဲ့၏။ ပြီးသည်နှင့် နိုးတူးရှိနိုင်မည့် နေရာကို ဂျာအေး အကူအညီနှင့် အလျင်အမြန် ထွက်ခဲ့ကြ၏။

သူတို့လူစု ရောက်ရှိသွားချိန်တွင် ခြံကြီးဆီသို့ အုန်းမောင်၊ တင်တင်၊ ဝင်းရီတို့လူစု ရောက်ရှိနေ၏။

စခန်းမှူးသည် သူတို့သုံးဦးကို ထိန်းထားလိုက်ပြီး နိုးတူးကို ရှာဖွေခိုင်းလိုက်၏။ ထိုအခါ ဂျာအေးပြောသလို နိုးတူးကို အုန်းမောင်၏ မြေအောက်ခန်းတွင် ကြိုးများနှင့်တုပ်၍ ဖမ်းဆီးထားသည်ကို တွေ့လိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အုန်းမောင်တို့လူစုမှာ စခန်းမှူးကြီးနှင့် ပါလာသော ဂျာအေးကို ကြည့်ပြီး အံ့သြနေကြ၏။ ထိုစဉ် မြေအောက်ခန်းမှ ထွက်လာသော နိုးတူး ကို မြင်ရသောအခါ ဂျာအေးနှစ်ကိုယ်ခွဲ အဖြစ်ကို ကြည့်ရင်း အုန်းမောင် တို့လူစု ချာချာလည်နေလေ၏။

ထိုအချိန် ဦးကမ္ဘာစိုးက ဥပဒေကြောင်းအရ အရေးယူပေးပါရန် တိုင်ကြားခဲ့သည်မို့ တင်တင်တို့လူစု လောလောဆယ် အချုပ်အနှောင် ခံလိုက်ရလေ၏။

ဦးကမ္ဘာစိုးမှာ နိုးတူးနှင့် ပြန်တွေ့ရပြီမို့ ဝမ်းသာအားရ ဖြစ်နေ၏။ အမိက စွမ်းဆောင်ပေးခဲ့သူမှာ ဂျာအေး။ ကျေးဇူးတင်၍ မဆုံးတော့။

"ဝမ်းသာလိုက်တာ ဂျာအေးရာ၊ ငါ့ဘဝမှာ ဟောဒီ သားလေးတစ် ယောက်ပဲ အားကိုးစရာ ရှိတော့တာကွ။ တော်ပြီ၊ ငါ နောက်ထပ် ရှုပ်ရှုပ် ထွေးထွေး မလုပ်တော့ပါဘူးကွာ။ အဖေ ကတိပေးပါတယ် လူကလေးရာ၊ ပြီးတော့ ဟောဒီ ကမ္ဘာစိုးကုမ္ပဏီနဲ့ အဖေ့ရဲ့ ချမ်းသာမှုမှန်သမျှ မင်းကို လွှဲပေးလိုက်တော့မယ်ကွ"

"ဟာ အဖေရယ်၊ ဟို. . . အဖေ့ဇနီး တင်တင်"

"တိတ်စမ်း၊ ငါ မကြားချင်ဘူး။ သစ္စာမရှိတဲ့ မိန်းမ၊ မာယာများတဲ့ မိန်းမ။ ဒင်းကို တစ်ပြားတစ်ချပ်မှ ခံစားခွင့်မပေးနိုင်ဘူး"

"မကောင်းပါဘူး. . ."

"မပြောနဲ့ကွာ၊ ဒါ ငါ ဆုံးဖြတ်ရမယ့်ကိစ္စပါကွ။ ဒီကိစ္စမှာ အဓိက ငါ့ကို အကျိုးပြုခဲ့တာ ဂျာအေးပဲ။ ဂျာအေးဟာ မင်းနဲ့ ရုပ်ချင်းချွတ်စွပ် စိတ်သဘောထားလည်း ကောင်းတယ်၊ သတ္တိလည်း ရှိတယ်။ ငါ သူ့ကို မွေးစားသားအဖြစ်ပါ မွေးစားမယ်"

"သိပ်ကောင်းတာပေါ့ အဖေရာ၊ ကိုဂျာအေးဟာ တကယ့် လူစွမ်း ကောင်းဗျ"

"နိုးတူးကလည်းကွာ အချင်းချင်း မြှောက်နေပြန်ပြီ"

"တကယ် ပြောတာပါ"

"တော်ပါတော့ကွာ၊ မင်းတို့ သားအဖတွေ အဆင်ပြေရင် ငါကျေနပ် ပါပြီ"





"နေပါဦး မောင်ဂျာအေးရာ၊ ဦးတို့သားအဖ မင်းတို့ဆီ လိုက်မယ်။ မင်းဟာ ဦးကို ကူညီခဲ့တဲ့ကျေးဇူးရှင်လေ၊ ဒီတော့ ဦးဘက်ကလည်း ကျေးဇူးဆပ်ရမှာပေါ့ကွာ"

"ရပါတယ်ဗျာ"

နောက်ဆုံးတော့ ဦးကမ္ဘာစိုးသည် ရွှေနေရွှေရုပ်များခေါ်ကာ သူ ပိုင်ဆိုင်မှုမှန်သမျှကို နိုးတူးအား လွှဲပေးခဲ့၏။ ဂျာအေးတို့လူစုက ပိုင်း တောင်းပန်သဖြင့် တင်တင်အတွက် လက်ရှိနေစရာ အိမ်တစ်လုံးသာ အပိုင်ပေးခဲ့လေ၏။

တင်တင်တို့လူစုမှာလည်း သူတို့၏ မသမာမှုကြောင့် ဥပဒေကြောင်း အရ အရေးယူခံခဲ့ရလေ၏။

ဦးကမ္ဘာစိုးနှင့် နိုးတူးတို့နှစ်ဦးသည် ဂျာ့အေးတို့နေထိုင်ရာ ရပ်ကွက် သို့ ရောက်ရှိလာ၏။ ဂျာအေးတွက် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင် ရန် စီစဉ်ပေးခဲ့၏။ အရင်းအနှီးမျာ[illegible]တ်ပေးခဲ့၏။

နေ့ချင်းညချင်းပင် ဂျာ[illegible]များကြီး ကြီးပွား လေ၏။ အပုလေးနှင့် ဖျောက်ဆိပ်တို့မှာလည်း ဂျာအေး၏ဘဝအခြေကို အံ့သြ၍မဆုံး။

ထိုအချိန်တွင် မြမြမို့အပေါ် အချစ်ကြီး ချစ်ခဲ့ရသော သရေးကလေး ဂျာအေးတစ်ယောက် အချစ်ကလေး မြမြမို့ကို ဘယ်သို့ သိမ်းပိုက်ရမည် ဟု အကြံဉာဏ်ထုတ်ကာ ဆင်ကြံ ကြံလေတော့၏။

အပုလေး၊ ဖျောက်ဆိပ်တို့ကမူ ဂျာအေး၏ အကူအညီနှင့် ကိုယ်ပိုင် အိမ်တစ်လုံး ဝယ်ယူခဲ့ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေ၏။

ထိုအခါ ဆရာကြီးဖျောက်ဆိပ်သည် သူ့တပည့် ဂျာအေး၏ လိုအင် ဆန္ဒဖြစ်သော မြမြမို့ကလေး အရချိနိုင်ဖို့အတွက် အကြံဉာဏ်ပေးခဲ့ရာမှ နောက်ဆုံး မိန်းမလုပ်သူ ကြားသိသွားသဖြင့် ပြဿနာတွေ ဖောင်းပွလာ လေတော့၏။

ထိုအချိန်တွင် မြမြမို့နှင့် နီးရက်နဲ့ဝေး ဖြစ်နေသော အလွမ်းမင်းသား ဂျာအေးခမျာ အိပ်မရ၊ စားမရ ဝေဒနာ ခံစားလာရ၏။

ညတိုင်း အချစ်ကဗျာများကို ရွတ်၏။ ဓာတ်မီးတိုင်များအောက်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကာ မြမြမှိုကြားအောင် မယ်ဒလင်တစ်လုံးနှင့် အလွမ်းသီချင်းများ ဆို၏။

မေတ္တာစာတွေလည်း တစ်စောင်ပြီးတစ်စောင် ပို့၏။ နောက်ဆုံး မြမြမှိုကို မရရအောင် ရည်းစားစကား ပြောဆိုတော့မည် ကြံသောအခါ မြမြမှိုတစ်ယောက် သူတို့အိမ်တွင် မှီတင်းနေထိုင်သော ဘုရားကိုးဆူဆရာ ပေသီးနှင့် ခိုးရာလိုက်ပြေးသွားလေတော့၏။

ထိုအချိန်မှစ၍ ဂျာအေးခမျာ ကျောက်ဆစ်ရုပ်ကြီး ဖြစ်သွားခဲ့ရ သည်မှာ ယခုတိုင်ပင် ရှိချေတော့မည်။

ဖေါ်ဂျာရစ်

BURMESE CLASSIC .com



www.burmeseclassic.com